မှန်းဇော်တင်အောင်



# အသက်ရှင်လျက်နှင့်ပင် သေဆုံးနေရရှာသူ

## [ ၁ ]

လူ့ဘဝ၏ ချစ်မြတ်နိုးစရာ, တပ်မက်မောစရာ အကောင်းဆုံး တခုမှာ 'မြော်လင့်ရခြင်း' ပင်ဖြစ်ပေသည်။

မြော်လင့်ရခြင်းအား အတိတ်ကာလ၌ ဆုံးပါးစွန့်လွှတ်ခဲ့ရသော်ငြားလည်း၊ မြော်လင့်ရခြင်းသည် ယခု ပစ္စုပ္ပန်ကာလ၌ မှာပင် ငြင်းပယ်ဆန့်ကျင်ခြင်းကို ခံနေရသော်ငြားလည်း ရောက်လာလုဆဲဆဲ အနာဂါတ်ကာလ၌ ဖက်ပွေ့ တွေ့ထိစရာ ခံစားစရာ ရှိချင်တော့ ရှိနိုင်သေးသည်။ ထို့ကြောင့်ပင် လူ့ဘဝ၏ ချစ်မြတ်နိုးစရာနှင့် တပ်မက်မောစရာ အကောင်းဆုံး တခုဖြစ်သော မြော်လင့်ရခြင်းအား အနာဂါတ်ကာလသည် ဝမ်းဘိုက်နှင့် လွယ်ထားပေးသော မိခင်ပင်ဖြစ်ပေသည်။

အတိတ်၏ အမွေမဲ့ သားတို့နှင့် ပစ္စုပ္ပန်၏ အငြင်းပယ်ခံတို့ အတွက် အနာဂါတ်မိခင်သည် စိတ်ရှည် လက်ရှည်နှင့်သည်းညည်း ခံ၍ စောင့်ဆိုင်းနေပေသည်။ ငြီးငွေ့ခြင်းမရှိ ညည်းတွားခြင်း လည်း မပြုတတ်။

ထို့ကြောင့် လူ့ဘဝ၏ မြှော်လင့်ရခြင်းနှင့်အနာဂါတ်ကာလ တို့သည် တခုနှင့်တခုခွဲခွာ၍ ရစကောင်းသော အကြောင်းအရာ များ မဟုတ်ကြပေ။ တခုနှင့်တခုသည် အကြိုးဝင်လျက် ဆက်စပ် နေ၏။ တသားတည်း တပြေးတည်း ရှိနေကြ၏။ တပြိုင်နက်ပင် လျှင် တခုတည်းကဲ့သို့လည်း ဖြစ်ပေါ်လျက် ရှိနေကြပေသည်။ တခုနှင့်တခုသည် ခွဲခွာခြင်းငှာလည်း မရနိုင်။ တခုနှင့်တခုကို ခွဲခွာလိုက်သောအခါ၌ အားလုံးသည်ပင် ချုပ်ငြိမ်းပျောက်ကွယ် သွားရသော ရှိတော့၏။ လူ့ဘဝအား မြှော်လင့်ရခြင်းနှင့် ခွဲခွာလိုက်သောအခါ ထိုလူ့ဘဝ၌ အနာဂတ်သည် ချုပ်ငြိမ်းသွား ပေတော့မည်၊ ထိုကဲ့သို့ အနာဂါတ်ကာလတို့ ဆိတ်သုဉ်းပျောက် ကွယ်နေရသော လူ့ဘဝသည် အဘယ်ကဲ့သို့သော ခံစ်ခင်တွယ် တာစရာနှင့် နှစ်လိုမက်မောစရာများ ရှိနိုင်ကြပါဦးမည်နည်း၊ ထို ကဲ့သို့ လူ့ဘဝ၌အဘယ်လျှင် လေးနက်သောဘဝ၏ အဓိပ္ပါယ်တရား နှင့် အနှစ်သာရတို့သည် ရှိကောင်းရှိစွမ်းနိုင်ပါဦးမည်နည်း။

ဘဝ၏ အတိတ်ကာလ အဘယ်မျှပင် ဆိုးဝါးထူပြင်းခဲ့စေ ကာမူ၊ ဘဝ၏ ပစ္စုပ္ပန်၌လည်း အဘယ်မျှပင် လူးလိမ့် ငိုကြွေး သျက် နေရစေကာမူ၊ အနာဂါတ်အတွက် လာလိမ့်မည်နိုးသော မြှော်လင့်ရခြင်းအား ထင်စား ထားရှိနိုင်သေးလျှင်တော့ လူသား သည် ဘဝ၏ဒဏ်ရာဒဏ်ချက်များ ကို ကြိတ်မှိတ်လျက် အံကိုခဲ၍ ခံနိုင်စွမ်းရည်ရှိနိုင်သည်။ ခံရကျိုးသည်လည်းနပ်ပေသည်။

သို့ရာတွင် လူ့ဘဝ၏ ချစ်မြတ်နိုးစရာ တပ်မက်မောစရာ အကောင်းဆုံးတခုဖြစ်သော 'မြှော်လင့်ရခြင်း' သည် ကုန်ဆုံး သွားပြီးနောက် ထိုမြှော်လင့်ရခြင်းအား ဖွားမြင်ပေးမည့် အနာ ဂါတ် ကာလသည်လည်း သဘာဝအလျောက် ချုပ်ငြိမ်းနေရ

သော လူ့ဘဝသည် အဘယ်ကဲ့သို့သော လူ့ဘဝမျိုးများဖြစ်ခန ပေလိမ့်မည်နည်း။

# [ ၂ ]

များမကြာမီက အသက်ရှင်လျက်နှင့် သေဆုံးနေရရှာသော လူတယောက်အား ကျွန်တော်သည် တွေ့ဆုံသိကျွမ်း၍လာခဲ့ရ လေသည်။ အလွန်ရှားပါး၍ တွေ့ရခဲ ကြုံရခဲသော လူတယောက် ဟု ဆိုရလိမ့်မည် ထင်၏။ လူ့ဘမျိုးဟူ၍ပင် ခေါ်နိုင်လိမ့်မည် ထင်၏။

ထိုလူတယောက်၌ မြှော်လင့်ခြင်းဆိုသည်မှာ မရှိသည့်အတွက် အနာဂါတ်ကာလဆိုသည်မှာလည်း ထိုသူ၏ ဘဝ၌ အသားအသာ ပျောက်ကွယ်လျက် ချုပ်ငြိမ်းနေလေပြီဟု ဆိုရတော့မည်ထင်မိ၏။ ထိုကဲ့သို့ လူ့ဘဝတွင် တပ်မက်မောစရာနှင့် ချစ်စရာ အကောင်း ဆုံးဖြစ်သော မြှော်သင့်ရခြင်းနှင့် ဆက်သက်၍ အသက်ရှင်နိုင်ခွင့် ပြုသော အနာဂါတ်ကာလ ပျောက်ကွယ်ချုပ်ငြိမ်းနေရသည့် အတွက် ထိုတယောက်သောလူသည် များစွာကြေကွဲဘသသော သဘောထားနှင့် လက္ခဏာမရှိ။ ထိုသူသည် လွှမ်းလွှမ်းဆွေးဆွေး ဖြစ်နေပုံလည်းမရ။

အသွေး, အသား, အကြော, အချဉ်, နှလုံး, သည်းခြေများ နှင့် အသိဉာဏ်ရှိသော လူသတ္တဝါ တဦးတယောက်နှင့် ထိုသူ သည် မတူလှ။ အာရုံနှင့် အသိဉာဏ် ကင်းမဲ့သော စက်ယန္တရား ရုပ်နှင့်သာတူပေသည်။ ပျော်ရွှင်၍ ရီမောရခြင်းနှင့် နာကျင်၍

ငိုကြွေးရခြင်းများတို့သည် ထိုသူတယောက်၌ခြားနားခြင်း ကွဲပြားခြင်း ရှိလှပုံမပေါ်။ အတူတကွ သက်ရောက်သော ခံစားရမှုနှင့် အဓိပ္ပာယ်ကဲ့သို့ ထိုသူသည် မလှုပ်မရှက် ခံယူတတ်၏။ ပြုံးရွှင်ခြင်းကို သူသည် မပြုတတ်သကဲ့သို့ ဝမ်းနည်းခြင်းကို မူကား မေ့လျော့နေပုံရပေသည်။ အပူနှင့် အအေးသည် ဆန့်ကျင်ဘက်ပင် ဖြစ်သော်လည်း သူ့အတွက်အရာ၌ အတူတကွပင် ဖြစ်လေရော့သလား။ ထိုကြောင့်ပင်လျှင် တယောက်သော ထိုသူအား စက်ယန္တရားရုပ်နှင့်တူသည်ဟု တင်စားခေါ်ဝေါ်လိုက်ရခြင်းသာ ဖြစ်သည်။

လျှော်စီးများဝင်းလက်ကာ မိုးကြိုးသည် နားကွဲလုမတတ်သော မိုးဦးကျကာလ၏ ဆိုးဝါးပြင်းထန်သော ဥတုရာသီများအကြား၌ သူသည် လသာဆောင်ဝယ် မတုန်မလှုပ်ရပ်ကာ နေဝင်ရာ အနောက်ဘက် အရပ်ဆီသို့ငေးမျှော်၍ ကြည့်ရှုနေတတ်သကဲ့သို့၊ ဆွေ့ဆွေ့ခုန်ပူပြင်းလှသော တပေါင်း၏ နွေရက်ကာလများ၌ ရင်း၊ ပြာသိုဆန်းစဖြစ်သော ဆောင်းလ၏ ခိုက်ခိုက်တုန် ချမ်းစီးလှသော ဥတုရာသီများ၌ရင်း၊ ထိုလသာဆောင်၌သာ ပင်ကျောက်ရုပ်ကဲ့သို့ သူသည် မတုန်မလှုပ်ရပ်မြဲလျှင် ရပ်နေတတ်၏။ သို့ရာတွင် နေ့တာ၏ ကုန်ဆုံးသွားရာ အနောက်အရပ်ကိုတော့ သူသည်မျှော်၍ မျှော်၍ ကြည့်နေတတ်လေသည်။ ဘာအဓိပ္ပာယ်နှင့် မှန်းတော့ကား မသိရ။

ပစ္စုပ္ပန်၌ အသက်ရှင် နေထိုင်လျက်ပင် ရှိသော်ငြားလည်း၊ အနာဂါတ်နှင့် မြော်လင့်ရခြင်းတို့ ပျောက်ကွယ် ချုပ်ငြိမ်း နေရရှာပြီဖြစ်သော ထိုသူတယောက်အား 'အတိတ်၏

သွားကောင်'' ဟူ၍ အလက်ာဆန်ဆန် သတ်မှတ် မှည့်ခေါ်ဘို့ ကောင်းမည်လား။ အတိတ်၏ သွားကောင်ဟု ဆိုရာ၌ အတိတ်၏ အစွဲတခုခုက ချုပ်နှောင်ဟန့်တားထားခြင်းကို မရုန်းကန်နိုင်ဘဲ ခံနေရသော အဓိပ္ပာယ်သက်ရောက်သဖြင့် အသင့်လျော် အနီး စပ်ဆုံး ဝေါဟာရတခု ဖြစ်ကောင်းဖြစ်နိုင်လိမ့်မည် ထင်သည်။ အတိတ်၏ သွားကောင်အဖြစ် ဘမ်းဆီးချုပ်နှောင်ခြင်းကို ခံနေ ရ၍ လူ့ဘဝ၏ အနှစ်သာရတခုဖြစ်သော မြှော်လင့်ရခြင်းနှင့် အနာဂတ်ကာလတို့သည် ထိုသူ၏ ကပ်ကမ္ဘာနှင့် မည်ကဲ့သို့မျှ ဆက်စပ်၍ မဖြစ်ဘော့သော အခြားကမ္ဘာတခုခုမှ အကြောင်း အရာများကဲ့သို့သာလျှင် ရှိနေပေတော့မည် ထင်သည်။ အတိတ် ၏ သွားကောင်အတွက် အနာဂတ်ကာလဆိုသည်ကိုကား ထား လိုက်ပါဘိဦး၊ သူအသက်ရှင်နေထိုင်လျက်ရှိသော ပစ္စုပ္ပန်ကိုပင် လျှင် သံသယရှိချင်က ရှိနေပေဦးတော့မည်။

အလွန်တရာ ရှားပါး၍ တွေ့ရခဲ့ကြုံရခဲသော လူတယောက် ဟုသာ ဆိုရလိမ့်မည် ဖြစ်ပါ၏။ လူတမျိုးဟူ၍ပင် ခေါ်ဝေါ် နိုင်လိမ့်မည်ဟု ထင်ပါ၏။

အသက်ရှင်လျက်နှင့်ပင် သေဆုံးနေရရှာသူ တယောက်အား များမကြာမီက ကျွန်တော်သည် တွေ့ဆုံသိကျွမ်း လာခဲ့ရပေ သည်။

## [၃]

နေ့ရက်နှင့် နာရီတို့သည် တတိတိကြွေလွင့်လျက် ဥတုရာသီ တို့သည် တအိအိနှင့် ကုန်ဆုံးပြောင်းလဲခဲ့ကြပြီ ဖြစ်သော်လည်း၊

ထိုလူတယောက်အတွက် အဘယ်ကဲ့သို့မျှ ထူးခြားပြောင်းလဲခြင်းများသည် မရှိခဲ့။ အတိုင်းနှင့် ပမာဏကို မသိရသေးသော ကြီကာသလောက၏ ဖြစ်ပျက်ပြောင်းလဲနေဟန်ကိုကား ထားလိုက်ပါဦး၊ သူ့အနီးအနား ပတ်ဝန်းကျင် လောကကလေး တဝိုက် တခေါ်သာသာ၌မှာပင် ဘာတွေဖြစ်ပျက်၍ ဘာတွေ ပြောင်းလဲနေသည်ကို သူသည် မည်ကဲ့သို့မျှ သူနှင့် မသက်ဆိုင်သလို၊ ဖက်စပ်ခြင်းမျှပင် မရှိသလို မလှုပ်မယှက်နှင့် မထီတရီသာလျှင် နေထိုင်လျက် ရှိနေခဲ့လေသည်။ တကယ်ဆိုသောအခါ၌ ထိုသူသည် ဤကမ္ဘာမြေကြီးအား သူနှင့် မည်ကဲ့သို့မျှ မသက်ဆိုင်၊ မဘက်စပ်တော့သကဲ့သို့ အဆက်ပြတ်ကာ မထီမဲ့မြင် နိုင်လှသူတယောက်များလား မပြောတတ်။

ပြာသောကောင်းကင်ပြင်၌ သော်တာယုန်ပြန်နှင့် ကြယ်ဟာရာတို့သည် အစွမ်းကုန် ထွန်းလင်းတောက်ပလျက် ဤကမ္ဘာမြေကြီးသည် အပျိုရည်တက်နေသော အပျိုစင်၏ အလှအာဆီး အရွယ်ကဲ့သို့ ချစ်စဖွယ်တောက်ပနေစဉ် ကာလများ၌မှာပင် ထိုသူသည် အိမ်တံခါးများအားလုံးကို ညှိုးမာန်နှင့်ပိတ်ကာ မီးများကိုလည်း ငြိမ်းသက်မှောင်ချ၍ အခန်းတွင်း၌ ငြိမ်သက်စွာ ပုန်းအောင်းနေလေ့ရှိသည်ကို တွေ့ရှိရတတ်သကဲ့သို့၊ လကွယ်ည၏ မိုးမှောင်ကြီးကျနေသော သန်းခေါင်ယံ အကာလများ၌လည်း ပြူတင်းတံခါးများ အားလုံးကို ဖွင့်ကာ မီးများ ထိန်ထိန်လင်းအောင် ထွန်းညှိပြီးလျှင် လသာဆောင်၌ သူ၏ စောင်းအိုကြီးဖြင့် 'ပူသူများ ပူရော့မယ်လေလေ့၊ မေ့ရက်ကယ်နေနိုင်တယ်' ဟူ၍ ပတ်ပျိုးတပုဒ်တလေကို ညည်းညည်းညူညူ ဆွဲဆွဲငင်ငင်နှင့် သီဆိုတီးခတ်နေတတ်ပေသည်။ နွေမှူးမှူး၏ ဆွေ့ဆွေ့

ခုနဲ့ ပုလောင်အိုက်စပ်လှသော နွေလယ်ကြောင်တောင်ကြီးများ၌ လည်း ထိုသူတယောက်သည် 'ကောင်းခြောက်ဆယ်လေးရပ် သွေးထပ်ထပ်ရှပ်ညီ၊ ရှေးနိပတ်ထုတ်မမှီသည် ဖုဿတီထွတ်ထား' ဟူသော ဘေးထပ်တပုဒ်တလေကို ချွဲချွဲပြစ်ပြစ်နှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ သီဆို ရင်း စိတ်ကူးယဉ်လွန်းအားကြီးသော သျှတ္တရဆရာ၏ စိတ်ကူး၌ မှာပင် ချပ်လုံးက မပေါ်နိုင်ရှာသေးသော ဖုဿတီထွတ်ထား၏ အလှကို ချီးကြူး၍ မဆုံးနိုင်အောင် ရှိနေတတ်ပေသည်။ ထိုသူ တယောက်သည် မိမိစွဲသမ်းတပ်မက်မောနေသော 'ထား'၏ အလှ ကို ချီးကြူးဖွဲ့နွဲ့နေရခြင်း၌ တောမဆုံးလွမ်းမဆုံး ဖြစ်နေပုံပေါ် နေပေသည်။ ဟုတ်ပေလိမ့်မည်။ သူသည် အတိတ်၏ ဟချိန်က 'လှကေသီ'ကို ဘယ်တော့မျှ ချီးကြူးပသ၍ ပြီးဆုံးနိုင်လိမ့်မည် ကား မဟုတ်တော့။

သူသည် အတိတ်၏ လှောင်ချိုင့်ထဲမှ သားကောင်ဖြင်၍ သူ အသက်ရှင်နေရသော ပစ္စုပ္ပန်ကာလနှင့် ဒေသပတ်ဝန်းကျင်တို့ အားလုံးကို ခပ်ရိုင်းရိုင်းဘဲကျောပေးလျက် အတိတ်၏သခင်အား ဖူးမျှော်ဝပ်စင်းနေရှာသည်။ တကယ်တန်းဆိုကြရလျှင်ကား ထို သူတယောက်သည် အလွန်မသိမိုက်မဲလှသည့်အတွက် သနားဘို့ ကောင်းလှသော သတ္တဝါတကောင်မျှသာလျှင် ဖြစ်နေပေသည်။ ဒါကလွဲ၍ ထိုသူသည် သည့်အပြင် ဘာမျှတော့မဟုတ်။

# [၄]

ထိုသူသည် အထည်ကြီးပျက်နှင့် တူလိမ့်မည်ဟု ခန့်မှန်းရ သည်။

ရန်ကုန်နှင့် အတော်လှမ်းသော ဆင်ခြေဖုံးဘက် ကျယ်ဝန်းသော ခြံကြီးအတွင်း၌ အထီးထီး တဘာသာ ဆောက်လုပ်ထားသော ရှေးကျကျအိမ်ကြီးတလုံးနှင့် နေထိုင်လေသည်။ လူနေ၍သာ နေထိုင်သည်ဟု ပြောရငြားသော်လည်း တကယ်တန်းဆိုကြသောအခါ၌ အိမ်ကြီး၏ ပြူတင်းတံခါးများအားလုံးကို အမြဲတစေ ပိတ်ဆို့ကာ မှောင်ချုလျက် အခန်းတွင်း၌ ပုန်းအောင်းနေခြင်းသာ ဖြစ်လေသည်။ ခြံကြီး၏ပတ်လည်၌ စိမ်းစိုသာယာ၍ ကြည်နူး ချမ်းမြေ့ဘွယ်ရာ ကောင်းသော သဘာဝ ပတ်ဝန်းကျင်သည် ဝိုင်းရံလျက်ရှိနေသော်လည်း ပုန်းနေသော အခန်းတွင်းမှ ထွက်လာပြီးနောက်၊ ပြူတင်းတံခါးတချပ်ဘလေကိုပင် ထိုသူသည် ဖွင့်၍ ကြည့်ရှုဖော်မျှမရ။

ထိုခြံကြီးအတွင်း၌ သူ့အား ၎င်း၏မိဘများ လက်ထက်မှစ၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်ဆိုသော တောမှ ဆွေနီးမျိုးစပ်တော်သူ အဖိုးကြီး အဖွားကြီး လင်မယား နှစ်ယောက်လည်း နေထိုင်ကြသေးသည်။ သည့်အပြင် အခြားမည်သူမျှတော့မရှိ။

ခြံကြီးအတွင်း၌ ပန်းပင်သစ်ပင်ကလေးများကို စိုက်ပျိုးရန် ဝါသနာပါပုံရသော အဖိုးကြီးသည် လှပသော စပယ်ရုံကြီးများနှင့် နှင်းဆီပန်းများကို ယုယုယယ စိုက်ပျိုးမွန်းမံထားပုံမှာ ခြံအပြင်ဘက် လမ်းမပေါ်မှ ဖြတ်ရှောက်သွားမိသော လူတဦးတယောက် ငေးမောကြည့်ရှုလောက်စရာ ဖြစ်ပေသည်။ သို့ရာတွင် ထိုအိမ်ရှင် လူတယောက်အတွက်မှာမူကား အ ဘယ် ကဲ့ သို့ မျှ အဓိပ္ပာယ်မရှိသလို မြင်နေရ၏။ သူသည် အိမ်ထဲမှ အိမ့်အပြင်သို့

ပင် ထွက်ပေါ်မရ။ ခြံကြီးထဲရှိ သစ်ပင် ပန်းပင်ကလေးများ အကြားမှာ အညောင်းပြေအညာပြေ လမ်းလျှောက်ဘို့ဘား ဝေး လေစွဘာဘား။

အဖွားကြီးက မီးဖိုချောင် အလုပ်များကြားထဲမှပင် သူမ ချစ်မြတ်နိုးပုံရသော ခိုကလေးများကို အိမ်ကလေး ပြုလုပ်၍ မွေးမြူထားလေသည်။ အဖွားကြီး မွေးမြူထားသော ခိုကလေး များသည် အလွန်တရာလှပ၍ ချစ်စရာ ကောင်းသော်လည်း ထိုသူတယောက်က လူ့တလောကလုံးနှင့် သူ့တယောက်ထဲ တုတု ပုန်းဘမ်းကစားမြဲသာ နေလေသည်။

ဒေါ်ရှုကျကျ ရောမ အိမ်ကြီးထဲဝယ် တံခါးများကို ပိတ်ကာ တယောက်ထဲ ပုန်းအောင်းနေခြင်းမှာ အဘယ့်အတွက်ကြောင့် များ ဖြစ်ပါလိမ့်မည်နည်း။ ညောင်းညာခြင်းနှင့်ငြီးငွေ့ထိုင်းမှိုင်း ခြင်းမှ ထိုသူသည် လွတ်ကင်းနေနိုင်သလော။ သူသည် သူလိုငါလို လူသားယောက်ဖြစ်၍ လူသားတို့၏ ချို့တဲ့ချက်များတော့ ရှိပေလိမ့် မည်။ အခန်းတွင်း၌ ပုန်းအောင်းရခြင်းကြောင့် မွန်းနေရော့ မည်။

သူသည် အသက်ရှင်ခြင်း၏ မူလဖြစ်သော နေရောင်ခြည်ကို ကြောက်နေရော့သလား။ လေစိမ်းတိုက် ခံရမှာ စိုးသလား။ သို့မဟုတ် သူသည် ပြင်ပကမ္ဘာနှင့် တွေ့ထိဆက်ဆံရမည်ကို ထိတ် လန့်နေ၍များလား ဟု စဉ်းစားစရာသည်လည်း ရှိပေသည်။ နောက်ဆုံးသူသည် ပြင်ပကမ္ဘာအား စိတ်နာကြီးလောက်စရာ အကြောင်းအရာများရှိနေ၍လား။

သူ၏ပတ်ဝန်းကျင်၌ အခြားအခြားသော လူကောင်း, သူ ကောင်းများ နေထိုင်လျက် ရှိကြခြင်းကို သူမသိ မရှိတန်ရာ၊

သို့ရာတွင် သူသည် မည်သူ တဦးတယောက်နှင့်မျှ မသိကျွမ်းဆက်ဆံခြင်း၊ ကူးလူးပေါင်းသင်းခြင်း ဟူ၍ကား မရှိခဲ့၊ သူ၏ခြံနီးနားချင်းမှ ကလေးများသည် ကျောင်းအားရက်များ၌ သူ၏ ကျယ်ဝန်းသော ခြံကြီးအတွင်းသို့ တခါတရံ ဝင်၍ဆော့ကစား တတ်ကြသည်ကိုပင် သူသည် သဘောကျပုံမရ။ သို့ရာတွင် ကလေးများအား မုန့်ဘိုးပဲဘိုးကလေးများ ချော့မော့ပေးကမ်းပြီးနောက် ခြံထဲမှ ပြေပြစ်စွာ နှင်ထုတ်တတ်လေ့ရှိသည်။ ဤအပြောကျယ်သော ကမ္ဘာမြေပြင်ဝယ် သူသည်သာ တယောက်ထဲ အသက်ရှင်နေသည်ဟူ၍ သူ့ကိုယ်ကိုပင် ထင်လေရော့သလား။

သူ့ပတ်ဝန်းကျင်မှ လူများသည်သူ့ကိုမရှိသောလူတယောက်ကဲ့သို့ မှတ်ယူထားကြပေသည်။ တကြိမ်ကမူ သူသည် ထူးဆန်းအံ့သြဘွယ်ရာကောင်းသော သတ္တဝါတကောင်ကဲ့သို့ အံ့သြခြင်းကို ခံခဲ့ရသေးသည်။ တဖြေးဖြေး အနေကြာလာသောအခါ၌ သူသည် အံ့သြခြင်းခံရသောဘဝမှ ရုန်း၍သွားလေသည်။ တကြိမ်သော အခါကမူ အချို့သောလူများက သူ့အား 'လျှို့ဝှက်ခြင်း၏ သား'ဟူ၍ပင် ပြောဆိုခဲ့ကြသေးတော့သည်။ ယခုအခါ၌တော့ သူသည် 'မရှိသောလူတယောက်'မျှသာ ဖြစ်နေပေပြီ။ သူတယောက်ရှိနေခြင်းသည် မရှိသည်နှင့် မည်ကဲ့သို့မျှ ခြားနားခြင်း မရှိသော ပတ်ဝန်းကျင်၌ သူ့အား 'မရှိသော လူတယောက်' ဟု သဘောထားကြခြင်းမှာ နည်းလမ်းကျပေသည်။ သဘာဝကျသည် မကျသည်ဆိုသော အလုပ်က အလုပ်အားနေသော သင်္ချိုဟ်ပညာကျော်၏ တာဝန်မျှသာဖြစ်လိမ့်မည်ထင်၏။

တကယ်တန်း စစ်စစ်ပေါက် စုံစမ်းကြည့်လိုက်သောအခါ ထိုသူ၏ အကြောင်းအရာနှင့် အဖြစ်အပျက်မှန်များကိုမူ ပတ်ဝန်းကျင် တဝိုက်၌ နေထိုင်ကြသူထဲက မည်သူတဦးတယောက်မျှ မသိကြ။ အချို့ ထိုသူ၏ နာမည်ကိုပင် တိတိကျကျမသိ၊ ထိုသူသည် အဘယ်ကဲ့သို့လူစားနှင့် ဘယ်သူဘယ်ဝါ၏ သားသမီးဆိုသည်ကိုကား ဝေးလေစွတကား။

ကျွန်တော်သည် မနှစ်က တနှစ်လုံး ကျန်းမာရေးအတွက် အနားယူရန် ကန်တဲ့ဘက်၌ နေထိုင်ခဲ့ရာ၌ ထိုသူနှင့် ခြံနီးချင်းအဖြစ် ကပ်လျက် နေထိုင်လာခဲ့ရလေသည်။ တနှစ်နီးပါးခန့် ခြံချင်း အိမ်ချင်းကပ်နေလျက် ကျွန်တော် ကိုယ်တိုင်ကလည်း ထိုသူနှင့်သိရှိရန် အမျိုးမျိုးကြိုးပမ်းခဲ့သည့်တိုင်အောင်ပင်လူချင်း မသိရှိခဲ့ရ။ နောက်ဆုံး ရန်ကုန်ထဲသို့ ကျွန်တော်သည်ပြန်ပြောင်းရွှေ့လာခါနီး ဆဲဆဲကျမှ အလွန်တရာ အခန့်သင့်၍၊ လူချင်းတွေ့ဆုံသိကျွမ်းလာခဲ့ရရာမှ ထိုသူ၏ အလွန်တရာ စိတ်ဝင်စားစရာကောင်းလှသော ဝတ္ထုရှည်ကြီးတပုဒ်ကို ကြားသိခွင့်ရခြင်းသာ ဖြစ်ပေသည်။

အသက်ရှင်လျက် ရှိနေသေးသော လူဘဦးတယောက်၏ အဖြစ်အပျက်များကို ဤမျှ စိတ်ဝင်စားဘွယ် အသဲနာဘွယ်ကောင်းလောက်အောင် ကျွန်တော်သည် ကြားသိရလိမ့်မည်ဟု ဝကြိမ်ကမျှ မမြော်လင့်ခဲ့မိစဘူးပါ။ ထိုသူ၏ ဝတ္ထုအားကျွန်တော်သည် ကြားနာရစဉ် ဝတ္ထုကိုကြားနာရသည်နှင့်မတူဘဲ ကိုယ်တိုင်ဝင်ရောက်ခံစားနေရသကဲ့သို့ရှိပေသည်။

ထိုသူသည် ၎င်း၏ကြေကွဲလွမ်းဘွယ်ရာ ဝတ္ထုကို ပြန်လည်ပြောကြားနေသော အခါ၌မှာပင် သူ၌ လွမ်းဆွတ်ကြေကွဲသော

အမှုအရာနှင့် တသသဖြစ်နေသော လက္ခဏာမျိုးကို ကျွန်တော်သည် မမြင်တွေ့ရ။

အလှ၏တံခွန် အရိပ်နောက်သို့ တကောက်ကောက် လိုက်ပါနေခဲ့သော ချစ်ခြင်းမေတ္တာ၏ ကျေးကျွန်အတွက် ကျွန်တော်သည် အသဲနာနာနှင့် နားထောင်ကြားနာနေရစဉ် ထိုကျေးကျွန်သည် သူ၏ ဝတ္ထုအား မနာမကြင်နှင့်သာ ပြောဆိုလျက်ရှိနေခဲ့ပေသည်။ ချစ်ခြင်းမေတ္တာ၏ ကျေးကျွန်အဖြစ် ၁၀-နှစ်ကျော်မျှ ခံလာခဲ့ရသော ဝဋ်ကြွေးအတွက် သူသည်နာကြီးဟန်မရှိ။နောင်တရခြင်းလည်း ရှိပုံမရ။

ထိုသူသည် သူ၏ ဝတ္ထုအားပြန်ပြောရာ၌ တာဝန်ဝတ္တရားတရပ်အား မလွဲသာ မရှောင်သာ ဆောင်ရွက်ပြုလုပ်နေရသူ တဦးတယောက်ကဲ့သို့ ရှိပေသည်။

သူ့ဝတ္ထုသည် တဘက်သတ်သတ်ကြီး ခံစားလာရမှုများတို့ပြန်ခြင်း ခေါင်းပါးမှုများနှင့် နာကြည်းရခြင်းများတို့ဖြင့်သာ ဇာတ်အိမ်ဖွဲ့ထားပေသည်။ အလှ၏ သခင်မအဘွက် တဘက်သတ် အနစ်နာ ခံခဲ့ရခြင်းများ အဆုံးရှုံးအနစ်မွန်းခံရမှုများဖြင့်လည်း သူ၏ ဝတ္ထုသည် ချာချာလည်နေသည်။ သက်သာ ခံသာကွက်မရှိ အလှ၏ သခင်မ ခြေတော်ရင်း၌ ဝပ်စင်းခံစားနေစဉ်မှာပင် သခင်မက တဘက်သို့ မျက်နှာမူလျက် နေခဲ့ပေသည်။ သာယာသော အကွက်သည် ခေါင်းပါးလှ၏။

သို့ရာတွင် သူ၏ရင်နာစရာ ကောင်းသော ဝတ္ထုရှည်ကြီးတပုဒ်ကို အစမှအဆုံး ပြောကြား၍ သွားရာ၌၊ ထိုသူ၏ အသံသည် တုန်လှုပ်ခြင်းကားမရှိ။ တည်ငြိမ်လျက် အိန္ဒြေရှိလှသည်။

သူ၏ ဟန်အမူအရာ၌ မကျေမချမ်းသော သဘောကို တချက်ကလေးမျှ သန်း၍မလာ၊ ခွင့်မလွှတ်သော သဘောသည်လည်း မရှိ။ နွေရာသီ နေ့လည်ခင်း တရေးနိုးချိန်၌ ဒီးပ်ရာမှအသ ဧဧအေးအေးတခွက်ကို ခပ်ဖြေးဖြေးသောက်နေသူကဲ့သို့သော အမူအရာမျိုးမျှသာ ဖြစ်လေသည်။

## မြဂိဝါ လှိုင်ချောင်နန်းမှာ

## [ ၁ ]

ရန်ကုန်၏ ဆင်ခြေဖုန်း ရပ်ကွက်ဖြစ်သော ကန်ဘဲ့တွင် တနှစ်ကျော်ကျော်ခန့် ကျန်းမာရေး ကောင်းမွန်လာရေးအတွက် ကျွန်ုပ်သည် အနားယူကာ နေထိုင်လာခဲ့သည့်အချိန် ကာလအတွင်း၌ 'မြဂိဂါ' ဟူ၍ ခပ်ဆန်းဆန်းကလေး မှည့်ခေါ်ထားသော ရေမခြံကြီးတခုအတွင်း၌ အသက်ရှင်နေလျက် သေဆုံးနေသည်နှင့် ခြားနားခြင်းမရှိလှသော လူဘဦးတယောက်အား တွေ့ဆုံသိရှိလာခဲ့ရခြင်းပင်ဖြစ်လေသည်။ တနှစ်ကျော်ခန့်ကန်ဘဲ့ဘက်၌ ကျွန်တော်ငှားရမ်း၍ နေထိုင်လာခဲ့သောအိမ်နှင့် 'မြဂိဝါ' ခြံကြီးသည် ကပ်လျက်ရှိကြသည်။ စီးရိုးသာ ခြားလေသည်။

ရန်ကုန်မြို့တွင်းမှ ကန်ဘဲ့ဘက်သို့ ပြောင်းရွှေ့၍လာခဲ့ပြီးသည့်နောက် ကျွန်တော် ငှားရမ်းနေထိုင်မည့် မူလအိမ်ရှင်က ဝတ္တုဆရာအလျောက် အိမ်ရှိပရိဘောဂနှင့် အသုံးအဆောင် ပစ္စည်းများကို စာရင်းနှင့်တကွ အပ်ရင်းအိမ်နီးချင်းအဖြစ် ကျွန်တော်သည် နေထိုင်ရမည့် ခေါင်းရင်းဘက်ရှိ မြဂိဝ ခြံကြီးအတွင်း၌ နေထိုင်လျက်ရှိသည်ဟု ဆိုသော လူတယောက်၏ အကြောင်းကို သိသင့်သိအပ်သည်ဟူသော ၎င်း၏ တင်ကြိုယူဆချက်ဖြင့် ပြောပြသည်ကို ဦးစွာပဌမကျွန်တော်သည် စတင်ကြားသိရပေသည်။

 

ဘိုကဲ့သို့ မူလအိမ်ရှင်က ဝတ္တုရှားအလျှောက် တဘက်ခေါင်းရင်းခြံသမှ လူဘယောက်၏ အကြောင်းကို ပြောပြစဉ်အခါကာလက ကျွန်တော်သည် များစွာစိတ်ဝင်စား အရေးထားလောက်ရော အကြောင်းအရာ တရပ်ကဲ့သို့ကား သဘောမထားခဲ့မိပေ။ သိတန်သရွေ့ သိသင့်သိထိုက်သော ကိစ္စကလေးများလောက် ဟူ၍သာလျှင် သာမန်သဘောထားကာ အပရိက နားထောင်နေခဲ့ပေသည်။

'သူကတော့ အသက် ၄၀-သာသာလောက်ဘဲ ရှိဘတ်လိမ့်ဦးမယ် နာမည်ကတော့ ဦးကျော်တင့်တဲ့ဗျ'

ကန်ဘဲ့ဘက်၌ လတ်လတ်ဆတ်ဆတ်နှင့် အလှန်ပေါသည်ဟု ကြားသိထားရသော နွားနို့နှင့် ဟင်းသီးဟင်းရွက်များ အကြောင်းကိုသာ ကျွန်တော်က တွေးတောနေစဉ် မူလအိမ်ရှင်ကတော့ 'မြဂိဝါ-ဦးကျော်တင့်'၏ ရုပ်လုံးကို ဖော်ပြလျက်ရှိလေသည်။

'ကန်ဘဲ့ကိုရောက်လာပီး ဒီခြံကြီးထဲမှာနေတာကတော့ ၃-နှစ်လောက်ရှိသွားပီ။ ဒီနေ့လာခဲ့တဲ့ ၃-နှစ်အတွင်းမှာ ခြံကြီးထဲက မြို့အပြင်ကို ထွက်တာတော့ တခါမှမတွေ့ဘူး မမြင်ဘူးပါဘူးဗျာ။ ပီးတော့လဲ ဒီလူဘယောက်မို့ မညောင်းမညာ နေနိုင်တာပါဘဲ၊ ကိုယ့်ခြံကြီးဒါလောက်ကျယ်ပီး သစ်ပင်ပန်းပင်တွေလဲ ဒါလောက်ပေါတဲ့ ခြံကြီးထဲမှာ အညောင်းပြေ အညာပြေနဲ့ လေကောင်း လေသန့်ရှူရအောင် လမ်းလျှောက်တာရယ်ဆိုလို့ ဒီ ၃-နှစ်အတွင်းမှာ ကျုပ်တော့ ၂-ခါထဲ မှတ်မှတ်ရရ မြင်ဘူးသေးဘယ် ဒါတောင် မနက်ခင်း ညနေခင်းတို့မှာ လင်းသင်း

ထင်းထင်းနဲ့ သာသာယာယာ လျှောက်တာ မဟုတ်သေးဘူး။ ညမိုးကြီး တော်တော်ချုပ်မှ လျှောက်တာဗျ’

မူသ အိမ်ရှင်သည် မြဂီဝါခြံရှင်၏ ရုပ်လုံးကို အနုစိပ်၍ ပြောနေသော်လည်း ကျွန်တော်သည် ကြက်ဥနှင့် နိုးကိုဥများ အကြောင်းကို တွေးတောရင်း အပရိကလောကသာ မှတ်သား ထားလိုက်မိပေသည်။

‘အိမ်ကြီးတခုလုံးမှာ ရှိရှိသမျှပြူတင်းပေါက် တံခါးတွေကိုလဲ အမြဲတစေ ပိတ်-ပိတ် ထားတတ်သေးတယ်ဗျ။ တခါတလေ တော့လဲ ညနေ နေဝင်ရီသရောအချိန်လောက်မှာ လသာဆောင် ဘက်ကိုထွက်ပြီး တိမ်တွေတောက်နေတာကို အငေးသားရပ်ပြီး မျှော်ကြည့်နေတာကိုလဲ တွေ့ရတတ်တယ်။ လူကတော့ လူထူး လူဆန်းတယောက်လို့ ဘဲဆိုရမှာဘဲဗျာ၊ ဒီအနီးအနားတဝိုက်မှာလဲ လူကောင်း၊ သူကောင်းတွေ အများကြီးရှိပေမယ့် ဘယ်သူနဲ့မှ အပေါင်းအသင်း အဝင်အထွက်မလုပ်ဘူး။ ဘုဘာသာသူထီးရှိုး ကြီးလို အထီးထီးအကျန်ကျန်နေတော့တာပါဘဲဗျာ’

မူသအိမ်ရှင်သည် တဘက်သော ခြံကြီးအတွင်းမှ တယောက် သော လူ၏ အကြောင်းအရာများကို အသေးစိပ်၍ ပြောမဆုံးနိုင် ဖြစ်နေစဉ် ကျွန်တော်သည် နီးရာပြူတင်းပေါက်ဝတွင်သွား၍ ရပ်ကာ တောနှင့်လယ်ကွင်းတို့၏ သင်းဆတ်သော အငွေ့အသက် များကို တသင်းသင်းဆောင်ယူလာပေသော ကွင်းပြင်မှလေကို အားရပါးရနှင့် နှစ်နှစ်ချိုက်ချိုက် ရှူရှိုက်နေမိလေသည်။

မြိုင်၏ အကြောင်းမှာ သူ၏ ဝတ္ထုပင်ဖြစ်ပေဇည်။ သူ၏ ဝတ္ထုမှာလည်း မတုံ့ပြန်သောမေတ္တာ၌ တဖက်သတ်သတ် ခံစားရမှုများနှင့် နာကြင်ရခြင်းတို့ဖြင့်သာပြည့်နှက်၍ နေသော်ငြားလည်း၊ သူ၏ရင်နာစရာကောင်းလှသော ဝတ္ထုရှည်ကြီးအား အစမှ အဆုံးသို့တိုင်အောင် ပြောကြားသွားခဲ့ရာ၌ ထိုသူ၏ အသံသည် တုန်လှုပ်ခြင်းကားမရှိ။ တည်ငြိမ်လျက် အိန္ဒြေရှိလှပေသည်။ မေတ္တာကို မတုံ့ပြန်ခဲ့သော မြိုင့်အပေါ်၌ မကျေချမ်းခြင်းနှင့် ခွင့်မလွှတ်သော သဘောသည်လည်းမရှိ။ နွေရာသီ နွေလည်ခင်း ကရေးနိုးချိန်၌ အိပ်ရာမှအထ ရေအေးအေးတခွက်ကို တဖြေးဖြေးမသောက်နေသူ၏ အမူအရာမျိုးမျှသာ ဖြစ်လေသည်။

# မြိုင်နှင့်-ကျွန်တော်

## [ ၁ ]

လှနဘ်မယ်၏ ခြေတော်ရင်း၌ ကျေးကျွန်အဖြစ် နောက်ဆုံးသော နေ့ရက်သို့တိုင်အောင် ခစားလာခဲ့ရသော်လည်း လှမာန်ဝင့်နေသော မြိုင်ထံမှ တုံ့ပြန်ခြင်းမရှိသော ချစ်ခြင်းမေတ္တာအတွက် ကျွန်တော်သည် မကျေမချမ်းဖြစ်ကာ ငြိုးငြူနေခြင်းတော့မဟုတ်။ ယခုကဲ့သို့ အများတကာက မေ့လျော့နေကြပြီဖြစ်သော အချိန်ကာလ၌ မြိုင့်အား ကျွန်တော်က မေ့လျော့ခြင်း မရှိနိုင်သေးဘဲ အောက်မေ့လွမ်းဆွတ်လျက် ရှိနေသေးကြောင်းကိုကား မှတ်တမ်းတင်၍ ထားလိုပေသည်။ အဆုံးသော ကျွန်တော်၏ နေ့ရက်များမတိုင်မီ ကာလ အတွင်း၌ လည်း မြိုင့် အား ကျွန်တော်သည် ဘယ်တော့မျှ မေ့ ပျောက်လိမ့်မည် မဟုတ်ကြောင်းကို ရေးမှတ်ထားလိုပေသည်။

မြိုင်၏အကြောင်းမှာ ကျွန်တော်၏ဝတ္ထုဖြစ်၍ ကျွန်တော်၏ဝတ္ထုကို ရေးမှတ်ရာ၌ မြိုင်သည်သာ အဓိကဇာတ်ကောင် ဖြစ်နေပေလိမ့်မည်။ မြိုင်သည်သာ အရှင်သခင်မဖြစ်နေလိမ့်မည်။ ဝတ္ထု၏ အဓိကဇာတ်ကောင်ဖြစ်၍ အရှင်သခင်မအခန်းမှ လှုပ်ရှားပါဝင်လျက်ရှိသော ကျွန်တော့ဝတ္ထုထဲမှ မြိုင်အား အလှမာန်တက်၍ ခက်ထန်လှသောမိန်းမသား တဦးတယောက်အဖြစ် သူမ၏ နဂိုရ်သဘာဝအတိုင်း ကျွန်တော်က ရိုးသားစွာ ဖော်ပြရန် တာဝန်

တော့ ရှိပေသည်။ သာမာန် ယောကျ်ားတဦးတယောက်ထက်ပင် မာကြောခက်ထန်လှသော မြိုင်၏စိတ်နေသဘောထားနှင့် အလှအတွက် မာန်မာနတက်သော မြိုင့်သဘာဝများကို မဖော်ပြချင်၍ ကျွန်တော်သည်မြိုင့်အား အပြစ်တင်နေခြင်းတော့ မဟုတ်ပါ။ မြိုင့်သဘာဝအား သဘာဝတခုဖြစ်သော ကျွန်တော်က အပြစ်တင်စရာတော့မရှိ။ တင်လဲမတင်။ ချစ်လှစွာသော မြိုင်အား ကျွန်တော်သည် ဘယ်သောအခါကမျှ အတိတ်- အနာဂတ် မယူခဲ့၊ မြိုင်အား ကျွန်တော်သည် အစဉ်သဖြင့် ခွင့်လွှတ်ခဲ့၏၊ ကျေနပ်ခဲ့၏။ ထိုသို့ ခွင့်လွှတ်၍ ကျေနပ်နေခြင်းများသည်သာ ကျွန်တော်၏ ဘဝလည်း ဖြစ်ခဲ့ပေသည်။

လှနတ်မယ်၏ ခြေတော်ရင်း၌ ဝပ်တွားခစားလျက် ဖဝါးတော်နုနုအား ဦးတိုက်နေစဉ် ကာလများ၌မှာပင် မြိုင်သည် ကျွန်တော်၏ ဦ ခေါင်းအား ခြေဖြင့်နင်း၍ တယောက်သော သူအား သူမ၏ပါးအို့ပြင်ကို ထိုး၍ ပေးတတ်၏။ ဒါကိုပင် ကျွန်တော်သည် မြိုင့်အားခွင့်လွှတ်နိုင်ခဲ့၏။ ခံယူနိုင်ခဲ့၏။

'မြိုင့်အိပ်ရာကို သန့်သန့်ရှင်းရှင်းကလေး ပြင် ပေး စမ်းပါကိုကျော်တင့်ရယ်....၊ ဟိုလူတယောက်နဲ့ ကနေ့ည မြိုင် တူတူအိပ်ချင်လို့ပါကွတ်....'ဟုသာ မြိုင်က ခိုင်းဝံ့၍ ခိုင်းသာခဲ့လျှင် ကျွန်တော်သည် မြိုင်ခိုင်းသည့်အတိုင်း ပြင်ဆင် ပေးလိုက်မည် သာလျှင်ဖြစ်ပေသည်။ နောက်တော့မှသာ မြိုင်၏ ကူယ်ရာ၌ ကျွန်တော်၏ဦးခေါင်းကို တိုင်နှင့်မဆောင့်ချင် ဆောင့်နေပေမည်၊ သို့မှမဟုတ် မိမိကိုယ်ကို အဆိပ်ကျွေး၍ သတ်ချင်က သတ်ပစ်လိုက်ပေမည်။ သည်အထိ ကျွန်တော်သည် မြိုင့်အားခွင့်လွှတ်နိုင်ခဲ့ပေသည်။ ကျေနပ်နှစ်သိမ့်နိုင်ခဲ့ပေသည်။ အလှမာန်တက်၍

ထင်ပေါ် ကျော်ကြားခြင်း၏ နောက်သို့ တကောက်ကောက် ပြေးလိုက်၍သာ နေခဲ့သော မြိုင်တယောက်ကမူကား တုံ့ပြန်ခြင်းကင်းလှပေသည်။ သခင်မသည် ကျေးကျွန်အား ထားရှိတတ်သော သဘာဝနှင့်သဘောကို ကျွန်တော်၏အပေါ်၌ မြိုင်က မွေးမြူ၍ ထားခဲ့လေသည်။ ငှက်ကလေးလိုက်လျောခြင်း ကင်းခဲ့၏။ နူးနယ်သော နှလုံးသားရှင် မိန်းမသား ဖြစ်သော်လည်း မာကြောခက်ထန်လှသည်။

ထိုသို့စဉ်လျက်နှင့်ပင် မြိုင့်အား ယနေ့တိုင် ကျွန်တော်သည် ကျေနပ်ခွင့်လွှတ်လျက်ရှိပေသည်။ အောက်မေ့ လွမ်းဆွတ်လျက် တသသဖြစ်နေရပေသည်။ တကြိမ်သောအခါက တမြိုင်ထဲ မြိုင်ခဲ့ကြသူများသည် ယခုအချိန်တွင် မြိုင့်အား မေ့လျော့နေကြလေပြီဖြစ်သော်လည်း ကျွန်တော်တယောက်ကသာ အများတကာနှင့် ဆန့်ကျင်၍ ထူးထူးခြားခြားပင် မြိုင့်အား တသသဖြစ်နေရဘုန်းသာဖြစ်ပေသည်။ ထိုသို့ယခုထက်တိုင် မြိုင့်အတွက် ခံစားနေရသည်ကို ကျွန်တော်သည် မကျေမချမ်း လည်း မဖြစ်ပါ။

မြိုင်သည်ကျွန်တော့အတွက် ထူးခြားလှသော မိန်းမသားတယောက်ဟု ဆိုရပေလိမ့်မည်။ ကျွန်တော်၏ သူလိုငါလိုသာမာန် လူ့ဘဝအတွင်းသို့ မခိုးမခန့် ဝင်ရောက်လာပြီးနောက်၊ သွက်သွက် လည်သွားအောင်ပင် မွှေနှောက်၍သွားနိုင်ခဲ့ပေသည်။ ထိုဘယောက်အား နွားတကောင်ကဲ့သို့ မြိုင်သည် ဖန်တီးခိုင်းစေခဲ့ပေသည်။ ရိုးဖြောင့်စွာသာ ဝန်ခံရလျှင် မြိုင်သည် ကျွန်တော်၏ အရှင်သခင်မ ဖြစ်ခဲ့ပေသည်။ မြိုင်၏ဆန္ဒနှင့် အမိန့်သြဇာကို ကျွန်တော်သည် ဘယ်တော့မျှလည်း မလွန်ဆန်နိုင်ခဲ့၊ မြိုင်သည်

ကောရီဖြစ်၍ ကျွန်တော်သည် အိပ်ဖန်စောင့်ရသော ကျေးကျွန်လို ဖြစ်ပေသည်။

ကျွန်တော်ကဲ့သို့ အရွယ်ရောက်ပြီးသော လူကြီးတယောက်က ဤကဲ့သို့ သေးသွယ် နုနယ်လှသော မိန်းမသားတယောက်၏ အမိန့်ဩဇာကို ကျိုးကျိုးနွံ နွံနှင့် စေသည့် ကျွန်ကဲ့သို့ အဘယ့်ကြောင့် ခံလာရသနည်း-ဟု တခါတခါ သတိရ၍ တယောက်ထဲ နက်နက်နဲနဲ စဉ်းစားကြည့်သောအခါ ကျွန်တော်သည် ဩဇာနှင့် ညှိုဓါတ်ပါလှသော မြိုင်၏ မျက်လုံးများကို မြင်၍သာ လာမိသည်။

မြိုင့်ကို ကျွန်တော်သည် ညှို့ဓာတ်အားကြီး၍ သွက်သွက်ခါအောင် လှုပ်ရှား ချောက်ခြားစေနိုင်သော သူမ၏ မျက်လုံးနှစ်လုံးက စတင်၍ တွေ့ရှိသိမြင်လာခဲ့သည်ဟု ထင်၏။ မြိုင်၏ မျက်လုံးနှစ်လုံးသည် နေ၏ အလင်းရောင်ကဲ့သို့ ရောင်ခြည်မျှင် ကလေးများ ဖြာ၍ ထွက်နေတတ်ပေသည်။ ထိုမျက်လုံးဖြင့် စူးစိုက်ကြည့်ရှုခံရသူသည် ရင်ထဲ နှလုံးထဲသို့ ဖောက်ထွင်း၍ အကြည့်ခံရသကဲ့သို့ ခံစားရသည်ဟု ထင်မိ၏။

မြိုင်၏ အကြည့်ကို ခံရတိုင်း ကျွန်တော်၏ နှလုံးသားများသည် လှုပ်ရှား၍ လာကြ၏။ ရင်ထဲ၌လည်း ခုန်သ၏၊ ထိုကဲ့သို့သော ဖြစ်နေရပုံများကို မြိုင်သည် သဘောကျသလို တခစ်ခစ် ရီမောတတ်လေသည်။ မြိုင်ကထိုကဲ့သို့ ရီမောနေသည် တိုင်အောင် ကျွန်တော်သည် အပြစ်ရှိသော ကလေး တယောက်လို မြိုင့်အား ငေးမော၍သာ ကြည့်နေတတ်၏။

တခါတရံ၌ မြိုင်သည် ကျွန်တော့အား ကလေး သူငယ်ကဲ့သို့ သဘောထား၍ ဆက်ဆံလေရော့သလား ထင်ရပေသည်။ မခိုး

မခန့်နှင့် ပေါ့ပေါ့ဆဆပင် ပြောဆို၍ ခိုင်းစရာရှိတာကိုလည်း ခိုင်းတတ်သည်။ မြိုင်ကသာ ခိုင်းလျှင် ဘာမဆို ကျွန်တော်က ပြုလုပ်ရန် မခက်ခဲလှ။ ကလေးသူငယ်တို့အား ခိုင်းစေတတ်သော သေးဖွဲသည့်အလုပ်မှ ကြီးလေးလှသော လူသတ်ရသည့် အလုပ် အထိ ကျွန်တော်သည် သံသယဖြစ်နေလိမ့်မည်မထင်မိ။ သို့ရာတွင် မြိုင်သည် ကျွန်တော့်အား လူသတ်ရသော အလုပ် ကို တော့ မခိုင်းခဲ့ဘူးပါ။

[ ၂ ]

ဘယ်ဝယ် မြောက် တောင် မှန်း မသိလောက်အောင် ကျွန် တော်၏လူ့ဘဝအား ချာချာလည်သွားအောင် ဖန်တီး သွားခဲ့ သော လှနတ်မယ်သည် အဘယ်ကဲ့သို့သော တန်ခိုး သတ္တိများ ရှိနေလိမ့်မည်နည်းဟု တခါတရံ ခေါင်းအေးအေးနှင့် ကျွန်တော် က စဉ်းစားကြည့်မိပေသည်။

ထူးထူးခြားခြားလှပသော မိန်းကလေးတယောက်နှင့် ထိုအလှ ဂုဏ်ဖြင့် မာန်တက်နေသော သတ္တဝါတကောင် ကထက်လွဲ၍ တော့ မြိုင်တွင် အခြား တန်ခိုးသတ္တိများကိုကား ကျွန်တော် သည် မတွေ့မြင်မိပေ။ မြင်လိုက်ရသော အယ်းမှန် သမျှ ငေးကြည့် ရလောက်အောင် ချောသည်။ လှသည်ကိုကား မြိုင့်ကို မြင်ဘူးသူ တိုင်းက ဝန်ခံခဲ့ကြသော အချက်ပင် ဖြစ်လေသည်။

အနုပညာသည် တဦးတယောက်အနေနှင့် မြိုင့်တွင် ထူးခြား သော အရည်အသွေးရှိလှသည်ဟု ကျွန်တော်ကိုယ်၌က ပင်လျှင် မထင်ခဲ့။ သာမာန်အနုပညာသည်တို့ ရှိသင့်ရှိအပ်သော ကိုယ်ရည်

သွေးပင်လျှင် မြိုင်၌ ပြည့်စုံလှသည်ဟု ကျွန်တော်မထင်။ အပြုံ့ မင်းသမီး ပြဇာတ်မင်းသမီး တယောက်အဖြစ် မြိုင်၏ သတင်းကြီးခဲ့ ရခြင်း အကြောင်းရင်းမှာ အသက်အရွယ်နှင့် အလှရှိန်ကြောင့် မျှသာ ဖြစ်ပေသည်။ ၎င်းပြင် မြိုင်သည် အသံနှင့် အမူအရာ တို့၌ လည်း ထူးထူးခြားခြား ကောင်းလှသည်ကား မဟုတ်ပေ။

သို့ရာတွင် မြိုင်သည် ကျွန်တော့အား အရူးတပိုင်းနှင့်မခြား ချာချာလည်စေနိုင်ခဲ့သည်။ ကျွန်တော် တယောက်မျှ သာလျှင် မဟုတ်သေး၊ မြိုင့်အတွက်နှင့် အသက်ပင် စွန့်လွှတ်ခဲ့ရသူများ ရှိကြ သေးသည့်အနက် ကျွန်တော်၏ ညီငယ် မောင်ကျော်မြင့်သည် လည်း တယောက်အပါအဝင် ဖြစ်ခဲ့၏။

မြိုင့်တွင် မြင်ရသူ ယောကျ်ားတကာတို့ စွဲမက်လောက်စေ သော အခြားအရည်အချင်းများနှင့် သတ္တိတို့ကိုကား ကျွန်တော် သည် ရှာဖွေစဉ်းစား၍တော့မရမိ။ ၎င်းအား တပ်မက်ချစ်ခင် ကြသူများနှင့် ပိုးပန်းကြသူများအား ပြန်လည်ဆက်ဆံရာ၌ မြိုင် သည် မာနကြီးလှ၏။ တင်းမာလှ၏။ ယောကျ်ားကြီး တဦး တယောက်အား မြိုင်က ဆရာမကြီး အနေဖြင့် တပည့်ကျောင်း သား သူငယ်ကလေးကဲ့သို့ နှိမ်တတ်၏။ တော်ရုံတန်ရုံ လူ တ ယောက်အား အဖက်လုပ်ချင်မှ လုပ်သေးတော့၏။

သည်လို ယောကျ်ား တဦးတယောက်အား ဂရုမစိုက်အရေး မထားသော သဘောနှင့် သတ္တိကလေးများကြောင့် မြိုင့်အား ကျွန်တော်သည် ဆည်းကပ် ကိုးကွယ်ခဲ့သလားဟု တခါတရံစဉ်း စားကြည့်မိပေသည်၊ မြိုင်၏ အလှကွန်ခြာတွင် ဘမ်းမိ၍ ပိုးပန်း ခဲ့သူများအား မြိုင်က မိုက်မဲသော ကလေးများကဲ့သို့ သနား စဘွယ်လည်း ကြည့်တတ်လေသည်။

‘အို....ယောကျ်ားဆိုတဲ့ လူမျိုးတွေဟာ တော်တော် ခက်ပါသေးတယ်၊ မြိုင်ကလှလို့ သူတို့က မြိုင့်ကို လိုချင်ကြတာနဲ့ ဘဲ မြိုင်က သူတို့ရဲ့ မယားလုပ်ရမယ်ဆိုတာဟာ ဘယ်လောက် သဘာဝ မကျလိုက်တာများလဲရှင် စဉ်းစား ကြည့်ကြစမ်းပါဦးတော့’ ဆိုသည့်မြိုင်သည် အလှ၏ ကျေးကျွန်များကို မခန့်လေးစား ပြောဆိုလေ့ ရှိလေသည်။ အသားလည်း ယူလိုက်ဟန်ရှိ၏။

မြိုင်သည် စိတ်သဘောထား တင်းမာ လှလွန်းသည်ဟုတော့ ကျွန်ုပ်က ဆိုချင်သည်။ နုနယ်ရမည် ဖြစ်သော မြိုင်၏ နှလုံးသားသည် ဦးနှောက်၏ ပြုပြင် ထုတီးခြင်းကို ခံရသောကြောင့် သံမဏိကဲ့သို့ မာကြောသွားပုံရလေသည်။ မြိုင်သည် ပြော့ပြောင်းသော နှလုံးသား၏ ဆန္ဒကို ကောက်ကျစ်သော ဦးနှောက်၏ လက်အောက် ကျေးကျွန် အဖြစ်ထားနိုင်စွမ်း၏။

မြိုင်နှင့် နီးကပ် ပွန်းတီးစွာ ၄-၅-၁၀-နှစ်မျှ ကျွန်တော်သည် နေထိုင်လာခဲ့ရသည် အတွင်း မြိုင်သည် ပြော့ပြောင်းသော နှလုံးသား၏ အလိုဆန္ဒကို လိုက်လျောခြင်း ပြုရသည်ကို သုံးလေးကြိမ်လောက်မျှသာ မှတ်မှတ်ရရ တွေ့ဘူးသလို ရှိသည် ထင်၏။ လူ့ခန္ဓာကို တခုလုံးရှိ အသွေးအသားနှင့် အကျောအချဉ်တို့၏ လှုပ်ရှားမှုအား ဗဟိုရုံမှ ထိန်းသိမ်းချုပ်ကိုင်ထားသော နှလုံးသား၏ သဘာဝကို မြိုင်သည် ရက်ရက်စက်စက် ဥပက္ခာပြုနိုင်ခဲ့လောက်အောင် မာန်မာနကြီးလှ၏၊ သည်လို မာနကြီးသော မိန်းမသား တယောက်သည် သဘာဝ၏ လှုံ့ဆော်ခြင်းကို မလွန်ဆန်နိုင်သော ကာလ၌ မြိုင်သည် ယောကျ်ားကြီး တဦးတယောက်ကို ကလေးသူငယ် တယောက်အား လှည့်ဖြားစေခိုင်းသလို သူမ၏ ရမက်အတွက် စေခိုင်းတတ်၏။ သို့ရာတွင် မာနကြီး

ပျောက်ကွယ် သွားခဲ့ကြသလို ရှိနေပေသည်။ ပြန်လည်ရှာဖွေ ခြင်းနှင့် ဆန်းသစ်ခြင်းတို့သည် ရှိနိုင်ကြလိမ့်မည်မဟုတ်ပေ။

သို့ရာတွင် ကျွန်တော်ကမူ မြိုင့်အား မမေ့နိုင်သေးပါ။ မေ့ချလိုက်မရ၊ မေ့လို့မဖြစ်သော ကျွန်တော်သည် မမေ့ချင်ပါ။

ဆယ်နှစ် ကာလ နီးပါးမျှ ကျွန်တော်၏ သခင်မ လုပ်ခဲ့သော မြိုင့်အား ကျွန်တော်၏ လက်မောင်းနှင့် ရင်ခွင်တွင်းဝယ် နောက်ဆုံးသော ထွက်သက်ကို ရှူထုတ်ခွင့် ပေးခဲ့ရသည်မှာ နောက်ထပ်၍ ဆယ်နှစ်ပင် ပြည့်လု နီးခဲ့ပေပြီ။ သို့ရာတွင် ကျွန်တော့ အတွက်အရာ၌ မနေ့တနေ့က အကြောင်းအရာများ ကဲ့သို့ ဟောင်းနွမ်းဆွေးမြေ့ခြင်းကား မရှိခဲ့၊ လတ်လတ်ဆတ်ဆတ်ပင် ရှိနေပါသည်။

တကြိမ်သောကာလက ယှုနတ်မယ်အား ဝပ်စင်းခစားခဲ့ကြသူများနှင့် မြိုင့်အား အရူးအမူး ဖြစ်ခဲ့ကြသူများသည် ယနေ့ကဲ့သို့ မြိုင်၏အရိုးများ ဆွေးမြေ့နေချိန်၌ မြိုင့်အား မေ့ပျောက်လျက် ရှိနေကြပြီးဖြစ်သော်လည်း၊ ကျွန်တော်တယောက်ကမူ ထိုသခင်မအား မေ့လျော့ခြင်း မရှိနိုင်သေးဘဲ အောက်မေ့လွမ်းဆွတ်လျက် တသသပင် ရှိနေရတုန်း ဖြစ်ပေသည်။

ဤဝတ္ထုအား ကျွန်တော်၏ ဝတ္ထု ဆိုရမည့်အစား မြိုင်၏ ဝတ္ထုဟု ခေါ်ဆိုမှသာ ပို၍ သင့်မြတ်လိမ့်မည် ထင်သည်။ ဤဝတ္ထုတွင် မြိုင်သည်သာ အင်္ဂ ဇာတ်ကောင်ဖြစ်၍ မြိုင်၏ လှုပ်ရှားမှုများသည်သာ ဝတ္ထု၏ ဇာတ်အိမ်ကဲ့သို့ ရှိနေပေသည်။ မြိုင်၏ဟန်သည် ဤဝတ္ထု၏ အဖွဲ့အနွဲ့များ ဖြစ်နေကြပေသည်။ မြိုင်၏ ထွက်သက် ဝင်သက်သည်သာ ဤဝတ္ထု၏ အသက်ဖြစ်နေပေသည်။

သို့ရာတွင် ကျွန်တော်၏ ဘာအတွင်းသို့ မြိုင်ဝင်ရောက်လာချိန်မှ စ၍သာ ဤဝတ္ထုသည် မြိုင်၏ဝတ္ထုအဖြစ် ဇာတ်ကွက်ပေါ်၍ လာသည်ဖြစ်ရာ၊ ဤဝတ္ထု ဇာတ်ရည် လည်သွားစေရန် အတွက် ဤဝတ္ထုအတွင်းသို့ မြိုင် မဝင်ရောက်လာမီ ကလေး ဖြစ်သော ကျွန်တော်၏ ဘဝကိုပါ ဦးစွာဖော်ပြထားနှင့်ရန် လိုအပ်လိမ့်မည်ဟု ထင်မိပေသည်။

ထို့ကြောင့်ပင် မြိုင်၏အကြောင်းမှာ ကျွန်တော်၏ ဝတ္ထုဖြစ်၍ ကျွန်တော်၏ ဝတ္ထုကို ရေးမှတ်ရာ၌ မြိုင်သည်သာ အဓိကဇာတ်ကောင်နှင့် အရှင်သခင်မ ဖြစ်နေပေလိမ့်မည်ဟု စောစောက ကျွန်တော် ဆိုခဲ့ရခြင်းဖြစ်ပါ၏။

# ကျွန်တော်၏ဝတ္ထု

( ၁ )

ဥစ္စာပစ္စည်း ခိုင်လုံပြည့်စုံသော အိမ်ထောင်တခုအတွင်း၌ မွေးဖွား၍ လူဘယောက်အဖြစ် အများနည်းတူ ကြီးပြင်းလာခဲ့ရသည်ဟု ဆိုနိုင်ငြားသော်လည်း မြိုင်နှင့် စတင်၍ မတွေ့ရှိရမီ အသက်အစိတ်ခန့် အရွယ်အထိ ကျွန်တော်၏ လူ့ဘဝနှင့် ပတ်ဝန်းကျင်ပယ် 'ချစ်ခြင်းမေတ္တာ'ဆိုသော တရားသည် များစွာ ဆင်းရဲခေါင်းပါးလှသည်ဟုသာ ဆိုရလိမ့်မည် ထင်မိ၏။ ယုယနှစ်သိမ့်မှုများနှင့် အကြင်နာ အစာနာတရားများတို့ဆိုသည်ကား ကြားဘူးသည်ဟူ၍ မရှိသလောက် မွဲကျန်ခဲ့ပေသည်။ လူကြီးမိဘတို့၏ ချစ်ခြင်းမေတ္တာ ကင်းမဲ့ခဲ့သော အိမ်ထောင်တခုအတွင်း၌ ကျွန်တော်သည် မှတ်မိတတ်သော အရွယ်လောက်မှစ၍ ဘာသိဘာသာ နေထိုင်လျက် ကြီးပြင်းလူဖြစ်လာခဲ့ရသည်ဟု ဆိုချင်ပါ၏။

ကျွန်တော်၏ မိဘနှစ်ပါးမှာ ဆန့်ကျင်ဘက်များ ဖြစ်သည်ဟု ဆိုရလိမ့်မည် ထင်၏။ အကြင်လင်မယားဟူ၍သာ ဖြစ်လာခဲ့ကြသည်တိုင်အောင် တဦးနှင့်တဦးသည် သဘာဝချင်း မတူကြ၊ များစွာ ဆန့်ကျင်၏။ ကွဲပြား၏။ တောင်နှင့်မြောက်ကဲ့သို့ ဖြစ်ကြသည်ဟု ဆိုနိုင်လိမ့်မည် ထင်မိ၏။

ကျွန်တော်၏ ဖခင်မှာ ခေတ်မှီ ပညာတတ် တယောက် တော့ကား မဟုတ်ခဲ့၊ လယ်ကေပေါင်း မြောက်များစွာ ပိုင်ဆိုင်သော မြေပိုင်ရှင်မျိုးရိုးမှ ဆင်းသက်လာခဲ့ပြီးနောက် ဆန်းစက် လုပ်ငန်းကြီးများဖြင့် များစွာတိုးတက်ချမ်းသာလာခဲ့သူ ဟူ၍ ပြောသံဆိုသံများ ကြားရဘူး၏။ ခေတ်မှီပညာရပ်များကို မသင်ကြားခဲ့ရသည့်အတွက် ပညာတတ်များ၏ ယဉ်ကျေးမှုမရှိဟုဆိုရမည်လားကား မပြောနိုင်ပေ။ လယ်ယာ ချောင်းမြောင်းနှင့် ဆန်စက်များ၏အကြား၌ ပြေးလွှားရင်းပိုက်ဆံရဘို့ တခုလောက်သာ အားသန်ရှာဖွေနေသူတယောက် ဖြစ်လိမ့်မည်။ ထိုကြောင့်ပင် ကျွန်တော်၏ ဖခင်သည် ခက်ထန်၍ ကြမ်းကြုတ်သောသဘာဝရှိနေခဲ့ပုံရပေသည်။ သူသည် ဥစ္စာပစ္စည်း တိုးပွားသည်ထက် တိုးပွားလောက်အောင်သာ ထက်သန်လျက် အခြားယဉ်ကျေးမှုနှင့်ပါတ်သက်၍ကား ဘာတခုမျှ ဂရုမစိုက် အရေးမထား။ သူသည် ထိုခေတ်အခါက ပေါ်ဦးစလည်းဖြစ်၍ အလွန်ခေတ်စားခဲ့သော ဂရမ်မာဖုံးခေါ် ဓာတ်သီချင်းစက် တလုံးကိုပင် အိမ်၌ဝယ်၍ မထားခဲ့ပေ၊

ပိုက်ဆံရရေးလောက်ကိုသာ အာရုံပြု၍နေသည် အလျောက် အခြားလူမှုဆက်ဆံရေးဘက်များ၌ ကျွန်တော်၏ ဖခင်သည်ချို့တဲ့တော့မည်မှာ သဘာဝကျပေသည်။ သူသည် နှမြော တွန့်တိုတတ်၏။ သားမယား ဆွေမျိုးညာတိများကိုကား မဆိုထားပါနှင့်ဦး သူ့ကိုယ်ကိုပင် များစွာ သဒ္ဒါတရားရှိလှသူ မဟုတ်ပေ။ တနှစ်တနှစ်လျှင် ဝင်ငွေလေး-ငါးသောင်းရှိနေသည့်တိုင်အောင် အိမ်၌ လဘက်ရည်ကော်ဖီတို့ကိုသောက်ခွင့်မပြု၊ ထန်းလျက်နှင့် လဘက်ရည်ကြမ်းကိုပင် စည်းကမ်းထားလိုက်သေးတော့၏။

သူသည် အစဉ်သဖြင့် တင်းမာသော မျက်နှာထားအမူအရာကို သူ၏ မျက်နှာ၌တပ်ဆင်၍ ထားတတ်၏။ ပြုံးရွှင် ရီမောခြင်း သဘာဝမရှိ။ အခြားဘာစိမ်းတရံဆံကိုထားပါဦး၊ သားမယားများနှင့်ပင် ဟက်ဟက်ပက်ပက်နှင့် ရင်းရင်းနှီးနှီး ရီမောခြင်း မပြုတတ်။ သူသည် အလုပ်ခွင်နှင့် အိပ်စက်ခြင်း ကာလများဖြင့်သာ အချိန်ကို ကုန်လွန်စေလေ့ရှိ၏။

နောက်တချက်မှာ သင်္ဂဟတရားပင်ဖြစ်၏။ ကျွန်တော်၏ ဖခင်သည် ဗုဒ္ဓဘာသာ ဗမာလူမျိုးတယောက်ဖြစ်သော်လည်း ဧည့်ဘမ်းလှူဒါန်းခြင်း မပြုတတ်။ နှမြော၍လားတော့ကားမသိ အခြားအသိမိတ်ဆွေများနှင့် ပေါင်းသင်း ဆက်ဆံခြင်းလည်း မပြု။ မည်သည့်အိမ်နှင့်မျှလည်း အကူးအလူး အဝင်အထွက်မရှိ။ သူ့ဘာသာသူ အေးအေးသာသာနေလေ့ရှိ၏။

အကြမ်းပြင်းအားဖြင့် ကျွန်တော့ဖခင်၏ သဘာဝကိုဤမျှလောက် ဖော်ပြ၍ ကျွန်တော့မိခင်၏ သဘာဝအား ဖော်ပြရန်ရှိပေသေး၏။

ကျွန်တော်ဆိုခဲ့သည့်အတိုင်း ကျွန်တော်၏မိခင်မှာ ဖခင်နှင့်ဆန့်ကျင်ဘက် သက်သက်မျှသာ ဖြစ်နေ၏။ ဤလင်နှင့်ဤမယားသည် ရိုးရိုးသဘာဝအားဖြင့်တော့ အဘယ်ကဲ့သို့မျှ ဆက်စပ်၍ကောင်းသော အဖိုနှင့်အမ မဟုတ်ကြပေ။ ဘီလူးနှင့်မင်းသမီးကလေးတို့ စုံဖက်ကြသည်ဟူသော ပုံဝတ္ထုထဲမှ အကြောင်း အရာများသည်က ဘတ်ပျော် ကြားပျော် ကောင်းတတ်လိမ့်ဦးမည်ထင်ရ၏။

အပေါ်ယံနိုင်းယှဉ်၍ ကြည့်လိုက်ရုံမျှနှင့် ကြမ်းတမ်းခက်ထန်လှသော ကျွန်တော်၏ဖခင်နှင့် သိမ်မွေ့နူးညံ့သောကျွန်တော်၏

မိခင်တို့သည် အဘယ်သို့များ အကြင်လင်မယားဖြစ်လာခဲ့ရသနည်းဟု အံ့ဩယူရပေလိမ့်မည်။ သို့ရာတွင် အကြင်လူသားယောကျ်ားတဦးနှင့် လိင်ကွဲပြားသော မိန်းမတဦး၏ ကိုယ်ပိုင်ရွေးချယ်ပြဋ္ဌာန်းခွင့်နှင့် ဆုံးဖြတ်ခွင့်ဖြစ်သော အိမ်ထောင်ရေးကိစ္စကြီးတရပ်အား ကာယကံရှင်တို့၏ရွေးချယ်ဆုံးဖြတ်ခွင့်ရှိသော အခမ်းသည် ပျောက်ကွယ်လျက် ကုန်ပစ္စည်းတရပ်ကဲ့သို့ သတ်မှတ်လဲလှယ်နေကြသော ခေတ်ကာလ လူနေမှုစံနစ်ကြီး အတွင်းဝယ်နှစ်ဦးနှစ်ဘက်သော လူကြီးမိဘတို့က မင်းသမီးနှင့် ဘီလူးအားအိမ်ထောင်ဘက်ပြုလုပ်ခဲ့ကြခြင်းမှာများစွာ ထူးခြားအံ့ဩစရာတော့ ဟုဘ်မည်မထင်မိ။

ကျွန်တော်၏ မိခင်မှာ ပညာတတ်အရာရှိ လူတန်းစားမှဆင်းသက်လာခဲ့သော အမျိုးသမီးတဦးဖြစ်၍ဖခင်နှင့် နှိုင်းယှဉ်လိုက်သောအခါ၌ ပညာတတ်လူတန်းစားတို့၏ ယဉ်ကျေးမှုနှင့်သိမ်မွေ့နူးညံ့ခြင်းများ ရှိပေလိမ့်မည်။ သို့အတွက် ပိုက်ဆံရှာဖွေရရှိရေး တခုကထက်လွဲ၍ အခြားမည်သည့် လူမှုဆက်ဆံရေးကိုမှမသိနားမလည်သော ကျွန်တော်၏ဖခင်နှင့် မိခင်၏ လူ့သောကအမြင် လူ့သဘာဝတ္တ အမြင်တို့သည် ကွဲပြားခြားနားလျက်သာရှိပေတော့မည်။ ပဋိပက္ခဖြစ်ကာ ဆန့်ကျင်နေကြပေတော့မည်။

သီလရှင်ကျောင်း၌ လေး-ငါးနှစ်ခန့်မျှ ပညာသင်ကြား၍ အနောက်တိုင်းယဉ်ကျေးမှုကို အသင့်အတင့် ခံယူခဲ့ဘူးသော အရာရှိသမီး ဖြစ်သည့် မိခင်နှင့်ထန်းလျက် လဘက်ရည်ကြမ်းအိုးကို စည်းကမ်းပေးနေသော ဖခင်တို့၏ ဆက်ဆံပေါင်းသင်းရေးသည် မည်ကဲ့သို့များ သာယာချမ်းမြေ့နိုင်ပါ့မည်နည်း။ အိုဘောလ်ဘင်းနှင့် ချောကလက်တို့ကိုစုံမက်သော မိခင်နှင့်ပဲပြုတ်ကို လဘက်ရည်

ကြမ်းနှင့်စားသောက်သော ဖခင်သည်အိုးစက်ရာ၌ အဘယ်ကဲ့သို့ ရှိမောနိုင်ကြပါသနည်း။ အဘယ်ကဲ့သို့ အလ္လာပ-သလ္လာပပြောကြ ဆိုကြပါမည်နည်း။

ကျွန်တော်၏ ညီငယ် မောင်ကျော်မြင့် သုံးနှစ်သားခန့် ကျွန်တော်က ၇-နှစ်၊ ၈-နှစ်သားလောက်က မိခင်နှင့် ဖခင်တို့ မကြာခဏစကားများရန်ဖြစ်ကြပုံများကို ကျွန်တော်သည်ကလေး ဖြစ်သော်လည်း မကြာခဏ တွေ့ကြုံရသဖြင့် မှတ်မိနေ၏။ မိခင် သည် ကျွန်တော်တို့ ညီအစ်ကိုအား ဖခင်နှင့်ထားခဲ့ကာ ၎င်း၏ အသိမိတ်ဆွေနှင့် မိဘများ၏ အိမ်သို့မကြာခဏ ထွက်ပြေးသွားခဲ့ တတ်သည်ကိုလည်း ရေးရေးတေ့သတိရ မှတ်မိပေသည်။

ကျွန်တော်၏ မိဘနှစ်ပါးတို့၏ မသာယာလှသော အိမ် ထောင်တွင် မောင်ကျော်မြင့်နှင့်ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် သာ မွေးထုတ်ခဲ့ကြသော မိဘများအားပင် ကျေးဇူးတင်ရမည် ကဲ့သို့ ရှိနေ၏။ ချစ်ခြင်းမေတ္တာခေါင်းပါး၍ လူ့လောကအား တဘက်စီမှ မြင်နေကြသော လင်မယားနှစ်ယောက်၏ ရင်သွေး များ ဖြစ်လာခဲ့ကြရခြင်း၌ ကျွန်တော်တို့ညီအကို နှစ်ယောက်စလုံး မှာ လူမှန်းသိလာကြသော အရွယ်မှစ၍ မိဘတို့၏ချစ်ခြင်းမေတ္တာ ကို မခံယူခဲ့ကြရပေ။ အိမ်၌ခိုင်းစေသော ဆွေနီးမျိုးစပ်များ၏ ယုယမှုလောက်ဖြင့်သာ ပေပေတေတေနှင့် လူဖြစ်လာရသည်ဟု ဆိုရလိမ့်မည်ထင်၏။

အလွန်တရာ နှမြောတွန့်တို၍ ပိုက်ဆံရရေး တခုလောက်ကို သာ သဲသဲမဲမဲလိုက်နေသော ဖခင်၏ နောက်ကွယ်၌ ဘဝ၏ သာယာဖျော်ဖြေမှုကို မိခင်သည် ရတတ်သလို လိုက်လံ၍ရှာဖွေ

ခြင်းများကို ထိုစဉ်ကာလများ၌ ကျွန်တော်သည် ငယ်သေး၍ မသိ ခဲ့ရသော်လည်း၊ ကျွန်တော်ကျောင်း၌ ၄-တန်းတွင် ရောက်ရ၍ အသက် ၁၀- နှစ်သားခန့်တွင် မိခင်သည် ဖခင်နှင့် အဘယ်ကဲ့သို့မျှ ဆက်လက်၍ နေထိုင်ခြင်းငှာ မဖြစ်တော့သည့် အတွက် အခြားယောကျ်ားတဦးနှင့် လိုက်ပြေးသွားလေသည်။

ထိုကဲ့သို့ မိခင်သည် ခက်ထန်ကြမ်းကြုတ်၍ သဘာဝချင်း အားဖြင့် ကွဲပြားဆန့်ကျင်နေသော ဖခင်နှင့်ဆက်လက်နေထိုင် ၍၊ မဖြစ်တော့ဟုဆိုခြင်းမှာလည်း သဘာဝကျသည်ဟု ထင် ၏။ သို့ရာတွင်- မိန်းမသားတို့၏အရေး အခွင့်ကို ငြင်းဆန်နှိပ် ကွပ်ထားသော လက်ရှိ လူနေမှုစနစ်ကြီး အတွင်း၌ ထိုသို့မှ မိခင်သည် ဖခင်အားစွန့်ပစ်၍ သူမ့ ချစ်မြတ်နိုးသော အခြား ယောကျ်ားတဦးဦးနှင့် ထွက်မပြေးခဲ့လျှင် မိခင်သည် ဖခင်၏ အနှောင်အဖွဲ့၌ တိရိစ္ဆာန်မကလေးတကောင်လို ညှင်းပန်း နှိပ် စက်သမျှကို ခံနေရတော့မည်လော၊မယားသည် လင်နှင့်အဘယ် ကြောင့် တန်းတူအခွင့်အရေး မရနိုင်သလော။ ထိုသို့ မရှိသည့် အတွက် ရယူခြင်းကို ထိုမယားအား လော်မာသည်ဟုဆိုထိုက် ကြသလား။ မိခင်၏ ဖခင်အပေါ် ပြုမူချက်သည် ပေါက်ကွဲမှု တရပ်သာဖြစ်၏။အဘယ် ပေါက်ကွဲမှုသည် သက်သာနိုင်ပါမည် နည်း။ ငြိမ်းချမ်းစွာ-သာယာစွာ ပေါက်ကွဲနိုင်ပါမည်နည်း၊

လက်ရှိ လူမှုဆက်ဆံရေးစံနစ်အတွင်း၌ အိမ်ထောင်ရေးသည် ယောကျ်ားနှင့် မိန်းမ သို့မဟုတ် လင်နှင့် မယားတို့၏ တူညီ သောအရေးအခွင့်ဖြင့် ဖွဲ့စည်းခြင်းမဟုတ်သဖြင့် ဤကဲ့သို့သော ပေါက်ကွဲမှုများသည် ဖြစ်ပွားနေရမည်သာ ဖြစ်ပေသည်။ ဤ ကဲ့သို့ အကြင်လင်နှင့် မယားတို့၏ အဆင်မပြေမှု ပေါက်ကွဲမှု

များဖြစ်ပွားကြရာ၌ မိန်းမသားတို့သာလျှင် သားကောင်အဖြစ် ခံနေကြရပေသည်။ လက်ရှိစနစ်၏ သားသမီးတို့လည်း အနှိပ်ကွပ် ခံမြဲ ခံနေရသော ၎င်းတို့၏ မိခင်များအားပင် ရက်ရက်စက် စက် အပြစ်ဖို့၍ သေခမ်းပင် ဖြတ်လိုက် တတ်ကြပေသည်။

ဤကဲ့သို့ပေါက်ကွဲ ထွက်ပြေးသွားရသော မိခင်၏ သတင်း ကို အလွန်ဝေးလန် အေးချမ်းသော ရှမ်းပြည်၏ ဒေသတခု၌ တိမ်တိမ်မြုပ်မြုပ်နှင့် ဆင်းဆင်းရဲရဲ သေဆုံးသွားရပြီးနောက် သုံးနှစ်လောက်ကြာမှ ကျွန်တော်သည် အချို့ အသိမိတ်ဆွေ များခပ်တိုးတိုး ပြောနေခြင်းကို ချောင်းမြောင်း နားထောင်၍ ကြားသိခဲ့ရခြင်း ဖြစ်ပေသည်။

ထို့ကြောင့်ပင် ကျွန်တော်၏ လူ့ဘဝ၌ လူမှန်းသူမှန်း သိ တတ်လာခဲ့စ အရွယ်မှစ၍ ချစ်ခြင်းတွေ့ဘ ဆိုသော တရား သည် များစွာ ဆင်းရဲခေါင်းပါးလှသည်ဟု စောစောက ဆို လိုက်ရခြင်း ဖြစ်ပါ၏။

မိဘတို့၏ ယုယ နှစ်သိမ့်မှုများကော အဘယ်သို့ ထိုဆန့် ကျင်ဖက်ဖြစ်လျက်ရှိနေသော လင်နှင့်မယားတို့ထံမှ ကျွန်တော် သည် မျှော်လင့်၍ အိပ်မက်ရပါဦးမည်နည်း။

[ ၂ ]

ဖခင်၏ ဆန့်ကျင်သော သဘာဝ၏ ဒဏ်ရာ ဒဏ်ချက်များ ကို မည်ကဲ့သို့မျှ မခံမရပ်နိုင်တော့သည်၏ အဆုံး၌ မိခင်သည် သူမ၏ လွတ်မြောက်ရေးသမ်းစအား ရှာဖွေထွက်သွားပြီးနောက် ဖခင်၏ စိတ်နေ သဘောထားများသည် ပြောင်းလဲခြင်း မရှိ

သည့်အပြင် ပိုမို၍တင်းမာ ဆိုးဝါးလာခဲ့လေသည် သူသည် ပိုမို ခက်ထန် ကြမ်းကြုတ်၍သာ လာခဲ့လေသည်။

ကျွန်တော်နှင့် ညီငယ် မောင်ကျော်မြင့်တို့သည် ဤကဲ့သို့ ခက်ထန်ကြမ်းကြုတ်သော သဘာဝရှိသည့် ဖခင်နှင့် ဆယ့်ငါး နှစ်မျှ စိုးရွံ့သိမ်ငယ်စွာ နေထိုင်ကြီးပြင်းလာခဲ့ရသည်။ မိခင် မရှိတော့သည့်နောက်၌ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်အား ဖခင်သည် မည်သည့်အခါမျှ ဂရုတစိုက် ပြုလုပ်ခဲ့ခြင်းလည်းမရှိ။ သူ့ဘာသာသူ တင်းမာသော မျက်နှာထားကြီးနှင့် မျက်မှောင် ကုတ်၍သာ နေလေ့ရှိ၏။ ကျောင်းသွားခါနီး မုန့်ဘိုးတောင်း ရာ၌ပင် 'တောင်းလိုက်ရတဲ့မုန့်ဘိုး၊ ဘာလုပ်ဘို့လဲ' ဟူ၍ ဖခင်သည် အော်ငေါက် လွှတ်လိုက်သည့် နေ့ရက်မှစ၍ ကျွန်တော်သည် ကျောင်းမှ ထွက်လာရသော နေ့ရက်အထိ ဖခင်ထံမှ နောက်ထပ် မုန့်ဘိုးတခါမျှ မတောင်းခဲ့မိ။ ကျောင်း၌ အခြားအခြားသော ကလေးများ မုန့်ပဲသရေစာတို့ကို မြိန်ရှက်စွာ ဝယ်ချမ်းစား သောက်နေစဉ် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် ငေး မျှော်၍ ကြည့်နေခဲ့ရသော အဖြစ်များကို ကျွန်တော်သည် မေ့ပျောက်၍ မရနိုင်ခဲ့ပေ။ သည်မျှ ကြွယ်ဝချမ်းသာသော အခြေအနေ ရှိပါလျက်နှင့်၊ ကျောင်း၌လည်း ကျွန်တော်တို့ ညီအကိုသည် ချို့ချို့ငဲ့ငဲ့နှင့် အောက်ကျနောက်ကျသာနေထိုင်၍ ပညာသင်ကြားခဲ့ရသော အဖြစ်အပျက်များသည် ယခုအခါ၌ ပြန်လည် စဉ်းစားကြည့်သောအခါ စိတ် မကောင်း စရာသာ ဖြစ်နေ၏။

ဤကဲ့သို့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်အား မိခင် မရှိသည့်နောက်၌ မည်ကဲ့သို့ ခက်ထန်တင်းမာစွာ ဆက်ဆံလာခဲ့

မှ သာ်လည်း သူ့အား ကျေးဇူးတင်စရာ ကောင်းလှသောအချက် တချက်မှာ ဖခင်သည် မုဆိုးဖိုကြီးကဲ့သို့ တယောက်တည်းသာ နေထိုင်လျက် နောက် အိမ်ထောင်သစ်ကို ထပ်၍မပြုရှာခြင်းပင် ဖြစ်လေသည်။ သူသည် ထိုစဉ်က အသက် ၄၀-ပင် မပြည့်သေး ပေ။ အရွယ်ရှိသေးသည်ဟု ဆိုရပေလိမ့်မည်။ ဥစ္စာပစ္စည်း ကလည်း ပြည့်စုံသဖြင့် သူရယူလိုက အပျိုစင်တယောက်ကို ရနိုင် သေးသည်။ သို့ရာတွင် သူသည် နောက်ထပ်၍ အိမ်ထောင်ကား မပြုခဲ့တော့။ မိခင်၌ တွေ့ကြုံရချက်ဖြင့် သူသည် ထိတ်လန့်သွား ခြင်းလော။ သို့မှမဟုတ်- ပိုက်ဆံကုန်ကျမည်ကို နှမြော၍လော၊ အမှန်ကိုမူ သူညစဉ်ရှိခိုးသော ဘုရားရှင်သာ သိလိမ့်မည်ထင်၏။

သည်ကဲ့သို့ သဘာဝအားဖြင့် တင်းမာခက်ထန်သော ဖခင်နှင့် ၁၅-နှစ်ခန့်မျှ စိုးရွံ့သိမ်ငယ်စွာ အောက်ကျနောက်ကျ နေလာ ခဲ့ကြရခြင်း၌ အခြားအားထားစရာ ချစ်ခင်စရာ မရှိတော့သော ကျွန်တော်တို့ညီအစ်ကိုသည် တယောက်ကိုတယောက် အလွန် တရာ အားကိုး ချစ်ခင်ကြသော အဖြစ်ကို ရရှိခဲ့ကြပေသည်။ ငယ်ရွယ်သော မောင်ကျော်မြင့်ထက် ငါးနှစ်မျှကြီး၍ ပိုမိုစဉ်းစား တတ်သည်ဟု ဆိုရမည်ဖြစ်သော ကျွန်တော်က၊ ထိုအချက်ကို လေးလေးနက်နက် သဘောထားခဲ့မိပေသည်။

သားနှင့်အဖတို့၏ ချစ်ကြည်ရင်းနှီးမှု ခေါင်းပါးလျက် ဖခင် ဖြစ်သူ၏ ခက်ထန်မှုက အုပ်နှံရုံလို ခြားထားသော အမိမဲ့ အိမ်ထောင်ကြီးထဲ၌ အဘယ်သာယာချမ်းမြေ့စရာတို့သည် ရှိနိုင် ကြပါဦးမည်နည်း။ ဖခင်၏ ခက်ထန်တင်းမာမှုသည် ကျွန်တော် တို့ ညီအစ်ကိုနှစ်ယောက်နှင့် ဖခင်တို့၏ ဆက်ဆံရေးအား ခြား

ထားလော အုပ်နံရံကဲ့သို့ ရပ်တည်နေခဲ့သည်ဟု ဆိုရပေမည်။ သားနှင့်အဖ ပြောစရာ ဆိုစရာရှိ၍မှပင် ကြောရဲဘို့ဝေးစွ၊ အနား သို့ပင် မကပ်ရဲလောက်အောင် စိမ်းနေခဲ့ပေသည်။ တခါတရံ ကျောင်းလခနှင့် စာအုပ်ဘိုးများ ဖတောင်းမဖြစ်၍ ကြောက် ကြောက်ရွံ့ရွံ့နှင့် အကျိုးအကြောင်း ပြေပြတောင်းဆိုခြင်း ပြုရသောအခါ၌ပင် 'လာပြန်ဘီလား ကျောင်းလခ၊ စာအုပ်ဘိုး ဘာလုပ်ဘို့လဲ'ဟူ၍ ဖခင်က အော်လွှတ်လိုက်သဖြင့် သူ့အနီးမှ ထွက်ပြေးလာခဲ့ရပြန်ကာ ကျောင်း၌ အောက်ကျနောက်ကျ ဖြစ် ရပြန်၏။

မည်သည့်ကိစ္စကလေးရှိ၍ ပြောဆို လိုက်သော အခါတိုင်း 'ဘာလုပ်ဘို့လဲ၊ ဘာလုပ်ဘို့လဲ' ဟူသော ဖခင်၏ ဟိန်းဟောက် မေးမြန်းသံသည် ကျွန်တော်တို့ ညီအစ်ကိုအား ထိတ်လန့်ရွံ့ ကြောက်ခြင်းကို ဖြစ်စေခဲ့ပေသည်။

ထိုသို့ဖခင်က တင်းမာခက်ထန်ခြင်းကြောင့် အခြားယုယ မည့်သူ တစုံတယောက်မျှလည်း အိမ်တွင်မရှိကြ၊ ဖခင်နှင့် ဆွေ နီးမျိုးစပ်တော်သော တောမှခေါ်ယူ၍ အိမ်တွင် ထမင်းချက် ပြုတ်နေကြသော လင်မယားကြီး နှစ်ယောက်တို့ကလည်း ကျွန် တော်တို့ ညီအစ်ကိုအား ကလေးများဟူ၍ ပေါ့ပေါ့တန်ဘန် သဘောထားကာ များစွာ ဂရုတစိုက် မရှိလှဘဲ သူတို့၏အလုပ် နှင့် သူတို့ဘာသာ မအားမလပ် ဖြစ်နေကြသူများ ဖြစ်ဟန်ရှိ ပေသည်။

သည်လိုစိုးရွံ့ သိမ်ငယ်စွာ နေထိုင်ကြီးပြင်း၍ အောက်ကျ နောက်ကျနှင့် ပညာသင်ကြားခဲ့ရပြီးနောက်၊ ကျွန်တော် ၁၈-နှစ်

သားတွင် ဆယ်ဘန်းအောင်ပြီးနောက် အသက်ကလည်း ငယ် လျက် ဉာဏ် ပစ္စည်းသည်လည်း ပြည့်ပြည့်စုံစုံ ဖြစ်သော်လည်း ကျွန်တော်သည် တက္ကသိုလ်သို့ ဆက်လက်တက်ရောက်၍ ပညာ သင်ကြားခွင့်မရခဲ့ပေ။ တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြား လိုလှသည့်အလျောက် မရဲတရဲနှင့် ဖခင်အား အသနားခံ၍ ပြော ကြားသောအခါ 'တက္ကသိုလ်....ဘာလုပ်ဘို့လဲ' ဟူ၍ အော်ငေါက် လွှတ်ခြင်းကို ခံခဲ့ရပေသည်။ ထို့ကြောင့် ကျွန်တော်သည် နောက်ထပ်၍ ဖခင်အနီးသို့ပင် မကပ်ရဲတော့ပေ။ လူသူရှင်း၍ တိတ်ဆိတ်လှသော ချောင်တချောင်ဝယ် ခိုကပ်ကာ တက္ကသိုလ်သို့ မတက်ရောက်ရသည့်အတွက် တယောက်ထဲ ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရပေသည်။

တကယ်တန်းဆိုကြရလျှင် ကျွန်တော်၏ဖခင်သည် သားတ ယောက်ဖြစ်သော ကျွန်တော့အပေါ်၌ အဘယ်မျှ ခင်မင်မှုမရှိ သည်ဖြစ်စေကာမူ ၎င်းသင်ကြားပေးနိုင်သောပညာကို ဆက်လက် သင်ကြားပေးသင့်သည်ဟု ကျွန်တော်က သဘောရမိပေသည်။ သို့ရာတွင် ဖခင်ကား ထိုသို့သဘောမရခဲ့။ ကျွန်တော့အား ၎င်း၏ ဆံစက်လုပ်ငန်းတွင်းသို့ အောက်ခြေကစ၍ ဝင်ရောက် လုပ်ကိုင် ခိုင်းလာတော့၏။ ထို့ကြောင့် ဆယ်တန်း အောင်ပြီးနောက် ၁၇-နှစ်သားလောက်မှစ၍ ကျွန်တော်သည် ဖခင်ခိုင်းစေသော ဆန်စက်များနှင့် ဆန်စပါးလုပ်ငန်းများ၌ အောက်ခြေသိမ်းက စ၍ ဝင်ရောက်လုပ်ကိုင်ခဲ့ရပေသည်။

မြေပိုင်ရှင်နှင့် စက်သူဌေးသား တယောက်ဟု ဘုရားစူး- ကျွမ်းစူး ကျိန်တွယ်ပြောရမည်ကဲ့သို့ ကျွန်တော်၏ဘဝသည် ရှုပ် ပျက် ဆင်းပျက် ဖြစ်လား ဖြစ်ခဲ့ရလေသည်။ ထိုကဲ့သို့ ၎င်း၏ခိုင်း

စေ့ချက်အတိုင်း ဝင်ရောက် လာခဲ့ပြီးသည့် နောက်၌လည်း၊ လူမျိုး ကာလသားအရွယ် ရောက်ခဲ့ပြီးဖြစ်သော သားလေးမျိုးအား ဖခင်သည် သုံးဘိုစဲ့ဘိုဟူ၍ ဒေါ်လာကို တပြားမျှလည်း မပေးခဲ့စဘူးပါ၊ ထိုသို့ ကျွန်တော်သည် ဆက်လက်၍ အောက်ကျမြဲ အောက်ကျနေရသော်လည်း ကျွန်တော် အသွင်နှင့်သို့ ဝင်ရောက်ပြီးသည့် နောက်ပိုင်း၌ ဆယ်တန်း အောင်သွားသော မောင်ကျော်မြင့်အား ဖခင်က ဘာဒိတ် ဘာလက် ပေါက်သည်မသိဘဲ တက္ကသိုလ်သို့ ဆက်လက် ပညာသင်ကြားစေသဖြင့် ကျွန်တော်သည် မိမိအတွက် ဝမ်းနည်းစရာဖြစ်သော်လည်း ညီလေးမောင်ကျော်မြင့်အတွက် များစွာဝမ်းသာခဲ့ရပေသည်။ တက္ကသိုလ်၌ အထက်တန်းပညာရပ်များကို သင်ကြားနိုင်ရသော ညီလေးမောင်ကျော်မြင့်အတွက် ဝမ်းသာရသည်ဟုသာ ဆိုပြောသော်လည်း အခြားစိတ်မကောင်းရသော အချက်သည်လည်း ရှိမြဲရှိနေရပြန်သေး၏။ ထိုအချက်မှာ အခြားတော့မဟုတ်ဘဲ သူဌေးသား မောင်ကျော်မြင့် တက္ကသိုလ် ကျောင်းသားကြီးဘဝ၌ ချို့ချို့ငဲ့ငဲ့နှင့် အောက်ကျနောက်ကျ နေမြဲနေရခြင်းပင် ဖြစ်တော့၏။

ထို့ကြောင့် မိစုံဖစုံရှိစဉ် ကလည်း ဆန့်ကျင် ဘက် သဘာဝများနှင့် မကြံ့ခဏ ပဋိပက္ခ ဖြစ်နေခဲ့ကြသောကြောင့် သာယာခြင်း ခေါင်းပါးမှုများသည် မိခင် မရှိပြီးသည့်နောက် ၁၅ နှစ်ကျော်မျှ ဖခင်နှင့် နေထိုင်လာခဲ့ရသော ကာလများ၌လည်း ဆက်လက်၍ ရှိမြဲသာ ရှိနေခဲ့ရပေသည်။

ပြန်၍ တွေးလိုက်သောအခါတိုင်း သာယာသောနာရီနှင့် နေ့ရက်တို့ကို ကျွန်တော်သည်မတွေ့မိ၊ ထိတ်လန့်စိုးရွံ့လျက် သိမ်

ငယ်စဉ်က နေခဲ့ရသော မိနစ် နာရီများနှင့် ချောက်ကပ် လျှက် အောက်ကျနောက်ကျ နေလာခဲ့ရသော နေ့ရက်များကိုသာ အစီအရီပေါ်၍လာကြပေသည်။

ညီလေးမောင်ကျော်မြင့်သည် တက္ကသိုလ်ကျောင်းသားကြီးဘဝသို့ရောက်ရှိလာပြီးသည့် နောက်ပိုင်း၌ တက္ကသိုလ် ကျောင်းသားဘဝ အပေါင်းအသင်းများ ရှိသည့်အလျောက် အချင်းချင်းပြုစုမှုများသည် အတုံ့အလှည့်ရှိရာ၌ သူကပြုစုရန် အလှည့်ရှိလာတိုင်း ဖခင်အနီးသို့ မကပ်ရဲဘဲ လုပ်ခွင်၌ ရောက်နေသော အစ်ကိုဖြစ်သူ ကျွန်တော့ကိုသာ ပူးကပ်၍ တောင်းလေ့ရှိသည်။ လုပ်ခွင်၌ ဝင်နေရသည်ဆိုသော်လည်း လခဟူ၍သာ ပါဦး၊ မုန့်ဘိုး ပဲဘိုးအနေဖြင့် တကျပ်တပြားမှပင် စွန့်ကြဲခြင်းမခံရသောကျွန်တော်မှာ ညီလေး မောင်ကျော်မြင့်အတွက် ဖခင်အပေါ်သည်းညည်း မခံနိုင်တော့သည်၏ အဆုံး၌ တကြိမ်က နှစ်ကြိမ်သုံးကြိမ်အထိ ခိုးဝှက်၍ပင် ယူပေးခဲ့ရပေသည်။ သည်ကဲ့သို့ ခိုးဝှက်ခြင်းအား တကြိမ်က ဖခင်သိသွား သည့် အတွက် ကျွန်တော့အား အိမ်ပေါ်မှ နှင်ချလှုမတတ် ကြိမ်းမောင်းဆူပူခဲ့ခြင်းကို ခံခဲ့ရသေးသည်။ သို့ရာတွင် မောင်ကျော်မြင့်အတွက် ကျွန်တော် ခိုးဝှက်ပေးလိုက်သော ပိုက်ဆံက များများစားစားမဟုတ် ငွေသုံးကျပ်မျှသာပါ။

ငယ်ရွယ်စဉ် ကလေးသူငယ်ဘဝမှ လူပျိုကာလသားအရွယ်သို့ ရောက်လာသည့်တိုင်အောင် ချစ်ခြင်းမေတ္တာ ခေါင်းပါးသည်ဆိုရမည်ဖြစ်သော အိမ်ထောင်အတွင်း၌ ကျွန်တော်သည် မွေးဖွား၍ ကြီးပြင်းလာခဲ့ရသည်ဆိုလျှင် မှားယွင်းစရာ မရှိနိုင်ဟုထင်ပါ၏။ ထိုကဲ့သို့ မိဘတို့၏ ချစ်ခင်ယုယမှုကင်းမဲ့၍ သဘာဝ

အားဖြင့် ခက်ထန်သော ဖခင်နှင့် ကာလရှည်လျားစွာ နေလာခဲ့ရခြင်းအတွက် ကျွန်တော်၌ ချစ်ရ ခင်ရမည့်သူ ညီလေးမောင်ကျော်မြင့်တယောက်သာ ရှိတော့သကဲ့သို့၊ မောင်ကျော်မြင့်မှာလည်း ချစ်ခင်အားကိုးစရာ ကျွန်တော်သာရှိခဲ့ရပေသည်။ ထို့ကြောင့် ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်သည် တဦးကို တဦးအားထား၍ အလွန်တရာ ချစ်ခင်ခဲ့ကြရခြင်းဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

မိခင်မရှိပြီးသည့်နောက် ၁၅–နှစ်ကျော်မျှ ဖခင်နှင့်ကျွန်တော်တို့ညီအစ်ကိုသည် သိမ်ငယ်စွာ နေထိုင်လာခဲ့ရပြီးနောက်၊ ဖခင်သည် အစားမှား၍ ဝမ်းပေါက်ကာ ရုတ်တရက် သေဆုံးသွားခဲ့ရလေသည်။ အလှူအတန်းတခုကဖိတ်၍ စားသောက်ပြန်လာရာမှ ဝမ်းမရပ် မနားသွားကာ လျင်မြန်စွာ သေဆုံးရခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ ဖခင်မသေဆုံးမီ ခြောက်လလောက်ကမှ ကျွန်တော့အား ဖခင်သည် ၎င်းတို့လက်ထက်ကအတိုင်း သားမယားပေးစားရန် စီမံခဲ့ခြင်းဖြစ်လေသည်။ ၎င်းတို့လူကြီးချင်း စေ့စပ်စီမံကြသော ကျွန်တော်တို့၏ လူငယ်များ အရေးပင် ဖြစ်လေသည်။ ကျွန်တော်နှင့် လက်ထပ်ရမည့် "ခင်ခင်မြင့်"ဆိုသော မိန်းမပျိုမှာ ဖခင်နှင့်အတူ ဆန်စပါး လုပ်ငန်းတွင် လုပ်ကိုင်နေသော မိတ်ဆွေတဦး၏ သမီးမိန်းခလေးဖြစ်၍ တက္ကသိုလ်၌ ပညာသင်နေသေးသော ကျောင်းသူဖြစ်လေသည်။

တကြိမ်နှစ်ကြိမ်မျှ ခင်ခင်မြင့်သည် ၎င်း၏ ဖခင်နှင့်အတူ ကျွန်တော်တို့အိမ်သို့ အလယ်အပတ် လာရောက်ဘူး၍ ဖခင်က

အလုပ်ကိစ္စ အတွက် ခိုင်းစေ ကြောင့် ခင်ခင်မြင့်တို့အိမ်သို့ ကျွန်တော်သည် မကြာခဏ ရောက်ပေါက်ခဲ့ဘူးပေသည်။ ခင်ခင် မြင့်မှာ ကြည့်ပျော်ရှုပျော် များစွာ ကြက်သရေရှိလှသော မိန်းမ ပျိုဖြစ်၍ ကျွန်တော်က မြင်မြင်ခြင်း ချစ်သည်ဟု မပြောမဆိုနိုင် သော်လည်း သဘော မကျစရာတော့ မရှိပေ။ ၎င်းအပြင် ခင် ခင်မြင့်သည် တက္ကသိုလ်ကျောင်းသူ ပညာတတ် အမျိုးသမီးတဦး မဟုတ်ပါသလော။

ဤကဲ့သို့ ဖခင်သည် ရုတ်တရက် ကွယ်လွန်၍ သွားသဖြင့် ကျွန်တော်နှင့် ခင်ခင်မြင့်တို့၏ မင်္ဂလာကိစ္စမှာ ရွှေ့ဆိုင်းထားရ ပြီးနောက်၊ ဖခင်၏ လုပ်ငန်းကြီး တခုလုံးအား ဦးစီးလုပ်ကိုင် ရမည့် တာဝန်သည် ညီအစ်ကိုနှစ်ယောက်မျှသာ ရှိသည့်အနက် အကြီးဖြစ်သော ကျွန်တော်၏ အပေါ်၌ ကျရောက်ခဲ့ပေသည်။

# [ ၃ ]

အမှန်အတိုင်း ဝန်ခံပြောကြားခဲ့ရလျှင် ဖခင်ယခုကဲ့သို့ ကွယ် လွန်သွားခြင်းအတွက် ကျွန်တော်သည် များစွာ ထိခိုက်လောက် အောင် ဝမ်းနည်းပက်လက်မဖြစ်မိ၊ အိမ်တွင် ထမင်းဟင်း ချက် ပြုတ်၍ ကျွန်တော်တို့ သားအဖ သုံးယောက်အား စောင့်ရှောက် နေကြသော တောမှ ဆွေမျိုးနီးစပ် လင်မယားနှစ်ယောက်တို့ သည်ပင် ဖခင်ရှိစဉ်က ငြိမ်သက်၍ ကုတ်နေခဲ့ရရာမှ ဖခင်သေဆုံး ၍ အသောင်းကို အိမ်ပေါ်မှ မချရမှီ ရဲရဲတင်းတင်းနှင့် ဆူဆူညံညံ စကားပြောလာကြပေသည်။ သူတို့သည် ထိတ်လန့်ကြောက်ရွံ့ ရမည့်သူ မရှိတော့သဖြင့် လွတ်လပ် ရဲတင်းလာကြခြင်း ဖြစ်ပေ သည်။

သူဌေး၏မသာဖြစ်၍ သုံးရက်မျှ ထားခဲ့သည့်အတွင်း ယခင်ကာလများက တစပြင်လို ချောက်ကပ် တိတ်ဆိတ် နေခဲ့သော ကျွန်တော်တို့၏ မသာအိမ်မှာ အလှူပွဲသလို ဆူညံ၍နေပေသည်။ ဆန်စက် အလုပ်သမားများသည်၎င်း၊ အိမ်တွင် ခိုင်းစေသူများသည်၎င်း၊ မသာအိမ်ဟူသော အဖြစ်ကို မေ့ပျောက်ကာ လွတ်လပ်စွာ ရီမော ဆူညံနေကြပေသည်။ စားလား သောက်လား နှင့် အပိတ်အပင် အတားအဆီးမရှိ၊ ပျော်ရွှင်နေကြသည်ပင် ထင်ရလေသည်။

သည်ကဲ့သို့ မသာအိမ်၌ စားလားသောက်လား၊ ရီလား မောလား လုပ်နေကြခြင်းကို များစွာ သဘောမကျ ဖြစ်နေပုံရသော မောင်ကျော်မြင့်က ကျွန်တော့ အခန်းအတွင်းသို့ သုံသုံ မှုံမှုံနှင့် ဝင်လာပြီးနောက် 'လူတွေဟာ ရီကြ မောကြနဲ့ အဖေသေတာဟာ သူတို့အတွက်ဆွမ်းတော်ကြီ လောင်းပွဲများ အောက်မေ့နေသလား မပြောတတ်ပါဘူးဗျာ....'ဟု ပြောဆိုလိုက်လေသည်။

'ဆွမ်းတော်ကြီးပွဲ အောက်မေ့လို့တော့ ဘယ်ဟုတ်မလဲကွာ၊ အဖေရှိတုန်းက လူတွေဟာ သိမ်သိမ်ငယ်ငယ်နဲ့ အထိတ်ထိတ် အလန့်လန့် နေခဲ့ရတာကို မင်းလဲ အသိသားဘဲ မဟုတ်လား.... ခု သူတို့ကြောက်ရမဲ့လူမရှိတော့ လွတ်လွတ်လပ်လပ် ရှိသွားကြတာ ဖြစ်ပါလိမ့်မယ်ကွာ....'ဟု ကျွန်တော်က အကျိုးအကြောင်း ရှင်းပြလိုက်ရ၏။

'ဒီလိုဆိုရင် အစ်ကိုကြီးကော လွတ်လွတ်လပ်လပ် ရှိသွားဘီပေါ့'

'ရှိးရှိးမြောစမ်းပါကွာ....မင်းလဲ လွှတ်လပ်သွားတာပါဘဲ ...'

မောင်ကျော်မြင့်သည် ကျွန်တော်၏ ရှင်းပြချက်ကို မငြင်းဆိုသော်လည်း ဝန်းခံခြင်းတော့မပြုသေး။ သူသည် ကျွန်တော်၏ အိပ်ခန်းပြူတင်းပေါက်နားသို့ သွားရျရပ်ကာ အိမ်နောက်ဖေး မီးဖိုချောင်ဘက်တွင် ချက်ပြုတ်ရင်း ဆူဆူညံညံ စကားပြောနေသူများအား မျက်စောင်းခဲကာ မကျေမချမ်း ကြည့်နေလေသည်။

'အလောင်းတောင် အိမ်ပေါ်က မချရသေးခင် သူတို့ကပျော်နေလိုက်ကြတာ....'ဟု မောင်ကျော်မြင့်က သူ့ဘာသာမကျေမချမ်းပုံ ပြောလိုက်ပေသည်။

ကျွန်တော်သည် မှန်နေပုံရသော ညီငယ်အား အတန်ကြာမျှစာနာစွာ ကြည့်နေပြီးမှ လာစမ်းပါဦးကွာ....ဒို့ညီအစ်ကိုနှစ်ယောက်သား အေးအေးဆေးစကားပြောကြရအောင်'ဟု ခေါ်ပြောလိုက်ရပေသည်။

'ပြောလေ....အစ်ကိုကြီး ဘာပြောချင်လို့လဲ....'

'အဖေသေတာဟာ ပြန်ရှင်လာတော့မှာမှ မဟုတ်ဘဲ ...အဲဒီတော့ ဒီဥစ္စာ ပစ္စည်းတွေနဲ့ ဒို့ညီအစ်ကိုနှစ်ယောက်ဘဲ ကျန်ရစ်ခဲ့ဘီ မဟုတ်လား....မင်းသင်ချင်တဲ့ပညာကို မင်းသဘောအတိုင်းဘဲ သင်ချင်သလောက် သင်နိုင်တော့မယ်။ ဘာမှ ပူစရာမရှိဘူး၊ အောက်ကျ နောက်ကျဖြစ်စရာ မလိုတော့ဘူး၊ ဆန်စက်'အလုပ်တွေနဲ့ လယ်တွေချောင်းတွေကို ငါဆက်ပီး ထိန်းသိမ်းလုပ်ကိုင်သွားမှာပေါ့၊ ဘာမှ ပူစရာ မရှိတော့ဘူး....'

မောင်ကျော်မြင့်သည် မင်းလွင်နှင့်မြူများ အုံ့ဖွဲ့ကာဆိုင်းနေသော ကောင်းကင်ကို မော့ကြည့်၍ ထိုင်းမှိုင်းစွာ ရပ်မြဲရပ်နေ၏။

ကျွန်တော်က မိမိ၏ စိတ်ထဲ သဘောထဲ၌ ရိုးသားစွာ ရှိနေခြင်းများကို ပွင့်ပွင့်လင်းလင်းပင် ငယ်ရွယ်သော ညီဖြစ်သူအား ပြောပြလိုက်သည့်အတွက် မှားယွင်းမည်လား ဟူ၍တော့ မစဉ်းစားချင်ပါ။ အမှန်အတိုင်း ဝန်ခံချပါမူ ဖခင်သေဆုံးခြင်းအတွက် ကျွန်တော်သည် လှိုက်လှိုက်လှဲလှဲ ဝမ်းမနည်းမိပေ။ ထို့ကြောင့် ဟန်လုပ်၍ မျက်ရည်ကိုလည်း မသုတ်ချင်ပါ၊ ကျွန်တော်သည် တကယ်ဆိုသောအခါ သဘင်ပညာသည်တဦးကား မဟုတ်ခဲ့ပေ။

'ဒို့များ အရင်က ဘယ်လို သိမ်သိမ်ငယ်ငယ်နဲ့ အောက်ကျ နောက်ကျ နေခဲ့ရသလဲဟင် မင်း စဉ်းစားကြည့်ပါဦး....မုန့်ဘိုး ပဲဘိုးကလေးကအစ ကျောင်းလခ စာအုပ်ဘိုး ကလေးတောင်းတဲ့အထိ 'ဘာလုပ်ဘို့လဲ'ဆိုတဲ့ အော်သံကို ခံခဲ့ရတာယ် မဟုတ်လား....မင်းသုံးချင်လို့ ငါက ကြံဖန် ခိုးဝှက်ပေးတာ မိသွားတုန်းက ငါ့ကိုတောင် အိမ်ပေါ်က မောင်းချခဲ့တာ မင်း မေ့သွားပလား....ခုဆိုရင် မင်းဘာမှ ပူစရာ မရှိတော့ဘူး မဟုတ်လား၊ ဘယ်သူကမှလဲ 'ဘာလုပ်ဘို့လဲ'လို့ အော်တော့မှာ မဟုတ်ဘူး....'

မောင်ကျော်မြင့်သည် မှိုင်းအုံ့အုံ့ဖြစ်နေသော ကောင်းကင်ကို ငေးမော၍ကြည့်နေရာမှ 'ကောင်းကင်ပြင်တခုလုံးဟာ အုံ့အုံ့မှိုင်းမှိုင်းနဲ့ ဘယ်လောက်များ စိတ်ပျက်စရာ ကောင်းလိုက်သလဲဗျာ....တခါတခါ ကျွန်တော်တို့ အိမ်ကြီးနဲ့ ဆန့်စက်တွေ လယ်ယာ ချောင်းမြောင်းတွေဟာ အုံ့မှိုင်းနေတဲ့ ကောင်းကင်ပြင်ပြီး

ကြီးလို သိပ်စိတ်ပျက်စရာကောင်းတာဘဲ’ဟု နက်နက်နဲနဲ စဉ်းစားရင်း ပြောနေလေဟန် ထင်ရပေသည်။ မောင်ကျော်မြင့်သည် သဘာဝအားဖြင့် နူးညံ့ပြော့ပြောင်းလှသော သူငယ်တယောက်ဖြစ်သကဲ့သို့ သူသည် ကဗျာကဲ့သို့ သိမ်မွေ့လှသည်။ လူဝုံးလူဖန်ကလည်း ပိန်ပိန်ပါးပါးနှင့် ကန့်ကရဖြစ်သည်။ သူသည် နက်နက်နဲနဲ စဉ်းစားတွေးတောတတ်သော အကျင့်ရှိသဖြင့် သူ့အမြင်နှင့် စကားကလေးသည် သိမ်မွေ့ခြင်းနှင့် နက်နဲခြင်းများ ရောပြွမ်းနေလေ့ရှိသည်။ သူသည် သာမန်ရိုးရိုးကလေးဖြစ်သော ပြဿနာတနုပ်ကို နက်နက်နဲနဲထင်ရအောင် စကားပြောတတ်သည်။

‘အဖေဟာ ဒို့ညီအစ်ကိုအပေါ်ကို စိမ်းစိမ်းကားကားကြီးနေခဲ့တဲ့အတွက်....ဒို့များညီအစ်ကိုဟာ တယောက်ကိုတယောက် ဘယ်လောက်အထိ ခင်မင်အားထားပြီး သံယောဇဉ်ကြီးခဲ့ကြသလဲဆိုတာ မင်းစဉ်းစား ကြည့်တော့လေ....အမေ မရှိပြီးတဲ့နောက်မှာလဲ ဒို့ညီအစ်ကိုဟာ ဒီလိုဘဲ မခွဲမခွာတမ်း ချစ်ခင်နေထိုင်သွားဘို့ ငါတော့ သိပ်တောင့်တမိတယ်....မင်းလဲ ငါ့လိုဘဲဆိုတာကို ယုံကြည်တယ်ကွာ....တသက်လုံး အရင်ကအတိုင်း ချစ်ချစ်ခင်ခင်နဲ့ မခွဲမခွာနေသွားရရင် ဘယ့်လောက် ပျော်စရာ ကောင်းလိုက်မလဲဆိုတာကို မင်းလဲ စဉ်းစားမိမှာဘဲညီလေး....ငါ အစ်ကိုကြီးဖြစ်ပေမဲ့ မင်းလောက် ပညာအခြေခံမရှိဘူး၊ ဘောလ်လဲ မတော်ဘူးဆိုတာကတော့ မင်းလဲအသိသားဘဲ မဟုတ်သား.... ငါ့ဘာသနဲ့ မင်းဘာဝဟာ သဘာဝအားဖြင့်တော့ မတူကြဘူးပေါ့၊ မင်းကြည့်ပုံနဲ့ ငါကြည့်ပုံဟာ ကြည့်ပုံချင်းသာတူပေမဲ့ အမြင်ကြတော့ မင်းကပိုစူးရှတယ်....ခုတင်က မင်းရဲ့ လူ့ဘာဝအမြင်က အုံ့မှိုင်းနေတဲ့ မိုးကောင်းကင်နဲ့ တင်စားပြီး ပြောသွားတယ်မဟုတ်

လား....ငါက အဲဒီလိုမပြောတတ်ဘူးကွာ....တခါတခါ မင်းပြော လိုက်တဲ့စကားလေးတွေဟာ နားထောင်လို့ ကောင်းသလောက် အဓိပ္ပါယ်ကလဲ နက်နဲလှတယ်....ဒီတော့ ငါက နားမလည်ဘူးကွာ လို့ ရှင်းရှင်းဝန်ခံရမှာဘဲ....'

'ကျွန်တော်က ဘာများ ထူးထူးခြားခြား ပြောနေလို့များ လဲဗျာ'

'နားထောင်ဦးလေ....မင်းဟာက မလောစမ်းပါနဲ့ကွာ၊ ဒို့ များညီအစ်ကို သေတပန် သက်တဆုံး မခွဲခွါဘဲ ချစ်ချစ်ခင်ခင် နေထိုင်သွားကြဖို့ဟာ ရှေ့ရေးဘဲ....ငါက မင်းကို ချစ်သလို မင်းကလဲ ချစ်တယ်ဆိုတာ ငါကတော့ စိတ်ချ ယုံကြည်တယ်.... ဒါပေမဲ့ သဘာဝခြားနားနေကြတဲ့ ဒို့များကွဲလွဲချက်ကလေး ကို တယောက်နဲ့တယောက် စိတ်ရှည်သက်ရှည်နဲ့ စေ့စပ်ဖို့ ရင်းနှီးလာဖို့ဟာ သော့ချက်ဘဲ....ဒါကို ခုထဲက စပြီးလုပ်ဖို့ လိုတယ်'

'ဒါတွေက အရေးမကြီးလှဘူးဗျာ'

'ဘယ့်နှယ်မကြီးရမှာလဲကွ၊ ဥပမာ တခုပြောရရင်၊ မင်းရဲ့ လူ့လောက အမြင်နဲ့ ငါ့အမြင်ဟာ သေးငယ်တဲ့ ကိစ္စတွေမှာ ကွဲပြားကြလို့ အရေးမကြီးပေမဲ့၊ အရေးကြီးတဲ့ကိစ္စတွေမှာ ကွဲ ပြားလာကြမယ်ဆိုရင် တယောက်နဲ့တယောက် ခွဲရမဲ့အခြေမျိုး ကို ဆိုက်ရောက်သွားမယ်မဟုတ်လား၊ ပြဿနာတခုထုတ်ရမှင် ခင်ခင်မြင့်နဲ့ ငါနဲ့ လက်ထပ်ကြမဲ့ကိစ္စကို စဉ်းစားကြရအောင်၊ တကယ်လို့ မကြာခင် ငါနဲ့ ခင်ခင်မြင့်လက်ထပ်လို့ ခင်ခင်မြင့်က အိမ်ကို လာနေမိပြီဘဲ ဆိုကြပါစို့ကွာ၊ ငါ့အချစ်ဟာ မင်းကို

ချစ်နေရာက ဖွဲ့ပြီး ငါ့မယားကိုလဲ ချစ်ရတော့မယ်မဟုတ်လား အဲသလိုဖွဲ့ပေးလိုက်ရတယ် ဆိုကထဲက မင်းအပေါ်မှာ ငါ့ရဲ့ ချစ်ခင်မှု၊ ဂရုစိုက်မှုတွေဟာ လျော့ပါးသွားရတော့မယ်၊ အဲဒီအခါ မင်းက ငါ့ကို ဘယ်လိုထင်လာမှာလဲဆိုဒါ စဉ်းစားကြည့်လေ၊ ငါက ဒါကို ကြိုတင်ပြီး တွေးထားတယ်၊ ဒါ့ကြောင့်လဲ လူကြီးချင်း ဘယ်လိုဘဲ စကားရှိခဲ့ရှိခဲ့ ခင်ခင်မြင့်ကို ငါတော်တော်နဲ့ လက်ထပ်ယူချင်တဲ့စိတ် မရှိသေးဘူး'

'ဒီလိုလဲ ကျွန်တော့အဘွက်နဲ့ အစ်ကိုကြီးက အနစ်နာခံနေရ ဘာကိုလဲ ကျွန်တော်မလိုချင်ပါဘူးဗျာ' မောင်ကျော်မြင့်က အသံအနည်းငယ်တုန်ရီစွာနှင့် ဝမ်းနည်းပက်လက် ပြောလိုက်ဟန် ရှိပေသည်။

ဖခင်၏အလောင်း မြေမချမီ ၃ ရက်အတွင်း ကျွန်တော်တို့ ညီအစ်ကိုသည် ညစဉ်ညတိုင်း တယောက်နှင့်တယောက် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြပေသည်။ သို့နှင့် ဖခင်၏အလောင်းအား အိမ်ပေါ်မှချမည်ပြုသောအချိန်၌ တယောက်ကိုတယောက် တင်းကြပ်စွာဖက်ကာ မျက်ရည်များ အသီးသီးကျလျက် တယောက်နှင့်တယောက် တသက်ပန် မခွဲမခွါစတမ်း တဦးကတဦးကို ဘာမျှ ထိန်ချန်ခြင်း မပြုစတမ်း ဂတိပြုခဲ့ကြပေသတည်း။

## ချစ်၍ငိုရသည်

## [ ၁ ]

ဖခင်ကွယ်လွန်ပြီးသည့် နောက်ပိုင်း၌ ဖခင်၏လက်ငုတ် ဆန်စပါးလုပ်ငန်းကို ကျွန်တော်ကိုယ်တိုင် ဆက်လက် လုပ်ကိုင်လာခဲ့ပေသည်၊ ဖခင်မကွယ်လွန်မီ ၇ နှစ်ခန့်က လေ့လာသင်ကြား၍ လုပ်ကိုင်လာခဲ့ရသော အလုပ်ဖြစ်၍ ကျွန်တော့အတွက် မိဘတို့၏ အမွေကို ဆက်ခံလုပ်ကိုင်ရခြင်း၌ ခက်ခက်ခဲခဲ မရှိလှပေ။ လယ်သမား ချောင်းသမားများ ဆန်စက်အလုပ်သမားနှင့်သာလျှင် မကသေးဘဲ အခြား အခြားသော ဆန်စပါး လုပ်ငန်း သမားများနှင့် ကျွန်တော်၏ နေ့ရက်နာရီတို့သည် ကုန်ဆုံးလာခဲ့ရသည်သာ ဖြစ်သောကြောင့်၊ ကျွန်တော်၏ လုပ်ငန်း အပြင်ဘက်၌ရှိသော အခြားအကြောင်းအရာများတွင် ကျွန်တော်သည် လူပြိန်းတယောက်ဖြစ်နေပေသည်။

ကျောင်းမှထွက်ပြီးစ ၁၈-နှစ်သားမှစ၍ ဖခင်ကွယ်လွန်သွားသည့် အချိန်ဖြစ်သော ကျွန်တော်၏ အသက် အစိပ်အရွယ်အထိ ၇-နှစ်မျှလုံး ကျွန်တော်၏ ဘဝမှာ လှောင်အိမ်ထဲ၌ ချည်နှောင်ထားခြင်း ခံခဲ့ရသော တိရိစ္ဆာန် တကောင်ကဲ့သို့ ရှိနေခဲ့ရပေသည်။ ထို့ကြောင့် လည်မှုပတ်မှုမှစ၍ ပျော်ပွဲရွှင်ပွဲများကို ကျွန်တော်သည် မရောက် မပေါက်ဘူးသလောက် ဖြစ်

ခဲ့၏။ ထိုသို့ပြင်ပ လောကတခွင်နှင့် အဆက်အသွယ်ပြတ်လျက် နေခဲ့ရာမှ ကျွန်တော်သည် ကိုယ့်မင်းကိုယ့်ချင်း ဖြစ်လာသော အခါ မိမိ၏ လုပ်ငန်းတခုလောက်ကိုသာ သိနားလည်ပြီး အခြားကိစ္စများ၌ လူအ လူပေါ တယောက်ကဲ့သို့ ရှိနေခဲ့ရသည်။

ဖခင်မရှိပြီးသည့်နောက်၌ ကျွန်တော်သည် ကိုယ့်မြင်း ကိုယ်စိုင်းနိုင်သော ဘဝသို့ ရောက်ရှိလာပြီဟု ဆိုရသော်လည်း၊ ကျွန်တော်ကိုယ်တိုင်က ကိုယ်စိုင်းရမည့် မြင်းအား အထိန်းမှန်း အမမှန်းပင် မသိသေး။ ကျွန်တော်နှင့် လူကြီးချင်း စေ့စပ်ထားခဲ့၍ ဖခင်သေဆုံးခြင်းကြောင့် မင်္ဂလာကိစ္စကို ရွှေ့ဆိုင်းစောင့်စားနေခဲ့ရသော ခင်ခင်မြင့်နှင့် ၎င်း၏ မိဘတို့ကလည်း ကျွန်တော်အား မင်္ဂလာကိစ္စ မြန်မြန်ပြီးစီးရန်ကို လောလာကြပေသည်။ ထိုသို့ သမီးရှင်များဘက်က လောလာကြခြင်းမှာ သူတို့အတွက် သဘာဝကျသလောက် ကျွန်တော်အတွက်မှာ ခပ်အေးအေးနှင့် ဆိုင်းဆိုင်းလုပ်ရမည့် အလုပ်သာဖြစ်၍ ကျွန်တော်သည် အကြောင်းအမျိုးမျိုးပြကာ နေ့ရက်တို့ကို ဆွဲခဲ့ပေသည်။ ကျွန်တော် ခင်ခင်မြင့်ကို ယူလိုက်လျှင် လူစိမ်းတယောက် ကျွန်တော်တို့ ညီအစ်ကို၏ အကြားသို့ တိုးဝင်ရောက်ရှိလာမည့်အဖြစ်သည် ကျွန်တော့အား ချောက်လှန့်၍ထားပေသည်။

တကယ်ဆိုသောအခါ ကျွန်တော်၏ ဇနီးလောင်း ခင်ခင်မြင့်နှင့်ညီဖြစ်သူ မောင်ကျော်မြင့်တို့မှာ တက္ကသိုလ်၌ တတန်းတည်းလည်း ဖြစ်၍ ခင်မင်ရင်းနှီးခြင်း ရှိကြပေသည်။ မောင်ကျော်မြင့် အားလည်း ကျွန်တော်၏ ယောက္ခမလောင်းများက များစွာ အရေးတယူနှင့် ခင်မင်ကြပေသည်။ ဖခင် မရှိပြီး

သည့်နောက် ခင်ခင်မြင့်တို့ အိမ်မှာ မောင်ကျော်မြင့်၏ စားနေအိမ် သောက်နေအိမ်အထိ ဖြစ်သာပေသည်။

ခင်ခင်မြင့်နှင့် ၎င်း၏မိဘများ အကွက်မြင်ပုံကို ကျွန်တော်က ချီးကြူးရမည် ဖြစ်သော်လည်း တကယ်တမ်း အတွင်းကျကျ နှင့် တွေ့တွေ့ဆိုင်ဆိုင် ပေါင်းသင်းဆက်ဆံကြရသော အရေး၌မူ များစွာ လွယ်ကူခြင်း ရှိလှမည် မဟုတ်သည်ကိုလည်း၊ ကျွန်တော်က သတိထားစရာရှိပေသည်။

ယခုအခါ မောင်ကျော်မြင့်သည် တက္ကသိုလ် ကျောင်းသားကြီး တဦးဖြစ်၍ ဖခင်ရှိစဉ်ကာလက သိမ်ငယ် အောက်ကျခဲ့ရသည့် အတိုးနှင့် ကျွန်တော်က သူသုံးချင်ရာသုံးဘို့ တလလျှင် ဘရာထက်မနည်း သုံးခွင့်ပြုထားပေသည်။ မောင်ကျော်မြင့်အား တလ တရာကျော် သုံးခွင့်ပေးထားသော ကိစ္စအား ကျွန်တော် မိန်းမယူလိုက်သောအခါ သူ၏မရီးက တခုခုပြောလာသော် ကြားက ကျွန်တော်သာ စိတ်မကောင်းဖြစ်ရပေမည်။ ကျွန်တော့ ညီ တလ တရာမက၍ တထောင်ပင် သုံးနေသုံးနေ တနှစ်လျှင် လေးငါးခြောက်သောင်းမျှ ဝင်ငွေရှိနေသော ကျွန်တော်က တနှစ်လျှင် ကျွန်တော့ညီ သုံးဖြုံးပစ်မည့် ငွေတသောင်းကျော်ကို ဂရုစိုက်လောက်စရာ မဟုတ်လှပေ။

သားမယားယူသောကိစ္စမှာ လွယ်ကူ၍၊ တသက်ပန် ပျော်ရွှင် ချမ်းမြေ့သော အိမ်ထောင်အဖြစ် နေထိုင် နိုင်ရေးသည်သာ အလွန်တရာ ခက်ခဲသော အနုပညာနှင့်၊ အတတ်ပညာဖြစ်ပေသည်။ ထို့ကြောင့် ဖခင် မရှိပြီးသည့်နောက် တနှစ် နီးပါးခန့် ကြာမြင့်ခဲ့သည့်တိုင်အောင် ကျွန်တော်နှင့် ခင်ခင်မြင့်တို့၏ အိမ်ယာထောင်ရေးကိစ္စသည် ခပ်အေးအေးပင် ရှိနေခဲ့

လေသည်။ ထိုကဲ့သို့ ခပ်အေးအေး ရှိနေခဲ့သည့်အတွင်း ခင်ခင်မြင့်သည် တက္ကသိုလ်၌ ဆက်လက်၍ ပညာသင်ကြားရင်း လင်ယူရမည့် နေ့ရက်ကို စောင့်ဆိုင်းနေပုံရပေသည်။

# [ ၂ ]

ဖခင်မရှိပြီးသည့်နောက် မောင်ကျော်မြင့်သည် ထည်ထည်ဝါဝါနှင့် သန့်ဖြိုးနိုင်လာသော သူငယ်ညီ တက္ကသိုလ်ကျောင်းသားတဦးဖြစ်လာသည့်အလျောက် အပေါင်းအသင်းများ တစထက်တစ ပေါများလာသည်ကို ကျွန်တော်သည် သတိပြုမိပေသည်။ အပေါင်းအသင်း ကျယ်ဝန်း၍ များပြားလာခဲ့သည့်နည်းတူ ၎င်း၏ အတွေ့အကြုံနှင့် အသိအမြင်တို့သည်လည်း များပြားတိုးတက်လာဟန် ရှိပေသည်။

မောင်ကျော်မြင့်သည် ကျောင်းမှ စာအုပ်များအပြင် အခြားစာအုပ်ထူကြီးများကိုလည်း ညဉ့်နက်သန်းခေါင်အထိ ဖတ်လေ့ရှိလာသည်ကို သတိပြုမိသည်။ ရန်ကုန်မြို့ပေါ်ရှိ စာအုပ်ဆိုင်ကြီးများမှ တလ,တလလျှင် လေးငါးဆယ်ဘိုးမျှ ဝယ်ယူဖတ်ရှုနေရခြင်းနှင့်ပင် သူသည် အားရဘင်းတိမ်ခြင်းမရှိလှသေးဘဲ အိန္ဒိယ အင်္ဂလန်နှင့် အမေရိကန်စသော နိုင်ငံခြားစာအုပ်ကုမ္ပဏီကြီးများမှပင် စာအုပ်များကို သုံးလတကြိမ်လောက်၊ တကြိမ်တကြိမ်လျှင် တရာ့လေးငါးဆယ်ဘိုးအထိ မှာယူလျက် ရှိပေသည်။ အိမ်၌လည်း ဘီရိုကြီးလေးငါးလုံးဖြင့် သူ၏ကိုယ်ပိုင်စ ကြည့်တိုက်ငယ်ကို ခံ့ငြားစွာ စုဆောင်းပြုလုပ်လာသည်။

ညီဖြစ်သူက ထိုမျှလောက် အသိပညာနှင့် ဗဟုသုတကို ရှာဖွေခြင်းအတွက် ကျွန်တော်သည် ဝမ်းသာမိပေသည်။ သူလိုသမျှစာအုပ်ဘိုးကို ကျွန်တော်က အချိန်မရွေး ထုတ်ပေးခဲ့၏။ ပညာရေးဘက်တွင် ထူးထူးချွန်ချွန် စိတ်သန်လှသော ညီငယ်အတွက် ကျွန်တော်သည် များစွာဂုဏ်ယူအားတက်မိပေသည်။

'ဟော့ ညီလေး၊ မင်းပညာသင်ချင်သလောက် သင်လိုက်စမ်းကွာ၊ ဘီအေအောင်ပီးလို့ အမ်အေတက်ချင်လဲ တက်လိုက်ဦး။ ဒါနဲ့မှ အားမရသေးလို့ အောက်စ်ဖို့ နဲ့ ကင်းဘရစ်(ချ်)ဘဲ သွားချင်သေးသလား၊ မင်းကြိုက်သလောက် လုပ်စမ်းကွာ' ဟု ကျွန်တော်က အားတက်သရောပင် မောင်ကျော်မြင့်အား တိုက်တွန်း အားပေးမိပေသည်။

အစ်ကို၏ အလိုလိုက်ခြင်းနှင့် တိုက်တွန်းအားပေးခြင်းကို ရရှိနေသော မောင်ကျော်မြင့်ကလည်း သူ၏စိတ်ရှိတိုင်း လုပ်နေရသော ဘဝကို ကျေနပ်နေဟန် ရှိပေသည်။ သူသည်လည်း တက္ကသိုလ်နယ်မြေ၌ ထင်ပေါ်ကျော်ကြားစ ပြုလေပြီဖြစ်၍ ကျောင်းသားများ၏ လှုပ်ရှားမှုတို့တွင်လည်း ပါဝင်စ ပြုလေပြီ ဖြစ်ပေသည်။

တခါတရံ မောင်ကျော်မြင့်၏ သူငယ်ချင်း တယောက်စ နှစ်ယောက်စသည် ငင်းနှင့် အိမ်သို့ လိုက်လာကာ ညဥ့်နက်သန်းခေါင်အထိ ၎င်း၏ စာကြည့်ခန်းထဲတွင် စကားပြောတတ်ကြ၍ မိုးအလွန်ချုပ်သွားလျှင်လည်း အိမ်၌ပင် အိပ်စက်၍ သွားလေ့ရှိကြပေသည်။ ညဥ့်နက်သန်းခေါင်အထိ သူတို့ပြောကြဆိုကြသော စကားများသည် မည်ကဲ့သို့သော အကြောင်းအရာများ ဖြစ်လေမည်နည်း ဟူသော စူစမ်းလိုစိတ်ဖြင့် သူကိုအခန်းအနီး၌ မသိ

မသာ အကဲခပ် နားထောင်ကြည့်သောအခါ နိုင်ငံရေး စီးပွားရေး စသော ပြဿနာများနှင့်ပင်မကသေးဘဲ အတိဓမ္မာနှင့် ဘာသာရေး အကြောင်းများကို နကနက်နဲနဲ ဆွေးနွေးလျက် ရှိကြသည်ကို မသိမသာ ကြားရလေသည်။

ဒါဝင်၏ လူမှုပြောင်းလွဲ တိုးတက်ရေး အယူအဆများ၊ ဟာစ်စသ၏ ဘုရားပျောက်နေသည့် အယူအဆများနှင့် အဒမ်စမစ်၏ ဘောဂဗေဒ အယူအဆများကို သူတို့သည် စိတ်အားထက်သန်စွာ ပြောဆို ဆွေးနွေးနေကြသည်ကိုလည်း မကြာခဏ ကြားရသလို ရှိပေသည်။ ကျွန်တော်က ကြားလိုက်ရသည်သာ ဖြစ်သော်လည်း သူတို့ဆွေးနွေးပြောဆိုနေကြသော ပြဿနာရပ်များအား သဘောပေါက်နိုင်လောက်အောင် အခြေခံကား မရှိခဲ့။ သူတို့ နက်နက်နဲနဲ ဆွေးနွေးနေကြသော အကြောင်းအရာများကို အကြမ်းဖျဉ်းအားဖြင့်လောက်သာ သိပေသည်။

သည်လို နက်နဲသော ပြဿနာကြီးများထဲ၌ ၎င်း၏ကိုယ်ကိုနစ်မြုတ်မှန်းမသိ နစ်မြုတ်အောင် လုပ်နေသော မောင်ကျော်မြင့်အတွက် တခါတရံ အတွေးခေါင်ကာ ကျွန်တော်က စိုးရိမ်သလိုဖြစ်မိသော်လည်း သူ၏တက္ကသိုလ်ကျောင်းသားဘဝ၌ ထင်ပေါ်ကျော်ကြားကာ များစွာချောမော၍ အဆင်ပြေလျက် ရှိခြင်းအတွက်တော့ ကျေနပ်မိပေသည်။ မောင်ကျော်မြင့်အား တက္ကသိုလ်၌ မသိသူရှားသလောက် ဖြစ်နေပေသည်။ ပေါင်းသင်းဆက်ဆံရေးတွင်ဖြစ်စေ၊ ပညာရေးတွင်ဖြစ်စေ ကျောင်းသားတို့၏ အရေးအခွင့် တိုက်ပွဲများ၌ဖြစ်စေ မောင်ကျော်မြင့်မှာ အများ၏ ရိုသေလေးစားခြင်းကို ခံရပေသည်။ အများဟုဆိုရာ၌ ကျောင်း

သူကျောင်းသားချင်းသာလျှင်မကသေးဘဲ ဆရာအများပင်ပါဝင်လျက် ရှိလေသည်။

မိဘတို့၏ လက်ငုတ်အလုပ်များမှာ အချိန်မပျက် ဆက်လက်လုပ်ကိုင်ခဲ့ရာ၌ ဘာမျှ အခက်အခဲများ မတွေ့ရှိရသော်လည်း ကျွန်တော်၏ ကိုယ်ရေးကိုယ်တာဖြစ်သော တိမ်ထောင်ပြုရေးနှင့် ညီနှင့် မခွဲလိုရေးပြဿနာများသည် များစွာ စိတ်အနှောက်အယှက်ဖြစ်နေရသလို ရှိပေသည်။

ချောမောသော တက္ကသိုလ်ကျောင်းသူ ခင်ခင်မြင့်အား ကျွန်တော်သည် ဇနီးအဖြစ် ရယူလိုစိတ်ရှိသကဲ့သို့၊ အလွန်ချစ်သော ညီငယ်နှင့်လည်း မခွဲမခွာဘဲ တသက်ပန် စိတ်ချမ်းမြေ့စွာ နေထိုင်သွားရမည့်အရေးကို စဉ်းစားရပေသည်။

ခင်ခင်မြင့်သည် ကျွန်တော့အား ခိုင်မြဲသော မေတ္တာဖြင့် စောင့်ဆိုင်းလျက် နေပေသည်။ ညီဖြစ်သူ မောင်ကျော်မြင့်သည် စာအုပ်ထူကြီးများထဲတွင် တစထက်တစ သူ့ကိုယ်ကို နစ်မြုပ်နေရာမှ တခါတရံ ၎င်း၏ အမူအရာများသည် အစ်ကိုဖြစ်သော ကျွန်တော့အပေါ်၌ပင် ချစ်ချစ်ခင်ခင်နှင့် လေးလေးစားစား များစွာမရှိတော့သော လက္ခဏာမျိုးကို တစထက်တစ တွေ့သာရသည်။

သည်လို အခြေအနေမျိုး၌ ကျွန်တော်သည် အိမ်ထောင်ပြုရေးကိစ္စကို လုံးဝမစဉ်းစားဝန့်သလောက် ဖြစ်မိပေသည်။ ဆွေမျိုးဟူ၍ သည်ညီအစ်ကိုနှစ်ယောက်မျှသာ ကျန်ရှိတော့သော ဤကမ္ဘာ၌ ကျွန်တော် အလွန်တရာချစ်သော ညီငယ်နှင့် အဘယ်နည်းနှင့်မျှ စိတ်ဝမ်းကွဲခြင်း၊ ခွဲခွာခြင်းများအဖြစ် မခံနိုင်ပေ။

ထို့ကြောင့် ညီဖြစ်သူ မောင်ကျော်မြင့်အား ချစ်သောစိတ်သည် ခင်ခင်မြင့်နှင့် အိမ်ထောင်ပြုရေးပြဿနာကို ရက်အကန့်အသတ် မရှိ ရွှေ့ဆိုင်းထားစေခဲ့သည်ဟု ဆိုရလိမ့်မည် ထင်၏။

## [ ၃ ]

မောင်ကျော်မြင့် ဝိဇ္ဇာဂုဏ်ထူးတန်းကို အောင်မြင်၍ မဟာ ဝိဇ္ဇာတန်းတွင် တက်ရောက်သင်ကြားသောနှစ်၌ သူသည် ၎င်း ၏ သူငယ်ချင်းနှစ်ယောက်ကို တနေ့လျှင် တယောက်တလှည့်စီ အိမ်သို့ခေါ်လာ၍ အိမ်တွင်ပင် အိပ်စေသည်ကို တွေ့ရှိလာရ ပေသည်။ ဤအချိန်ကာလသို့တိုင်အောင် မောင်ကျော်မြင့်နှင့် ကျွန်တော်သည် စိတ်ဝမ်းကွဲပြားမှုမရှိခဲ့ကြပေ။ တယောက်နှင့် တယောက် လျှို့ဝှက်ထိန်ချန်ခြင်းများမထားရှိကြ။ ညီတူ တန်း တူ သဘောထားလျက် တယောက်နှင့်တယောက် ပွင့်ပွင့် လင်း လင်း ပြောစရာရှိတာကိုပြော၍ ချစ်ချစ်ခင်ခင် ရှိမြဲ ရှိနေခဲ့သေ သည်။

ဤကဲ့သို့ ချစ်ချစ်ခင်ခင်နှင့် စိတ်ဝမ်းကွဲပြားမှုမရှိဘဲ နေထိုင် ခဲ့ကြရာမှ ၎င်းနှင့် တော်တော် ခင်မင်ရင်းနှီးဟန်ရှိသော သူ ငယ်ချင်းနှစ်ဦး နေ့စဉ်လိုလို တယောက်တလှည့်စီ လာရောက် အိပ်စက်လာကြသည့်အချိန်မှစ၍ မောင်ကျော်မြင့်၏ စိတ်နေ သဘောထားများသည် တမျိုးတဖုံ ပြောင်းလဲလာစပြုသည်ဟု ဆိုရပေတော့မည်ထင်သည်။

နှစ်ယောက်သော သူငယ်ချင်းအနက် တယောက်သောသူမှာ ကုန်သည် လူလတ်တန်းစား၏ သားတယောက်ဖြစ်၍၊ နိုင်ငံရေး

စကားကို အလွန်တရာ ပြောဆိုသူဖြစ်လေသည်။ ထိုလူငယ်၏ နံမည်မှာ မောင်သူတော်ဟူ၍ ထင်၏။ ထိုမောင်သူတော်ဆိုသူသည် မောင်ကျော်မြင့်အား အတော်အတန် ဩဇာညောင်းသလိုတွေ့ရှိလာရသောအခါ၌ ကျွန်တော်သည် မောင်ကျော်မြင့်အတွက် ပူပန်ဗိုးရိမ်လာမိပေသည်။

မောင်သူတော်သည် လွတ်လပ်ခရးဆိုသော စကားတလုံးကို တဖွဖွ ပြောဆိုတတ်လေသည်။ သို့ရာတွင် လွတ်လပ်လိုသူသည် လွတ်လပ်ရေးရရှိဘို့အတွက် အဘယ်မျှ နာနာကျင်ကျင် ပင်ပန်းခြင်း ခံရလည်းကို သူသည် စဉ်းစားမိပုံတော့ မရသေး။ ကျောင်းသား လူငယ်တို့၏ စိယကူးယဉ်ခြင်းမျိုး ဖြစ်ပေလိမ့်မည်။

ဗမာပြည်သာ လွတ်လပ်ရေးရ-ရမည်မဟုတ်၊ လူတိုင်းလူတိုင်းသည်လည်း လွတ်လပ်ရေးရ-ရမည်ဟု မောင်သူတော်သည် ၎င်း၏ မျက်စေ့တဆုံး မြင်သမျှကို ပြောတတ်ပေသည်။တကယ်ဆိုသောအခါ လူတိုင်းလူတိုင်း လွတ်လပ်ရေးမရဘဲနှင့် ဗမာပြည်သည် လွတ်လပ်လိမ့်မည်မဟုတ်ဆိုသည်ကို သူသည်စဉ်းစားမိပုံမရ။

မောင်သူတော်သည် မောင်ကျော်မြင့်နှင့် လွတ်လပ်ရေးအကြောင်းကိုပြောရာ၌ ဗမာပြည်နှင့် လူတိုင်းလူတိုင်း၏လွတ်လပ်ရေးအကြောင်းကို ပြောရသည်နှင့်ပင် မပြီးဆုံးလိုက်သေးဘဲ၊ ယုံကြည်မှု၏ လွတ်လပ်ရေးဆိုသော အကြောင်းအရာများကိုပါ နက်နက်နဲနဲပြောဆိုလေ့ ရှိပေသည်။ မောင်သူတော်နှင့် မောင်ကျော်မြင့်တို့သည် ၎င်းတို့၏အခန်းတွင်း၌ ညဥ့်နက်သန်းခေါင်ကျော် စကားပြောနေကြခြင်း၌ ကျွန်တော်သည် မသိလိုက် မသိဘာသာနေရာမှ အသာချောင်းမြောင်း၍ နားထောင်ခြင်း ပြုလာ

ရပေသည်။ သူတို့နှစ်ယောက်သည် တခါတရံ ပြင်းပြင်းထန်ထန် ငြင်းခုံ၍၊ တခါတရံ ပြေပြေပြစ်ပြစ် ပြောဆိုနေတတ်လေသည်။ သူဘိုသည် ၎င်းတို့၏ လက်ရှိပညာသင်ကြားရေးစံနစ်အား ရှုတ်ချဝေဖန်ကြခြင်းနှင့် မပြီးသေးဘဲ ထိုခေတ်က ဟူမ္မရူးနှင့်ဒိုမီနီယံ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသော နိုင်ငံရေးပါတီနှင့် ခေါင်းဆောင်ကြီးများကိုပင် အလွန်တရာ ခေတ်မမှီတော့ကြောင်းနှင့် ဆွေးနွေးဝေဖန်လေ့ရှိကြပေသည်။

တခါတရံ မောင်သူတော်သည် ဘာသာရေး အယူအဆနှင့် စွဲလမ်း ယုံကြည်မှုများသည် ဝိဇ္ဇာပညာရပ်များ လက်တွေ့ထွန်းကားလျက် ဒိဋ္ဌအကျိုးပြုနေသောခေတ်ကြီးတွင် ချုပ်ငြိမ်းသွားသင့်ပြီဖြစ်ကြောင်းကို လေးလေးနက်နက် ပြောဆိုလေ့ရှိသည်ကိုလည်း အမှတ်တမဲ့ကြားရပေသည်။ မိဘများမှာ ဗုဒ္ဓဘာသာဗမာလူမျိုးများဖြစ်လျက် နံမည်ကိုပင် မောင်သူတော်ဟူ၍ ခေါ်ဝေါ်နေရသော်လည်း မောင်သူတော်၌ ဘာသာတရားမရှိတော့၊ သို့အတွက် သူ့မှာဘုရားမရှိပေ။ ထိုသို့ ဗုဒ္ဓဘာသာအဖြစ်ဖြင့် ဒိဋ္ဌိဖြစ်နေရသော မောင်သူတော်က သူ၏ ဒိဋ္ဌိဖြစ်ရခြင်းအတွက် ထူးကဲသော ဂုဏ်ထူးဝိသေသကို မောင်ကျော်မြင့်အား မကြာခဏ ကြွားဝါ၍နေတတ်လေ့ရှိသည်။ ယခင်အခါများက ဘုရားပါ ရှိခိုးဝတ်ပြုတတ်သော မောင်ကျော်မြင့်သည်လည်း မောင်သူတော်နှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းလာခဲ့ပြီးသည့် နောက်ပိုင်းတွင် ဘုရားပျောက်စ ပြုလာသည်ကို ကျွန်ုပ်တော်က ထိတ်လန့်တုန်လှုပ်စွာ တွေ့မြင်ရပေသည်၊

ကျောင်းအားသောနေ့များ၌ မောင်ကျော်မြင့်နှင့် မောင်သူတော်တို့သည် ဆန်စက်များသို့ သူတို့ဘာသာသူတို့ သွားရောက်

ခါ ဆန်စက် အလုပ်သမားများအား နိုင်ငံရေးတရားများ ကို ဟောကြ၍အလုပ်သမားအသင်းအပင်းများကို ထူထောင်ဖွဲ့စည်း ပေးလာကြသောအခါ၌ ကျွန်တော်သည် များစွာချောက်ခြားမိ ပေသည်။ ထို့ထက်လွန်ကဲ၍ အလုပ်သမားများ လုပ်ခပိုရရေး အတွက် သူတို့နှစ်ယောက်ကပင် လှုံ့ဆော် သပိတ်မှောက်ခိုင်း သောအဖြစ်ကို နောက်မှ ကျွန်တော်သိရှိလာရသောအခါ သာ လွန်၍အံ့သြခြင်းဖြစ်ရပေသည်။ ရီစရာကောင်းနေမည်လားတော့ မ ဆို တတ် ပေ။ ကျွန်တော်က ညီဖြစ်သူ မောင်ကျော်မြင့် အား အမြတ်တနိုး ဝယ်ပေးထားသော ရွှေသက်ပတ်နာရီကိုပင် ပေါင်၍ မောင်ကျော်မြင့်က ဆန်စက်အလုပ်သမားများ၏သပိတ် မှောက်ရံပုံငွေ ပေးလှူသော အဖြစ်အပျက်ကိုလည်း ဖော်ပြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ မောင်ကျော်မြင့်နှင့် ကျွန်တော်၏အကြား၌ ကွဲလွဲ ဆန့်ကျင်မှုကို ဖန်တီးပေးလာသော မောင်သူတော်အား ကျွန် တော်သည် မနှစ်သက်နိုင်ပေ။ လက်လည်းမခံနိုင်ပေ။ သို့ရာတွင် မောင်ကျော်မြင့်ကိုယ်တိုင် အလွန်တရာ လေးစားချစ်ခင်သော သူငယ်ချင်းတယောက်အား ညီဖြစ်သူ၏ ဆန္ဒနှင့် ဆန့်ကျင်၍ ကျွန်တော်က ဘာတခုမျှ မပြောဆိုခဲ့ပေ။ သူစိတ်ချမ်းသာသလို နေနိုင်အောင် လွှတ်၍သာပင် ပေးထားခဲ့သည်။ သည်အထိပင် ကျွန်တော်သည် ညီဖြစ်သူနှင့် ဥမကွဲသိုက်မပျက်ရေးအတွက် လွဲ မှားသော လိုက်လျောမှုများကို ပြုလုပ်ခဲ့ပေသည်။

မောင်သူတော်ကဲ့သို့ မောင်ကျော်မြင့်နှင့်အတူ အိမ်သို့ လိုက် လာလေ့ရှိသော အခြားသူငယ်မှာ အစိုးရအရာရှိ၏ သားတ ယောက်ဖြစ်သော မောင်လှမြင့်ဆိုသော ဥပဒေတန်းမှ ကျောင်း

သားတဦးဖြစ်လေသည်။ မောင်လှမြင့်သည် မောင်သူတော်ကဲ့သို့ နိုင်ငံရေး ကျောင်းသားမဟုတ်ဘဲ လူ့ဘဝကို သာသာယာယာ ကြည့်တတ်ရှုတတ်ပြီးလျှင် ပျော်သလို နေတတ်လော သူငယ် တဦးဟု ဆိုရပေလိမ့်မည်။ လူ၏ကိုယ်ဟန်အမူအရာ ကပင်လျှင် နွဲ့နွဲ့ခနွဲ့ခနွဲ့နှင့် တောက်တောက် ပြောင်ပြောင် ဝတ်စား ဆင်ယင်တတ်သည်။ မျက်လုံးမှာ အများနည်းတူ ဘာမှမဖြစ် သော်လည်း ကညာဆန်သော ရွှေကိုင်းမျက်မှန်ကို တပ်ဆင်ထား လေသသည်။

မောင်သူတော်ထက်စာလျှင် မောင်လှမြင့်သည်ပိုမို၍နှစ်သက် စရာနှင့် လက်ခံစရာကောင်းသော ညှော့သည်တဦးအဖြစ် ကျွန် တော်သည် သဘောထားမိ၏။ သူသည် မောင်သူတော်ကဲ့သို့ နက်နဲသောအကြောင်းအရာများကို မပြောဆိုတတ်ဘဲ သိမ်မွေ့ နူးညံ့သော အနုပညာရပ်များအကြောင်းကိုသာ ထက်သန်စွာ ပြောဆိုတတ်၏။ ဇာတ်သဘင်၊ ရုပ်ရှင်နှင့် အငြိမ့်ပွဲဇာတ် အကြောင်းကို မြိန်ရည်၊ ရှက်ရှည်ပြောတတ်သည်။ ဂီတနှင့်အတီး အမှုတ်များအကြောင်းကို ပြောတတ်ရုံမျှသာမကသေးဘဲ၊ သူ့ စောင်းကောက်ကို ကျွန်တော့်အိမ်သို့ ယူလာပြီးနောက် ဘွဲ့ သီချင်းများနှင့် ယိုးဒယားပတ်ပျိုးအစရှိသော သီချင်းကြီးများ ကို သူကိုယ်တိုင် သီဆိုတီးခတ်ပြတတ်လေသည်။

မောင်လှမြင့်အား ကျွန်တော်ကိုယ်တိုင်ခင်မင်လာ၍ သဘော ကျပေသည်။ ဘူ့ထံမှပင် ကျွန်တော်သည် စောင်းပညာနှင့်မြန်မာ ရှေးသီချင်းကြီးများကို သင်ကြား တတ်မြောက်သာခဲ့ရခြင်းသာ လျှင် ဖြစ်လေသည်။

မောင်ကျော်မြင့်သည် မောင်သူတော်အား ခင်မင်လေးစား

ခြင်းရှိသကဲ့သို့ မောင်လှမြင့်အားလည်း ခင်မင်လေးစားခြင်း ရှိနေရာ၌ ကျွန်တော်သည် မောင်လှမြင့်ဘက်မှ မဲတင်းပေးခြင်းမှာ ကျွန်တော်ချစ်ခင်သော ညီငယ်နှင့် ၎င်းအား စောင့်ရှောက်ရန် တာဝန်ရှိသော ကျွန်တော်၏အတွက်ပါ သဘာဝကျသည်ဟု ထင်မိ၏။

မောင်လှမြင့်ကဲ့သို့သော အနုပညာအား ကိုးကွယ်သော လူငယ်တဦး၏ဘြဇာသည် မောင်သူတော်ကဲ့သို့ နိုင်ငံရေး ထက်သန်သည့် လူငယ်တဦး၏ ဩဇာထက် လေးနက်လွှမ်းမိုးလာနိုင်ခြင်းကို ကျွန်တော်သည် တစထက်တစ တွေ့လာရသောအခါ အတိုင်းထက်အလွန်ဝမ်းသာမိလေသည်။ မောင်လှမြင့်ပြောလေ့ပြောထရှိသောအညာရပ်မှ 'ပခန်းဆရာညို' အကြောင်းများနှင့် 'လေဘာတီမမြရင်' တို့အကြောင်းများကို မောင်ကျော်မြင့်သည် စိတ်ဝင်စားခြင်းကို ပြသလာပေသည်။

ထိုခေတ်အခါက နံမည်ကျော်ကြားလျက်ရှိသော ဂီတပညာသည်များ အဆိုတော်များနှင့် အငြိမ့် ဇာတ်မင်းသမီးများ၏ အကြောင်းကို မောင်လှမြင့်သည် အလွတ်ကျက်ထား သကဲ့သို့ ပြောဆိုလေ့ရှိသည်။ အထူးသဖြင့် သူသည် အငြိမ့်နှင့်ပြဇာတ်များ အကြောင်းကို ထက်ထက်သန်သန် ပြောဆိုတတ်လေသည်။ အဘယ်အငြိမ့်မင်းသမီးသည် အပျိုဖြစ်၍ အဘယ်ပြဇာတ်မင်းသမီးသည် လင်ဘယ်နှစ်ဆက် ရှိသွားပြီစသည်တို့ကို မောင်လှမြင့်သည် ရှာဖွေ၍ သိရှိ၍ ပြောပြတတ်လေ့ရှိသေး၏။

မိမိ၏ လုပ်ငန်းမှာ အလုပ်သမားများအား သပိတ်မှောက်မှောက်အောင် လှုံ့ဆော်လျက် မိမိ၏ ရွှေသက်ပတ်နာရီကိုပင် ပေါင်၍ သပိတ်မှောက် ရံပုံငွေ လှူဒါန်းခဲ့သော သူဌေးတယောက်

၏ ညီအား ကျွန်တော်သည် ညီအဖြစ် မခွဲမခွာလိုသည့်အလျောက် မောင်လှမြင့်ကဲ့သို့သော သူငယ်ချင်းနှင့် ပေါင်းသင်းရန် အား ပေးတော့မည်မှာ သဘာဝကျလိမ့်မည်ထင်သည်။

မောင်လှမြင့်က မောင်ကျော်မြင့်အား ရုပ်ရှင်–ပြဇာတ်နှင့် အငြိမ့်ပွဲများသို့ ခေါ်ဆောင်သွားအောင် ကျွန်တော်ကပင် တိုက် တွန်းခဲ့၍ လိုက်ပါသွားရန်အတွက် ကျွန်တော်ကပင် ညီဖြစ်သူ အား အားပေးခြင်းပြုခဲ့ပေသည်။ ထိုကဲ့သို့ ညီဖြစ်သူနှင့် စိတ် ငြိမ်းမကွဲဘဲ ဥမကွဲ သိုက်မပျက်အောင် ကျွန်တော် ဤကဲ့သို့ အာရုံ ပြောင်းလွှဲ၍ ထိန်းသိမ်း ပေးခဲ့ခြင်းက အစပြုလျက် အလွန်တရာ ချစ်သော ညီဖြစ်သူ၏ အသက်လည်းဆုံး ခင်ခင်မြင့် နှင့်တကွ ဥစ္စာပစ္စည်း အမြောက်အများကိုပါ ဆုံးရှုံးခဲ့ရသည်နှင့် ပင် မပြီးသေးဘဲ ကျွန်တော့ဘဝကြီးတခုလုံးအား အသက်ရှင် နေရသေးလျက် သေဆုံးနေခြင်းနှင့် မည်ကဲ့သို့မျှ မခြားနား အောင် ဖန်တီးခဲ့သော ‘မှိုင်’သည် တစိမ့်စိမ့် ထိုးဖေါက်ဝင် ရောက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

‘မှိုင်’၏ သခင်မကဲ့သို့မျက်လုံးမှ ယှက်ဖြာနေခဲ့သော ညို့ဓါတ် ရောင်ခြည်သည် ကျွန်တော်က တွန်း၍ လွှတ်လိုက်သကဲ့သို့ဖြစ် သော ညီလေး မောင်ကျော်မြင့်၏ နှလုံးသားကို ပဌမ စတင်၍ ဖေါက်ထွင်း ဝင်ရောက်သွားခြင်းဖြစ်ရာ ညီဖြစ်သူအား ကာကွယ် ရန် ထိုနှလုံးသား၌ စူးဝင်နေသော မြှားကို ကျွန်တော်ကိုယ်တိုင် ဝင်ရောက် ဆွဲနှုတ်ခြင်းပြုရာမှ ကျွန်တော်၏ ဝတ္ထုအတွင်းသို့ မှိုင်သည် အရှင်သခင်မအဖြစ် ဝင်ရောက်လာခဲ့ပြီးနောက် ကျွန် တော့ဘဝကြီးတခုလုံးအား သွက်သွက်လည်သွားအောင် ကပြ လှုပ်ရှားသွားခြင်းသာ ဖြစ်ပါသတည်း။

# ချစ်ခြင်းငယ်ပြိုင်

## [ ၁ ]

ညီဖြစ်သော မောင်ကျော်မြင့်နှင့် ဥမကွဲ သိုက်မပျက် ချစ်ချစ်ခင်ခင် နေသွားရဘို့ တသက်ပန် အရေးအတွက် အစစအရာရာ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်လာကြခြင်းဖြင့် 'မြိုင်'သည် ကျွန်ုပ်တော်၏ ဘဝတွင်းသို့ ထိုးဖေါက်ဝင်ရောက်လာကာ ကျွန်တော့ဘဝကြီးတခုလုံးအား ချာချာလည် သွားစေခဲ့ပေသည်ဟု ဆိုလိုက်ရခြင်း၌ 'မြိုင်'အားရင်း၊ ညီဖြစ်သူ မောင်ကျော်မြင့်အားရင်း၊ ကျွန်တော်သည် ခါးစာခံ လုပ်လိုက်ခြင်းတော့ကားမဟုတ်ပါ၊ ဖြစ်ရပ်အမှန်ကိုသာ ဖြစ်ရခဲ့သော လမ်းကြောင်းအတိုင်း ရေးသားဖေါ်ပြရခြင်းသာဖြစ်ပေသည်။

အမှန်အတိုင်း ရိုးဖြောင့် ပွင့်လင်းစွာ ဝေဘန်ရေးသားရမည်ဆိုပါက ကျွန်တော်၏ အားနည်းချို့ယွင်းချက်သာလျှင် ဖြစ်လေသည်။ လူဘင်ပါ၍ နွားကျားကိုက်ဟူသော တောသူတောင်သားတို့၏ ပြောရိုးစကားလိုဖြစ်ပါ၏။

မောင်သူတော်ကဲ့သို့ ဘုရား-တရားမရှိ ကိုယ့်အလုပ်သမားက ကိုယ့်လုပ်ငန်းကို သပိဘ်မမှောက် မှောက်အောင် လှုံ့ဆော်နည်းပြ၍ ရွှေလက်ပတ်နာရီကိုပင် ပေါင်နှံကာ သပိတ်မှောက် ရံပုံငွေထည့်ဝင်စေခဲ့သော အပေါင်းအသင်းမျိုးနှင့်ကွဲကွာ၍ ပျော်ပျော်

ပါးပါးနှင့် အမူမဲ့ အမှတ်မဲ့နေတတ်သော မောင်လှမြင့်ကဲ့သို့ အပေါင်းအသင်းမျိုးနှင့် ပေါင်းသင်း သွားလာရခြင်းအတွက် မောင်ကျော်မြင့်အား ကျွန်တော်သည် အစွမ်းကုန် တိုက်တွန်း အားပေးခဲ့ပြီးသည့်နောက်၌ မောင်ကျော်မြင့်သည် မောင်လှမြင့် နှင့်သာ နေ့ရှိသ၍ မြို့ထဲတွင် အချိန်ကုန်ကာ အငြိမ့်-ရုပ်ရှင်နှင့် ပြဇာတ်၌ ကျက်စားရှိသာ နေခဲ့ပေသည်။

ကျောင်းမှ ဆင်းလျှင် မြို့ထဲ၌ ရောက်နေ၍ ည-ညလည်း ရုပ်ရှင် - ပြဇာတ်နှင့် အငြိမ့်ပွဲများပြီးသော သန်းခေါင်ကျော် လောက်မှ ပြန်လာတတ်ပေသည်။ ၎င်းအပြင် ယခင်က စာအုပ် များကိုသာ ဖိ၍ ဝယ်ယူခဲ့သော မောင်ကျော်မြင့် တယောက် သည် အခုအခါ၌ နေ့စဉ် သတင်းစာကိုပင် ရုပ်ရှင်-ပြဇာတ်နှင့် အငြိမ့်-ကြော်ငြာ သဘင်းများသောက်ကိုသာ ကြည့်တော့၏။ ပီယာနိုးအတီးသင်ရန် ထောင့်လေးငါးရာခန့်ပေးရသော ပီယာ နိုး တလုံးကို ဝယ်ရသည်နှင့် မပြီးသေးဘဲ တယော-မယ်ဒလင် စသည်တို့လည်း ဝယ်ခိုင်းလေသည်။ ထိုသို့ ဝယ်ခြမ်းပေးရ၍ ငွေ ကုန်ကြေးကျဖြစ်သည့်အတွက် ကျွန်တော်သည် တွန့်တိုပူပန်ခြင်း တော့ မဖြစ်မိ၊ အလွန်အကျွန်ဖြစ်၍ ပျက်စီးသွားမည့် အရေး အတွက်ကိုသာ တွေးတောပူပန်လာရပေသည်။

သည်လို မောင်ကျော်မြင့်အားလွှတ်၍ ထားပေးခဲ့ရာမှ တခါ တရံ ညဉ့်နက်သန်းခေါင်ကျော် အချိန်လောက်အိမ်သို့မောင်လှမြင့် နှင့် ပြန်လာပြီးနောက် မအိပ်နိုင်သေးဘဲ ၎င်းတို့၏ အခန်းတွင်း၌ တီးတိုး တီးတိုး စကားပြောနေတတ်သဖြင့် လူကြီးဖြစ်နေသော ကျွန်တော်က သူတို့အထဲသို့ ပြောင်ဝင်၍နားထောင်လျှင် အမှန်

အတိုင်း သိရှိနိုင်ရန် ခက်ခဲမည်ဖြစ်သဖြင့်မသိမသာချောင်းမြောင်း၍ နားထောင်ကြည့်ရပေသည်။ သည်လို ချောင်း၍နားထောင်ရှုခြင်းမှ 'မြိုင်'ဟူသောအသံကို ကျွန်တော်၏ဘဝ၌ ပထမဆုံးကြားခဲ့ရခြင်းပင်ဖြစ်လေသည်။

'မြိုင်'၏ ချောကြောင်း လှကြောင်းများကို လူငယ်လူရွယ်တို့ဘာဝ သူတို့နှစ်ယောက်သည် တစ်တစ်ခွခွနှင့် မြိန်ရေရှက်ရေ ပြောနေကြသည်ကို ကြားသိနေရသည် တိုင်အောင် 'မြိုင်' ဆိုသူမှာ ချောမောလှပသော မိန်းမသားတယောက်၏ အဖြစ်ထက်လွန်၍ ကျွန်တော်သည် မသိရှိရသေးပေ။ လူငယ်နှစ်ယောက်သည် 'မြိုင်'၏ အကြောင်းကိုနာရီပြန်နှစ်ချက်တီးခန့်ထိ ပြောရပြီးမှ အိပ်ပျော်လေ့ရှိသည်ကို ကျွန်တော်က သတိထားမိလာပေသည်။

'မြိုင်' နှင့် စဘင်တွေ့ရှိလာခဲ့သော အချိန်မှစ၍မောင်ကျော်မြင့်သည် ၎င်းအတွက် တလတလလျှင် အပိုနှင့် အသေးသုံး သုံးစွဲဘို့ ပေးထားသော ငွေတရာကို ဆယ်ရက်လောက်နှင့်သုံး၍ ကုန်နေတတ်ပြီးလျှင် ကျွန်တော့အား သုံးရက်တခါ လေးရက်တခါ တဆယ်တောင်း ၁၅-ကျပ်တောင်းနှင့် တလတလလျှင် နှစ်ရာခန့်မျှ သုံးစွဲလာပေတော့သည်။ ကျောင်းသားတယောက်အတွက် တလတလလျှင် အသေးသုံး နှစ်ရာဆိုသည်မှာ လူကြားမကောင်းသောကိစ္စဖြစ်သည်ဟု ဆိုရပေလိမ့်မည်၊ သို့ရာတွင် ကျွန်တော်သည် ငယ်ရွယ်သော မောင်ကျော်မြင့်၏ စိတ်အနှောက်အယှက် မဖြစ်သွားစေရန် ၎င်း၏အသုံးအစွဲ လွန်မင်းနေကြောင်းကို အမူအရာဖြင့်ပင် မပြသခဲ့ပေ။

ကျွန်တော်သည် ညီဖြစ်သူအား သည်အတိုင်းလိုက်လျော၍ လွှတ်ထားပေးရမိပေသည်။

(၇၂) ဗန်းမော်တင်အောင်

# [ ၂ ]

မိမိ၏ လုပ်ငန်းထဲတွင်သာပြေးလွှားနစ်မွန်းနေရသောကြောင့် မောင်ကျော်မြင့်နှင့် မောင်လှမြင့်တို့တတွတ်တွတ်ပြောဆို ချီးမွမ်းနေကြသော ‘မြိုင်’ဆိုသူကလေးမှာ တဖြေးဖြေး သတင်းကြီးနေသော အငြိမ့်နှင့် ပြဇာတ်သမီးတဦးဖြစ်ကြောင်းကို သုံးလေးလခန့် ကြာမှပင် ကျွန်တော်ကသိရှိလာရပေသည်။ ထိုသို့သိရှိရသောအချိန်တွင် မောင်ကျော်မြင့်သည် ‘မြိုင်’နှင့် တော်တော်ကလေးပင် ရင်းနှီးကျွမ်းဝင်လျက် ‘မြိုင်’အား ချီးမွမ်းပြီးရင်း ချီးမွမ်းနေခဲ့လေပြီ။

ထိုသို့‘မြိုင်’အားသဲသဲမဲမဲဖြစ်နေသောမောင်ကျော်မြင့်အတွက် ကျွန်တော်သည် အစ်ကိုနှင့်အုပ် ထိန်းနေရသူ တယောက်အဖြစ် ပူပန်ရလေသည်။ မောင်ကျော်မြင့်မှာ အသက် ၂၃-နှစ်ခန့်မျှသာရှိသေး၍ ရှေ့နောက်များစွာချိန်ဆဘတ်လိမ့်ဦးမည်ကား မဟုတ်ပေ။ ‘မြိုင်’ကဲ့သို့သော ဇာတ်သမဘယောက်အတွက် ရူးရူးမူးမူးဖြစ်ကာ ဇွတ်အဓမ္မယူသွားလိုက်လျှင်များစွာဂွကျကုန်လိမ့်မည်ဟု ကျွန်တော်သည် တွေးတောပူပန်ခြင်း ဖြစ်လာရပေသည်။ ထိုခေတ်အခါက ဇာတ်သမများမှာ ခတ်လည်လည်ဝယ်ဝယ်ထည်းကသာ များကြသဖြင့် လူမှုရေးရာကိုများစွာ မကြေပွန်လှသေးသော မောင်ကျော်မြင့်ကဲ့သို့ လူငယ်တဦးအား အပိုင်စီးလိုက်လျှင် မောင်ကျော်မြင့်သာလျှင် ကိုယ်ကျိုးနည်းရမည် မဟုတ်သေးဥမကွဲသိုက်မပျက် ထိန်းသိမ်းလာခဲ့ရသော ဥစ္စာပစ္စည်းများနှင့် ညီအစ်ကိုနှစ်ယောက်၏ ချစ်ခြင်းတို့သည်လည်း ဆုံးပါးပျက်စီးစရာအကြောင်းများရှိလာနိုင်ပေသည်။

မိမိ၏အိမ်ထောင်ရေးကိုပင် ထိုသို့သော အရေးအခင်းများကို မြှော်တွေးလျက် ချိုးချန်မျှိုသိပ်လာခဲ့သော ကျွန်တော်သည် တစထက်တစ တနေ့တခြား တရားလွန်ဖြစ်နေသော ညီဖြစ်သူ မောင်ကျော်မြင့်အား အလွန်အကျွန်မဖြစ်မီ တားဆီးထိန်းသိမ်း မှု ဖြစ်တော့မည်ဟု စဉ်းစားလာမိပေသည်။ ထိုသို့ အသက် ၂၀- နှင့်အစိပ် အရွယ်ကြား တက္ကသိုလ်ကျောင်းသားကြီးတယောက် အားသူ၏ကိုယ်ရေးကိစ္စအတွက် ကျွန်တော်က တားဆီးထိန်းသိမ်း ရန်မှာ သေးငယ်လွယ်ကူသော ကိစ္စတော့ကား မဟုတ်ပေ။ သူသည် ပညာတတ်တယောက်ဖြစ်ပေသည်၊ သူ့ဘာသာသူ ကြိုက်သလိုလုပ်နိုင်ကိုင်နိုင်၍ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်ရှိသူ တယောက် လည်း ဖြစ်ပေသည်။ သူ၏ကိုယ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်သော ကိစ္စများ၌ ကျွန်တော်ကဝင်ရောက် စွက်ဖက်ရာမကျအောင်ပြုလုပ် ရန်မှာ လိမ္မာရေးခြားရှိဘို့လိုအပ်လာပေသည်။ ယခင် ငယ်စဉ် ကာလများတုန်းကလို နည်းပရိယာယ်များဖြင့်ကား မဖြစ်နိုင် တော့။

ယခုအချိန်၌ မောင်ကျော်မြင့် သဲသဲမဲ့မဲ့ဖြစ်နေသော 'မြိုင်' ကိစ္စအား အေးအေးချမ်းချမ်းနှင့် ပြေပြေပြစ်ပြစ် ဖြေရှင်းရန် နည်းလမ်းရှာဖွေရေးသည် ကျွန်တော်၏ ပြဿနာကြီးတရပ်ဖြစ် လာပြီဟု ဆိုရပေတော့မည်။ ထိုကဲ့သို့ပြဿနာကြီးအား ဖြေရှင်း ရေးအတွက် နည်းလမ်းရှာဖွေစိတ်ကူးနေရဆဲမှာပင် မောင်ကျော် မြင့်သည် စည်းမဲ့ကမ်းမဲ့နှင့် တရားလက်လွတ်ဖြစ်၍လာသည်ထက် လာနေသည်ကို နေ့စဉ်နေ့တိုင်း မြင်တွေ့လာရသော အခါ၌ ကျွန်တော်က တာဝန်တရပ်အနေနှင့် ဖြေရှင်းရမည့်ကိစ္စမှာ များ စွာ အရေးကြီးနေသည်ကို သိရှိရပေသည်။ အချိန်မီဖြေရှင်းနိုင်

ပါက ထိန်းသိမ်း၍ မရနိုင်အောင် ဖြစ်လာတော့မည့် အရေး အတွက် ကျွန်တော်သည် ညအိပ်ရာဝင်ချိန်များ၌ တုန်လှုပ်ခြောက် ခြားခြင်း ဖြစ်နေရပေသည်။

သည်လိုအချိန်၌ ကျွန်တော်၏ဇနီးလောင်း ခင်ခင်မြင့်သည် တဖန်သောအခါ သူမတယောက်ထဲ မလာစဘူ ကျွန်တော်၏ ဆန်စက် အလုပ်ရုံသို့ ရေးကြီးသုတ်ပြာ အမူအရာနှင့်လိုက်လာပြီး နောက် သူမကြားသိရသော မောင်ကျော်မြင့်၏သတင်းကို ပြော ပြပေတော့သည်။

'အဲဒီမြို့ဆိုတဲ့ မင်းသမီးရဲ့အိမ်မှာ ကိုကျော်မြင့် တယောက် တော့ နေ့ရော ညရော ရောက်ရောက်နေသတဲ့ ကိုကျော်တင့်ရဲ့၊ လူတွေကလဲ တော်တော်ကို ပြောဆိုနေကြတာ၊ အဲဒါကိုမှ ကိုကျော်တင့်ကတာဝန်ရှိတဲ့အစ်ကိုနဲ့အုပ်ထိန်းနေတဲ့ လူတယောက် အဖြစ် မတားဆီးနိုင်ရင် အရုပ်ဆိုးကုန်လိမ့်မယ်တင်တယ်' ခင်ခင် မြင့်ကပူပန်စွာပြောဆိုနေလေသည်။

ကျွန်တော်သည် မောင်ကျော်မြင့်နှင့် မြို့တို့ အကြောင်းကို ခင်ခင်မြင့်ကပင် ပူပန်စွာသာရောက်ပြောကြားခြင်းအတွက်အခြေ အနေသည် များစွာဆိုးဝါးလျက်ရှိနေသောအဖြစ်ကို ထည့်သွင်း စဉ်းစားရပြန်၏။

"မြင့်က ကိုကျော်တင့် အချိန်မီ ထိန်းသိမ်းနိုင်အောင် လိုက် လာပီး သတိပေးရတာဘဲလေ၊ ပီးတော့ ဒီမင်းသမီးက တော်တော် ကိုချောတာ၊ ဒါပေမဲ့ မင်းသမီးတယောက်အနေတော့ ဒါလောက် ကြီးမဟုတ်လှပါဘူး"

'အဲ့ ဒီ မြို့ဆိုတာကိုကော မြင့်တွေ့ဘူးသလား'

'ပြဇာတ်တခုမှာမင်းသမီးခမ်းကတာခါထဲ ကြည့်ဘူးသေးတယ်'

'တော်တော်ကြီးပလား'

'ဆင်ပြင်ထားလို့ ၂၀-သာသာလောက် ထင်ရပေမဲ့ အစိတ်လောက်တော့ ရှိလိမ့်မယ်၊ ဒါပေမဲ့ မိန်းမကအလုံးအပေါက်ရောရုပ်ရော တော်တော်ကိုချောတယ်'

ယခင်က မောင်ကျော်မြင့်နှင့် မောင်လှမြင့်တို့ ယောကျ်ားခြင်းသားအုံ့သြခြင်း၊ ချီးမွမ်းခြင်းကို ကြားဘူးခဲ့ရာမှ ယခုအခါ၌ မိန်းမအချင်းချင်းကပင်အနည်းနှင့်အများ ဝန်တိုစိတ်ကလေးဖြင့် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို ကြားရသော အခါတွင် ထို'မြိုင်' ဆိုသော ဇာတ်သမတယောက်သည် တော်တော် ထူးခြားရလိမ့်မည်ဟု ကျွန်တော်က ပဌမဦးစွာ သဘောထားလာမိခဲ့ပေသည်။

ခင်ခင်မြင့်သည် နောက်ထပ်၍ မောင်ကျော်မြင့်အတွက်ပူပန်စကားများကို ပြောဆိုပြီးနောက် ပြန်သွားသောအခါ၌ ကျွန်တော်သည် မောင်ကျော်မြင့်အား ယခုအချိုးအတိုင်း ဘေးမဲ့လွှတ်ထားပေး၍မဖြစ်တော့ဟု စဉ်းစားဆုံးဖြတ်လိုက်မိပေသည်။ သူ့ကိုတားဆီး၍ မြိုင်ဆိုသော ဇာတ်သမ တယောက်၏ လက်တွင်းသို့ ကျရောက်မသွားအောင် ထိန်းသိမ်းရန် နည်းလမ်းမှာ သူ့အား အကြမ်းနည်းဖြင့်ရင်း၊ အာဏာဖြင့်ရင်း၊ ပြုလုပ်၍ မတော်ဘဲ သူ့အား လိုက်လျောပူးပေါင်းကာ ဆွဲ၍ ထုတ်ယူမှ ဖြစ်တော့မည်ဟု သဘောရမိပေသည်။

ထိုသို့ အပြန်ပြန် အလှန်လှန် စဉ်းစား ချိန်ဆ၍ ဆုံးဖြတ်လိုက်သော အချိန်မှ စ၍ မြိုင်သည် ကျွန်တော့ ဘဝ၏ တံခါးရှေ့သို့ ရောက်ရှိနေပြီဆိုသော အဖြစ်ကို ကျွန်တော်သည် မသိ၊ မောင်ကျော်မြင့်လည်း မသိ၊ ထိုနည်းအတူ ခင်ခင်မြင့်သည်လည်းမသိ။

ဘဝ၏ သခင်မသည် တံခါးမှူးအား ခတ်ထားသော သော့ကို ဖွင့်ပေးရန် တံခါးကိုခေါက်နေလေပြီ။

ပျော်ရွှင် သာယာမှုများနှင့် လူ့လောက၏ ဇိမ်ခံမှုများအား ကျောခိုင်းကာ မိမိ၏ လုပ်ငန်းထဲတွင်သာ နစ်မွန်းနေခဲ့ရသော ကျွန်တော့ဘဝအဘွင်းသို့ ညီဖြစ်သော မောင်ကျော်မြင့်၏ကွင်းဘက်မှ မြိုင်သည် ထိုးခေါက်၍စိမ့် ဝင်လာပေပြီ။

ငယ်စဉ်ကမှစ၍ ပျော်မှု ရွှင်မှုဖြစ်သော ရုပ်ရှင်ပြဇာတ်နှင့် အငြိမ့်စသော ပွဲလမ်းသဘင်များကို ကျွန်တော်သည် ဝါသနာပါခြင်းမရှိခဲ့ပေ။ အသက်အစိတ်အရွယ်အထိ ဖခင်ဖြစ်သူ၏ပိတ်ပင်မှုကြောင့် အငြိမ့်ပွဲလမ်းများကို တခါမျှမကြည့်ခဲ့စဘူး။ ဖခင်မရှိသည့်နောက်ပိုင်း၌ ကြီးမားသောလုပ်ငန်းကြီးထဲတွင် ချာချာလည်နေရသူဖြစ်သဖြင့် သည်သာယာ ခံစားမှုအတွက် စိတ်ကူးရန်ပင် အချိန်သည်မရရှိခဲ့။ မျက်လုံးနှစ်လုံး ဖွင့်သည့်အချိန်မှစ၍ ညအိပ်ရာဝင် မျက်လုံးနှစ်လုံး မှိတ်ရသည့်အထိ ကိုယ့်အလုပ်နှင့်ကိုယ် မအား မလပ် လုပ်ကိုင်ကြံစည်နေခဲ့ရသည်သာဖြစ်ပေသည်။

သို့ရာတွင် တံခါးခေါက်သံကိုကား မောင်ကျော်မြင့်၏အခန်းဘက်ဆီမှ ကျွန်တော်သည် အိပ်မောကျ၍ နေရာမှ လန့်နိုးလျက်ထိတ်လန့်ချောက်ခြားစွာ ကြားနေရလေပြီ။ ထိုတံခါးခေါက်သူသည် မောင်ကျော်မြင့်၏ဘက်မှ တံခါးကို ခေါက်ခြင်းသာ ဖြစ်သော်သည်း အိမ်ကြီးတလုံးတွင် ညီအစ်ကိုနှစ်ယောက်ထဲသာ နေထိုင်သည့်အတွက် ကြောင့်ကျခြင်းကင်းစွာ အိပ်မောကျနေသော မောင်ကျော်မြင့်ထက် လန့်နိုးနေသော ကျွန်တော်က ပိုမို၍ တာဝန်ကြီးလေးနေရပေတော့သည်။

သို့ရာတွင် မြိုင်သည် တံခါးကို ခေါက်လျက်ရှိလေပြီ။

[ ၃ ]

'မြိုင့်'အား စတင်၍ တွေ့ရသော အချိန်ကာလမှစ၍ ကျွန်တော်၏ လူ့လောကအမြင်သည် 'မြိုင့်'အား ချစ်မြခြင်း တခုတည်းသာလျှင် ဖြစ်ခဲ့သောကြောင့် 'မြိုင်'နှင့် စတင်တွေ့ရှိရသော နေ့ရက်-နာရီနှင့် ထို့နောက်ပိုင်း ကာလများသည် ပိတ်ကားပေါ်တွင် ထင်ရှားစွာ ရေးခြယ်ထားသောပန်းချီကားကဲ့သို့ ကွက်ကွက်ကွင်းကွင်းပင် မြင်နေရပေသည်။

မြိုင့်အား ရှေးဦးစွာ တွေ့မြင်ဘူးရန်အတွက် ကျွန်တော်ကပင်လျှင် မြိုင်–ခေါင်းဆောင်လျက် ပါဝင်ကပြနေသော ပြဇာတ်တပွဲတွင် ပထမတန်းမှ လက်မှတ် ၆-စောင် သီးသန့် ဝယ်ယူလိုက်ရပေသည်။ ထိုလက်မှတ် ၆-စောင်အတွက် ကြည့်ရှုမည့်သူများမှာ ခင်ခင်မြင့်နှင့် ၎င်း၏မိဘနှစ်ဦး မောင်ကျော်မြင့် မောင်လှမြင့်နှင့် ကျွန်တော်ပါ ဖြစ်ပေသည်။

ထိုအစီအစဉ်ကို ခင်ခင်မြင့်နှင့် တိုင်ပင်ပြီးစီး၍ ၎င်း၏မိဘများကပါ လိုက်ပါကြည့်ရှုကြမည်ဟု သေချာစွာ သိရှိရပြီးမှ ကျွန်တော်က ခင်ခင်မြင့်တို့ မိသားတစုက ပြဇာတ် ကြည့်လို၍ လိုက်ပြရန် ပူစာသောကြောင့် လက်မှတ်များ ၆–စောင် အသီးဝယ်ထားသဖြင့် မောင်ကျော်မြင့်နှင့် ၎င်း၏ သူငယ်ချင်းပါ အတူလိုက်ပါကြည့်ရှုကြရန် လုပ်ကြံ၍ မောင်ကျော်မြင့်အား စရပေတော့သည်။ ရေငတ်နေသူလိုဖြစ်နေသော မောင်ကျော်မြင့်ကသွက်သက်စွာ ခေါင်းငြိမ့်လိုက်လေသည်။

'မြိုင့်'အား ပဌမဦးဆုံး တွေ့မြင် ကြည့်ရှုရသော ညကပြဇာတ်၏ ပဏာမခန်း၌ ဘလ္လာတိယ ဇာတ်တော်လာ မြစ်

ရေကြီး၍ ကိန္နရာမောင်နှံ ချောင်းခြားရသော အကွက်ကို အနောက်တိုင်းမှ ဘဲလေးရေးသဘောဆန်ဆန် အသံမထွက်ဘဲ ကပြရာဝယ် 'မြိုင်'သည် ကိန္နရာမကလေး အခန်းက ပါဝင် ကပြလေသည်။

သမင်သားကို တပ်မက်သော ဗြဟ္မဒါတ် မင်းသည် အလွန်တရာ ချစ်ခင်စွာ ပျော်ရွှင် မြူးတူးနေကြသော ကိန္နရာမောင်နှံအား အံ့သြငေးမော ကြည့်ရှုနေစဉ် မိုးတပြင်လုံး မှောင်မဲလာကာ လျှပ်စီးများ လက်၍ မိုးကြိုးသည် ပြင်းပြင်းထန်ထန် ထစ်ချုန်းလိုက်သောကြောင့် ကိန္နရာမောင်နှံသည် အကြောက်ကြောက် အလန့်လန့်နှင့် အကွဲကွဲအပြားပြား ပြေးလွှားကြရာမှ နှစ်ကိုယ်ကြား၌ ချောင်းခြားသောအကွက်အား သဘာဝကျကျ ဆင်ပြင်၍ ပြသသော အခမ်းအား တရုံလုံး၌ ပရိသတ်သည် ငြိမ်သက်စွာ ငေးမောနေကြလေသည်။

'မြိုင့်'အား ကိန္နရာမကလေး သဏ္ဍာန်အဖြစ် ရှေးဦးစွာ ကြည့်ရသော ညသည် ယခုအချိန်မှ ပြန်လှန်ရည်တွက်ရလျှင် အနှစ် ၂၀-နီးပါးခန့် ကြာညောင်း မြင့်ရှည်ခဲ့ပြီ ဖြစ်သော်လည်း၊ ကျွန်တော်သည် ခရေစေ့တွင်းကျ မှတ်မိနေ၏။ မနေ့ တနေ့ကပင် ကြည့်မြင်လာခဲ့ရသကဲ့သို့ လုံးစေ့ပတ်စေ့ ပြောနိုင်၏။

ကျွန်တော်သည် ပြဇာတ်-အငြိမ့်နှင့် ရုပ်ရှင်များကို ကြည့်ရှုဘတ်သော အလေ့အထသည်း မရှိခဲ့။ ထို့အတွက် အဘယ်ကဲ့သို့သော အနုင်သာရကို ခံစားရမှန်းလည်းမသိ။ သို့ရာတွင် 'မြိုင်' ခေါင်းဆောင်ပါဝင်သော ထိုနေ့ည ပြဇာတ်ကို ကြည့်ရှုလိုက်ရသည့်အချိန်မှစ၍ ကျွန်တော်သည် အသစ်တဖန်ပြန်လည်

မွေးဖွားလာရသော သတ္တဝါတကောင်လို ဘဝ– ကူးပြောင်းသွားသည်ဟု ထင်မိသည်။

ကိန္နရာကမလေး သဏ္ဍာန်ဖြင့် ထွက်လာသော 'မြိုင်'၏ အကြည့်သည် များပြားလှသော ပရိသတ်ထဲမှ ကျွန်တော့ တယောက်ကိုသာ ရွေးချယ် ထိုးဖေါက်၍ ကြည့်ရှုလိုက်သည် ကဲ့သို့ ထင်ရ၏။ 'မြိုင်'သည် ကျွန်တော့အား သူမ၏ မျက်လုံးမှ ထွက်လာသော အရောင်ဖြင့် ညှိဖမ်းလိုက်သလို ထင်ရ၏။ ရင်ထဲ၌လည်း လှုပ်လှုပ်ရှရှဖြစ်လာသည်။ အဘယ်ကဲ့သို့ ခံစားရခြင်း ဆိုသည်ကို ကျွန်တော်သည်မပြောတတ်။ တခုတော့ ပြောတတ်သည်၊ ကျွန်တော်သည် ထိုကဲ့သို့သော ခံစားရခဲ့မှုနှင့် လှုပ်ရှားမှုများကို ယခုအသက်အရွယ်အထိ မခံစားခဲ့ရဘူးသေးခြင်းပင် ဖြစ်၏။

ကျွန်တော်သည် 'မြိုင်'၏ ဇာတ်စင်ပေါ်မှ ဟန်အမူအရာကိုပင် မကြည့်မိ၊ 'မြိုင်'၏ ညှို့ဓါတ်အား ကြီးမားလှသော မျက်လုံးနှစ်လုံးကိုသာ တပ်မက်စွာ ငေးစိုက်ကြည့်နေရာ၌ ကျွန်တော်၏ တဘက်တချက်စီတွင် ရှိနေကြသော ညီနှင့်ဇနီးလောင်းတို့ကိုမှ မေ့လျော့နေမိပါ၏။ ကျွန်တော် ကဲ့သို့ပင် မောင်ကျော်မြင့်သည်လည်း ပွိုးတော့မလို ရီတော့မလိုနှင့် ငေးမော ကြည့်ရှုနေသော အဖြစ်ကို ခင်ခင်မြင့်က တော်တော်ကြီး ကျွန်တော့အား လက်ကုတ်၍ မေးငေါ့ပြကာမှ ကျွန်တော်သည် သတိရကာ စောင်းငဲ့၍ ကြည့်မိသည်။

မောင်ကျော်မြင့်သည် ဇာတ်စင်ဆီသို့ ငေးစိုက် ကြည့်နေစဉ် သူ၏ဘေးမှ မောင်လှမြင့်သည် ထိုင်ရခက် ထရခက်သလို ရှိုးတိုး

ရှုတွလုပ်နေ၏။ ပါးစပ်ကလည်း တစုံတရာကို ဆိမန်း,မန်းသလို မန်းနေ၏။

ထိုညက ကျွန်တော်သည် အဘယ်ကဲ့သို့ ခံစား ဖြစ်ပျက်ခဲ့ရ သည်ကို ယခုအချိန်မှ ပြန်လှန် ဖေဖန် ပိုင်းခြားကြည့်ရလျှင် ယခင် ဘဝဟောင်း ချုပ်ငြိမ်း၍ ဘဝသစ်တခု ရရှိသကဲ့သို့ ဖြစ်ပါသည်ဟု ဆိုရလိမ့်မည် ထင်၏။

အလှအပ၏ ကျော့ကွင်းအတွင်းသို့ ကျွန်တော်သည် ကျရောက်ခဲ့ရသည်ဟု ဆိုကာမျှနှင့်တော့ ပြည့်စုံ လိမ့်မည် မထင်။ မျက်လုံး၏ ညှို့ဓါတ်နှင့် ပြေပြစ်ချောမောလှသော ကိုယ်အနေအထား အလုံးအပေါက်တို့၏ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည်။ ကျွန်တော်၏စိတ်တွင် ထိုမျှချောမော၍ ညှို့ဓါတ်အားကြီးသော မိန်းမတယောက်သည် လောကတွင် မရှိနိုင်တော့ဟူ၍ပင်ထင်မိ၏။ မြင်လျှင်မြင်ခြင်း ကျွန်တော့အား လှနတ်မယ်က ဆွဲခေါ်၍ ခါပစ်လိုက်ပေတော့သည်။

တကယ်ဆိုကြသောအခါ ကျွန်တော်သည် အုပ်ထိန်းနေရ၍ တာဝန်ရှိသော အစ်ကိုတယောက် အနေနှင့် မှားယွင်းသော လမ်းကိုလိုက်နေသော ညီဖြစ်သူအား ကာကွယ် ထိန်းသိမ်းရန် သူ့အား ထိုက်သင့်သလောက် လိုက်လျော ပူးကပ်ခါ ဆွဲထုတ်ယူဘို့ ကြံစည်ရခြင်း၌ ကျွန်တော်ကိုယ်တိုင် ချောက်ထဲသို့ ဆင်းနေရသောအဖြစ်မှန်ကို အနည်းငယ်မျှကား မရိပ်စားမိခဲ့ပေ။

ပြဇာတ် ပဏ္ဏာမခန်း ပြီးစီးသောအခါ ဆယ့်ငါးမိနစ် အားလပ်ခွင့် ပေးသဖြင့် ကျွန်တော်သည် မောင်ကျော် မြင့် မောင်လှမြင့်တို့နှင့် အတူ အပြင်သို့ ထွက်လာခဲ့ရာမှ ပြဇာတ်

ရုံရှေ့ ဆိုင်တဆိုင်တွင် စီးကရက်ကုန်၍ ဝင်ဝယ်နေစဉ် 'အစ်ကိုကြီး ဝင်နှင့်နေ၊ ကျွန်တော်တို့ မြိုင့်ဆီခဏကလေး သွားတွေ့လိုက်ဦးမယ်'ဟု မောင်လှမြင့်ကပြောကြား၍ မောင်ကျော်မြင့်အား လက်ကုတ်ခေါ်ကာ ထွက်သွားမည်အပြု 'ဟေ....နေပါဦးကွ၊ ငါလဲဗဟုသုတရအောင် မင်းတို့နဲ့ လိုက်ခဲ့ပါရစေကွာ'ဟု ရောရောနှောနှောပြော၍ လိုက်ပါလာခဲ့ရာမှ ပြဇာတ်ရုံ နောက်ခန်းရှိ ဇာတ်ကောင်များ အလှပြင်သောအခန်းဆီသို့ ရောက်ရှိလာခဲ့ရ၏။

မြိုင်သည် နောက်ထပ်ကပြရမည့် ဇာတ်လမ်း ဇာတ်ကွက်အတွက် အဝတ်အစားများလဲကာ ကိုယ်လုံးပေါ် မှန်ကြီးထဲ၌ အလှပြုပြင်နေသည့်အခိုက် မောင်လှမြင့်၏ ခေါင်းဆောင်မှုနောက်တွင် လိုက်ပါရင်း သူမ၏အခန်းတွင်းသို့ ကျွန်တော်သည် ရောက်ခဲ့ရသည်။

'ဟာ....ကနေ့ည မြိုင့်အခမ်းသိပ်ကောင်းတာဘဲ၊ ကောင်းဆို အလွန်ကောင်း၊ ဘုရားစူးကောင်းထဲကဘဲ'ဟု မောင်လှမြင့်က သူ့နဂိုရ်အကျင့်အတိုင်း ရှန်းရှန်းဝေပြောလိုက်သဖြင့် မြိုင်သည် မျက်ခုံးမွေးကို ဆွဲနေရာမှ ထ၍ ဇာတ်ခုံပေါ်မှ အမူအရာမျိုးအတိုင်း ပြုံး၍နှုတ်ဆက်လေသည်။

နောက်မှ လိုက်ပါလာရသော ကျွန်တော်သည် မြိုင့်အား ဇာတ်ခုံပေါ်တွင် မဟုတ်တော့ဘဲ နဂိုရ်သဘာဝ အမသတ္တဝါ တကောင်အတိုင်း နီးကပ်စွာ တွေ့မြင်ရသောအခါ ရင်ထဲ၌ဖိုလှိုက်လှိုက်ဖြစ်လာ၏။

မြိုင်သည် မောင်လှမြင့်အား အသိအမှတ်ပြုသော အပြုံးဖြင့် လက်ခံပြီးနောက် ကျွန်တော်တို့အားမိတ်ဆက်သောအမူအရာဖြင့်

မြုံး၍ကြည့်ပြန်၏။ ထိုအကြည့်သည် ဇာတ်ခုံပေါ်မှအကြည့်အား ခံစားရသလို ကျွန်တော်သည်ခံစားရပြန်သည်။ သည်တခေါက်၌ လူချင်း ပို၍နီးကပ်လာသောကြောင့် ဒူးပင်တုန်သလို ဖြစ်လာသည်။

'မြိုင့် အခမ်းက ဘယ်လိုနေသလဲဟင်....' ကြည်လင်သော အသံဖြင့် မြိုင်ကမေးလေသည်။

ထိုအမေးသည် မြိုင်က ကျွန်တော့အား ရည်ရွယ်၍မေးမြန်းသည်ဟု နားလည်ကာ သင့်လျော်သောအဖြေကို ပေးမည်ဟု စိတ်ကူးလိုက်ဆဲမှာပင် 'ဒီအခမ်းဟာ မြိုင့်တယောက်ထဲအတွက် အကျသက်ဘဲ၊ တခြားဘယ်သူနှင့်နဲ့မှ မြိုင့်လိုပြည့်စုံမှာ မဟုတ်ဘူး' ဟု မောင်ကျော်မြင့်က ရှေ့မှဆီး၍ သွက်လက်ချက်ချာစွာ ပြောလိုက်တော့မှပင် ကျွန်တော်နှင့်နီးကပ်စွာ ဘေးခြင်းယှဉ်၍ ရပ်နေသူမှာ ကျွန်တော်၏ညီ မောင်ကျော်မြင့်ပါကလားဟု ပြန်လည်သတိရကာ နှုတ်အ,နေမိခဲ့သည်။

ကျွန်တော်သည် ထိုအဖြစ်အပျက်အတွက် များစွာလှုပ်ရှား၍ ချောက်ခြား သွားခဲ့ရပေသည်။ ကျွန်တော်၏ တာဝန်များကိုလည်း အမြီးအမောက်မတည့် ဖြစ်အောင် ရှုတ်ထွေး၍သည်းသွားစေသည်။ ကျွန်တော်၏ညီဖြစ်သူ မောင်ကျော်မြင့်သည် မြိုင့်အပေါ်၌ သည်အထိ သဲသဲမဲမဲနှင့် အရှုးအမူးဖြစ်နေရခြင်းကို ယခုကဲ့သို့ မျက်စေ့အောက်၌ ထင်ရှားစွာ တွေ့မြင်လိုက်ရခြင်းအတွက် အလွန်တရာ ကြောက်ရွံ့သလို ခံစားလိုက်ရသည်။

ပြဇာတ်မှအပြန်တွင် ကျွန်တော်သည် မောင်ကျော်မြင့်အား တပါတည်းခေါ်ကာ အိမ်မှကားနှင့် ခင်ခင်မြင့်တို့မိသားဘသား

တစုအား ၎င်းတို့၏အိမ်ရှိရာ အင်းလျားဘက်သို့ ပြန်ပို့ရင်း ယောက္ခမလောင်းကြီးများက အတင်းဆွဲထားသေးသောကြောင့် စကားပြောရသည်။ ကျွန်တော်က အလုပ်အကိုင်အကြောင်းများ ကို ပြောကြားနေစဉ် မလှမ်းမကမ်း၌ ခင်ခင်မြင့်နှင့် မောင် ကျော်မြင့်တို့သည် 'မှိုင်'၏ အကြောင်းကို ငြင်းခုံနေကြလေ သည်။

'မင်းသမီးက သူမတူအောင် ထူးထူးခြားခြား လှဘယ်လို့ တော့ ချီးမွမ်းရမှာပါဘဲ၊ ဒါပေမဲ့ အမူအရာကတော့ ဒါလောက် မကောင်းလှပါဘူး။ ပြီးတော့ ဇာတ်ခုံပေါ်မှာ သွားပုံလာပုံ ကလဲ မျောက်မီးခဲနင်းမိသလိုဘဲ' ခင်ခင်မြင့်က မောင်ကျော်မြင့် အား ပြောပြနေသည်ကို ကျွန်တော် သဘောတူပေသည်။ 'မှိုင်'၌ အနုပညာသည်ကောင်းတဦး၏ ဟန်အမူအရာနှင့်အတင် ပညာ ဆင်းရဲ၏။ ရုပ်ရည်နှင့် အလုံးအပေါ်က်ဘခုသာ မင်းသမီး ၏ အရည်အချင်းရှိသည်ဟု ဆိုရပေမည်။

'မှိုင်'အား ခင်ခင်မြင့်က ထိုသို့ဝေဘန်လိုက်ခြင်းကို မောင် ကျော်မြင့်က မကျေမချမ်းနှင့် ပြန်လည်၍ ငြင်းခုံချေပနေသည် ကိုလည်း ကျွန်တော်က အမှုမဲ့ နားထောင်လိုက်ရသည်။ သူသည် မြို့အား အဘယ်မျှတင်စားလျက် ကိုးကွယ်နေခြင်းမှာ မှိုင့်အား အပြစ်ဆိုသော စကားလုံးတိုင်း ပြန်လည်ခုခံချေပခြင်းဖြင့် ကျွန် တော်က အကဲခတ်ယူရလေသည်။

အိမ်သို့ကားကို မောင်ကျော်မြင့်က မောင်းလျက် သူ့ဘေး တွင် ကျွန်တော်ကထိုင်၍ ပြန်လာကြစဉ် မောင်ကျော်မြင့်သည် ယနေ့အဘို့ ကျေနပ်ခြင်းကို ရရှိခဲ့သူကဲ့သို့ တယောက်ထဲ ငြိမ်သက်

စွာ တွေးတောရင်း ကားကို ခပ်မှန်မှန်နှင့် ဖြေးဖြေး လိမ့်နေပေသည်။ အိမ်သို့ရောက်သောအခါ မောင်ကျော်မြင့်၏ စိတ်နေသဘောထားအား စမ်းသပ်အကဲခတ်ရန် အိမ်မှအစေခံတယောက်အား လဘက်ရည် အဖျော်ခိုင်းပြီးနောက် အတူသောက်ရင်း စကားစကို ကျွန်တော်ကစ၍ ဖော်ရပေသည်။

'မြင့်က တော်တော့်ကိုချော၊ တော်တော့်ကိုလှပါလားကွ၊ ခင်ခင်မြင့်တို့ထက် ကိုးဆယ်ဆ သာလိမ့်မယ်' ကျွန်တော်က လဘက်ရည်စားပွဲတွင် ညီဖြစ်သူ၏ အရိပ်အကဲကို မသိမသာကြည့်ရင်း မပြောဘူးသော ခပ်ပေါ့ပေါ့ စကားကို လွှတ်ကနဲပြောကြည့်လိုက်ရာ မောင်ကျော်မြင့်သည် မျက်နှာပျက်သွားကာ ဘာမှ မပြောဘဲ လဘရည်ကိုသာ ငုံ့၍သောက်နေ၏။

'မြို့င့်ကို မြင်လိုက်ရတော့ ငါဖြင့် ခင်ခင်မြင့်ကို ယူချင်တဲ့စိတ်တွေ ကုန်ပါရဲ့ မောင်ကျော်မြင့်ရာ၊ တကယ်လို့ မြို့င့်ကို ငါပိုးရလို့ယူရင် မင်းသဘောတူးလားဟေ့'

မောင်ကျော်မြင့်သည် ခေါင်းပင်မမော်တော့ဘဲ လဘက်ရည်ကိုသာ တွင်တွင်ကြီးငုံ့၍သာ သောက်နေလေသည်။

'ငါမေးတာများ ပြန်ဖြေစမ်းပါဦးကွ၊ မြို့င်နဲ့ငါ လက်ထပ်ရင် မင်း သဘောတူနိုင်ရဲ့လားဆိုတာ'

မောင်ကျော်မြင့်က မခံနိုင်တော့သကဲ့သို့ ရုတ်တရက် လဘက်ရည်ပုဂ်ကိုချကာ ထိုင်ရာမှ ထလိုက်လေသည်။

'မဖြစ်နိုင်တာတွေ ပြောနေလို့ အလကားပါ အစ်ကိုကြီးရာ'

'ဘယ့်နဲ့ကြောင့် မဖြစ်နိုင်ရမှာလဲကွ၊ ယောကျ်ားနဲ့ မိန်းမ တယောက်ကို တယောက်က သဘောကျရင် ကိစ္စက ပီးနေတဲ့ဥစ္စာ မဟုတ်လား၊ မင်းသဘောသာပြောစမ်းပါဦးကွာ'

'အစ်ကိုကြီးနဲ့ မဖြစ်နိုင်လို့ မဖြစ်နိုင်တာကို ပြောတာတဲ့လေ'

'ဖြစ်တာ မဖြစ်တာ မင်းနဲ့မဆိုင်ပါဘူးကွာ၊ မင်းသဘောထားကိုသာ မေးနေတာပါ'

မောင်ကျော်မြင့်သည် မဖြေဘဲ ရပ်၍ မျက်မှောင်ကုတ်ခါ တွေဘူကြီးလုပ်နေသည်။

'မင်းသဘောမတူဘူးလား ဟင် ညီလေး။ ရှင်းရှင်းနဲ့ ဘွင်းဘွင်း ပြောစမ်းပါကွ၊ ဒို့အဖေရဲ့အလောင်းကို အိမ်ပေါ်က ချမဲ့သက ဒို့ညီအစ်ကိုဟာ တယောက်ကိုတယောက် ဝမ်းထဲမှာ မချန်ဘဲ ပွင့်ပွင့်လင်းလင်း မေးတမ်းပြောတမ်းဆိုတာ မင်းမေ့သွားပလားဟင်'

'ဒါနဲ့မဆိုင်ပါဘူးဗျာ'

'ဘယ်နဲ့မဆိုင်ရမှာလဲကွ၊ ငါကြိုက်တဲ့မိန်းမကိုယူမဲ့ကိစ္စမှာ ငါ့အချစ်ဆုံးညီရဲ့ သဘောထားကိုမှ ပွင့်ပွင့်လင်းလင်း မသိဘဲ လုပ်ဝံ့လို့ ကောင်းမဲ့ကိစ္စလားကွာ၊ မင်းဘဲ စဉ်းစားကြည့်စမ်းပါဦး'

'အစ်ကိုကြီးက မဟုတ်တာတွေ ရှောက်ပြောနေပြီး ကျွန်တော်က ဘာပြောရမှာတဲ့လဲ'

'သဘောတူရင်လဲ တူတယ်ပေါ့ကွ၊ မတူရင်လဲ ခပ်ရှင်းရှင်း မတူဘူးလို့ ပြောရုံပေါ့ကွ'

'တော်ပါတော့ အစ်ကိုကြီးရာ' ဟု ပြောကာ မျက်ခေ့ မျက်နှာပျက်ပျက်နှင့် မောင်ကျော်မြင့်သည် ချာကနဲ လှည့်၍ ၎င်း၏ အိပ်ခန်းဆီသို့ ထွက်သွားပြီးနောက် မီးငြိမ်းကာ အိပ်လေတော့သည်။ သူသည် ကျွန်တော့အား မြိုင်အား ထိုသို့ ပြောဆိုခြင်း

အတွက် ဟော်တော် မကျေမချမ်းဖြစ်သွားပုံရပေသည်။ သူသည် အစ်ကိုဖြစ်သူ၏ ကျီစားစမ်းသပ်ခြင်းကို အဟုတ်တကယ်ယုံမှတ်ကာ စိတ်ထိခိုက်သွားပုံလည်း ရသည်။

ထိုညက ကျွန်တော်သည် တော်တော်နှင့် အိပ်မပျော်နိုင်အောင် မောင်ကျော်မြင့်အတွက် စိတ်မကောင်း ဖြစ်ရလေသည်။ 'မြိုင်'ဆိုသော ထူးထူးခြားခြားလှသည့် ဇာတ်သမတယောက်အတွက် ညီအစ်ကို စိတ်ဝမ်းကွဲရဦးမှာလား၊ မောင်ကျော်မြင့်အား ကျွန်တော်သည် ဟန့်တားထိန်းသိမ်းရန်မှာ လွယ်ကူသော ကိစ္စကလေးတခု မဟုတ်တော့ သည်မျှ စမ်းသပ်ကြည့်ခြင်းလောက်ဖြင့် မောင်ကျော်မြင့်၏ စိတ်နေသဘောထားနှင့် ရောက်ရှိနေသော အခြေအနေ၏ အဆင့်ကို ခန့်မှန်းနိုင်လောက်ပေပြီ။ ငယ်ရွယ်နုနယ်လှသော မောင်ကျော်မြင့်ကဲ့သို့ လူငယ်တဦးအား မြိုင်သည် ရူပါရုံဖြင့် ဆောင့်၍ ဆောင့်၍ ခါနေလေပြီ။

ကျွန်တော်သည် ညဦးက ကြည့်ခဲ့ရသော 'မြိုင့်'ကို ပြန်လည်စဉ်းစားမိပြန်ပေသည်။ ထိုမိန်းမသား၌ သာမန်ယောကျ်ားတဦးတယောက်အား ဆွဲဆောင်ဘမ်းဆီးနိုင်သော အလှညှို့ဓာတ်နှင့် ရမက်များရှိသည်ကိုကား ကျွန်တော်က ရိုးသားစွာ တာဝန်ခံချင်သည်။ မိန်းမသားများနှင့် အနေအထိုင် အတွေ့အကြုံနည်းပါးလှသော ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်၏ အနာဂါတ်ကို မြိုင်သည် အဘယ်သို့များ ညွှန်ကြားဖန်တီးလိမ့်ဦးမည်နည်း။

မြိုင်သည် မောင်ကျော်မြင့်အား ဘမ်းမိထားပြီးလေပြီ။ထိုသို့လှနတ်မယ်၏ ကျော့ကွင်း၌ ငြိနေသော ညီငယ်အား ကယ်တင်

ရန် ဝင်ရောက်လာသော အစ်ကိုဖြစ်သူကိုလည်း မြိုင်က လိမ်မာ ပါးနပ်စွာ ညှို့လိုက်ပြီဖြစ်သည်ကိုမှ ကျွန်တော်သည် ထိုညက မရိပ်စားမိသေး။ မြိုင်နှင့် ဇာတ်ခုံနောက်ဘက်ရှိ အလှပြင်ခန်းတွင် နီးကပ်စွာ လူချင်းတွေ့ဆုံ၍ မြိုင်၏ညှို့ဓာတ်အား ကြီးလှသော မျက်လုံးများဖြင့် အကြည့်ခံရစဉ် ရင်ထဲ၌ ဖိုလှိုက်ရခြင်းနှင့်မကသေးဘဲ ဒူးပါတုံသလို ဖြစ်ခဲ့ရသော အဖြစ်ကို ကျွန်တော်သည် ထိုအိပ်မပျော်သော ညက သာမန်လောက်မျှသာ အောက်မေ့ခဲ့မိသေး၏။

အလှ၏ နတ်ရှင်မယ်သည် ညီအား ဖမ်းဆီး၍ အစ်ကိုအားလည်း ချုပ်နှောင်ရန် ညှို့လေပြီ၊

ညီအား ဖမ်းဆီးထားခြင်းကို သိသော အစ်ကို ကိုယ်တိုင်သူ့အား လှနတ်မယ်က ညှို့ထားလိုက်ပြီကိုကား မသိနိုင်ရှာခဲ့။

## လှနတ်မယ်နှင့် ကျေးကျွန်နှစ်ယောက်

## [၁]

မိမိကိုယ်တိုင် မြိုင်၏ သားကောင် ဖြစ်မှန်းမသိ ဖြစ်နေပြီဖြစ်သော ကျွန်တော်က မြိုင့်အား ဆက်လက်၍ လေ့လာစုံစမ်းရန် ကြိုးပမ်းနေခြင်းများသည် ရီစရာတော့ ကောင်းနေမည်လားကား မပြောတတ်ပေ။ ကျွန်တော်သည် မြိုင်အတွက် သဲသဲမဲမဲ ဖြစ်နေသော ညီဖြစ်သူအား မြိုင်၏ အချုပ်နှောင်အတွင်းမှ ကယ်တင်ရန် တခုတည်းကိုသာ စိတ်ကသန်လျက်ရှိသော်လည်း ကျွန်တော်ကိုယ်တိုင်ကပင်လျှင် မြိုင့်အား နီးနီးကပ်ကပ်နှင့် ရင်းရင်းနှီးနှီး တွေ့လိုမြင်လိုခြင်းများနှင့် ဆက်ဆံလိုခြင်းများသည် အဖြေးဖြေး ပေါ်ပေါက်၍လာခဲ့ပေသည်။

ထို့ကြောင့် တခုသောနေ့ပွဲ၌ မြိုင်ပါဝင် က,ပြလျက်ရှိသော ပြဇာတ်တပွဲကို ကျွန်တော်သည် တယောက်ထီး ကြည့်ရှုရန် ရုံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီးနောက် ချောင်ခပ်ကျကျ တနေရာ၌ ထိုင်နေစဉ် ပြုံးကနဲ မောင်လှမြင့်သည် တယောက်ထဲ ပေါ်လာကာ ကျွန်တော့အား နှုတ်ဆက်၍ အနီးတွင် လာကပ်ထိုင်သဖြင့် ကျွန်တော်သည် မိမိဘာသာ လိပ်ပြာမလုံသလို ဖြစ်သွားရပေသည်။

'အစ်ကိုကြီးတယောက်ထဲလား၊ ကိုကျော်မြင့် တယောက် ကော မပါဘူးလား' မောင်လှမြင့်၏ အမေးကို ကျွန်တော်သည် မဖြေဘဲ သူ့အား စီးကရက်လှမ်း၍ တည်လိုက်ရသည်။ သူသည် စီးကရက်ကိုယူကာ မီးညှိရင်း 'အစ်ကိုကြီးလဲ မြို့ကို သဘောကျနေပီထင်တယ်' ဟု ဆက်၍ ရှည်နေပြန်၏။

'တခါတရံ အပျင်းဖြေတာပေါ့ကွာ' ဟု ကျွန်တော်က အရှက်ပြေ ရှောချလိုက်ရလေသည်။

'မြို့ကိုကြည့်ဘူးတဲ့ လူမှန်သမျှ တခါထဲ စွဲစွဲသွားကြတာဘဲ ထင်ပါရဲ့ဗျာ'

'ဒါလောက်တောင်လဲ ဟုတ်ဦးမယ် မထင်သေးပါဘူးကွာ'

'အစ်ကိုကြီးလဲ သတိထားနေနော်၊ တော်တော်ကြာ ဂွကျကုန်မယ်'

'တော်စမ်းပါကွ'

ထိုအခိုက်မှာပင် ပဏာမခန်းစ၍ ဖွင့်သဖြင့် စကားစ ပြတ်သွားကာ ဇာတ်ခုံပေါ်သို့သာ အာရုံစူးစိုက်၍ ကြည့်နေခဲ့ကြလေသည်။ ပဏာမခန်း၌ ပြသသော ဇာတ်ကွက်မှာ လှိုင်ထိပ်ခေါင်တင် မင်းသမီး၏ 'စိန်ခြူးကြာညောင်' ဘောလယ်ကို သရုပ်ဖော်သော ဇာတ်ကွက် ဖြစ်လေရာ မောင်တော်ကို လာနိုးငယ်မျှော်ရသော မင်းသမီးတယောက်ထဲ၏ လွမ်းခန်း ဖြစ်လေသည်။ ထိုအကွက်မှာ ဇာတ်ကောင်သည် တယောက်ထဲ အထီးတည်း ပူပုံပန်းရသော ဇာတ်ကွက်ဖြင်၍ မြို့သည် များစွာ မနိုင်နင်းလှပေ။ ကြောင်သလိုလို ထင်ရလေသည်။ သို့ရာတွင် ကျော့ရှင်းလှပသော မိန်းမတယောက် ဖြစ်၍ ထိုအလှအပကို

တော့ ပွဲကြည့်ပရိသတ်က လက်ခံနိုင်ပေသည်။ ထိုမင်းသမီး၏ အမျှော်စိုက်အခန်း၌ မြိုင့်ကိုကြည့်ရသည်မှာ ခင်ခင်မြင့် သေ ဘန် သကဲ့သို့ မျောက် မီးခဲနင်းမိသလို ပြာ၍ ကြောင်နေသည်ဟု ထင်ရလေသည်။

ထိုအခန်းကို ဘေးမှမောင်လှမြင့်သည် ငြိမ်သက်စွာ စူးစိုက် လျက် ကြည့်ရှုနေသည်ကို အကဲခတ်ကြည့်ရှုမိ၏။

ပဏာမခမ်း ပြီးစီး၍ ၁၅-မိနစ် အားလပ်ခွင့် ပေးသောအခါ မောင်လှမြင့်က 'မြိုင်'အား သွားတွေ့ရန် အဖေါ်ညှိသည်ကို ကျွန်တော်သည် အလွယ်တကူ လိုက်ပါ၍ သွားခဲ့မိလေသည်။ ထိုကဲ့သို့ စိတ်လွယ် သဘောလွယ်နှင့် လိုက်ပါသွားခြင်းကိုမှလည်း ကျွန်တော်သည် မိမိကိုယ်ကို သတိမထားမိခဲ့။

အခန့်သင့်ပင် အဝတ်အစား လဲပြီး၍ အခန်းဝမှ ထွက်တော့ မည့်ဆဲဆဲ မြိုင့်ကိုတွေ့ရလေသည်။

'မြိုင်'သည် ညှိုခါတ်ပါလှသော မျက်လုံးနှစ်လုံးမှ အရောင် ထွက်လာအောင် ပြုံး၍ ကျွန်တော့လိုလက်ခံသည်။

'မြိုင် နောက်ခမ်း မကတော့ဘူးလား....' မြိုင်၏ လက်ဝယ် ဆွဲကိုင်ထားသော သေတ္တာကလေးကို ကြည့်ရှုရင်း....မောင်လှ မြင့်က မေးလိုက်သဖြင့် 'နောက်ခမ်းမှာ မြိုင်မပါဘူး၊ ပဏာမ ခမ်းတင်ဘဲ၊ ဒါကြောင့် မြိုင်ပြန်တော့မလို့လေ အိမ်မှာလဲ ညှော်သည်တွေရောက်နေတယ်လို့ ခုတင်က အိမ်က ကောင်မလေး လာပြောသွားတာနဲ့ ချက်ခြင်းဘဲပြန်ရတာ၊ အားရင်လဲ မြိုင်တို့ အိမ်ကို အလည်လိုက်ခဲ့ကြပါဦးလား၊ ကားလဲပါလာသားဘဲ'ဟု မြိုင်က ဖေါဖေါ်ရွှေရွှေ ပြောဆို၍ ဘိတ်ကြားနေပေသည်။

'အော်....ဒါထက် အစ်ကိုကြီးနဲ့ မြိုင်ကိုတောင် မိတ်ဆက်ပေးရဦးမယ်၊ဒါက ကိုကျော်မြင့်ရဲ့အစ်ကို ကိုကျော်တင့်လေ၊မြိုင့်ကိုတော့ အစ်ကိုကြီးက သိနေပါပြီ'ဟု မောင်လှမြင့်က သွက်လက်ချက်ချာစွာ မိတ်ဆက်ပေးလာသဖြင့် မြိုင်မှာ ကျွန်တော့အား သဘောင်ဆန်ဆန်ပြုံး၍ ခပ်မှေးမှေးကြည့်ကာ 'အော်....ကိုကျော်မြင့်ရဲ့အစ်ကိုလား တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မြိုင်တို့ကတော့ ဒီလိုအများပြည်သူတွေရဲ့ မေတ္တာကို ခိုလှုံနေရတဲ့ ပညာသယ်ဆိုတော့ ကိုကျော်တင့်တို့လို လူကြီးလူကောင်းတွေနဲ့ တွေ့ရ-သိရတာ ဂုဏ်ဘခုပါဘဲ'ဟု မြိုင်က အနုပညာ မမြောက်လှသော သဘင်သည်တဦး၏ ဝေါဟာရများကို စာအံသလို အံနေလေသည်။

'အစ်ကိုကြီးက ဘယ်ပွဲဘယ်လမ်းမှ ကြည့်တာ သွားတာမဟုတ်ဘူးဗျ။ မြိုင်ပါတဲ့ပွဲမှ သူကကြည့်တာ'ဟု မောင်လှမြင့်က ရှည်နေလိုက်ပြန်၏။

'မြိုင်တို့အိမ်လိုက်ကြမယ် မဟုတ်လား၊ သွားကြမှာဘဲ ထင်တယ်'ဟု မြိုင်က ပြောပြောဆိုဆိုနှင့် ထွက်လာသောကြောင့် ကျွန်တော်သည် မောင်လှမြင့်နှင့်အတူ ရောင်ချာချာ ဖြစ်ကာ မြိုင်နှင့်အတူ လိုက်ပါသွားခဲ့မိပေသည်။

မြိုင်၏ကားမှာ စက်ပျက်နေသောကြောင့် အသင့်ပါလာသော ကျွန်တော်၏ကားဖြင့် မြိုင့်အားတင်ဆောင်ကာ မြိုင်ဝယ်ယူထားသော ရေကျော်ဘက်ရှိ အိမ်တအိမ်သို့ မောင်းလာခဲ့ရသည်။မြိုင်တို့ အိမ်သို့ရောက်သောအခါ လူကြီး လူကောင်း ဧည့်သည်သုံးလေးယောက် စောင့်ဆိုင်းနေသည်ကို တွေ့ရလေသည်။

မြိုင်အား တဘက်သတ်သဲသဲမဲမဲ ပိုးပန်းနေကြသူများနှင့် တူကြောင်းကို ၎င်းတို့၏ အမူအရာဖြင့်ပင် ထင်ရှားပေါ်လွင်နေကြပေသည်။

မြိုင်၏အိမ်မှာ ဝင်းကလေး ခြံကလေးနှင့် တော်တော် သပ်ယပ်၍ ခန့်ငြားလှပေသည်။ ပန်းပင်ကလေးများကိုလည်း ခြံဝင်းထဲတွင် လှပစွာ မွမ်းမံစိုက်ပျိုးထားလေသည်။

ဆင်ဝင်အောက်တွင် ကားရပ်လိုက်သောအခါ ဧည့်ခန်း၌ စကားပြောနေကြသော လူကြီးလူကောင်း သုံးလေးယောက်သည် ဧည့်ခန်းမှထ၍ တံခါးဝသို့ သူ့ထက်ငါအလုအယက်လာ၍ မြိုင့်အား မျက်နှာကို ချိုနိုင်သမျှချိုကာ ကြိုဆိုကြလေသည်။

'ဧည့်သည်တွေ စောင့်နေရတာ ပျင်းနေကျပြီလား....'ဟု မြိုင်က ခပ်ပေါ့ပေါ့ ပြောဆို၍ ကားတံခါးကို ကိုယ်တိုင်ဖွင့်ကာ ဆင်းပြီး အိမ်ပေါ်သို့ တက်လေသည်။ အပေါ်သို့ရောက်မှ ကျွန်တော်တို့အား သမင်လည်ပြန်ကြည့်ကာ 'တက်ကြလေ ကိုကျော်တင့်တို့'ဟုပြော၍ အိမ်တွင်းသို့ ဝင်သွားသဖြင့် ကျွန်တော့်ထက် လူရည်သာသော မောင်လှမြင့်၏ နောက်လိုက်အဖြစ် ကျွန်တော်သည်လည်း မြိုင်၏အိမ်ပေါ်သို့ ပထမအကြိမ်ရောက်ခဲ့ရသည်။

ကျွန်တော်သည် လူစိမ်းသူစိမ်းများနှင့် တွေ့ဆုံဆက်ဆံခြင်းကို မပြုလုပ်ခဲ့ဘူးသဖြင့် မြိုင်၏အိမ်တွင် ရုတ်တရက် တွေ့ဆုံရသော လူကြီးလူကောင်း လေးယောက်အနက် အနည်းငယ် သိကျွမ်းဘူးသော ရေခဲစက်ပိုင်ရှင်ဦးလွင်ကလွဲလျှင် ကျန်လူသုံးယောက်ကို ခပ်ကြောင်ကြောင်နှင့် စကားပြောဆိုဆက်ဆံခြင်းပြုရပေသည်။ ကျွန်တော်ကသာ ကြောင်နေသော်လည်း မောင်လှမြင့်ကမူ ထိုလူများနှင့် စကားဖေါင်လောက်အောင် ပြောဆိုနေလေသည်။

မြိုင်သည် ညှော်သည်များအား ရေခဲမုန့်များနှင့် ရင်းနှီး ဖော်ရွေစွာညှော်ခံလေသည်။ မြိုင်ကပင်၎င်း၏ ညှော်သည်များဖြစ်ကြသော ရာဇဝတ်ဝန်ကလေး ဦးထွန်းခင်၊ လက်ထောက် အတွင်းဝန်ကလေး ဦးခင်မောင်တို့အပြင် ၎င်းကပြုနေသော ပြဇာတ်အဖွဲ့ ဒါရိုက်တာ လူကြီးတဦးဖြစ်သူ ဒါရိုက်တာ ဦးကျင်မောင်ဆိုသူနှင့်ပါ ကျွန်တော့အား မိတ်ဆက်ပေးလေသည်။ အမှန်မှာ ထိုကဲ့သို့ မြိုင်က မိတ်ဆက် ပေးသော လူကြီး လူကောင်းများအားလုံးသည် မြိုင့်အား သဲသဲမဲမဲ ပိုးပန်းနေကြသူများသာဖြစ်ကြောင်း ကျွန်တော်က ၎င်းတို့၏ ဟန်အမူအရာကို မြင်ရုံမျှနှင့် အကဲခတ်မိပေသည်။

ယခုမှစ၍ သိရသော မိတ်ဆွေသစ် များနှင့် ရုတ်တရက်ဖော်ဖော်ရွေရွေ စကားစမည်ပြောရန်မှာ လွယ်ကူသောအလုပ်တော့မဟုတ်" ဦးလွင်မှာလည်း သိက္ခာမ်းရုံမျှဖြစ်၍ လွန်စွာရင်းနှီးသူကား မဟုတ်ပေ၊ ကျွန်တော် စကားပြော၍ ချောချောမောမော ရှိသူမှာ ဒါရိုက်တာ ဦးကျင်မောင် ဆိုသူဖြစ်လေသည်။ သို့ရာတွင် ဒါရိုက်တာ ဦးကျင်မောင်မှာ စရိုက်ကြမ်း၍ လူကောင်းသူကောင်းတယောက်ဟူ၍ ခေါ်နိုင်လိမ့်မည် မထင်။ သို့ရာတွင်ထိုသူ၌ အနုပညာ တန်ခိုးသတ္တိရှိပုံရသည်။ သူသည် မယ်ဘွဲ့-မောင်ဘွဲ့ ဇာတ်ကွက်ဇာတ်လမ်း များကို ညီးငွေ့လာသဖြင့် ဘာသာရေး ဇာတ်ကွက်ဇာတ်လမ်း များကို ရှာဖွေကပြရန် စိတ်ကူးလျက် ရှိနေကြောင်းများကို ပြောနေရာမှ သူအလွန်တရာ ပြသလိုသော 'မယ်ပဒ္မာနှင့် ကိုဒါသ' ပြဇာတ်ကို စိတ်အား ထက်သန်စွာ ပြောဆိုလျက်ရှိပေသည်။

'မယ်ပဋ္ဌာနဲ့ ကိုဒါသ'တို့ ပြဇာတ်ကို ရိုက်တင်ဖြစ်ရင် မယ်ပဋ္ဌာကို မြိုင်ဘဲလုပ်ရမယ် မဟုတ်လား ကိုကျင်မောင်'ဟု မြိုင်က စိတ်အား ထက်သန်စွာဝင်၍ မေးလာသည်။

'မြိုင်နဲ့အတော်ဆိုးဘဲ ဒါပေမယ့် ကိုဒါသလုပ်ရမဲ့မင်းသားကို စိတ်တိုင်းကျမတွေ့ရသေးဘူး' ဟု ဒါရိုက်တာ ဦးကျင်မောင်က ညည်းညူပြောကြားနေစဉ် 'ဘာသာရေးပြဇာတ်တွေ ပြတဲ့အခါ လူပျက်တွေက ပစ်စလက်ခတ်နောက်ကြပြောင်ကြဘာနဲ့ တော် တော်ကြာ ဘာသာရေးတောင် ပျက်ချော်ချော်ဖြစ်လာမှာ မစိုး ရဘူးလား'ဟု တေးမှုငြိမ်သက်စွာ နားထောင်နေသော ရာဇဝင် ဝန်ကလေး ဦးထွန်းခင်က ဝင်ရောက် ထင်မြင်ချက် ပေးလာ သည်။

'ခုခေတ်မှာ ဘာသာရေးကို တယ်ပီးလူတွေက လေးလေး စားစား မရှိကြတော့ပါဘူးဗျာ' ဟု ဦးကျင်မောင်က လေခပ် အေးအေးနှင့်ပြောနေစဉ် မောင်ကျော်မြင့်သည် အိမ်ရှေ့လှေခါး မှ ရုတ်ဘရက်တက်လာကာ 'ဘာသာရေးကို ကိုင်းရှိုင်းလေးစား နေတဲ့ လူတွေဟာ လူလိမ်-လူကောက်တွေနဲ့ မရိုးဖြောင့်တဲ့ လူတွေ များပါတယ်ဗျာ'ဟု ပြောပြောဆိုဆိုနှင့် မြိုင့်တေးကကုလားထိုင် အလွတ်တလုံးတွင် ရင်းရင်းနှီးနှီးဝင်၍ထိုင်လာပေသည်။

မောင်ကျော်မြင့်၏ ပေါ့ပေါ့တန်တန်ဆိုလိုက်သော စကား သည် ဧည့်ခန်းတွင်ထိုင်နေကြသူများအား တော်တော်ထိတ်သန့် လှုပ်ရှားသွားစေည်သ။

'ဘယ့်နယ်ဘာသာရေးကိုင်းရှိုင်းသူတွေဟာလူလိမ်လူကောက်

တွေလဲ ရှင့်စကားကို ရှင်းစမ်းပါဦး ကိုကျော်မြင့်ရယ်’ မြိုင်က အိန္ဒြေရရနှင့်ပင် မောင်ကျော်မြင့်အား မေးလိုက်သည်။

‘ရှင်းတော့ မရှင်းပြတတ်ဘူး၊ ကျွန်တော့စိတ်ထဲမှာ ထင်တာ မြင်တာကို ပြောလိုက်ရတာဘဲလေ’

လူအများက မောင်ကျော်မြင့်၏အဖြေကို သဘောကျသလို ရီမောလိုက်ကြလေသည်။

၎င်းနောက် တွေ့ကရာအကြောင်းများကို မိမိတို့ အချင်းချင်း ပြောဆိုနေကြရာမှ ကျွန်တော်သည် မဂိုလမ်း၌ ချိန်းထားသော ကိစ္စတခုအတွက် သတိရလာသဖြင့် မြိုင်နှင့်တကွ အခြားဧည့်သည်များကို နှုတ်ဆက်၍ တောင်းပန်ကာ မြိုင်တို့အိမ်ပေါ်မှဆင်းလာခဲ့စဉ်လမ်းကြုံ၍ ကျွန်တော်၏ကားနှင့်လိုက်ခဲ့ပါရစေဟု တောင်းပန် ပြောဆိုကာ ဒါရိုက်တာဦးကျင်မောင်သည် ကျွန်တော်၏ကားနှင့်အတူ ရေကျော်ဘက်မှ လိုက်ပါခဲ့လေသည်။

ကျွန်တော်သည် ကားကိုကိုယ်တိုင် ခပ်ဖြေးဖြေးလျှော့မောင်းရင်း ထိုစဉ်တွင် ဟိုကြည့်-ဒီကြည့်နှင့် လိုက်ပါလာသော ဒါရိုက်တာ အား မသိသာ အကဲခတ်ပြီးနောက် ‘မြိုင်နဲ့အလုပ်တူတူ လုပ်ကြတာ ကြာပလားဗျ ဦးကျင်မောင်’ဟု ကျွန်တော်က စတင်၍ မြိုင်၏အကြောင်းကို မေးမြန်းစုံစမ်းရပေသည်။

‘မြိုင့်ကို ကျွန်တော်လွန်ခဲ့တဲ့ ၇-နှစ်ကျော် ၈-နှစ်လောကထဲက သိတယ်ဆိုပါတော့ဗျာ၊ မြိုင် ဒုတပါတ် ပြဇာတ်နယ်ထဲကို ပြန် ရောက်လာတာ ဘာကြာသေးတာလဲလို့ မသကာရှိလှရင် ၂-နှစ် လောက်ဘဲ ရှိလိမ့်ဦးမယ်’

‘အော်....အော်....တော်တော်လဲ ရင်းနှီးခင်မင်ကြတယ် ထင် ပါရဲ့’

'ရင်းနှီးဆို မြိုင်ယောကျ်ားမရခင် ဟို....အငြိမ့်မင်းသမီး ဘဝနဲ့ တုန်းက သိလာခဲ့ကြတယ်ဆိုပါတော့ဗျာ '

'ဪ-မြိုင်က အိမ်ထောင်နဲ့လားဗျ'

'ခုတော့-မြိုင်က ကွာလိုက်ပြီးပါပြီ သူရတဲ့ ယောကျ်ားဟာ သူ့ကိုအငြိမ့်မင်းသမီးကလေး ဘဝနဲ့တုန်းကထဲက အရူးအမူး ဖြစ်ပြီး အမျိုးမျိုးငွေကုန်ကြေးကျခံ လူလဲအောက်ကျနောက်ကျ ခံပြီး ရအောင်ယူလာခဲ့ပေမယ့် မြိုင်က တနှစ်ကျော်ကျော်လောက် သာ ပေါင်းပြီး ပစ်ထားခဲ့တာဘဲ၊ မြိုင့်ယောကျ်ားဟာတော်တော် လဲ မြိုင့်အပေါ် စိတ်ရှည်လက်ရှည်နဲ့ သီးညည်းခံရှာတယ်ဗျာ။ ဒါပေမယ့်မြိုင်က သဘင်ပညာသည်ဘဝထက်ဘာကိုမှ မက်မောတဲ့ မိန်းမစား မဟုတ်တော့ ဟိုလူ့ခမြာ ရင်ကွဲကျန်ရစ်ခဲ့ရရှာ တယ်'

'အော်-အော်-ဒီလိုသား'

'မြိုင့်ယောကျ်ားဟာ တော်တော်လဲချမ်းသာတယ်၊ မြေပိုင်ရှင် ဇက်သူဌေး တယောက်ဘဲ ပြီးတော့ မြင်းတွေလဲ မွေးထားသေး တယ်၊ ကျွန်တော့အထင် ဒီလူ့ရဲ့အခြေအနေဟာ လေးငါး ဆယ် သိန်း ခင်းထက်တော့ မနဲဘူး၊ ဒါလောက်ချမ်းသာပြည့်စုံပြီး အလို လိုက်တဲ့ လင်ကို မြိုင်က ပစ်ခဲ့ပြီး သဘင်ပညာသည်ဘဝကို ပြန်ကူး လာခဲ့တာဘဲ'

'တော်တော်လဲ အံ့ဩဘို့ကောင်းတဲ့ မိန်းမသားတယောက်လို့ ဆိုရမယ်ထင်ပါရဲ့ဗျာ'

'မြိုင်ကတော့ ဒီကမ္ဘာပေါ်မှာ တယောက်ထဲရှိတဲ့ မိန်းမစား ထဲကလို့ ဆိုရမယ်ထင်တယ်၊ ပြီးတော့လဲကြည့်ဦးလေဗျာ၊ ခုလို

မြိုင်က ပစ်ခဲ့တာတောင် သူ့ယောကျ်ားဟာ မြိုင့်ကိုခုထက်ထိ စိတ်မကုန်ရှာသေးဘူး၊ အမြဲလိုလို ပေးကမ်း ထောက်ပံ့ရှာသေး တယ်ဗျာ'

'လူချင်းကောဆက်သွယ်တုန်းဘဲလားဗျ'

'ဒီလိုတော့ မရှိပါဘူး ဒါကလဲ မြိုင်က တင်းတင်းမာမာ ဖြတ်တောက်ပြောဆိုလွှတ်လို့ ဟိုလူ့ခမြာအဝေ ကဘဲပေးပြီး နေ ရရှာတာနဲ့တူပါတယ်'

'အေးဗျာ-မြိုင်ဟာ ကျွန်တော်တခါမှမတွေ့ဘူး၊ မကြားဘူး သေးတဲ့ မိန်းမသားတယောက်လို့ ဆိုရမှာဘဲဗျာ'

'မြိုင်က တော်တော်လဲ စိတ်ထက်တယ်မိတ်ဆွေ၊ ယောကျ်ား တွေနဲ့ ဆက်ဆံတဲ့နေရာမှာလဲ တော်တော် တိတိကျကျရှိတယ်'

'ချောတဲ့-လှတဲ့မိန်းမတွေဟာ အလှရဲ့မာန်တော့ ရှိတတ်ကြ တယ် ထင်ပါ့ဗျာ'

'မြိုင်နဲ့ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ တခု သတိထားဘို့ အရေးကြီးတာကတော့ မြိုင့်ကိုတဘက်သတ် စွဲစွဲလမ်းလမ်းမရှိ ဘို့ဘဲ မိတ်ဆွေ၊ မြိုင်ဟာ သဘင်ပညာသည်တယောက်အနေနဲ့ ထင်ပေါ်ကျော်ကြားတာဆက်လဲ့ပြီး တခြားဘာမှမင့်ကွက် မတပ် မက်ဘူးဆိုတာလဲ သိထားဘို့လိုလိမ့်မယ်'

'ကျွန်တော်က ရိုးရိုးမေးတာပါဗျာ'

'ဆန်းဆန်းမေးလဲ ဒီလိုဘဲပြောရမှာပါဘဲဗျာ'

'ကျွန်တော့ညီက ယော်ရွယ်တဲ့လူမို့ သူ့ကို ထိန်းသိမ်းဘို့ တာဝန်ကျွန်တော့မှာရှိပါတယ်'

'အော်....ခုတင်ကမှ အိမ်ပေါ်တက်လာတဲ့ ကိုကျော်မြင့်ဆို တာ ခင်ဗျားညီလား'

'ဟုတ်ကဲ့ .. မောင်ကျော်မြင့်နဲ့ ကော ဦးကျင်မောင် သိပါ သလား'

'မြိုင့်ဆီ လာသမျှ လူမှန်ရင် မသိတဲ့လူတော့ မရှိသေးပါဘူး'

'အဲဒီ သူငယ်အတွက် ထိန်းသိမ်းရမဲ့ တာဝန်က ကျွန်တော့ မှာ ရှိပါတယ်'

'ခင်ဗျားညီကတော့ တော်တော်ကလေး လွန်နေပီ ထင်ပါရဲ့ ဗျာ၊ မြိုင်ကတော့ မှန်မှန်ဘဲ ဆက်ဆံနေတာဘဲ'

'ကောင်းကောင်းမရှင်းလို့ ပြန်ဆိုစမ်းပါဦး မိတ်ဆွေ'

'မြိုင်က သူ့ဆီ ဝင်ထွက်နေတဲ့ လူမှန်သမျှဖေါ်ဖေါ်ရွေရွေနဲ့ မှန်မှန်ကန်ကန် ဆက်ဆံခေါ်ပြောပီး ဧည့်ခံတတ်ထာဘဲ၊ အဲဒါ ကို ခင်ဗျားရဲ့ညီက သူ့တယောက်ကိုသာ မြိုင်က လိုက်လျှောပီး အရေးပေးတယ်လို့ စွဲလမ်းနေပုံရတယ်၊ နောက်ဆတော့မှ ထင်တာ နဲ့ဖြစ်ဘာ တခြားစီ ဖြစ်ကုန်ရင် သူ့စိတ်ကို ထိခိုက်ပီး တွေ့ကရာ ရှောက်ရမ်းကုန်မှာ စိုးရတယ်'

ထိုစကားကို ကြားရသည့်အတွက် ကျွန်တော်သည် များစွာ ထိတ်လန့်တုန်လှုပ်သွားမိပေသည်။ မောင်ကျော်မြင့်၏ သည်မျှ ဆိုးဝါးနေသော အခြေအနေနှင့် မြိုင်၏ စိတ်နေသဘောထားတို့ အား ကျွန်တော်က စုံစမ်းသိရှိရခြင်းသည် မထိန်းသိမ်းနိုင်သောက် အောင်ပင် နောက်ကျသွားလေပြီလားဟု စိုးရိမ်မိပေသည်။

ယခုအခါ၌ ကျွန်တော်သည် မောင်ကျော်မြင့်၏ အခြေ အနေနှင့် စိတ်နေသဘောထားများကို သိတန်သလောက် သိရှိရ ပြီဖြစ်၍ ထိုပြဿနာကို ဖြေရှင်းရန် တခုခုကို ပြုလုပ်ဆောင်ရွက်မှ သာ ဖြစ်တော့မည်ကို စဉ်းစားရပေတော့မည်။ အချိန်ကိုဆွဲကာ ခပ်အေးအေးလုပ်နေ၍တော့မဖြစ်။

ဒါရိုက်တာ ဦးကျော်မောင်အား ကျွန်တော်သည် ၎င်းဆင်လိုရာအရပ်၌ ချထားပေးပြီးနောက် မဂိုလမ်း၌ရှိနေသော ကိစ္စကိုပင် မဝင်တော့ဘဲ အင်းလျားဘက်သို့ ကားကိုမောင်းကာ ခင်ခင်မြင့်တို့အိမ်သို့ အကျိုးသင့် အကြောင်းသင့် တိုင်ပင်ရန် ဝင်ခဲ့ရပေသည်။ အခန့်သင့်ပင် ခင်ခင်မြင့်နှင့် နှစ်ယောက်ချင်း တွေ့ရသောကြောင့် ကျွန်တော်က မြိုင်နှင့် မောင်ကျော်မြင့်တို့၏ လက်ရှိဆက်ဆံရေးနှင့် အခြေအနေများကို ဖွင့်ပြောကာ အကြံဉာဏ်ပေးနိုင်ကပေးရန် တောင်းဆိုရပေတော့သည်။

ခင်ခင်မြင့်က မောင်ကျော်မြင့်အား သင့်တော်မည့် မိန်းကလေးတဦးနှင့် စေ့စပ်ပေးရန် အကြံပေးလေသည်။ ထိုအကြံပေးချက်အား လုပ်ကိုင်ရန်မှာ သဘာဝကျလှသည် မဟုတ်၍ စိတ်ကူးနှင့် ဆန္ဒထဲတွင်လောက်သာ ဖြစ်နိုင်ပေလိမ့်မည်။ 'ဒါမစားနဲ့ မကောင်းဘူး၊ ဟိုဟာစား တောင်းတယ်'ဟူ၍ ပြောကောင်း ပြောဖြစ်နိုင်သော ကိစ္စလည်းမဟုတ်။ သူသည် သူ၏အိမ်ထောင်ရေးကို သူကိုယ်တိုင် ကြိုက်ရာရွေးချယ်ခွင့်တော့ရှိနေပေသည်။

ကျွန်တော်သည် ခင်ခင်မြင့်၏ အကြံပေးချက်ကို ကြားနာပြီးနောက် ဘာမျှမပြောမဆိုဘဲ မိုးမချုပ်မီ အိမ်သို့ လေးလန်ထိုင်းမှိုင်းစွာ ပြန်လာခဲ့ရလေသည်။ အိမ်သို့ပြန်ရောက်သောအခါ၌ မောင်ကျော်မြင့်သည် ပြန်မလာသေး။ အိပ်၌ခူးခပ်ထားသော ညစာကိုပင် ကျွန်တော်သည်မစားနိုင်တော့ဘဲ၊ အိမ်ခုထဲ၌လှဲကာ မောင်ကျော်မြင့်နှင့် မြိုင်တို့ကိစ္စအား အဘယ်သို့ အေးအေးချမ်းချမ်း ဖြေရှင်းရမည်ကို စဉ်းစား၍ မရနိုင်အောင် ဖြစ်နေရတိုင်း စိတ်နောက်ကျိသည်ထက်သာ နောက်ကျိနေရ၏။

ထိုညက ကျွန်တော်သည် အိပ်၍မရပေ။ ၁၂-နာရီထိုးပြီးမှ မောင်ကျော်မြင့် ပြန်လာသည်ကို ကောင်းကောင်းသိလိုက်ရသော်လည်း သူနှင့်မျက်နှာချင်းဆိုင်၍ စကားမပြောချင်လောက်အောင် စိတ်နောက်ကျိနေ၍ အိပ်ရာထက်တွင် မီးမှိတ်ကာ လှဲမြဲလှဲရင်း တွေးမြဲသာ တွေးနေမိသည်။

# [ ၃ ]

မောင်ကျော်မြင့်အတွက် စိတ်နောက်ရတိုင်း ကျွန်တော်သည် အလုပ်ခွင်သို့ပင် မှန်မှန်မရောက်နိုင်အောင် ပျက်ကွက်လာရပေသည်။ ဆန်စက်ကို မန်နေဂျာနှင့် လွှဲထားရလေသည်။ ထိုသို့စိတ်ညစ်၍ ဘာမျှမလုပ်တတ် မကိုင်တတ်တိုင်း ကျွန်တော်သည် နေ့စဉ်နှင့်အမျှ 'မြိုင်'ဆီသို့ သွား၍သွား၍ နေခဲ့မိခြင်းကို ကျွန်တော်သည် အဘယ့်ကြောင့်ဟူ၍ ထိုစဉ်က မိမိကိုယ်၌ ရေရေလည်လည်လည်းမသိ၊ သေသေချာချာလည်း မစဉ်းစားခဲ့၊ တခုတော့ သတိရသလို ခပ်ရေးရေး မှတ်မိပေသည်။ ထိုသို့ ဘာမျှ မလုပ်တတ် မကိုင်တတ်လောက်အောင် စိတ်ညစ်ညူးရှုပ်ထွေးနေရစဉ် 'မြိုင်'၏ မျက်နှာကလေးကို ကြည့်နေမြင်နေရခြင်းဖြင့် သက်သာခံသာသလို ရှိနေလေသည်။

မြိုင်သည် ကျွန်တော်အား တွေ့လျှင်တွေ့ခြင်း သူမ၏ ထက်မြက် တောက်ပသော မျက်လုံးဖြင့် ဆီးကြို၍ မက်မောကြည်နူးစရာကောင်းသော အပြုံးဖြင့် ဧည့်ခံလေ့ရှိသည်။ နွဲ့နှောင်းပြေပြစ်လှသော ကိုယ်လုံးကိုယ်ပေါက်၏ ကြော့ရှင်းခြင်းဖြင့် ဆွဲဆောင်ပေသည်။ ကျွန်တော်သည် မြိုင့်အား လူချင်းတွေ့ဆုံရ၍

စိတ်၏နားနေခွင့်နှင့် သက်သာခြင်းများကို ရရှိပေသည်။ ရိပ်သာယာကင်းမဲ့၍ ပူပြင်းသော ကန္တာရလွင်တီးခေါင်အား ဖြတ်သန်းလာရသူသည် စိမ်းစို၍ အေးချမ်းသော အိုအေစင်၏ ဖက်ပေွ့ခြင်းခံရသူကဲ့သို့ ရှိပေသည်။

မြိုင်၌ ချစ်စရာများကို ကျွန်တော်သည် တွေ့ရသည်သာမဟုတ်သေး၊ စိတ်၏ သက်သာစရာ ကြည်နူး ချမ်းမြေ့စရာများကိုလည်း တွေ့ရှိရလေသည်။ မြိုင်သည် သာယာခြင်းကင်းမဲ့သော ယောကျ်ားတဦးတယောက်အား သာယာခြင်းကို ပြန်၍တွေ့ထိနိုင်သော မျှော်လင့်ခွင့်ကိုလည်း ပေးတတ်ပေသည်။

သူ၏ဘဝသည် ဘာမျှ အနှစ်သာရမရှိကြောင်းကို ညည်းညူပြောကြားတတ်သောယောကျ်ားအား မြိုင်သည် မိခင်က သားငယ်အား စိတ်ရှည်ခြင်းမျိုးဖြင့် စိတ်ရှည်လက်ရှည်နှင့် သိုးငြိုးခံနားထောင်တတ်၏။ ထိုသူ၏ နာကြင်ခြင်းများအတွက် မြိုင်က စုဘ်သတ်၍ ပေးတတ်သေး၏။ 'အော်-အော်'ဟူသော မြိုင်၏ အာမေဍိတ်သံမှာ ကြားရသူအဘွက် ရင်ထဲ၌ အေး၍အေး၍ သွားစရာဖြစ်ပေသည်။

ကျွန်တော်သည် 'မြိုင့်'ဆီသို့ နေ့ရှိသ၍ သွားလာနေသည့် ကာလအတွင်း မောင်ကျော်မြင့်နှင့် တခါမျှ ကြုံကြိုက်ခြင်း လူချင်းဆုံခြင်းများကား မရှိခဲ့။ သူသည် ကျွန်တော်နှင့် လူချင်းမဆုံရအောင် ရှောင်ကွင်းသွားလာပုံရ၏။ ထိုကဲ့သို့ မြိုင့်ဆီသို့ ညီအစ်ကိုနှစ်ယောက်ပြိုင်၍သွားလာနေကြသောနေ့ရက်မှ၌ကျွန်တော်နှင့် မောင်ကျော်မြင့်သည် တယောက်နှင့်တယောက် မျက်နှာခြင်းလည်းမဆိုင်၊ထမင်းလည်း အတူမစား၊ စကားလည်း မပြောနိုင်ကြတော့။

သည်လို နေထိုင်ခဲ့ကြသည်မှာ ကျွန်တော်၏စိတ်ဝယ် ၃-လ နီးပါးခန့် ကြာမည်ထင်၏။ ထိုကာလအတွင်း၌ ကျွန်တော်၏ အလုပ်အကိုင် အခြေအနေများကိုပင် ကျွန်တော်သည် မသိချင်တော့၊ ခါတိုင်း တပါတ်ဆယ်ရက်လျှင် တခေါက်လောက်ရောက်တတ်သော ခင်ခင်မြင့်တို့အိမ်သို့ တခါမျှ မရောက်တော့သဖြင့် ခင်ခင်မြင့် ကိုယ်တိုင်ပင် ကျွန်တော့ဆီသို့ နောက်ဆုံးလိုက်လာရပြီးနောက် ညီဖြစ်သူအား မြို့၏အန္တရာယ်မှ ထိန်းသိမ်းရင်း ကျွန်တော်ပါ မြို့၏သားကောင်ဖြစ်သွားမည့် အဖြစ်ကို သတိပေး ပြောကြားသွားခဲ့၏။ ထိုသို့ ခင်ခင်မြင့်က စိုးရိမ်ပူပန်စွာ လာရောက်သတိပေး ပြောကြားသွားရာ၌ ကျွန်တော်သည် ခင်ခင်မြင့်အား စိတ်ဝင်စားခြင်း မရှိတော့။ တကြိမ်သောကာလက တသက်ပန် ပေါင်းသင်းနေထိုင်ရမည်ဟု သတ်မှတ် သိနားလည်ထားသော ပညာတတ် မိန်းမချော တယောက်အား ယခုအခါ၌ ကျွန်တော်သည် စိတ်ဝင်စားခြင်း မရှိတော့သည်မှာ အဘယ့်အတွက်ကြောင့် ဖြစ်မည်နည်း။ ထို ပြဿနာကိုလည်း ကျွန်တော်သည် ဘာမျှမစဉ်းစားခဲ့။ ခင်ခင်မြင့် ထိုသို့လာရောက် သတိပေး စကားပြောကြားသော ညချမ်းက ခင်ခင်မြင့်အား ၎င်း၏အိမ်သို့ အပြန်တွင် ကျွန်တော်က လိုက်ပို့ရန် တာဝန်ရှိသော်လည်း ကျွန်တော်သည် လိုက်မပို့ခဲ့။

'ဖေဖေနဲ့ မေမေတို့ကတောင် မောင်ကျော်တင့် တယောက် ဘာများအလုပ်များနေလို့ ပေါ်မလာပါလိမ့်ဆိုပြီး မြင့်ကိုတမေးထဲ မေးနေကြသေးတယ်....'ဟု ခင်ခင်မြင့်က ပြန်ခါနီးဆဲဆဲ၌ မိန်းမသားတန်မဲ့ စကားလမ်းခင်း၍ အိမ်သို့ လိုက်ပို့ရန် ပြောသွားသည်ကိုပင် ကျွန်တော်က 'မဂိုလမ်းဘာဘူတွေနဲ့ ခုည

ဗ-နာရီမှာ အလုပ်အတွက် စကားပြောဘို့ ချိန်းထားလို့ ပါ'ဟူ၍ တလှဲအကြောင်းပြကာ ခင်ခင်မြင့် ပြန်ထွက်သွားလျှင်သွားခြင်း ကျွန်တော်သည် အိမ်မှကားနှင့် မြိုင်တို့အိမ်ဘက်ဆီသို့ ထွက်ခဲ့ကာ မြိုင်နှင့်ချိန်းထားသော အနောက်နိုင်ငံ ရုပ်ရှင်ကား တကားကို ဗ-နာရီခွဲပွဲ ဝင်ကြည့်ပြီးနောက် ဘုံဘော်ဟော်တယ်၌ နှစ်ယောက်သား ညစာ စားခဲ့လေသည်။

'မြိုင်နဲ့ သိဘူးကျွမ်းဘူးတဲ့ လူတွေထဲမှာ ကိုကျော်တင့်လို ရိုးသားတာ မြိုင်တခါမှ မတွေ့ဘူးသေးပါဘူးကွယ်....'ဟူသော မြိုင်၏ စကားလုံးကလေးများကို မျက်နှာချင်းဆိုင် ညစာစားရင်း ကြားနာရခြင်းသည် ကျွန်တော့အတွက် ကျေနပ်နှစ်သိမ့်စရာဖြစ် ပေသည်။

'အမှန်အတိုင်း ပြောရရင် မြိုင့်အခု အသက် အစိပ် ကျော် ခဲ့ပြီ ၁၃-နှစ်သမီးလောက်ကထဲက အငြိမ့်စင်ပေါ် ရောက်ခဲ့တဲ့ အချိန်ကစပြီး အခု အသက်အစိပ် ကျော်လာတဲ့အထိ မြိုင့်အိမ် ထောင်ဦးယောကျ်ားဟာ အရိုးသားဆုံးလို့ အောက်မေ့ခဲ့တာ ကိုကျော်တင့်နဲ့ကြတော့မှဘဲ တကဲ့လူရိုးတယောက်ကို မြိုင်တွေ့ရ တော့တာဘဲ'

'ကျုပ်ကို ဒါလောက်တောင်လဲ မြှောက်မနေပါနဲ့မြိုင်'

'မြိုင့်တသက်မှာ ဘယ်ယောကျ်ားတယောက်ကိုမှ မမြှောက် ခဲ့ဘူးဆိုတာတော့ ကိုကျော်တင့် ယုံကြည်စိတ်ချစေချင်တယ်.... ပြီးတော့ ယောကျ်ားဆိုတဲ့ လူတွေဟာ မြှောက်ပေးဘို့ကောင်း တဲ့လူမျိုး မဟုတ်ဘူးဆိုတာ မြိုင်က ကောင်းကောင်းကြီးနားလည် ပြီးသားပါ ကိုကျော်တင့်ရဲ့'

ကျွန်တော်က မြိုင် ဟန်ကလေးနှင့် လှုပ်လှုပ်ရှားရှား ပြောဆိုလိုက်ပုံကို ကျေနပ်ယုံကြည်စွာ နားထောင်နေမိပေသည်။

'ယောကျ်ားတွေနဲ့ ဆက်ဆံတဲ့နေရာမှာ မြိုင်ကတော့ တိတိကျကျ လုပ်တတ်တယ်၊ တကျုပ်ဟာ ကျုပ်ပြားမှလို့ ဆိုပြီးရင် မတ်စေ့လေးစေ့တို့ မူးစေ့ရှစ်စေ့တို့နဲ့ မြိုင့်ကို လာစမ်းလို့တော့ မရဘူး ဒင်-ဒင်-ဒင်နှင့်မြည်တဲ့ ကျုပ်ပြားမှ ကျုပ်ပြားတဲ'

မြိုင် ပြောသမျှကို ကျွန်တော်က ယုံကြည်စွာ နားထောင်နေမိ၏။

'ရိုးသားတဲ့ ယောကျ်ားတွေကို မြိုင်က အထူးခင်မင်တတ်တယ်ဆိုတာ ကိုကျော်တင့်ကို ပြောပြမလို့'

'ဒါဖြင့် ကျုပ်ကို မြိုင်ကခင်မင်တယ်ပေါ့ လို့ ပြောတာပေါ့'

'ဒါပေမဲ့ မိတ်ဆွေကောင်း တယောက်လို ခင်မင်တယ် ဆိုတာကိုလဲ ထပ်ပြီးတော့ သေသေချာချာ ပြောထားပါရစေဦး'ဟု မြိုင်က ပြုံးကာ ရီကာနှင့်ပြောရင်း ရေအေးတခွက်ကို ခပ်ဖြေးဖြေးသောက်နေလေသည်။

'ခု .. လာတော့မဲ့ မိုးတွင်းမှာ မြိုင်တို့လုပ်ငန်းတွေ ခေတ္တရပ်ဆိုင်းထားရတဲ့အခါ မြိုင် ရန်ကုန်မှာဘဲနေမှာလား'ဟု မိုးဦးကာလဆန်းလာပြီဖြစ်၍ မြိုင်၏ နေရေးထိုင်ရေးအခြေအနေကို မေးမြန်းလိုက်ရပေသည်။

'မြိုင်လား ဝါတွင်း ၃-လလုံး မြိုင်က ဥပုသ်ရက်ရှည် စောင့်ခဲ့ဘာ မြိုင့်အရင်ယောကျ်ားနဲ့ ကွဲသာကထဲကဘဲ ဆိုပါတော့၊ ဒီဝါတွင်းလဲ စစ်ကိုင်းချောင်သွားပြီး ဥပုသ်ရက်ရှည်စောင့်ဘို့ စီမံထားတယ်'ဟု မြိုင်က ပြောပြသည့်အတွက် ကျွန်တော်သည် မြိုင့်

အား လေးစားရမည်လိုလို အံ့ဩရမည်လိုလိုနှင့် မဝေခွဲနိုင်ဘဲ အငေးသား ကြည့်နေမိသည်။

'ဥပုသ်စောင့်တယ်ဆိုတာကတော့ လူသူရှင်းတဲ့ အရပ်ဒေသမှာ ငြိမ်ငြိမ်သက်သက်နဲ့ အနားယူတဲ့ သဘောပါ ကိုကျော်စာင့်ရဲ့ မြိုင့်ကို ဝိသာခါတို့လိုလဲ အထင်မကြီးလိုက်ပါနဲ့ဦးနော်'

ကျွန်တော်က မြိုင်၏ အပြောကို နှစ်ချိုက်သဘောကျမိပေသည်။

'အော်....ဒါထက် ရှင့်ညီ မောင်ကျော်မြင့်အကြောင်း အခန့်သင့်လို့ ပြောလိုက်ရဦးမယ်၊ မြိုင်ကတော့ သူ့ကို ကိုကျော်မြင့်လို့ ပြေပြစ်အောင် ခေါ်နေရပေမဲ့ တကယ်တော့ မြိုင့်ထက်ငယ်လို့ မောင်ကျော်မြင့်ခေါ်ဘို့ ကောင်းတာပါဘဲလေ'

မောင်ကျော်မြင့် အကြောင်းကို မြိုင်က စလာသည့်အတွက် ကျွန်တော်သည် ရင်ထဲ၌ လှုပ်ရှားသွားရာမှ မနေနိုင်တော့ဘဲ 'အော်....မြိုင်က မောင်ကျော်မြင့်အကြောင်း စလာလို့ အခန့်သင့်တာနဲ့ ပြောရဦးမယ်ဗျာ၊ မောင်ကျော်မြင့်ဟာ ငယ်ငယ်ရွယ်ရွယ် ရှု ရူးမိုက်မိုက်နဲ့မို့ ကျွန်တော့မှာ တော်တော် တာဝန်ကြီးနေတယ်၊ သူ့ကို အကဲခတ်ရသလောက် သူဟာ မြိုင့်ကို တော်တော် သဲသဲမဲမဲ ကြိုက်နေပုံနဲ့တူတာဘဲ၊ အဲဒါကို မြိုင်က....'ဟူ၍ စကားမဆုံးမှီ မြိုင်က မခိုးမခန့်ပြုံး၍ 'ရှင်—ခုစကားပြောနေတာ မောင်ကျော်မြင့်ရဲ့ အစ်ကိုတယောက်အနေနဲ့ ပြောနေတာလား ဒါမှမဟုတ်၊ ပြိုင်ဘက်တယောက် အနေနဲ့ ပြောနေတာလားဆိုတာလဲ မြိုင့်ကို ရှင်းပြစမ်းပါဦး....'ဟု ဆီး၍ နှိမ်လိုက်သောကြောင့် ကျွန်တော်သည် ပြောရမည့်စကား အစပျောက်ကာ ကြောင်၍နေရပေသည်။

'ကိုကျော်တင့်ရဲ့ ရိုးသားမှုကို မြိုင်တကယ်ဘဲ ယုံကြည်လို့ လက်ဦးကထဲကဘဲ ရှင်းရှင်း ဖွင့်ပြောထားလိုက်ပါမယ်၊ မြိုင်ဟာ ဇာတ်သမ တယောက်ဆိုတော့ ဒီဇာတ်သမ အလုပ်ကို အနှောက် အယှက် မရှိဘဲ အေးအေးချမ်းချမ်း လုပ်ချင်တယ်.... ချစ်တာ ကြိုက်တာတို့ အိမ်ထောင်ပြုရေးတို့စတဲ့ကိစ္စတွေကိုလုံးလုံး စိတ်မဝင်စားဘူး။ ကြားလဲမကြားချင်ဘူး ပီးတော့ ဒီလိုကိစ္စတွေနဲ့ မြိုင့်ကိုလာနှောက်ယှက်တာလဲသိပ်မုန်းတာဘဲ'

မြိုင်သည် ကျားသစ်မကလေးကဲ့သို့ ဒေါကလေး ဟန်ကလေးဖြင့် ပြောဆို၏။ ကျွန်တော်သည် မြိုင့်ကိုအငေးသားကြည့်နေရင်း က ကြောက်သလိုပင် ဖြစ်ပေါ်လာမိသည်။ သူမ၏ မျက်လုံးမှ ရောင်ခြည်တမျိုးသည် ယှက်ဖြာ၍နေသည်ကို ကျွန်တော်သည် စပါးကြီးမြွေ၏ အညှို့ခံနေရသော ယုန်သူငယ်လို သတိကင်းစင်လျက် အငေးသားကြည့်နေမိ၏။

မြိုင်က သည်လို တိတိကျကျနှင့်ပွင့်လင်းစွာ ပြတ်ပြတ်သားသား ပြောဆိုတတ်လေသည်။ ယောကျ်ားတဦးအား လှည့်ဖြားခြင်းနှင့် ဖြားယောင်းတတ်သော သဘောမရှိ။ တန်းတူသဘောထား၍ရိုးသားစွာ ဆက်ဆံပုံရလေသည်။

ကျွန်တော်သည် မြိုင့်အားထိုညက ၁၀-နာရီလောက်ဘွင် ကျောက်တကျင်း၌ရှိသော သူမ၏အိမ်သို့ လိုက်ပို့ပေးပြီးနောက် ဆယ့်လေးငါးရက်အတွင်း မြိုင်သည် စစ်ကိုင်းတောင်ရိုးသို့သွားဖြစ်ကောင်းသွားဖြစ်လိမ့်မည်ဆိုသောသတင်းကို မြိုင့်ထံမှကြားသိလာခဲ့ရလေသည်။

မြိုင်....စစ်ကိုင်းတောင်ရိုးသို့ မထွက်ခွာမီ ဆယ့်လေးငါးရက်အတွင်း ကျွန်တော်သည် နေ့တိုင်းမြိုင့်ဆီသို့ ရောက်ခဲ့ပေသည်။

မြိုင်ကလည်း ကျွန်တော့အား အလွန်ရင်းနှီးခင်မင်လျက် စိတ်ချယုံကြည်စွာဖြင့် ကျွန်တော် ဘယ်ကိုဘဲ ခေါ်ခေါ် လိုက်ပါလေ့ရှိသောကြောင့် အချို့သော လူများသည် ကျွန်တော့အား ထူးထူးခြားခြား ကံကောင်းသည့်လူဟူ၍ ပြောဆို လာကြပေသည်။ တကယ်ဆိုသောအခါ၌ မြိုင်သည် ကျွန်တော့အား မိတ်ဆွေရင်းချာ တဦးကဲ့သို့ ပေါင်းသင်းဆက်ဆံခြင်းသာဖြစ်ပေသည်။ ဒါကိုကျွန်တော်သာကောင်းစွာနားလည်နိုင်ပေသည်။

သည်လို မြိုင်နှင့် ကျွန်တော်၏ ရင်းရင်းနှီးနှီးဖြစ်နေခြင်းအား ညီဖြစ်သူ မောင်ကျော်မြင့်သည် အဘယ်ကဲ့သို့ သဘောထားသည်ကို အတိအကျ ကျွန်တော်က မပြောနိုင်သော်လည်း သူသည် အိမ်တွင်လည်းမနေ မြိုင့်ဆီသို့လဲမသွားဘဲ တနေရာရာ၌ ရှောင်ပုန်းနေဟန်ရှိပေသည်။

မြိုင်....ဒုတိယတန်းမီးရထားတွဲဖြင့် စစ်ကိုင်းသို့ ထွက်ခွာမည့်နံနက်က ဘူတာရုံတွင် လိုက်ပို့သူများပြားလှပေရာ ထိုအထဲ၌ ကျွန်တော်နှင့် လူချင်းမတွေ့ရသည်မှာ တလနီးပါးခန့်ရှိသွားပြီဖြစ်သော ညီဖြစ်သူ မောင်ကျော်မြင့်အား ရဲရဲနီသောနှင်းဆီပန်းတခိုင်းဖြင့် တွေ့ဆုံခဲ့ရလေသည်။

မြိုင်သည် မောင်ကျော်မြင့်၏ လက်ဆောင်ဖြစ်သော နှင်းဆီပန်းကို ပြုံးကာရီကာနှင့် မောင်ကျော်မြင့်၏ လက်မှလှမ်းယူရင်း မောင်ကျော်မြင့်၏ နဖူးပြင်ကို သူမ၏ လက်ညှိုးကလေးဖြင့်ရင်းရင်း နှီးနှီး ထောက်ကာ 'လိမ် လိမ် မာ မာ နေ ရစ်နော် မောင်ကျော်မြင့်ပီးတော့ ကိုယ့်အစ်ကိုရဲ့စကားလဲ နားထောင်မှပေါ့ကွယ်'ဟု ထူးထူးခြားခြား ပြောဆိုသွားလိုက်ခြင်းအတွက်

ကျွန်တော်ကမူ ကျေနပ်လျက်ရှိသော်လည်း မောင်ကျော်မြင့်၊ ထယောက်ကမူ ခါဘိုင်းကိုတပ်၍ခေါ်နေရာမှ ယခု 'မောင်'တပ်၍ ခေါ်ရင်း အစ်မကြီးဆန်ဆန် လုပ်သွားသောမှိုင်၏ ပြောင်းလွဲချက်ကို အဘယ်သို့သဘောထားမိမည်လဲ မသိပေ။

[ ၄ ]

'မှိုင်' စစ်ကိုင်းသို့ ထွက်သွားသောနေ့၏ ညပိုင်းတွင် ကျွန်တော်သည် မောင်ကျော်မြင့်အား မျက်နှာချင်းဆိုင်မတွေ့တွေ့အောင်စောင့်၍ ပြောစရာ ဆိုစရာများကို ပြောဆိုရန် စောင့်ဆိုင်း နေခဲ့ပေရာ သူသည် နာရီပြန် တချက်တီးပြီးမှ ဘယ်က ပြန်လာသည်မသိ အိမ်ပေါ်သို့ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဆူညံစွာ တက်လာလေသည်။ ခါတိုင်းသူသည် ခိုးကြောင်ခိုးဝှက် ကျွန်တော်မသိ အောင် အိပ်ရာသို့ဝင်အိပ်လေ့ရှိရာမှ ယနေ့ညအဘို့ ထူးခြားလာခြင်းကိုလွှတ်ပေး၍ မဖြစ်တော့ဘဲ ချက်ခြင်းရင်ဆိုင်မှ သင့်တော်မည်ဟု ကျွန်တော်ကစဉ်းစားမိသောကြောင့် ဘယ်သူလဲဟေ့၊ ညကြီး အချိန်မတော် ဒါလောက် ဆူဆူညံညံလုပ်နေတာ မောင်ကျော်မြင့်လား'ဟု အိပ်ရာထက်မှလှမ်း၍ ခပ်ငေါက် ငေါက်မေးလျက် မီးဖွင့်ကာ ထလာခဲ့ရပေသည်။

လှေခါးထိပ်၌ ဆူညံသံသည် ရုတ်တရက်ရပ်သွားပြီးနောက် အတန်ကြာ ငြိမ်သက်နေပြီးမှ 'ကျွန်တော်ကျော်မြင့်ပါ' ဟူသော အာလေးလေးနှင့် မောင်ကျော်မြင့်၏ မူကွဲနေသော အသံကြီးကို ကြားရလေသည်။

'ဒါဖြင့် နေဦးဟေ့ မင်းကိုငါပြောစရာရှိလို့' ဟု ပြောရင်း တံခါးကိုဖွင့်၍ အပြင်ခန်းသို့ ထွက်လာသောအခါ ကျွန်တော်သည် အလွန်တရာချောက်ခြား၍ သွားမိပေသည်။ လှေခါးထိပ်ဝယ် ဘိုသီဘတ်သီနှင့် ဒယီးဒယိုင်ရပ်နေသော ညီဖြစ်သူအား မတွေ့ကြုံရဘူးသော အရက်မူးသမားအဖြစ် ပဌမဦးဆုံး ရင်ဆိုင်ရသောကြောင့် ဖြစ်လေသည်။ သူသည် ကျွန်တော့်ကိုမကြည့်နိုင်လောက်အောင် ဇက်ကျိုးနေပုံရလေသည်။ ဆံပင်တွေကလည်း ပွနေသည်။

'မင်း....သောက်လာသလားဟေ့၊ တယ် ကောင်းတယ်ပေါ့ကွာ' ကျွန်တော်က ဂရုဏာဒေါသောနှင့် ပြောလိုက်မိပေသည်။

သူကဘာမျှ ပြန်၍တော့မပြော ခေါင်းကိုငိုက်ဆိုက်ချကာ လှေကားထိပ်မှတိုင်ကိုအားယူကာ အနိုင်နိုင်ရပ်နေသည်။

'လာ....လာ....မင်းနဲ့ငါနဲ့ အေးအေးဆေးဆေးစကားပြောရအောင်'ဟု ကျွန်တော်ကပြော၍ ဧည့်ခန်းဘက်သို့ ထွက်သွားသောအခါ မောင်ကျော်မြင့်သည်နောက်မှ ဒယီးဒယိုင်နှင့် လိုက်ပါလာကာ အနီးဆုံးကုလားထိုင်တွင် မဟန်နိုင်တော့သဖြင့်ဝင်၍ ထိုင်ချလိုက်လေသည်။

'မင်း–အရက်တွေ ဘာတွေ သောက်တတ်လာတာကို ငါ ဘယ်လိုအံ့သြရမှန်းတောင် မသိတော့ပါဘူး ကျော်မြင့်ရာ' ဟု ကျွန်တော်က ညည်းညူလိုက်မိရာ၌ မောင်ကျော်မြင့်သည် ကျိုးနေသောဇက်ကို အတင်းထောင်ကာကျွန်တော့အားမျက်နှာချင်းဆိုင်၍မကြည့်ဘဲ 'အရက်သောက်တာကို အစ်ကိုကြီးက

ပညတ်ချင်လို့လား’ဟု တသက်နှင့်တကိုယ် ပြန်လှန်၍ အာမခံဘူးသော ညီဖြစ်သူက အာခံ၍ကား လာလေပြီ၊ ရုတ်ဘရက်ထွက်လာသောဒေါသကို ချုပ်တီးကာ ထိုင်ရာမှထ၍ ‘မင်းကိုငါက အစစအရာရာ လိုက်ပညတ်ရမဲ့အရွယ်မဟုတ်တော့ဘူး ဆိုတာ မင်းလိုပညာတတ်ကြီးတယောက်ဟာ သိဘို့ကောင်းတယ် ကျော်မြင့် မင်းလုပ်နေတဲ့ အလုပ်ဟာ ကောင်းတယ်၊ မကောင်းဘူးဆိုတာ မင်းဘာသာသိရမယ်….၊ ကဲမင်းဟာမင်းဆုံးဖြတ်နိုင်ရမယ်’ဟု အသံကိုတော်တော်ကြီးကျိုးစားကာ ထိမ်း၍ ခပ်မှန်မှန်ပြောဆိုလိုက်ရပေသည်။

‘ကျွန်တော်ကြိုက်လို့ သောက်တာကို အစ်ကိုကြီးက သိပ်ဩဇာပေးဘို့ မကောင်းဘူးထင်တယ်’

‘ဟေ့မင်းဟာက တရားလွန်လှပါကလားကွ’

‘ကျွန်တော် ကလေးမဟုတ်တော့ဘူးအစ်ကိုကြီး၊ ခင်ဗျားဩဇာကိုလဲ နေ့ရောတကာမှာမခံနိုင်ဘူး’….

ကျွန်တော်သည် ခြေထောက်နှင့်ဆောင့်ကန်လိုက်တော့မည်ပြုပြီးမှ မိမိကိုယ်ကို မနဲကြီးပြန်လည်ချုပ်တီး ထိမ်းသိမ်းလိုက်ရ၏၊ တသက်လုံးအကိုဖြစ်သူအား အာမခံမဆန့်ကျင်ခဲ့သော ညီကငုင်း၏မှားယွင်းနေသောအလုပ်ကို ဆုံးမသောအစ်ကိုအား ဘုပြောခြင်းအား အခံရခက်လှပေသည်။ သို့ရာတွင် ဒေါသဖြင့်အကြမ်းဘက်၍ ဆုံးမရမည့်အရွယ်နှင့် အချိန်သည်ကား မဟုတ်တော့။

‘မင်းဟာပျက်စီးချင်တိုင်းပျက်စီးနေတော့တာဘဲ ကျော်မြင့်ငါဖြင့် ပညာတွေဒါလောက်တတ်ထားတဲ့ လူတယောက်အဖြစ်

နဲ့ မင်းခုလိုပျက်စီးရတာကို တကယ်ပြောရရင် နဲနဲကလေးမှတော့ မအံ့ဩပါဘူး’

မောင်ကျော်မြင့်သည် ဘာမျှမပြောဘဲငြိမ်နေတည်။

‘ငါဟာ မင်းကို ဘယ်လောက်ချစ်လို့ မင်းအတွက် ဘယ်လောက် ငါ့ကိုယ်ကိုအနစ်နာခံနေရတယ်ဆိုတာကိုမင်းလဲငယ်တဲ့ အရွယ်မဟုတ်တော့လို့ စဉ်းစားတတ်ဘို့ကောင်းတယ်’

‘ကျွန်တော် ရှင်းရှင်း ပြောချင်တယ်ဗျာ....။ ခင်ဗျားရဲ့ ချစ်တာရော....ကျွန်တော့အတွက် အနစ်နာခံတယ် ဆိုတာရော ဘာမှမလိုချင်ဘူး၊ကျွန်တော့ဘာသာ လွတ်လွတ်လပ်လပ်နေရဘို့ သာဘဲလိုချင်တယ်’

‘မင်း....လွတ်လွတ် လပ်လပ် နေချင်တယ် ဆိုတာ....မြိုင်နဲ့ ပတ်သက်ပြီး စိတ်ကူးယဉ်နေတာသာဖြစ်ပါလိမ့်မယ်ကွာ’

‘ဒါကကျွန်တော့ကိစ္စပါဗျာ....၊ အစ်ကိုကြီးနဲ့ ဘာမှမဆိုင် ပါဘူး’

ကျွန်တော်သည်မြိုင့်အား သူ့ဘာသာသူ တဘက်သတ်စိတ် ကူးမျှော်မှန်းလျက် ကျွန်တော့အား သည်အထိ ဆန့်ကျင် ပုန်ကန်နေသောညီငယ်အား ငြိမ်ဝပ်သွားအောင် အနိုင်ယူလှည့် ဖြားရတော့မည်ဟု စဉ်းစားမိပေသည်။ နောင်ခါလာတော့မှ နောင်ခါစျေးဟု သဘောထားလိုက်ရပြီးနောက် ‘မြိုင့်အတွက် မင်းနောက်ဆုတ်ရင် ကောင်းလိမ့်မယ်လို့ ခုကထဲကဘဲသတိပေး ရတော့မှာပေါ့ကွာ....သီတင်းကျွတ်ရင် ငါနဲ့ မြိုင်နဲ့ လက်ထပ် ကြဘို့သဘောတူ စီစဉ်ထားကြပြီ’ ဟု ခပ်တည်တည်နှင့်ပင် လုပ် ဇာတ်ခင်းချလိုက်ရပေသည်။

ဇက်ကျိုးနေသူကဲ့သို့ ထိုင်နေသူသည်မီးစနှင့်ထိုးခြင်းခံလိုက်ရသကဲ့သို့ပင် မောင်ကျော်မြင့်သည် ဝုန်းကနဲ ထ,လိုက်ပြီးနောက် ကျွန်တော့အား စိမ်းစိမ်းဝါးဝါးကြီး ကြည့်ကာ ခင်ဗျားလိမ်နေတာ။ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး....'ဟု ပလုံဗးထွေးနှင့် ပြောနေ၏။

'မင်းကိုငါကလိမ်နေရမှာလားကွ....၊ ငါယူမဲ့မိန်းမဟာမင်းရဲ့မရီး....၊ မင်းရဲ့အစ်မကြီးဆိုဘာကို မင်းသတိရနေတို့ ကနေ့ညကဘဲ မင်းကို ကြပ်ကြပ် သတိပေးလိုက်ပါရဲ့ကွာ....'ဟု ကျွန်တော်၏ စကားအဆုံး၌ မောင်ကျော်မြင့်သည် နောက်ထပ်၍ ဘာမျှမပြောမဆိုချင်၊ မဆိုနိုင်တော့သောသူကဲ့သို့ ချာကနဲလှည့်ကာ သူ့အခန်းဘက်ဆီသို့ ဒယီးဒယိုင်နှင့် ထွက်သွားပါတော့သတည်း။

# မမြိုင်

## [ ၁ ]

ထိုကဲ့သို့ မောင်ကျော်မြင့်အား ကျွန်တော်က ပြောဆိုခဲ့သည့်နေ့မှစ၍ မောင်ကျော်မြင့်၏ အခြေအနေမှာ ကောင်းမွန်ပြောင်းလဲခြင်းမရှိသည့်အပြင် ဆိုးဝါးသည်ထက် ဆိုးဝါးလာသည်ဟုသာ ဆိုရပါလိမ့်မည်။ သူသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရမည့်အရေးကို လုံးဝရှောင်ကွင်းကာ အရက်ကိုသာအဖော်ပြုနေသည်။ ကျောင်းကိုလည်း တက်ချင်သည့်အခါမှ တက်၍ အိမ်သို့လည်း သုံးရက်တပတ်၊ လေးရက်တပတ်လောက်မှ ပြန်၍ အိပ်လေသည်။ အိမ်သို့ပြန်လာချိန်မှာ ညကြီးသန်းခေါင်းကျော်မှဖြစ်၍ ပြန်လာတိုင်းလည်း မူး၍မူး၍သာ လာတတ်လေသည်။

မြိုင် စစ်ကိုင်းချောင်းသို့ ထွက်သွားပြီးသည့်နောက် ရန်ကုန်တွင် ကျန်ရစ်နေခဲ့သော ကျွန်တော်တို့ညီအစ်ကို၏ အခြေအနေနှင့် ဆက်ဆံရေးမှာ တင်းမာဆိုးဝါးသည်ထက် ဆိုးဝါး၍သာလျှင် လာခဲ့လေသည်။ မလိုလားအပ်ဘဲနှင့် ဖြစ်ပေါ်လာခဲ့ရသော ကိစ္စကြီးတခုမှာ မောင်ကျော်မြင့်သည် မည်သည့်အချိန်က ခင်ခင်မြင့်တို့အိမ်သို့ သွားရောက်ကာ ကျွန်တော်သည် မြိုင်နှင့် သီတင်းကျွတ်လျှင် မင်္ဂလာဆောင်တော့မည့် အကြောင်းကို ပြောပြထားသည်မသိ။ ခင်ခင်မြင့်တို့အိမ်သို့ မြိုင် စစ်ကိုင်း

ချောင်းသို့ သွားပြီးနောက် တလခန့် အကြာ၌ရောက်ရှိသွားရာ၊ တအိမ်သားလုံးက ကျွန်တော့အား ခပ်စိမ်းစိမ်းနှင့် ခပ်တန်းတန်း လုပ်နေကြခြင်းပင် ဖြစ်တော့သည်။ ကျွန်တော်သည် ထိုကဲ့သို့ အိမ်ရှင်များက ခပ်မှန်မှန်နှင့် ခပ်အေးအေး လုပ်နေကြခြင်းကို သူတို့ဘာသာသူတို့ အိမ်တွင်းရေး တခုခုရှိ၍ အိန္ဒြေပျက်နေကြခြင်း ဖြစ်လိမ့်မည်ဟူ၍ပင် တွက်ဆကာ ခင်ခင်မြင့်အား ယခင်အတိုင်း စကားပြောတိုင်ပင်ရန် ကြိုးပန်းမိလေသည်။ သို့ရာတွင် ခင်ခင်မြင့်က ခပ်ပြောင်ပြောင်ပင် အတွေ့မခံဘဲ ဘိုက် နာခနေသည်ဟု အိပ်ရာထဲမှ ပြောလွှတ်သဖြင့် ကျွန်တော်သည် သူတို့အိမ်မှ ပြန်ဆင်းလာခဲ့ရသည်တိုင်အောင် ဘာမျှမရိပ်မိသေး

ထိုသို့ ခင်ခင်မြင့်တို့ အိမ်မှ စိတ်ညစ်၍ ပြန်လာခဲ့ရသောနေ့ ညနေက စစ်ကိုင်းမှ မြိုင်-ရေးလိုက်သော မြိုင်၏လက်ရေးနှင့်စာတစောင်ကိုရရှိသဖြင့် စိတ်ထဲတွင် ပြေပျောက်၍ သွားပေသည်။ မြိုင်က....မိတ်ဆွေကောင်း တဦးတယောက်အနေနှင့် အလွန်တရာ သတိရ အောက်မေ့ ကြောင်း များ နှင့် စစ်ကိုင်းချောင်တွင် အေးအေးချမ်းချမ်းနှင့် ကျန်းမာစွာ ရှိနေကြောင်းများအပြင် ငယ်ရွယ်၍ ရှုးရှုးဒိုင်းဒိုင်း လုပ်ချင်သော သဘာဝရှိပုံရသည့် မောင်ကျော်မြင့်အား လိမ်လိမ်မာမာ ထိန်းသိမ်းဘို့ရန် အနည်းငယ် ပူပန်စိတ်ဖြင့် သတိပေး ရေးသားလိုက်သော အကြောင်းအရာများသာ ဖြစ်လေလည်။

ကျွန်တော်၏ အခန်းထဲတွင် မြိုင်၏ ဝိုင်းစက်သော လက်ရေးနှင့် စာကိုဘတ်နေရစဉ် မောင်ကျော်မြင့်အား ငြိမ်ဝပ်ပိပြားသွားရန် အခြေအနေအရ လှည့်ဖြား၍ လုပ်ကြံ ပြောဆိုလိုက်

သော ကောသည် မှားယွင်း၍ လွန်များသွားလေမည်လားဟု ပူပန်စွာ ပြန်လည်တွေးတောမိပေသည်။ သို့ရာတွင် ကျွန်တော် သည် သိတ်လန့် စိုးရိမ်ခြင်းတော့ မဖြစ်မိပေ။ လွန်ပြီးသော အမှုအတွက် ကျရောက်လာမည့် တန်ပြန်မှုအား ဖြစ်သလိုရင်ဆိုင် ဘို့သာ ရှိလေသည်။

သို့နှင့် နေ့ရက်တို့သည် တတိတိနှင့် ကုန်ဆုံးခဲ့ရာ ဝါခေါင် တော်သလင်းလများ ကျော်လွန်၍ သီတင်းကျွတ် လဆန်းလာ သောအခါ၌ ကျွန်တော်သည် မြို့င်ပြန်ရောက်ရှိတော့မည်အရေး အတွက် ဝမ်းမြောက်ရမည့်အစား ပူပန်သလိုသည်း ဖြစ်မိပေသည်။ မောင်ကျော်မြင့်သည် ရှုူးရှုူးဒိုင်းဒိုင်းလုပ်တတ်သော အကျင့်ရှိ သဖြင့် မြို့င်-ပြန်ရောက်လာပြီးနောက်မြို့င်ဆီသို့သွား၍ ကျွန်တော် ပြောခဲ့သော ကိစ္စများအား ဖြောင်ဖွင့်၍မေးပါက များစွာ အရှုပ်ဆိုး ဂွကျကုန်မည့် အရေးအခင်းများသည် မြို့င်-ပြန်ရောက် လာဘို့ နေ့ရက်တို့ နီးကပ်၍လာလေ ကျွန်တော့အား ချောက် လှန့်လေလေ ဖြစ်နေပေသည်။

၎င်းအပြင် ကျွန်တော်သည် မြို့င်နှင့် သီတင်းကျွတ်တွင် မင်္ဂ လာဆောင်တော့မည်ဟူသော သတင်းကို ခင်ခင်မြင့်တို့ အိမ် သားများ အားလုံးက အတည်ဟု မှတ်ယူကာ ကျွန်တော့အား ခင်ခင်မြင့်၏ မိခင်က ဖြောင်ဖွင့်၍ မေးလာသဖြင့် ကျွန်တော် က မှန်လန်သည်အတိုင်း မောင်ကျော်မြင့်အား ငြိမ်ဝပ်ပိပြား သွားစေရန် လုပ်ကြံလှည့်ဖြား၍ ပြောထားရကြောင်းကို ရှင်းလင်း ပြောပြသော်လည်း၊ ခင်ခင်မြင့် ကိုယ်တိုင်ကအစ တအိမ်သား လုံးသည် လက်ခံယုံကြည်ခြင်း မရှိလှတော့ဘဲ ကျွန်တော့အား

ခပ်တည်တည်နှင့် ခပ်တန်းတန်း လုပ်ခဲ့ကြရာမှ ယခု အချိန်တွင် ခင်ခင်မြင့်နှင့် ကျွန်တော်တို့ ကြောင်းလမ်း စေ့စပ်ထားသော ကိစ္စမှာလည်း ပျက်ပြယ်သလို သဘောထားကြပေပြီ၊

ဤကဲ့သို့ တဘက်သတ် စွပ်စွဲချက်ဖြင့် ကျွန်တော့အား ပုံချလိုက်သော အရေးအတွက် ကျွန်တော်သည် ကာယကံရှင်ဖြစ်သော ခင်ခင်မြင့်အား တွေ့ဆုံ ပြောပြရှင်းလင်းရန် အကြိမ်ပေါင်းများစွာ ရှာဖွေကြိုးပန်းခဲ့ရာမှ အလွန်တရာ ခဲခဲယဉ်းယဉ်းနှင့် တကြိမ်မျှသာ လူချင်းတွေ့ရသော ခင်ခင်မြင့်ကလည်း ကျွန်တော့အားငှင်းကို နောက်ထပ်တွေ့ဆုံဘို့ ကြိုးစားခြင်းမပြုရန် ခပ်စိမ်းစိမ်း ပြောဆို၍ လွှတ်လိုက်ပေသည်။

ထို့ကြောင့် ယခုအခါ၌ ကျွန်တော်သည် ဘကြီးလည်းမတွေ့ ထီးတင်ပွဲလည်းမမှီ သူ၏ အခြေအနေထက် ဆိုးဝါးလှသော အခြေအနေသို့ ကျရောက်ရတော့ကာ ဆိုးဝါးသော ပြဿနာများကို မရှုနိုင် မရှိုက်နိုင် ရင်ဆိုင်ရပေတော့သည်။ သို့ရာတွင် ဤမလိုလားအပ်ဘဲနှင့် ဖြစ်ပေါ်လာခဲ့ရသော စိတ်မချမ်းမြေ့ဘွယ်ရာ ပြဿနာများအတွက် ကျွန်တော်သည် မောင်ကျော်မြင့်နှင့် ခင်ခင်မြင့်တို့အားငှင်း၊ မြိုင့်အားငှင်း အပြစ်တင်စရာဟု မထင်ပါ။ ထိုနည်းအတူ ကျွန်တော့ကိုယ်ကိုလည်း အပြစ်ရှိသည်ဟု မထင်မိ၊ မလွှဲသာ မရှောင်သာသော ဘဝ၏ တွေ့ကြုံရချက်များကို ရှောင်လွှဲနိုင်ရန် ကြိုးပန်းသော လူဘယောက်၏ ပြဿနာများကို ရင်ဆိုင်ရခြင်းထက် အခြားဘာမျှတော့မရှိ။

မြိုင် စစ်ကိုင်းမှ ရန်ကုန်သို့ ပြန်ရောက်သည့်နေ့ ညနေက ဘူတာရုံသို့ သွားရောက် ကြိုဆိုကြသူများထဲ၌ ကျွန်တော်မပါ ခဲ့သဖြင့် မောင်ကျော်မြင့် တယောက်တော့ပါသည် မပါသည် ကို ကျွန်တော်သည် မြိုင် ရောက်လာသောနေ့၌ စိတ်ချယုံကြည် စွာ ပြောနိုင်လောက်သော အထောက်အထားကို ရရှိခဲ့ပေသည်။ ထိုအထောက်အထားမှာ မြိုင်၏ ဝိုင်းစက်သော လက်ရေးကလေး များနှင့် လူလွှတ်၍ ပေးခိုင်းလိုက်သော စာကလေးတစောင်ပင် ဖြစ်ပေသည်။

မြိုင်၏စာမှာ တိုတိုတုတ်တုတ်နှင့် လိုရင်းအချက်ကိုသာ ရေး လိုက်ဟန်ရှိ၏။ မေးလိုက်ပုံရ၏။

**ကိုကျော်ဘင့်**

ရှင်က မြိုင်နဲ့ ရှင်နဲ့ ခုသီတင်းကျွတ်ရင် မင်္ဂလာ ဆောင်ကြ တော့မယ်လို့ ရှင့်ညီ မောင်ကျော်မြင့်ကို ကြွားထားတယ်ဆိုတာဟာ ဟုတ်သလား၊ ဒီကိစ္စကိုလဲ ရှင်နဲ့ စေ့စပ်ထားတဲ့ မိန်းမနဲ့ သူ့မိဘတွေပါ သိကုန် ကြလို့ ရှင်နဲ့လန်ကုန်ပြီလို့ကြားရတဲ့အတွက် ရှင့်အပြစ် နဲ့ရှင်ခံရတာဘဲ။

ရှင် ဒီလိုပြောတာဆိုတာဟာအမှန်ဘဲလား ဆိုတာကို ဖြေပါ—။ မြိုင်က ရှင့်ကို ရိုးသားတဲ့ လူတယောက်လို့ မှတ်ထင်ခဲ့တဲ့အတိုင်း ရှင့်ဆီက ရိုးရိုးနဲ့ မှန်မှန်ပေးတဲ့ အဖြေကို အမြန်ဆုံးကြားချင်တယ်။

'မြိုင်'

(၁၂၈)

မန်းမောင်တင်အောင်

ရှိးသားသည်ဟု မြိုင်က ယူဆ ယုံမှတ်ထားသူ တယောက် အနေနှင့် ထိုအမေးကို ကျွန်တော်ကမဖြေနိုင်ပါ။ ဖြေ၍လည်း မဖြစ်နိုင်ပါ။

ကျွန်တော်သည် ထိုစာရွက်ခေါက်ကို လက်ထဲတွင်ကိုင်ရင်း တုန်လှုပ် ချောက်ခြားနေပေသည်။ ရှက်ခြင်းနှင့် ဝမ်းနည်းခြင်း ဝေဒနာနှစ်ရပ်ကို တပြိုင်တည်းခံစားနေရပေသည်။

မြိုင်သည် ကျွန်တော်၏ထံမှ အဖြေကိုကား တောင်းလိုက် လေပြီ။ ကျွန်တော်သည် အဘယ်ကဲ့သို့ပေးနိုင်ပါမည်နည်း။

မြိုင့်အတွက်နဲ့ ကျွန်တော့အား လက်ထပ်ရန် စောင့်ဆိုင်းနေ ခဲ့သော ခင်ခင်မြင့် ကိုလည်း ဆုံးပါးခဲ့ရပေပြီ။ ဤကမ္ဘာဝယ် နှင်သောက်ထဲသာ ရှိသော ညီအစ်ကို အချင်းချင်းသည်လည်း မြိုင့်အတွက်နှင့် စိတ်ဝမ်းကွဲခဲ့ကြရပြီဖြစ်သဖြင့် ချစ်ခြင်းမေတ္တာ တို့သည်း ခမ်းချောက် ခေါင်းပါးခဲ့ရလေပြီ။ တကယ်ဆိုသော အခါ ကျွန်တော်၏ အေးချမ်းခဲ့ရသော ဘဝကြီးသည်ပင် အောက်ခြေမှယိုင်လဲကာ ပြိုပျက်စပြုရပေပြီ။

ကျွန်တော်သည် မြိုင်ကဖြေကြားရန် တောင်းဆိုလာသောအ ဖြေကိုမပေးနိုင်ပေ။ ထို့ကြောင့် ဆန်စက်ဘက်သို့အိမ်မှထွက်လာ ခဲ့ပြီးနောက် 'မြိုင်တောင်းသော အဖြေကို မပေးနိုင်သည့်အတွက် ဝမ်းနည်းပါသည် ကျော်တင့်'ဟူသော စာတိုကလေးအား ဗာဟီ ရ ခိုင်းထားသော ရုံးစေသူငယ်ကလေး တယောက်အား မြိုင့်ထံ သို့ အပေးခိုင်းလိုက်ရသည်။

ထိုနေ့တနေ့လုံး ကျွန်တော်သည် ရှက်လည်းရှက်၊ ဝမ်းလည်း နည်း၊ ဒေါသလည်းထွက်နေမိသည်။ ရှက်စရာ ဝမ်းနည်းစရာနှင့် ဒေါသထွက်စရာများကို တကြိမ်ထဲ၊တခါထဲမှာ ကျွန်တော်သည်

ရင်ဆိုင်နေရပေသည်။တကယ်တန်း တရားခံကို ရှာဖွေသောအခါ တရားခံကိုကား ရှာဖွေ၍မတွေ့မိ။ ခင်ခင်မြင့်သည် ဤရှုပ်ထွေးမှုကြီးထဲ၌ တစိုးတစေ့မျှမပေါ။ ဖိုခနောက်ဆိုင် ဖြစ်နေကြသော မြိုင်၊ မောင်ကျော်မြင့်နှင့် ကျွန်တော်တို့ သုံးယောက်တွင် ဘယ်သူ့၌ အပြစ်ရှိပါဦးမည်နည်း။

ကျွန်တော်သည် စက်၌လည်းနေ၍မဖြစ်။ ထို့ကြောင့်အိမ်သို့လည်းမပြန်ချင်ဘဲ ညဉ့်နက်သန်းခေါင်အထိ ရုပ်ရှင်တပွဲပြီးတပွဲဝင်ကြည့်နေမိလေသည်။ ည ၁၂-နာရီတွင် ရုပ်ရှင်ပွဲများအားလုံးပြီးစီး၍ အိမ်သို့ကားနှင့် မပြန်ချင့်ပြန်ချင်လာခဲ့ရသည်။ အိမ်တွင် ယခင်က ကျွန်တော့အား မျက်နှာချင်း ဆိုင်ရမည်ကို ကြောက်ရွံ့ ရှောင်ကွင်းနေခဲ့ဘူးသော ညီဖြစ်သူ မေနှင့်ကျော်မြင့်အား ယခုအခါ၌ ကျွန်တော်ကပင်ပြန်၍ မျက်နှာချင်းဆိုင်ရမည်ကို ထိတ်လန့်သလိုဖြစ်မိသည်။ မြိုင်၏စာသည်ကျွန်တော့အား ညီဖြစ်သူကိုပင် မျက်နှာချင်း မဆိုင်ရဲလေက်အောင် ချောက်လှန့်သိမ်ငယ်နေစေပေသည်။

သို့ရာတွင် အိမ်နှင့်ယာနှင့် လူကြီးတယောက်ကဲ့သို့ နေထိုင်ရသူဖြစ်၍ အိမ်၌ပြန်မအိပ်၍ကား ဘောမှအိမ်နီးနားချင်းကြား၍ တော်လှသောကိစ္စမဟုတ်ပေ။ အိမ်သို့ ရောက်သောအခါ ကျွန်တော်သည် အပေါ်ထပ်၌ မီးများလင်းနေသဖြင့် မောင်ကျော်မြင့်သည် မအိပ်သေးဘဲ ကျွန်တော့အား စောင့်ဆိုင်းနေသည်ကို ရိပ်မိပေသည်။ အပေါ်ထပ်သို့ တက်လာသောအခါ ဧည့်ခန်း၌ စားထိုင်ဘတ်ရင်း စောင့်နေသော မောင်ကျော်မြင့်သည် ကျွန်တော့ဆီသို့ ရှောက်လာကာ 'အစ်ကိုကြီးလုပ်ပုံတွေ မဟုန်လို့ ဘယ်လောက် အသုံးမကျ ဖြင်ကုန်ရသလဲဆိုတာ....ကျွန်တော်

ပြောချင်လို့ တမင်ဘဲ စောင့်နေတာ—'ဟု ဆီးကြို၍ နှုတ်ဆေတော့သည်။

'ဘာလဲကွ၊ မြိုင့်ကိစ္စပြောချင်တာလား' ခပ်တည်တည်နှင့်ပြန်၍ ကျွန်တော်သည် မေးလိုက်မိ၏။

'ကျွန်တော်ဖြင့်ရှက်လွန်းလို့ဗျာ၊ မျက်နှာကိုတောင် ဒါးနှင့်လှီးပစ်လိုက်ချင်တာဘဲဗျာ'

'ဘာလို့ ဒါးနှင့်လှီးပစ်ဦးမှာလဲကွ၊ တခါထဲ ကိစ္စအေးသွားအောင် ငါ့ခြောက်လုံးပြူးရှိသားဘဲ၊ ကိုယ့်ကိုယ်ကို ပစ်သတ်လိုက်ပါလား'ဟု ကျွန်တော်က ပိုမိုများပြားလွန်းပုံရသောညီဖြစ်သူအား ခပ်နာနာနှင့် မာမာကလေးပင် ပြောဆိုလိုက်မိပေသည်။

'အစ်ကိုကြီးကတော့ တဇောက်ကန်းပြောဘို့ဘဲ တတ်တယ်၊ မြိုင့် အပြောအဆိုကိုခံရတော့ ကျွန်တော်'

'ဟေ့ကောင် ကျော်မြင့် မင်းဟာက များလွန်းမနေဘူးလားဘာများ ဒါလောက်ကြီးကျယ်တဲ့ ကိစ္စမို့လဲကွ'

'ကျွန်တော်တော့ နောက်ဆပ်ပီး မြိုင့်ဆီကို မသွားရဲတော့ဘူးဗျာ'

'မသွားရဲရင်မင်းကိုဘယ်သူကမသွားမနေရဘူးပြောလို့လဲ'

'အစ်ကိုကြီးလုပ်ပုံက ခက်ပါတယ်ဗျာ—ခက်ပါတယ်'

ကျွန်တော်သည် မောင်ကျော်မြင့်ဖြစ်နေရပုံနှင့် ပြောနေပုံကို ဒေါသလည်းထွက်၊ သနားလည်းသနားသလိုဖြစ်နေမိသည်။ သူသည် မြိုင့်အပြောအဆိုကိုခံခဲ့ရ၍ ရှက်ချင်လည်းရှက်နေပေမည်။ မြိုင်နှင့်ဤကဲ့သို့ အရုပ်ဆိုးမှုဘာခုဖြစ်ပွားရခြင်းအတွက် ဝမ်းနည်း

နေပုံသည်း ရပေသည်။ သို့ရာတွင် ပညာတတ် ယောကျ်ားကြီး တယောက်အနေနှင့် သူသည် ဤမျှညံ့ဖျင်းရန်မတော်လှပေ။

'မင်းဟာ ဒီအသက် အရွယ်လဲရောက်လို့ ပညာတွေလဲ ဒါလောက်သင်ထား တတ်ထားပြီးမှ မိန်းမတယောက်အတွက်နဲ့ ကိုယ့်ဂုဏ်သိက္ခာမှမထိန်းသိမ်း မငဲ့ကွက်နိုင်လောက်အောင်သဲလွန်း တာကတော့ လွန်လွန်းလှတယ်ကွာ' ကျွန်တော်က မောင်ကျော်မြင့် အား စူးစိုက်ကြည့်ရင်း တလုံးချင်း ပြောဆို လိုက်မိပေသည်။ သည်တချက်ကိုတော့ သူသည်ဘာမျှ ပြန်၍မပြော။

'မင်းဟာ မြိုင့်အတွက်နဲ့ ဘယ်လောက် လေခဲ့သလဲဆိုတာ မင်းကိုယ်မင်းက မသိပေမဲ့ မင်းကိုချစ်တဲ့မင်းရဲ့ အကိုကြီးအနေနဲ့ ဖြစ်ဖြစ် မင်းအပေါ်မှာ ထိန်းသိမ်းအုပ်ချုပ်ရမဲ့ အကြီးအကဲ တယောက်အနေနဲ့ဘဲဖြစ်ဖြစ် ကြည့်လာတွေ့လာခဲ့ရတဲ့ငါကတော့ အကုန်လုံးသိတယ်။ ဒီလိုသိလာရလို့ မင်းကိုမလွန်မကျွံသွားရ အောင် မမှားယွင်းသွားရအောင် ငါဟာ မင်းနောက်က တကောက်ကောက်လိုက်ပြီး ထိန်းသိမ်းခဲ့ရတာကို မင်းကမင်းနဲ့ ပြိုင်ပိုးဘက်လို့ များမှတ်နေသလား'

မောင်ကျော်မြင့်သည် ငြိမ်သက်စွာ နားထောင်၍နေ၏။ ပြန်ပြောခြင်းမပြုတော့။

'မင်းဘာသာမင်း ခေါင်းအေးအေးနှင့် စဉ်းစားကြည့်စမ်း၊ ဒို့အဖေသေသွားတဲ့နေ့ရက်ကစပြီး ငါဟာ မင်းအပေါ် ဘယ် လောက် ဂရုစိုက်ပြီး အစေအရာရာ အလိုက်သိခဲ့သလဲ မင်းအတွက် ငါဟာ ဘယ်လောက်ငဲ့ပြီး ခြိုးခြံခဲ့တာတွေကို မင်း ဒီအသက် ဒီအရွယ်မှာတော့ အကျိုးသင့် အကြောင်းသင့် စဉ်းစားတတ်ဘို့ ကောင်းပြီ ဒါပေမဲ့ ဒီ 'မြိုင်' ဆိုတဲ့ ဇာတ်သမနဲ့မင်းတွေ့လာပြီး

ကတဲ့က မင်းဟာ အသိဉာဏ်နဲ့ ဦးနှောက်မရှိတဲ့ သတ္တဝါလို ရှောက်လုပ်နေခဲ့တာကို ငါ ဘယ်လောက် စောင့်ရှောက် ထိန်း ကျောင်းခဲ့ရသလဲ၊ မင်းထက် မြိုင့်အကြောင်းမြိုင့်သဘောကို ငါက ပိုနားလည်တယ်၊ သိလဲသိတယ်။ မင်းနဲ့ မဖြစ်ဘူးဆိုတာကို ငါ ပြောရဲတယ်၊ ဒါပေမဲ့ မင်းဟာဒီလိုပြောလို့ရမယ်လဲ မဟုတ်ဘူး၊ အရူးအမူး ဖြစ်နေတယ်။ သဲသဲမဲမဲဖြစ်နေတယ်။ အဲဒီတော့ မြိုင့် အပေါ်ကို မင်းစိတ်ပျက်သွားအောင် စိတ်နာသွားအောင် ငါက ဒီလိုမြိုင်နဲ့ မင်္ဂလာဆောင်တော့မယ်လို့ ပြောတာထက်လဲပြီး ဘာ များ ရှိနိုင်ဦးမလဲ’

မောင်ကျော်မြင့်သည် နောင်တရသူကဲ့သို့ မျက်နှာညှိုး၍ နေ၏။ ခေါင်းကိုလည်းငုံ့ထား၏။ ပါးစပ်လည်းမဟတော့။

‘ဒီအထိ ငါက ထိန်းသိမ်းခဲ့တာတောင် မင်းဟာ မစဉ်းစား တတ်သေးတဲ့ ကလေးတယောက်လို မြိုင်ကနေ့ရောက်တယ်ဆိုရင် ချက်ချင်းသွားတွေ့ပြီး မေးဖြစ်အောင် မေး လိုက် ထာ များ အံ့တယ်ကွာ’

‘ကျွန်တော်ကတော့ မနေနိုင်တော့လို့ သွားမေးမိတာဘဲလေ အဲဒါ အစ်ကိုကြီးဘယ်လိုစီစဉ်ပြီး ဖြေရှင်းမလဲ’

‘ဖြေရှင်းဖို့ဆိုတာက ခက်တဲ့အလုပ် မဟုတ်ပါဘူးကွ။ အဓိကပြဿနာက မင်းစိတ်ကိုမင်း ထိန်းနိုင်, မထိန်းနိုင်ဆိုတာ ဟာသာ ပြဿနာပါ’

မောင်ကျော်မြင့်သည် ခေါင်းကိုအတန်ကြာမျှ ကုတ်ဖွ၍ နေလေသည်။

‘မြိုင်လို မိန်းမတယောက်ကို မင်းက ကစားစရာ မှတ်နေ သလား၊ တနေ့ဘေးတွေ့သွားမယ်’

မောင်ကျော်မြင့်သည် ငြိမ်သက်နေ၏။ စောစောကကဲ့သို့ ကား မဟုတ်တော့။

'အဲဒီတော့ မင်းကိုယ်ကိုမင်း ထိန်းဘို့ဘဲကျန်တယ်။ အဲဒါ မင်းထိန်းနိုင်ပါ့မလား'ဟု ကျွန်တော်က ငြိမ်သက်စွာ ရပ်နေသော မောင်ကျော်မြင့်အား သွေးခမ်းသလို ခပ်အေးအေးနှင့် မေးလိုက်ရပေသည်။

'ကျွန်တော်လဲ ဒါလောက်တောင် မဟုတ်သေးပါဘူး အစ်ကိုကြီး'ဟု မောင်ကျော်မြင့်က တလုံးချင်း ဖြေးညှင်းစွာဖြေသည်။

'ရှင်းရှင်းပြောရရင် ဒို့ညီအစ်ကိုဟာ ဒီဘက်ကအတွေ့ အကြုံနည်းပါးပီး အရိုင်းသက်သက်တွေဘဲ မဟုတ်လား၊ တော်တော်ကြာ 'မူး'လောက်ကို ရောမမြစ်ကြီးထင်ရင် ဒုက္ခများကုန်ကြလိမ့်မယ်'

မောင်ကျော်မြင့်သည် ကျွန်တော်၏ ဖြေရှင်းချက်ကို စောင့်ဆိုင်းနေသကဲ့သို့ ဘာမျှ ပြန်မပြောတော့ဘဲ ငြိမ်သက်စွာသာ နားထောင်နေတော့၏။

'မိုင်နဲ့ ခုလိုဖြစ်တဲ့ကိစ္စကို ငါက နောက်လိုက်တာ မင်းက အဟုတ်မှတ်သွားတဲ့အနေမျိုးနဲ့ မင်းနဲ့တွေ့တဲ့အခါလဲ ပြန်ပြော၊ ငါကလဲ ဒီလိုပြောလိုက်ရင် ပီးသွားရှင်းသွားနိုင်သားဘဲ'

'ဟုတ်ကဲ့'

'အဲဒီတော့ စောစောက မင်းပြောသလို မျက်နှာကို ဒါးနဲ့လှီးပစ်စရာလဲ မလိုတော့ဘူးမဟုတ်လား၊ ဒို့ညီအင်ကိုလဲ အဖေ့အလောင်း အိမ်ပေါ်က ချတဲ့နေ့တုံးက တယောက်ကိုတယောက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းတိုင်ပင်ပီး နေသွားဘို့ စလိုသေးတယ်'

'ဟုတ်ကဲ့....'

'အေး....ဒီလိုဆိုရင်ပီးတာဘဲကွာ၊ မင်းကိုယ်ကိုလဲ အစစအရာရာ ထိန်းသိမ်းနေ'

ကျွန်တော်သည် ထိုနေ့ညက ပျောက်ဆုံးသွားသော ကစားစရာ အချပ်ကို ပြန်လည်ရရှိခဲ့သော ကလေးတယောက်၏ ဝမ်းသာခြင်း ဝေဒနာမျိုးကို ခံစားရပေသည်။ တော်တော်နှင့် အိပ်၍လည်းမဖြစ်။

မြိုင့်အား လူချင်း မတွေ့နိုင်တော့လောက်အောင် မိတ်ပျက်သွားခဲ့ပြီဟုထင်မှတ်ခဲ့ရာမှ မြှော်လင့်ခြင်းအတွက် ရောင်ခြည်ဦးကို မြင်ရပေပြီ။ နှစ်ယောက်ထဲသာ ရှိသော ညီအစ်ကိုချင်း အကြီးအကျယ် စိတ်ဝမ်းကွဲပြားရတော့မည့်အရေးမှ ကြေချမ်းနားလည်မှုကို ပြန်လည်ရရှိကာ ဥမကွဲ သိုက်မပျက် နေနိုင်ပေတော့မည်။ သို့ရာတွင် ကျွန်တော်သည်မိန်းကလေးတန်မဲ့ ဆောင့်ဆိုင်းနေရှာသော ခင်ခင်မြင့်ကိုကား ဆုံးပါးရပေပြီ။

# [ ၃ ]

ထိုကဲ့သို့ မြိုင့်အတွက်နှင့် ညီအစ်ကိုချင်း စိတ်ဝမ်းကွဲခဲ့ရသော အကြောင်း အရာများအား အထိုက်အလျောက် ဖြေရှင်းလိုက်နိုင်ခဲ့ပြီးသော နေ့ရက်မှစ၍ ကျွန်တော်တို့ ညီအစ်ကို၏ အခြေအနေသည် များစွာ စိုပြေ ကောင်းမွန်၍ လာလေသည်။ တယောက်နှင့် တယောက် စကားမပြောနိုင် လောက်အောင် ဆိုးဝါးခဲ့သော အခြေအနေမှ တယောက်နှင့် တယောက် ယခင်ငယ်စဉ်က ကဲ့သို့ ရင်းရင်း နှီးနှီး ချစ်ချစ်ခင်ခင်

ပြောဆို ဆက်ဆံ လာနိုင်ကြပေသည်။ ကာလ အတန်ကြာ ချောက်ကပ်တိတ်ဆိတ်နေခဲ့သော အိမ်ကြီးသည် စိုစိုပြေပြေရှိလာကာ အိမ်တွင်ရှိကြသူများသည်လည်း ရိုက ေမောကာနေလာကြပေသည်။ ကာလ အတန်ကြာမျှ အိမ်ကြီးသို့ လမ်းပိတ်နေခဲ့သော မောင်လှမြင့် နှင့် မောင်သူတော် တို့ပင်မကြာခဏ ပေါက်၍ ပေါက်၍လာတတ်ကြလေပြီ။

မြိုင့် ပြဿနာအား ညီအကိုချင်း ပြေလည် သွားအောင် ဖြေရှင်းပြီး သွားသော နောက်တနေ့ မှာပင် မောင်ကျော်မြင့်သည် သူ့ဘာသာသူ မြိုင့်ဆီသို့သွားရောက်ကာ မနေ့က သူ ပြောမိခဲ့သော စကားမှာ သူ့အကိုကြီးက နောက်ပြောင်သော စကားကိုအဟုတ်တကယ် ထင်မှတ်၍မှာ ယွင်း ပြောမိကြောင်း ကိုဖွင့်ပြောခဲ့ပုံရလေသည်။ ထို့ကြောင့်ပင် မြိုင်သည် ထိုနေ့ ညနေစောင်းတွင် ၎င်း၏ကားကလေးနှင့် မလာစဘူး ကျွန်တော်၏အိမ်သို့လာရောက်ကာ သူမရေးလိုက်သောစာကို ပြန်၍ တောင်းပန်ခြင်းပြုလာပေသည်။ ထိုသို့မြိုင်-လာရောက်စဉ်က မြိုင်နှင့်အတူ ကားမောင်း၍ လိုက်ပါလာသော အသက်၃၀-သာ သာခန့် မွန်မွန်ရည်ရည်နှင့် ခန့်ခန့်ညားညား လူတယောက်ပါ လာသည်ကိုလည်း ကျွန်တော် သတိပြုလိုက်မိပေသည်။ ထိုသူသည် အလွန်အဘိုးတန်သောအဝတ်အစားနှင့် လက်ဝတ်လက်စားများကို တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသဖြင့် ထူးဆန်းသလိုဖြစ်နေပေသည်။

'ဒါက မြိုင်နဲ့ သိပ်ခင်တဲ့မိတ်ဆွေ ဦးကျော်တင့်ဆိုတာဘဲ၊ ကိုဘထွန်းရဲ့၊ သူကမြိုင့်အရင် အိမ်ထောင်ရှင်ရဲ့မိတ်ဆွေ ပီးတော့

မြိုင်ရဲ့ မိတ်ဆွေဘဲဆိုပါတော့ မိုးကုတ်က ကျောက်တွင်း သူဌေး ဦးဘထွန်းလေ’

မြိုင်က ကျွန်တော်နှင့် ထို ကိုဘထွန်းဆိုသူအား မိတ်ဆက်ပေးရာ၌ ကျွန်တော်သည် ထိုသူနှင့် မိတ်ဆွေဖြစ်ရန် ဟက်ဟက်ပက်ပက်မရှိလှပေ။ ထိုသူကလည်း ကျွန်တော်ကဲ့သို့ပင် ဟက်ဟက်ပက်ပက်အမူအရာမပြဘဲ ပြုံးရုံဆိုကာမျှသာပြုံး၍ တယောက်ကို တယောက် အသိသမှတ်ပြုကြခြင်းဖြစ်လေလည်း။

‘ကိုဘထွန်းက မြင်းလောင်းတော့ သိပ်ဝါသနာပါတဲ့ အကြောင်း ပြောထားရဦးမယ်၊ ကျောက်အောင်လို့ တပတ်တပတ်ရန်ကုန်ကိုဆင်းလာရင် သုံးလေးထောင်လောက်ရှုံးပြီးမှ ပြန်တတ်တယ်’ မြိုင်က သူမ၏မိတ်ဆွေဆိုသော မိုးကုတ်ကျောက်တွင်းသူဌေး၏ လူကြီးလူကောင်း အကျင့်စင်ရိတ္တကို ဂုဏ်လုပ်ချီးကျူးနေသည်။ ထိုကဲ့သို့မြိုင်၏ ချီးကျူးခြင်းအား ကျောက်ကုန်သည်ကလည်း များစွာဂုဏ်ရှိလှသကဲ့သို့ ကျွန်တော့အား ပြုံးပြုံးကြီးကြည့်နေလိုက်သေးတော့၏။

ကျွန်တော်ကလည်း အထိုက်အလျောက် လိုက်လျောပြုံးလိုက်ရပေသည်။

‘တပ် (၈) မှာ ရှင်လဲ မင်းဘားမဟုတ်လား ကိုကျော်အင့်မင်းဘားဆိုပေမယ့် ရှင်က ဘယ်တော့မှ မြင်းပွဲသွားတဲ့လူလဲမဟုတ်လို့ မြင်းနဲ့ ဂျော်ကီအကြောင်း သိမှာမဟုတ်ပါဘူး’ဟု မြိုင်ကပင် ကျွန်တော့အား လူညံ့တယောက် အနေထားကာကျောက်ကုန်သည်ဘက်သို့လှည့်၍ ညည်းညူပြောဆိုနေ၏။

'ကိုကျော်တင့်က တပ် (၆) မှာ မင်းဘားလား၊ ဒီလိုဆိုရင် ဟန်ကြတာဘဲဗျာ'ဟု ကျောက်ကုန်သည်က အညာလေခပ်ဝဲဝဲဖြင့် သူ့ဘာသာသူ သဘောကျသလို ပြောဆိုနေပြန်၏။

ငှင်းရေးလိုက်သောစာအတွက် မောင်ကျော်မြင့်၏ ပြ်လည် ရှင်း လင်း ပေး ခြင်း ကြောင့် မှိုင်သည် ကို ဘ ထွန်း ဆိုသူနှင့် ကျွန်တော့အိမ်သို့မလာစဘူး လာရောက်ကာ ငှင်းအထင်မှားရှိ နှင့်သီးစွာရေးလိုက်သောစာအားမည်ကဲ့သို့မျှ သဘောမထားရန် ပြောကြားရာမှ ခြံထဲတွင် ဟိုရှောက် သည်ရှောက်နှင့် တနာရီ သာသာခန့် အချိန်ကုန်သွားခဲ့ပေသည်။

မှိုင်သည် ကျွန်တော်၏အိမ်ပေါ်သို့ ငှင်းအား မဘိတ်ခေါ် ဘဲနှင့် တက်ကြည့်ကာ ကုလားထိုင် စားပွဲထားပုံကအစ ပန်းချီ ကားများ ဆွဲချိတ်ထားပုံအထိ ဘယ်က ဘယ်လို ထားပါသား၊ ဟိုလိုထားရင် ပိုကြည့်ကောင်းလိမ့်မယ်၊ ခန့်တယ် စသည်ဖြင့် ဆရာမကြီး လုပ်သွားလိုက်သေးသည်။ အကယ်၍သာ တစိမ်း ဖြစ်သော ကျောက်တွင်းသူဌေး ကိုဘထွန်းဆိုသူသာ ပါမလာဘဲ မှိုင်တယောက်ထဲဆိုလျှင် ထိုကဲ့သို့ လာရောက်လည်ပတ်၍ ဆရာမ လုပ်ခြင်းကိုပင် ကျွန်တော်သည် များစွာ ကြည်နူးခြင်း ဖြစ်လိမ့် မည်ထင်၏။ ကျေနပ်မည်လည်းထင်၏၊

မှိုင်၏ အတင်းအဓမ္မ ဆွဲခေါ်ခြင်းကို မလွန်ဆန်နိုင်သော ထိုနေ့ညနေက ကျွန်တော်သည် တရုပ်ဟော်တယ်တခု၌ မိတ်ဆက် ထမင်းစားပွဲကိုလိုက်ပါခဲ့ရသေးသည်။ ကျွေးမွေးသူမှာ ကျောက် ကုန်သည်ဖြစ်လေသည်။

မှိုင်သည် ကျောက်ကုန်သည် မိတ်ဆွေအား များစွာ အရေး ပေး–ငှင်နှီးလှပုံရသည်ဟု ကျွန်တော်သည် အကဲခတ်မိသည်။

ထိုအညာသားကလည်း မြိုင့်အား ကျွန်တော် တွေ့ဘူးခဲ့သော မြိုင်၏ အသိမိတ်ဆွေ ယောကျ်ားများထက် မြိုင့်အား ပိုင်ပိုင်နိုင်နိုင်နှင့် ရင်းရင်းနှီးနှီး ပြောဆိုတတ်ခြင်းများကို တညနေ ပိုင်းအတွင်းမှာ တွေ့လာရသောအခါ၌ ကျွန်တော်သည် ထို ကျောက်ကုန်သည်အား မနာလို ဝန်တိုသောစိတ်များ ဖြစ်ပေါ် လာခဲ့ရပေသည်။ ထိုကဲ့သို့ ပိုင်ပိုင်နိုင်နိုင် ပြောနေသော မိတ်ဆွေ အား မြိုင်သည် များစွာ ကြေနပ်နေပုံရသည်ကို တွေ့မြင်သွား ရသောအခါ၌ ကျွန်တော်သည် မြိုင့်အား မကျေမချမ်းဖြစ်ဘို့ ကောင်းသည်ထက် ကိုဘထွန်းအား မြိုင့်အနီးမှ အဝေးသို့ ကန် ထုတ်ရလျှင် ကောင်းမည်နည်းဟူသော နည်းလမ်းကိုသာ ကြံဆ မိသည်။

တရုပ်ဟော်တယ်၌ ညစာစားပြီးသွားကြသောအခါ ၇-နာရီခွဲ သာသာခန့်ရှိသေးသဖြင့် ကိုဘထွန်းက ညစာကျွေးပြီးပြီ ဖြစ် သဖြင့် ကျွန်တော်က ည ၉-နာရီခွဲရုပ်ရှင်ကိုပြသရန် တာဝန်ယူဘို့ မြိုင်က ရီကာပြုံးကာနှင့် ပြောလာသောအခါ ကျွန်တော်သည် မြိုင့်ကို မလွန်ဆန်နိုင်ဘဲ တယ်လီဖုန်းကောက်၍ကိုင်ကာ ရုပ်ရှင်ရုံ မန်နေဂျာအား ဘောက်(စ်)မှ လူသုံးယောက်အတွက် နေရာပေး ထားဘို့ အကြောင်းကြားပြီးနောက် ည ၉-နာရီပွဲကို မြိုင်နှင့် နှစ်ယောက်ထဲမဟုတ်သဖြင့် မကြည့်လိုလှသော်လည်း ကြည့်ခဲ့ရ ပေသည်။

ရုပ်ရှင်ကို ကြည့်သည်ဟုသာ ဆိုရသော်လည်း မြိုင်သည် ကိုဘထွန်းကိုသာ မကြာခဏ ခပ်တိုးတိုး စကားပြောရင်း တယောက်တလှည့်စီ သဘောကျသလို ခပ်အုပ်အုပ် ရီမောနေ တတ်သဖြင့် မြိုင်၏တဘက်ဘေးတွင် ထိုင်နေရသော ကျွန်တော်

သည့် ဟားယောက်ထဲ ကြောင်နေသလို ဖြစ်နေရပေတော့သည်။ အားလပ်ခွင့် ပေးသောအခါ၌ ကျွန်တော်သည် ဆက်တိုက် သည်းညည်းခံအောင့်အဦးလုပ်နေရသောအလုပ်ကိုမှိုင့်တယောက် အတွက်နှင့်သာဆိုလျှင် ကြိတ်မှိတ်၍ သည်းညည်းခံနိုင်လိမ့်မည်ဖြစ် သော်လည်း ကျွန်တော်ကိုယ်တိုင် သဘောမကျဘဲ မနာလိုဝန်တို ဖြစ်နေသော အခြား ယောက်ျားတယောက်ပါ ပါနေသော ကြောင့် ခေါင်းအလွန်ကိုက်ခဲလာသဖြင့် အိမ်သို့ တပိုင်းတစနှင့် ပြန်ခွင့်ပြုရန် ဝတ်ကြောတ်ကုန် ပြောဆို၍ အိမ်သို့ ပြန်လာခဲ့ရ ပေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဆယ်နာရီသာသာ ရှိသေး သဖြင့် မောင်ကျော်မြင့်နှင့် ၎င်း၏သူငယ်ချင်း မောင်သူတော်တို့ စာကြည့်ခန်းထဲ၌ စကားပြောနေသည်ကို တွေ့ရလေသည်။ သူတို့ နှစ်ယောက်သည် စိတ်ကူးယဉ်တတ်လွန်းသော တက္ကသိုလ်ပညာ တတ်ကြီးများပြီပြီပင် သူတို့ အသက်ရှင် နေထိုင်လျက်ရှိသော မြေကြီးနှင့် ပစ္စုပ္ပန် ဘဝများကို သတိမှုမထားနိုင်ဘဲ နောင် တမလွန်ဘဝ ရှိနိုင် မရှိနိုင်ဆိုသော ပြဿနာကြီးတရပ်ကို အချိန် ကုန် လေကုန်ခံ၍ ဆွေးနွေးနေကြပေသည်။

ကျွန်တော်သည် သူတို့ဆွေးနွေးနေကြသော စာကြည့်ခန်းကို ဖြတ်သန်းကျော်လွန်၍ သွားသောအခါ မောင်ကျော်မြင့်သည် နောင်-တမလွန်ဘဝ ရှိသည့် မရှိသည့်ပြဿနာကို စိတ်အားထက် သန်စွာဖြင့် ငြင်းခုံနေရာမှ ရုတ်တရက် စကားဖြတ်ကာ ကျွန်တော့ ဆီသို့ ထ,လိုက်လာပြီးနောက် 'မှိုင်....အစ်ကိုကြီးဆီ ကခနလာ တယ်မဟုတ်လား'ဟု မှိုင်နှင့်ပတ်သက်သော ပြဿနာကို သူ၏

နောင်-တမလွန်ဘဝ အဘိဓမ္မာထက် အရေးတကြီး ထားရှိလျက် မေးနေလေသည်။

ကျွန်တော်က မြိုင့်အား စိတ်ထက်သန်စွာ မေးလျက်ရှိသော ညီငယ်၏ ကလေးသူငယ်ကဲ့သို့သော အမူအရာကို ခပ်ပြုံးပြုံး ကြည့်ကာ 'လာသွားဘဲ....၊ မင်း—မနက်က ဟိုအစီအစဉ်အတိုင်း ပြောပြလိုက်လို့ ထင်ပါရဲ့'ဟု ခပ်အေးအေး သဘောထားသလို ပြန်၍ဖြေလိုက်ရသည်။

'မြိုင်-လာတာ တယောက်ထဲလား ဟင် .... အစ်ကိုကြီး'ဟု မောင်ကျော်မြင့်က စိတ်ဝင်စားစွာ စူးစူးစမ်းစမ်း မေးလာပြန်သောအခါ၌ ကျွန်တော်သည် ကျောက်ကုန်သည်ဆိုသူကို ပြေး၍ သတိရမိကာ 'မိုးကုတ်ကဆိုလား မပြောတတ် ပါဘူးကွာ....၊ ကိုဘထွန်းဆိုတဲ့ လူတယောက်တော့ မြိုင်နဲ့ပါလာတာ တွေ့မိဘာဘဲ၊ လူကတော့ အညာလေနဲ့ တောဂိုက်တောဆိုက်ထဲက ထင်ပါရဲ့'ဟု ခပ်အေးအေးပင် ပြန်၍ ဖြေလိုက်ရပေသည်။

'ဟုတ်တယ်....၊ ဒီလူက မြိုင့်အိမ်မှာဘဲတဲတယ်....၊ အရင်က အသိမိတ်ဆွေတဲ့' မောင်ကျော်မြင့်သည် ထိုသူအား များစွာ မနှစ်ချိုက်သော အမူအရာဖြင့် ဆက်လက်ပြောဆိုနေသောအခါ ထိုကျောက်ကုန်သည် ကိုဘထွန်းအား သဘော မကျသူမှာ ကျွန်တော်တယောက်ထဲ မဟုတ်ဘဲ မောင်ကျော်မြင့်ပါ ပါဝင်လျက်ရှိကြောင်း စဉ်းစားမိပေသည်။

ထိုမြိုင်၏ မိတ်ဆွေ ကိုဘထွန်းဆိုသူအား ကျွန်တော်နှင့် မောင်ကျော်မြင့်တို့သည် များစွာ မနှစ်မြို့ကြသော်လည်း မြိုင့်ဆီသို့ရောက်တိုင်း ထိုသူအား မြိုင်၏ဘေးတွင် တွေ့ရတတ်ကာ

အောင့်သက်သက်နှင့် ခေါ်ပြောဆက်ဆံကြရပေသည်။ ကိုဘ ထွန်းဆိုသူမှာ ကျောက်နီ အရည်အသွေး ကောင်းမကောင်း လောက်သာ နားလည်သူဖြစ်၍ လူချင်းဆက်ဆံပေါင်းသင်းရာ၌ ခပ်ကြောင်ကြောင် လူတယောက်ဟုဆိုရပေမည်။ သို့ရာတွင် ထိုကဲ့ သို့သော လူတယောက်အား ကျွန်တော်သည် မြိုင့်အား မလွန်ဆံ နိုင်သူဖြစ်သည့်အလျောက် အောင့်အည်း၍ဆက်ဆံခဲ့ရလေသည်။

ကျွန်တော် သတိထားမိလောက်အောင် ထူးခြားလာသော ကိစ္စတရပ်မှာ ကိုဘထွန်း မြိုင်နှင့်ပါလာသည့်နေ့ရက်မှစ၍ ယခင် က မကြာခဏ မြိုင့်ဘေးတွင် တွေ့ရလေ့ရှိသော ဒါရိုက်တာ ဦးကျင်မောင်ကို တခါမျှမတွေ့မမြင်ရခြင်းပင် ဖြစ်ပေသည်။သတိ ရ၍ စကားစပ်မိသောကြောင့် မြိုင့်အား မေးမြန်းကြည့်သော အခါ၌ မြိုင်က 'နေမကောင်းလို့လား မပြောတတ်ပါဘူး' ဟု ခပ်ပေါ့ပေါ့ပင် ပြောဆိုဖြေကြား၍ ၎င်း၏မိတ်ဆွေ ကိုဘထွန်း ဆိုသူအားသာ အရေးတယူ ပြုလုပ်နေမြဲနေပေသည်။

ဤကဲ့သို့ ကိုဘထွန်းဆိုသူ မြိုင့်အိမ်သို့ ရောက်ရှိလာပြီးနောက် ယခင်က အသိမိတ်ဆွေ အမည်ခံ ပိုးပန်းနေကြသူများထဲမှ လူ အများအပြားပင် ယခင်ကကဲ့သို့ လာကြပြုကြသည်ကို မတွေ့ရ ခြင်းမှာ တကယ်ဆိုသောအခါ မြိုင်၏ ဆက်ဆံမှုသည် ခါတိုင်း ကဲ့သို့ ဆက်ဆံခြင်းမှ လုံးဝပြောင်းလဲခြင်း မရှိသော်ငြားလည်း ကိုဘထွန်း ဆိုသူက မြိုင့်အိမ်တွင် လူတင်ကျယ်လုပ်နေခြင်းအား မနာလို၍ ဖြစ်လိမ့်မည် ဟုသာ ခန့်မှန်းစရာ ရှိပေသည်။ အချို့ ကလည်း မြိုင်သည် ထိုသူနှင့်ပင် တိတ်တိတ်ပုန်း ဖြစ်နေသည်ဟု တီးတိုး ပြောဆိုကြ၏။ သို့ရာတွင် ထိုပြောဆိုကြသူများသည်

မြိုင့်မျက်နှာကို တနေ့တခါ မဖူးမျှော်ရလျှင် နေထိုင်မဖြစ်သည့် လူမျိုးထဲကသာလျှင် ဖြစ်နေပေသည်။

ထိုကဲ့သို့ ကိုဘထွန်းဆိုသူက မြိုင့်အိမ်တွင် တည်းခို၍ အသား ယူကာ လူတွင်ကျယ်လုပ်နေခြင်းအား များစွာ မကျေမချမ်း နှင့် မနာလိုဝန်တို ဖြစ်နေကြသူများထဲ၌ မောင်ကျော် မြင့် တယောက်သည် အလွန်တရာ သဲသဲမဲမဲ ဖြစ်နေသည်ကို ကျွန် တော်သည် မိမိကိစ္စနှင့် မိမိဘာသာ မွန်နေသောကြောင့် သတိ မထားလိုက်နိုင်အောင် ဖြစ်ခဲ့ရလေသည်။ သူသည် ထိုရက်အတွင်း က မြိုင်ကပြနေသော ဇာတ်ခုံအလှပြင်ခန်းထဲသို့ အရက်မူး ဝင် ရောက်ကာ မြိုင့်အား ဘာတွေသွားပြောသည်ကိုတော့ မြိုင်က စုံစေ့အောင် မပြောပြသဖြင့် မသိရ။

'ကိုကျော်ဘင့်ဟာ တာဝန်ရှိတဲ့ အစ်ကိုတယောက် အနေနဲ့ ရှင့်ညီ ဒီအထိ ဟှော့ရမ်းတာကို တားမြစ်ပေးပါလို့ မြိုင်က ပြောချင်တယ်၊ လူချင်း ခင်မင်ကြတာကို အခွင့်အရေးယူပြီး ဒီ အထိ ကျူးကျော်တာဟာ လူကောင်းသူကောင်းတွေရဲ့ အကျင့် စာရိတ္တမဟုတ်ပါဘူး' မြိုင်သည် ဒေါသထွက်သည့် အမူအရာမျိုး မပြသဘဲ အေးချမ်းသော အမူအရာဖြင့် မောင်ကျော်မြင့်၏ ပြု မူချက်ကို တိုင်ကြားလျက် ပိတ်ပင်တားမြစ်ရန် ပြောဆိုလာပေ သည်။ ထိုကဲ့သို့ တိုင်ကြားလာတော့မှ ကျွန်တော်သည် မောင် ကျော်မြင့်အား ချော့ချော့မော့မော့နှင့် ဖြောင်းဖြပြောဆိုရပြန် ပါ၏။ ထိုကဲ့သို့ သူ၏အခန်းထဲသို့ ဝင်၍ အကျိုးသင့်အကြောင်း သင့် ပြောဆိုတော့ကာမှ မောင်ကျော်မြင့်၏ အခန်းထဲ၌ အရက် နှင့် ဆိုဒါ ပုလင်းများ ဒင်းကြမ်းဖြစ်နေကာ ညတိုင်း သူ၏ အခန်းထဲတွင် နှင်း၍ သောက်နေသည်အထိ ဖြင်ပျက်နေသော

အခြေအနေများကို ထိတ်လန့်စွာ တွေ့ရှိရပေသည်။ သူသည်မျက်တွင်းများပင်ကျကာ တော်တော်ပိန်ချုံး၍ နေသည်ကိုလည်း ယခုကဲ့သို့ နီးနီးကပ်ကပ် လူချင်းမြော်ရဆိုရတော့မှ ကျွန်ဘော်သတိထားမိလာသည်။

မောင်ကျော်မြင့်အား ချော့ချော့မော့မော့ ပြောဆို၍ ပြီးသော ညနေခင်းက ကျွန်တော်သည် မြို့ထဲသို့ ထွက်လာကာ မဂိုလမ်းတွင် အလုပ်အတွက် ပြောစရာဆိုစရာများကို ပြောဆိုပြီးနောက် မြိုင်တို့အိမ်သို့ ဝင်ရောက်ခဲ့လေသည်။ အိမ်တွင်မြိုင့်ကိုမတွေ့ရ၊ မြိုင်သည် ဘုရင်ခံ၏အိမ်တော် ညစာစားပွဲတွင် ကပြရမည့်အဖွဲ့အတွက် အိမ်တော်ဝန်နှင့် စကားပြောဆိုရန် ရှိသဖြင့် အပြင်သို့ ထွက်နေ၏။ ထိုကြောင့် ကျွန်တော်က ဧည့်ခန်းတွင်ထိုင်၍ လဘက်ရည်ကြမ်းနှင့် ပဲလှော်ကို မြီးနေသော ကျောက်ကုန်သည် ကိုဘထွန်းအား ပြုံးရုံမျှ နှုတ်ဆက်ကာ ပြန်၍ ထွက်လာတော့မည် အပြု ကိုဘထွန်းက 'ထိုင်ပါဦးဗျ ကိုကျော်ဘင့်ခင်ဗျားမြိုင် ရောက်လုနီးပါဘီ'ဟု ခပ်ချိတ်ချိတ်ကလေး ပြောဆိုလာသဖြင့် ကျွန်တော်သည် အောင့်သက်သက်နှင့် ပြုံးနေရပြီးမှ 'ကိစ္စကလေးတခု ရှိနေသေးလို့ဗျာ....'ဟု ဇွတ်ငြင်းကာထွက်လာတော့မည်အပြု မြိုင်သည် ကိစ္စပြီးစီး၍ ကားနှင့်ပြန်ရောက်လာကာ 'ကိုကျော်တင့် ရောက်နေတာ ကြာသွားပလားဒါ....ခုပြန်တော့မယ်'ဟု မြိုင်က သူမကားကလေးပေါ်မှ ဆင်းလာကာ ကျွန်တော့အား မျက်နှာချင်းဆိုင် လမ်းပိတ်၍ ရပ်ထားရင်း ကြည်နူးဘွယ် ပြုံး၍မေးနေ၏။ ယခုကလေးတင်ကပင် ကျွန်တော်သည် ကိုဘထွန်းအား ကိစ္စကလေး တခုရှိ၍ဟုပြောပြီးကာမှ ယခု အတော အတွင်းပင် မြိုင် ပြန်ရောက်လာ

သောကြောင့် ထိုပြောထားသော စကားကို ပြောင်ဆန့်ကျင် လိုက်လျှင် ကိုဘထွန်းအား ရိုင်းရာကျနေမည့် အဖြစ်ကို စဉ်းစား မိလေသည်။ သို့ရာတွင် မြိုင့်အား နီးကပ်စွာ မျက်နှာချင်းဆိုင် နေရသော ကျွန်တော်သည် ကြောင်၍ ဘာမျှမပြောနိုင်ဘဲ မြိုင် ၏ ဝိုင်းစက် ဘောက်ပလှသော မျက်လုံးနှစ်လုံးကိုသာ ငေးကြည့် နေမိရာမှ ကျွန်တော်သည် မြိုင်၏နောက်မှ လိုက်ပါရင်း အိမ် ပေါ်သို့ ရောက်သွားခဲ့ရပေသည်။

'ထိုင်ပါဗျ ကိုကျော်တင့်၊ ခင်ဗျားက သိပ်မတရားတဲ့လူဘဲ၊ ကျုပ်ခေါ်တုန်းကတော့ ကိစ္စရှိလို့တဲ့၊ မြိုင်ခေါ်တော့ ကောက် ကောက်ပါအောင် လိုက်လာခဲ့တာဘဲ' ရိုင်းစိုင်းသည်ဟုသာပြော ဆိုရန် ကျန့်တော့သော ကျောက်ကုန်သည်က သူပြောချင်ရာ သာပြောနေ၏။

ကျွန်တော်သည် မှန်တာပြောခံရသည့် အတွက် ဒေါသထွက် လာသလိုဖြစ်မိပေသည်။

'ဒီမယ်ကိုဘထွန်း၊ လူရဲ့အရည် အသွေးကို ကြည့်တဲ့အခါ ခင်ဗျားကို ထမင်းကျွေးနေတဲ့ ကျောက်တုံး ကျောက်ခဲတွေ ကြည့်သလိုကြည့်လို့ မတော်ဘူးဗျ' ကျွန်တော်က ယဉ်ယဉ် ကလေး နှိပ်ထည့်ပေးလိုက်ရပေသည်။

ကိုဘထွန်းသည် လက်ခုပ်လက်ဝါးတီးကာ အသံထွက်အောင် တဟောက်ထဲသဘောကျသလို ရီမောနေလိုက်ပြီးမှ 'ခင်ဗျားတို့ ရန်ကုန်သားတွေထဲမှာ ခင်ဗျားတယောက်ဘဲ ကျုပ် လေးစား တယ်ဗျို့ ကိုကျော်တင့်၊ ခင်ဗျားတယောက်ဟာ လူရိုးလူ ကောင်းတယောက်လို့ မြိုင်ပြောတာကို ခုမှကျုပ် ကျပ်ပြည့်ယုံ ကြည်ပါပြီဗျာ'ဟု ပြောဆိုနေ၏။

သည့်အခိုက်မှာပင် မြိုင်သည် အဝတ်အစားလဲပြီး၍ ညှော့ခန်းသို့ ပြန်ဝင်လာကာ ကျွန်တော့ဘေးရှိ လွတ်နေသော ကုလားထိုင်တလုံးတွင် ဝင်၍ထိုင်လိုက်လေသည်။

'ခုလာမဲ့ ဘုရင်ခံကတော်ရဲ့ ဖလားပွဲကို မြိုင်လဲ လိုက်ချင်လို့ အဲဒါ ကိုကျော်တင့်ကို တာဝန်ပေးရလိမ့်မယ်ထင်တယ်'ဟု မြိုင်က ထူးထူးခြားခြား မြင်းပွဲသို့ လိုက်ပို့ပါဟု ပြောဆိုလာသဖြင့် ကျွန်တော့အဘို့ အံ့သြစရာကဲ့သို့ ဖြစ်သွားပေသည်။ ထို့ကြောင့် ရုတ်တရက် ဘာမျှပြန်၍ မပြောနိုင်ဘဲ ကြောင်နေစဉ် 'ဘယ့်နှဲ့လဲ ဆရာကြီး တာဝန်လေးနေလို့လား'ဟု မြိုင်က ခပ်သောသော ကလေး မေးလာပြန်၏။

'ညှော့သည်တယောက် ခေါ်သွားဘို့ကိစ္စက မင်းဘား လူကြီးတွေဘို့ သိပ်ခက်တဲ့ကိစ္စမှ မဟုတ်ထာဘဲမြိုင်၊ ကိုဘထွန်းလဲ မြင်းလောင်းဘူးတဲ့လူဆိုတော့ သိပြီးသားဖြစ်ပါလိမ့်မယ်'

'ကိုဘထွန်း ခုရုံးတာ နှစ်ပတ်ရှိသွားလို့ ညည်းနေတယ်၊ ဒါကြောင့် ရှင့်မိတ်ဆွေ ထရိန်နာတို့ ပိုင်ရှင်တို့ထဲက စိတ်ချလောက်တာ ရှိရင်လဲ တစ်ကလေးဘာကလေး ရှာကူးပေးစမ်းပါဦးလို့ မြိုင်ကဘဲ ကြားဝင် တောင်းပန်ရဦးမယ်'

'ဘယ်လောက်ထိနေပလဲဗျ ကိုဘထွန်း'

'ထောင့်ရှစ်ရာလောက် ထိနေပီ'

'ကျောက်ရောင်းလို့ရတာက ငါးထောင်၊ သွားစရိတ် လာစရိတ်နဲ့ဆိုတော့ နှစ်ထောင်ကျော်လောက်တော့ ချောသွားပီထင်ဘယ်'ဟု မြိုင်က ကြားဖေါက်၍ မေးလာပေသည်။

ကိုဘထွန်းက ပြုံးနေ၏။

ကျွန်တော်သည် ထိုကျောက်ကုန်သည်အား မိုးကုတ်သို့ ပြန်ပြေးအောင်လုပ်ရန် လမ်းစကို ရလိုက်ပြီဖြစ်ရကား ဘုရင်ခံကတော် ဖလားပွဲ၌ မြိုင့်အား ကိုဘထွန်းနှင့်အတူ မြင်းပွဲသို့ ခေါ်ဆောင်သွားဘို့အပြင်၊ စိတ်ချနိုင်သော တစ်ကောင်းကောင်းကိုလည်း တာဝန်ယူလိုက်ပေသည်။

သို့နှင့် ဘုရင်ခံကတော်ဖလားပွဲနေ့က ကျွန်တော်ဂျောက်တွန်း၍ပေးသောတစ်ကို ကျောက်နီအကြောင်းလောက်သာ လူပါးဝသော မိုးကုတ်သူဌေးသည် သူ့လက်ထဲတွင်ရှိသမျှ ငွေသုံးထောင်ကိုပုံ၍တိုက်လေရာ ကျွန်တော်၏ကားသာ မပါက ထိုသူသည် ကျိုက္ကဆံမှ ရန်ကုန်အရောက် ခြေလျင်ပြန်ရဘို့သာ ရှိပေသည်။ သို့ရာတွင် ထိုသူအား မိုးကုတ်သို့ အမြန်ဆုံး ပြန်ပြေးအောင် ကျွန်တော်က လူရိုးတယောက်အဖြစ်နှင့် ဂျောက်တွန်းလိုက်ရာ၌ ထိုကျောက်ကုန်သည် ဂျောက်ကျခြင်းသည် ကျွန်တော့အတွက်လည်း သက်တော့မသက်သာလှပေ။

မြင်းပွဲ၌ ထိုသူဌေး ငွေသုံးထောင်ရှုံးသွားပြီးနောက် တနေ့ညနေချမ်းမှာပင် မြိုင်သည် ကျွန်တော့အိမ်သို့ သူမ ကားကလေးနှင့် ကိုဘထွန်းကို ခေါ်မလာတော့ဘဲ တယောက်ထဲ လာရောက်သည့်အတွက် ကျွန်တော်က အဘယ်ကဲ့သို့ အကြောင်းရှိပါလိမ့်ဟုတွေးတောမရနိုင်အောင်ရှိနေစဉ် မြိုင်သည် ၎င်းအတွက်အရေးတကြီးငွေသုံးလိုနေ၍ ငွေ ငါးထောင်ခန့် ခေတ္တလှည့်ရန် ကျွန်တော့အား ပြောဆိုနေပေသည်။

မြိုင်သည် ငွေငါးထောင် ဘယ့်အတွက် လှည့်သည်ကို ကျွန်တော်သည်ရိပ်မိ၏။ သို့ရာတွင် မြိုင်၏ဆန္ဒကို ကျွန်တော်သည် အဘယ်နည်းနှင့်မျှ မဆန့်ကျင်ချင်ပါ။ မြိုင်သည် ကျွန်တော်

ရေးပေးလိုက်သော ငါးထောင်တန် ချက်လက်မှတ်ကို ရရှိသွား သောအခါ 'ကဲ .. ငွေငါးထောင်တော့ရပြီ၊ ပြန်မပေးတော့ဘူး ဆိုရင် မြိုင့်ကို တရားစွဲမှာလားဟင်'ဟု မြိုင်က ချစ်စဖွယ်ပြုံး၍ ကျွန်တော့အားမေးနေ၏။

'မြိုင့်အတွက်ဆိုရင် ဒါလောက် ငွေငါးထောင်ကို ပြောမနေ ပါနဲ့ မြိုင်ရယ်'ကျွန်တော်က ခပ်အေးအေးပင် ပြန်၍ဖြေလိုက်၏။

မြိုင်သည် သဘောတွေ့သွားသကဲ့သို့ ဟက်ဟက်ပက်ပက်နှင့် အသံကလေးထွက်သွားအောင်ပင် ခပ်ထိန်းထိန်း၊ ခပ်အုပ်အုပ် ရီမောလိုက်ရင်း တကြိမ်သောကာလက မောင်ကျော်မြင့်အား ပြုလုပ်သကဲ့သို့ ကျွန်တော်၏နဖူးကို လက်ညှိုးကလေးနှင့်ထောက်၍ ထိုးရင်း 'ဒါတွေကြောင့် မောင်ကျော်တင့်ရော၊ မောင်ကျော် မြင့်ရော မမမြိုင်က ချစ်နေ၊ ခင်နေရတာ ထင်ပါရဲ့ကွယ်....၊ ဒါပေမဲ့ မောင်ကျော်တင့်လို မောင်ကျော်မြင့် တယောက်က မရှိးတော့ မောင်ကျော်တင့်ကိုသာမမမြိုင်က ပိုပြီးခင်နေရတာဘဲ ထင်ပါရဲ့နော်'ဟု ရီရွှမ်းပတ်ရွှမ်းပြောဆို၍ ထွက်သွားသည်ကို ကျွန်တော်သည် နောက်ပိုင်းမှ ငေးမောကြည့်ရှုရင်း ကြည်နူး နှစ်သိမ့်စွာကျန်ရစ်ခဲ့ပေသည်။

## တယောက်သောသူ၏ လမ်းခွဲသွားခြင်း

## [ ၁ ]

ကိုဘထွန်းဆိုသူ ရုတ်တရက် မိုးကုတ်သို့ ပြန်သွားပြီးနောက် မြိုင်သည် အစာမဝသဖြင့် ခက်ထန် စိတ်တိုနေသော ကျားမ ကလေးလိုဖြစ်သာသည်ကို ကျွန်တော်ကအကဲခတ်မိ၏။ မြိုင်သည် ၎င်းနှင့်အတူနေသော အဒေါ်ဝမ်းကွဲ အဖွားကြီးနှင့် ၎င်း၏ တသည့်မကလေးအဖြစ်နေထိုင်ကြသော မိန်းကလေးနှစ်ယောက်ကို ကြမ်းကြမ်း တမ်းတမ်း ပြောဆို ငေါက်ငမ်း နေတတ်သည်ကို ကျွန်တော်သည် ကိုဘထွန်း မိုးကုတ်သို့ ပြန်သွားပြီးနောက် လေး-ငါးခေါက် တွေ့မြင့် ကြားသိခဲ့ရပေသည်။

ခါတိုင်း ဖေါ်ဖေါ်ရွေရွေနှင့် သွက်လက်စွာ ဆက်ဆံပြောဆို တတ်သောမြိုင်သည် ယခုအခါ၌ လေးကန် နွေးကွေးနေသည်ကို သိသိသာသာတွေ့ရ၏။ ယခင်က သွက်လက်ချက်ချာသလောက် ယခုအခါ၌ လေးနေ၏။ မျက်လုံး၏ အရောင်သည်ပင် မှေးမှိန်နေသည်။ မြိုင်သည် ချစ်ဘွယ်အပြုံးကို မေ့နေတတ်၏။ စိတ်လဲ တိုနေပုံရ၏။

ထိုသို့ မြိုင်၏ထူးခြားချက်ကိုကျွန်တော်သည် နီးကပ်စွာ အကဲ ခတ်သဖြင့် အသေးစိပ်၍မြင်မိ၏၊ မြိုင်သည် ယခင်မိတ်ဟောင်းနှင့် နောက်ပိုးဟောင်းများကိုပင် ယခင် ကိုဘထွန်းမလာရောက်မီက

ကဲ့သို့ ရင်းရင်းနှီးနှီးနှင့် ဟက်ဟက်ပက်ပက် ဆက်ဆံခြင်း၊ ပြောဆိုခြင်းများမရှိလှတော့ဘဲ အပေါ်ရံ ဝတ္တရား ကျေသောက်သာ ဆက်ဆံလာ၏၊

သို့ရာတွင် ထိုအချိန်၌ 'မြိုင်'၏ သတင်းသည် ကြီးမား၍ကျော်ကြားလာနေလေပြီ။ ပြဇာတ်မင်းသမီးနှင့် ပြဇာတ်နယ်ပယ်တွင် သတင်းကြီးနေသလောက် မင်းပိုင်းစိုးပိုင်းနှင့် သူဌေး ကုန်သည်ပိုင်းတွင်လည်း မြိုင်သည် ပြဇာတ်မင်းသမီးအဖြစ်နှင့်သာမဟုတ်၊ အငြိမ့်မင်းသမီးအဖြစ်နှင့်လည်း နာမည်ကျော်ကြား၍ နေပေပြီ။

အရာရှိကြီးများနှင့် သူဌေး ကုန်သည်ကြီးများ၏ အခမ်းအနားများ၌ မြိုင်သည် က,ပြနေရပေသည်။ ရန်ကုန်မြို့၌သာလျှင်မကတော့ဘဲ သာယာဝတီ၊ ပြည်နှင့် နေ့နံချောင်းများ၌ရင်း၊ ပဲခူး၊ တောင်ငူ၊ မန္တလေးနှင့် မေမြို့တို့၌ရင်း၊ မြိုင်၏သတင်းမှာ ကျော်ကြား၍နေလေပြီ။ ထိုသို့သတင်းကြီးလျက် နာမည်ကျော်ကြားနေခြင်းကြောင့် မြိုင်သည်မကြာခဏ ရန်ကုန်မှထွက်ခွါကာ နယ်များ၌ သွားရောက် က,ပြခြင်းကို ပြုလုပ်လာရလေသည်။ သတင်းစာအစောင်စောင်၌လည်း မြိုင့်အား အသားပေးဖေါ်ပြ ရေးသားသာကြရပေသည်။

ထိုသို့ မြိုင်၏ သတင်းသည် တနေ့တခြား ကြီးမားကျော်ကြား၍ လာနေသော အချိန်ကာလ၌ မောင်ကျော်မြင့်သည် မြိုင်ရန်ကုန်မှ ထွက်ခွါ၍ တမြို့တရွာသို့ သွားရောက်ကပြရသော အခါများ၌ ကျွန်တော့အား အခြားအကြောင်းတခုခုကို ပြကာ လိုက်၍လိုက်၍ သွားတတ်သည်ကို ကျွန်တော်သည် အမှုမဲ့အမှတ်မဲ့ဖြစ်၍ ရိပ်လဲမရိပ်မိသဖြင့် သတိလည်း မထားမိလိုက်။ ထိုသို့

မရိပ်မိ၍ သတိမထားလိုက်မိခြင်းအတွက် နောက်ဆုံး အုပ်မနိုင် ထိန်းမရသော ပေါက်ကွဲမှုကြီးသည် ပြုံးကနဲ ဖြစ်လိုက်တော့ ကာမှပင် ကျွန်တော်သည် ကြီးစွာသောအဘိုးကို ပေးလိုက်ရပေတော့သည်။

မြိုင်သည် ပဲခူးတိုင်းမင်းကြီး၏ ညစာ စားပွဲအတွက် ပဲခူးသို့ သွားရောက်ကပြရာ၌ မောင်ကျော်မြင့်သည် ၎င်း၏လုပ်ရိုး လုပ်စဉ်အတိုင်း ကျွန်တော့အား အခြားအကြောင်းတခုကို ပြကာ လိုက်ပါသွားပြီးနောက်၊ မြိုင်နှင့် ပဲခူးတွင် အဘယ်ကဲ့သို့ ဖြစ်လာခဲ့ကြသည်ကိုတော့ မသိရ။ ပဲခူးကမှန်ကုန်သို့ ပြန်ရောက်သည့် ညနေက ကျွန်တော်သည် အလုပ်ကိစ္စများ လစ်ဟင်း၍ ဆုံးရှုံးနေသော ကိစ္စတခုအတွက် အပြင်သို့ထွက်နေခိုက် မောင်ကျော်မြင့်သည် ၎င်း၏အခန်းထဲ၌ ဝီစကီပုလင်း တဝက်သာသာကို သောက်၍ အလွန်တရာ မူးလာသောအခါ၌ ကျွန်တော်၏ ခြောက်လုံးပြူးဖြင့် ၎င်း၏ဦးခေါင်းကို ပစ်ဖေါက်လိုက်ခြင်းပင် ဖြစ်တော့၏။

ဦးခေါင်းများ စကွဲကျဲလျက် သွေးအိုင်ထဲ၌ ရုပ်ပျက်ဆင်းပျက်နှင့် အသက်မရှိတော့သော ညီငယ်အား ကျွန်တော်သည် မတုန်မလှုပ် ငုံ့ကြည့်ရင်း တသက်နှင့်တကိုယ်တွင် မချောက်ခြားခဲ့ဘူးသော ချောက်ခြားရခြင်းကို ခံစားနေရ၏။ ကျွန်တော်သည် ပညာတတ်တယောက်၏ မိုက်မဲစွာသေဆုံးရခြင်းကို ဒေါသပင် ထွက်နေမိသလော၊ သို့မဟုတ် ဝမ်းနည်းနေမိသလော ဆိုသည်ကို ဝေခွဲ၍မရမိ။ အဘယ်သို့မျှ ကြား၍လည်းမကောင်း ကြည့်၍လည်းမကောင်းသော သေဆုံးရခြင်းမျိုးနှင့် သေဆုံးနေရသော ညီငယ်မောင်ကျော်မြင့်အား မလှဲသာ မရှောင်သာ ကျွန်

တော်သည် ကြည့်နေရရင်း အံကိုကြိပ်၍ တောက်တချက်ခေါက်လိုက်မိပေသည်။ အသီးသီးနှင့် အကွဲကွဲသော မြေပုံများ၌ မနိုးသောအိပ်ခြင်းဖြင့် ရက်ရက်စက်စက်အိပ်မောကျနေကြသော မိခင်-ဖခင်တို့အား သွားရောက် လှုပ်နိုးကာ သူတို့မွေးဘွားပစ်ခဲ့သော လူဘယောက်၏ သေဆုံးနေရပုံကို ကျွန်တော်က ပြသလိုက်ချင်ပေသည်။ သို့ရာတွင် သူတို့ကတော့ အိပ်မောကျနေကြခြင်းမှ ထလာ၍ ကြည့်ချင်မြင်ချင်ကြမည်ကား မဟုတ်တော့။ တာဝန်ဟူသမျှသည် ကျွန်တော်၏ ဦးခေါင်းထက်တွင် တင်နေခဲ့ပေပြီ။ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ကျွန်တော်ကသာ အကြီးအကနေနှင့် တာဝန်ရှိနေပေသည်။ ထိုတာဝန်ကို ရှောင်လွှဲငြင်းပယ်၍တော့ မရနိုင်ပေ။

ကျွန်တော်သည် မိခင်ထွက်ပြေးသွားစဉ် ကာလက ငယ်သေး၍လားတော့ မပြောတတ်။ လှိုက်လှိုက်လှဲလှဲဝမ်းမနည်းခဲ့မိ၊ ဖခင်သေဆုံးသောကာလကလည်း စိတ်မကောင်းဖြစ်ရုံမျှလောက်သာ ဖြစ်သည်ဟု ဆိုရလိမ့်မည် ဖြစ်သော်လည်း၊ ယခုကဲ့သို့ နှစ်ယောက်ထဲသာ ရှိတော့သော ညီအစ်ကိုထဲမှ ညီဖြစ်သူက ဤကဲ့သို့ မမြော်လင့်နိုင် လောက်အောင် ရက်ရက်စက်စက်ကြီး ပြုလုပ်သွားသော အခါ၌ မခံစားရဘူးသော ဝမ်းနည်း ကြေကွဲခြင်းမျိုးကို ဆို့နစ်သွားအောင် ခံစားခဲ့ရပေသည်။ ထိုသို့ လူသားမြောက်နေသော ပညာတတ်ကြီးတယောက်အား လူကြားသူကြား မကောင်းအောင် မရှုမလှ ဆုံးရှုံးခဲ့ရသည့်အတွက် ကျွန်တော်၏ ကိုယ်ကိုသည်း ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ရပေသည်။

'မြိုင် မြိုင်....ရက်စက်ပါပေ့ မြိုင်ရယ်....'

ညီငယ်၏ ရုပ်ပျက် ဆင်းပျက် ဖြစ်နေရသော အလောင်းဘေးတွင် ကျွန်တော်သည် မြိုင့်အား မကျေမချမ်းနှင့် ရေရွတ်မြည်တမ်းကာ အပြစ်ဘင်မိသေးသည်။ အကယ်၍သာ ထိုကဲ့သို့အချိန်အခါ၌ မြိုင်သည် ကျွန်တော်၏ အနီးအနား၌ ရှိခဲ့ပါမူ အဘယ်ကဲ့သို့ ထပ်မံ၍ ဆိုးဝါးသော အကြောင်းအရာများ ဖြစ်ပျက်ကုန်ကျလိမ့်မည်ကိုကား ကျွန်တော်သည် မတွေးဝန့်ပါ။ သို့ရာတွင် 'မြိုင်'သည် ထိုအခိုက်အတန့်ကာလ၌ ကျွန်တော့အတွက် ခွင့်လွှတ်၍ မရနိုင်လောက်သော ရောမပြစ်မှုကြီးတခုကို ကျူးလွန်ထားပြီးသူကဲ့သို့ ကျွန်ဘော်၏ စိတ်၌ ထင်မြင်လျက် ရှိနေလေသည်၊

မောင်ကျော်မြင့်အလောင်းကို ကောင်းစွာ ဆေးကျော ပြင်ဆင်၍ ထားသိုပြီးသော ညနေဝင်ရီတရောအချိန်၌ မြိုင်သည် ထမီအနက်ကို လေးနက်သော အဓိပ္ပာယ်ဖြင့် ဝတ်ဆင်လျက် မောင်ကျော်မြင့်အကြောင်းကို မေးမြန်း၍ ငမ်းနည်းစကား ပြောကြားရန် သူမ၏ကားကလေးနှင့် ရောက်ရှိလာပေသည်။ မြိုင်၏ကားကို မောင်းသာသူမှာ ခါတိုင်း မောင်းနေကျ ဒရိုင်ဘာမဟုတ်ဘဲ ကာလအတန်ကြာမျှ ပျောက်ကွယ်နေသော ဒါရိုက်တာ ဦးကျင်မောင် ဖြစ်လေသည်။

မြိုင်၏ကားသည် ခြံထဲသို့ ဝင်လာသောအချိန်၌ အတော်ပင် မှောင်လျက်ရှိနေပြီဖြစ်သဖြင့် ကျွန်တော်သည် ခေါင်းရင်း ပြူတင်းပေါက်မှ လှမ်းကြည့်လိုက်သဖြင့် ကားတစီးဝင်လာသည်ကိုသာ မြင်ရသော်လည်း၊ မြိုင်နှင့် မြိုင်၏ကားမှန်း ခွဲခြား၍ မသိလိုက်မိပေ။ ကျွန်တော်သည် ငယ်စဉ်ဟောင်ကျေး ကလေးဘဝကစ၍ နှစ်ယောက်ထဲသာ နေလာခဲ့ရသော ညီဖြစ်သူက

ရက်ရက်စက်စက် လုပ်သွားခဲ့ပုံကိုသာ မကျေမချမ်း ဖြစ်နေရ တိုင်း သူ၏အလောင်းစဉ် ခေါင်းရင်းဘက်၌ အံကိုသာ ကြိတ် နေမိသည်။ မိမိကိုယ်ကိုလည်း မကျေမချမ်း ဖြစ်နေမိသည်။

အိမ်ကြီးတခုလုံးသည်လည်း အလွန်တရာ ခြောက်ချြာ ဘွယ် ပင် တိတ်ဆိတ်ချက်သား ကောင်းနေပေသည်။ အသုဘကို လာရောက်မေးမြန်းကြသူ မြို့ထဲမှ အသိမိတ်ဆွေ ၄-၅ ဦးသည် မောင်ကျော်မြင့်၏ သတင်းကို လှမ်း၍ အကြောင်းကြား လိုက် သောအခါ အကြောင်းသိရလျှင် သိရခြင်း ခပ်စောစော က ပင် လာရောက်ကြည့်ရှု မေးမြန်းပြီးနောက် ပြန်သွားကြပြီ ဖြစ် သောကြောင့် အိမ်ကြီးပေါ်၌ အိမ်တွင် အမြဲဘမ်း နေထိုင်ကြ သော လင်မယားနှစ်ယောက်က လွဲ၍ ဘယ်သူမျှတော့ မရှိကြ ပေ။ မောင်ကျော်မြင့်၏ အလောင်းကို ပြင်ဆင်ထားသော ဧည့် ခန်းကြီးတခုလုံး၌ သေဆုံးသွားသူနှင့် မကျေမချမ်း ဖြစ်နေရသူ နှစ်ဦးသာ ရှိပေသည်။

ကျွန်တော်သည် မောင်ကျော်မြင့်၏ ဖြူဖတ်ဖြူရော် ဖြစ် နေသော မျက်နှာကို အတန်ကြာမျှ သူ၏ဘေးတွင်ရပ်ကာ ငေး စိုက်၍ ကြည့်ရင်း လှိုက်လှိုက်လှဲလှဲ ဖြစ်လာသောကြောင့် ခေါင်း ရင်း ပြူတင်းပေါက်ဆီသို့ သွားရောက်ကာ အပြင်ဘက်သို့ ငေးမိ ငေးရာ ငေးမောကြည့်ရှုနေစဉ် ဝမ်းနည်းခြင်း၏ အမှတ်အသား ကို ခေတ်ယဉ်ကျေးမှုအလျောက် ဖော်ပြသည်ဟု ဆိုကြသော ထမီအနက်ကို ဝတ်ဆင်ထားသော လှဘုရင်မသည် သူ၏ ကျေး ကျွန်တယောက်၏ ခြေရင်းဝယ် နောက်ဆုံး ကြည့်ရှုသော ကြည့် ရှုခြင်းမျိုးဖြင့် ကြည့်ရှုရန် ရောက်ရှိလာလေပြီ။

လှတုရင်မသည် အဘယ်မျှ ကြာမြင့်စွာ သူ၏ ကျေးကျွန်၏ ခြေရင်းဘုင်ရပ်ခါ ကြည့်ရှုနေသည်ကို ကျွန်တော်သည် မိမိ၏ လောက-ဘလေးအဘုင်း၌ နစ်မြုပ်နေ၍ သတိမထားလိုက်မိ။ ကျွန်တော်သည် ပြန်လည်သတိရလာ၍ ပြူတင်းပေါက်မှ လှည့်ကာ ညီဖြစ်သူအား ပြန်ကြည့်လိုက်သောအခါ ဝယ်သူ၏နေ့ရက်ကို သတ်မှတ်ပေးခဲ့သော ဘဝ၏အရှင်မသည် သူ၏ကုတင်ဘေးဝယ် ဒူးထောက်လျက် သူ၏နဖူးမှ ဆံစကလေးများအား ယုယစွာသပ်ပေးနေရင်း ပါးစပ်မှလည်း ဆိမန်းမန်းသကဲ့သို့ တစုံတရာကို ခတ်တိုးတိုး ရွတ်ဆိုနေသည်ပင် ထင်ရ၏။

ကျွန်တော်သည် ရင်ထဲ၌ထိတ်အနဲလှုပ်ရှားသွားကာ အသက်မရှိတော့သော ညီငယ်၏မျက်နှာနှင့် နွမ်းနယ်နေသော မြိုင်၏မျက်နှာတို့ကို တလှည့်စီကြည့်နေမိရင်း နှလုံးသားထဲမှ မွေးဖွားလာသည်ထင်ရသော ဝေဒနာသစ်တရပ်ကို ခံစားလိုက်ရ ပေသည်။ ထိုဝေဒနာသည် ဘာဝေဒနာဟုခေါ်ရမည်မသိ။ ထိုဝေဒနာသစ်ကို လှိုက်လှိုက်လှဲလှဲ ခံစားနေရရင်းက ကျွန်တော်သည် မြိုင်နှင့် မျက်နှာချင်းဆိုင် မောင်ကျော်မြင့်၏ တဘက်တွင် မြိုင်ကဲ့သို့ ဒူးထောက်လိုက်မိ၏။

မြိုင်သည် ကျွန်တော့အား သူမသိသော လူဘယောက်ကဲ့သို့ ကြည့်ပင်မကြည့်။ မောင်ကျော်မြင့်၏နဖူးပြင်မှ ဆံစကလေးများကိုသာ နူးညံ့သောလက်ဖဝါးကလေးဖြင့် ယုယုယယသပ်ပေးမြဲ သပ်ပေးနေသည်။ ဆိမန်း မန်းသလို လှုပ်နေသောနှုတ်ခမ်းများမှထွက်လာသည်ဟုဆိုရသော အသံကလေးများကိုပင် မသဲမကွဲ ကျွန်တော်ကြားရသည်။

'ဘယ်လိုမှ မဖြစ်နိုင်လို့ မဖြစ်နိုင်ဘူးဆိုတဲ့ အကြောင်းကို မမှိုင်အတန်တန် ပြောက်ရက်သားနဲ့ မောင်လေးက အခုလို ရှိုင်းရှိုင်းစိုင်းစိုင်းနဲ့ ရက်ရက်စက်စက် လုပ်သွားတော့ မမှိုင် ဘယ်လို စိတ်ကောင်းနိုင်ရက်ပါဦးမလဲဟင်၊ ဘုရား....ဘုရား ဘုရား၊ မမှိုင်ကို အ ပြစ် လွှတ် ပါ မောင် လေး ရယ်၊ ဘုရား ဘုရား....ဘုရား၊ မောင်လေးလဲ ကောင်းရာ သုဂတိကို လားပါ စေကွယ်'မှိုင်သည် မောင်ကျော်မြင့်အားမျက်ရည်ဝိုင်းနေသော မျက်လုံးများဖြင့် ငေးစိုက်၍ကြည့်ရင်း နှစ်ကိုယ်ကြား ပြောဆို တောင်းပန်လျက် ကောင်းရာသုဂတိအတွက် ဆုတောင်းနေ၏။

သွေးထွက်သံယိုဖြစ်ခါခါ အချိန်၌ ထွက်ပေါ်နေသော ကျွန်တော်၏ဒေါသသည် ယခုအခါဝယ် အေးစက်ပျော့ပြောင်း၍ ထွားခဲ့လေပြီ။ ကျွန်တော်သည် မောင်ကျော်မြင့်နှင့် မှိုင်၏ မျက်နှာကို တလှည့်စီကြည့်နေမိရာမှ 'မှိုင့်အတွက်နဲ့ခုလိုရင်ကျိုးရ လောက်အောင် ဖြစ်ပျက်ရတဲ့ ကိစ္စကြီးကို ဘာများပြောဦး မလို့လဲဟင် ကိုကျော်တင့်ကိုပြောပြစမ်းပါ'ဟု မှိုင်၏မျက်နှာ ကို ငေးကြည့်ရင်း ကျွန်တော်ကမေးလိုက်မိ၏။ ကျွန်တော်သည် မှိုင့်အပေါ်၌ ဒေါသစိတ်မရှိတော့။ အရည်ပျော်သွားပေပြီ။ မှိုင့်အပေါ်၌ မကျေမချမ်းသော စိတ်သည်လည်း မရှိတော့။ ပျော့ပြောင်းသွားခဲ့ပေပြီ။

မှိုင်သည် ကျွန်တော့အား တောက်ပသောမျက်လုံးများဖြင့် မော်ကြည့်လေသည်။

'ဒါတွေ မေးနေပြောရမဲ့ အချိန်မဟုတ်တော့ဘူးကိုကျော်တင့် ငြိမ်ငြိမ်ကလေး နေလိုက်စမ်းပါဦးကွယ်'

မြိုင်သည် မောင်ကျော်မြင့်၏နဖူးပြင်မှ ဆံစကလေးများကို ယုယစွာသပ်ပေးနေရာမှ ရုတ်တရက် ကျွန်တော်၏ နဖူးပြင်မှ ဆံစကလေးများကို သပ်ပေးလာပေသည်။ ကျွန်တော်သည် မြိုင်ကခိုင်းသည့်အတိုင်း နောက်ထပ်၍ဘာမျှ မေးမြန်းပြောဆိုခြင်းမပြုတော့ဘဲ ငြိမ်သက်စွာ မြိုင်၏မျက်လုံးများကို ငေးမော ကြည့်ရှုရင်း မြိုင်၏ ယုယမှုကိုခံယူနေမိ၏။ သို့ရာတွင် မြိုင်၏ လက်ဖဝါးသည် နူးညံ့သလောက်ပူနေသည်ဟု ထင်မိသည်။

'ပီးခဲ့ပီးသားအမှုကို လွမ်းဆွေး ကျိန်ဆဲနေလို့လဲ အကျိုးထူးမှာမှမဟုတ်ဘဲ' မြိုင်ကထပ်၍ပြော၏။ ထိုအချိန်၌ ကျွန်တော်၏ တကိုယ်လုံးသည် တုန်လှုပ်၍နေ၏။ ဘာ့ကြောင့် ဟူ၍တော့ကား မသိ။

မြိုင်သည် ကုတင်ဘေး၌ ဒူးထောက်၍နေရာမှ ရုတ်တရက် ထလိုက်သည်။ လျင်မြန်စွာ လှုပ်ရှားသွားသောမြိုင်ကို ကျွန်တော်သည် နားမလည်ဘဲ ငေးမော၍သာ ကြည့်နေမိလေသည်။

'ကိုကျော်တင့်အိမ်မှာ ဘရန်ဒီ မထားဘူးလားဟင်....'ဟု မြိုင်ကမေးလာသောအခါ ကျွန်တော်သည် ပြန်၍ဖြေရန်ရှိသော တာဝန်ကိုပင် မေ့နေ၏။

'အခန်းတခုခုထဲမှာ မြိုင်သက်သက်သာသာ ထိုင်နေချင်တယ်၊ ရင်ထဲမှာ ဘယ်လို ဖြစ်မှန်းလဲမသိဘူး၊ ပီးတော့ ဘရန်ဒီကို ဒီအတိုင်းသောက်ပါရစေ' မြိုင်သည် မျက်လုံးကို မှိတ်ကာဆက်၍ ပြောနေပြန်၏။

ကျွန်တော်သည် မြိုင့်အား ကျွန်တော်၏ စာကြည့်ခန်းဘက်ဆီသို့ တွဲခေါ်သွားပြီးနောက် ပက်လက်ကုလားထိုင် တလုံးတွင်

အသာအယာ လှဲနေခိုင်းရလေသည်။ ခပ်လှမ်းလှမ်းတွင်စိဘ်ရှည် လက်ရှည်ထိုင်နေသော ကိုကျင်မောင်သည်လည်း စာကြည့်ခန်း ထဲသို့ထ၍ လိုက်လာသည်။

မြိုင်တတွတ်တွတ်မှာနေသော ဘရန်ဒီကို ရှာဖွေရန့်စာကြည့် ခန်းအပြင်ဘက်သို့ ထွက်လာသောအခါ ကိုကျင်မောင်သည် ကျွန်တော့ရှေ့မှဆီး၍ ရပ်ကာ 'ကျုပ်- သတိပေးထားခဲ့ရက် သားနဲ့ ခုလိုဖြစ်သွားရတာ အများကြီးစိတ်မကောင်းပါဘူးဗျာ၊ ပီးတော့ ခင်ဗျားလဲသတိထားပါ' ဟု ခပ်တိုးတိုး ပြောဆို၍ အခန်းတွင်းသို့ ဝင်သွားလေသည်။ ထိုသူသည် မြိုင်၏ ခွေးတ ကောင်လို မြိုင်နှင့်မလှမ်းမကမ်းတွင်ရှိသော ကုလားထိုင် တလုံး တွင်ဝင်၍ ထိုင်နေ၏။

ကျွန်တော်သည် အိမ်မှလူလွှတ်၍ ဘရန်ဒီတပုလင်းနှင့် ဆိုဒါ များကို ဝယ်ခိုင်းလိုက်ပြီးနောက် မြိုင်၏ဘေးတွင် ဖန်ခွက်များနှင့် အသင့်ချထားပေးလိုက်သောအခါ မြိုင်သည် ပဌမဦးဆုံးဘရန်ဒီ လက် ၃-လုံးခန့်ကို ဆိုဒါနှင့်ပင် မရောတော့ဘဲ ခပ်ကြမ်းကြမ်း သောက်ချလိုက်သည်။ နောက်ထပ် ငွှပြီးရင်းငှဲ့ကာ ဆိုဒါနှင့် စိတ်ကြိုက်ရော၍ သောက်နေ၏။

မြိုင့်ကိုကြည့်ရင်း ကျွန်တော်သည် ထိတ်လန့်လာမိသည်။ လှပချောမောသော မိန်းမပျိုတယောက်သည် ရုပ်ရည်နှင့်မလိုက် အောင် ပြင်းထန်သော ဘရန်ဒီအရက်ကို ကြွက်တွင်းထဲသို့ ရေ လောင်းသကဲ့သို့ ပါးစပ်ထဲသို့ တခွက်ပြီးတခွက် သွန်ချနေသည်။ စောစောက ဖြူဖတ်ဖြူရော်ဖြစ်နေသော မြိုင်၏ မျက်နှာသည် သွေးရောင်ဖြင့် လန်းလာသည် ထင်ရ၏။ မှေးမှိန်သလိုရှိသော

မြိုင်၏ မျက်လုံးများသည်လည်း ဝင်းလက် တောက်ပြောင်၍ လာနေ၏။

ထိုကဲ့သို့အင်မတန်ချောမောသည့်မိန်းမပျိုတယောက် အရက် တခွက်ပြီးတခွက် သောက်နေပုံကို ထိတ်လန့်အံ့သြစွာ ကျွန်တော်သည် အမှတ်မထင်ကြည့်နေမိစဉ် ညှော်ခန်း၌ သေဆုံးနေရရှာပြီ ဖြစ်သော ညီငယ်၏အလောင်းကိုပင် မေ့လျော့နေမိပေသည်။ မြိုင်သည် ဘရန်ဒီပုလင်း တဝက်သာသာခန့်ကို ဆယ်မိနစ်သာသာ အတွင်းသောက်ချလိုက်၏။ ကျွန်တော်သည် မြိုင်ထိုကဲ့သို့ အရက် သောက်ပုံကို တခါမျှမမြင်ခဲ့မိစဘူးပေ။ သောက်မှန်းလည်းမသိ ခဲ့ပေ။

'မြိုင်ဟာ အရက်သမား မဟုတ်ပါဘူး ကိုကျော်တင့်၊ ရင်ထဲက ဘယ်လိုတောင်းလာမှန်းမသိ တောင်းလာလို့ မသောက်စဘူး ဇွတ်သောက်ချလိုက်တော့မှ ခံသာလာတယ်၊ ဒါပေမယ့် မြိုင် မမူးပါဘူးနော်'

မြိုင်သည် အရက်စ၍သောက်ကထဲက ယခု အကြိမ်သည် စကားစ၍ပြောခြင်းဖြစ်သည်။

ကျွန်တော်က ခေါင်းကိုဖြေးညှင်းစွာ ခါရမ်းနေမိ၏။

'မောင်ကျော်မြင့် မောင်ကျော်မြင့် တယ်ရက်စက်တဲ့ သူငယ် တယောက်ဘဲ'

မြိုင်သည် တယောက်ထဲပြောချင်ရာ ပြောနေသကဲ့သို့ ရှိပေသည်။ ကျွန်တော်သည် မြိုင့်ကိုသာ ငေးကြည့်နေမိ၏။

'သူ့အချစ်ကို မြိုင်က လက်မခံရကောင်းလားဆိုပီး ဒီသူငယ်ဟာ ဘူ့ကိုယ်ကို သတ်သေပစ်လိုက်တာတဲ့လား၊ အင်း-အင်း၊

ဒီအတိုင်းသာဆိုရင်တော့ အခက်သားကလားကွယ်၊ မြိုင့်ကို ချစ်တယ်ဆိုတဲ့လူတွေရှိသမျှကို မြိုင်က သည်းညည်းခံပြီး သူတို့ အချစ်တွေကိုသာ လက်ခံနေရရင်တော့ မခက်ပေဘူးလား၊ ရှင်ဘဲ ပြောစမ်းပါဦး ကိုကျော်တင့်'

မြိုင်သည် တစ်စုံတယောက်အား ပြောနေသကဲ့သို့ ရှိရာမှ ကျွန်တော့အားလည်း မေးနေ ပြောနေပြန်ပါ၏။ ခပ်မှုးမှုးနှင့် ဝမ်းထဲတွင်ရှိသမျှကို အံထုတ်နေသောမြိုင်အား ကျွန်တော်သည် ငေးစိုက်၍သာလျှင် ကြည့်မြဲကြည့်နေမိပေသည်။ ရင်ထဲ၌လည်း လှုပ်ရှားလာ၏။

'ကိုကျင်မောင်ဟာ မြိုင့်ကိုစောင့်နေတာ ဘယ် လောက် ကြာပြီလဲဆိုတာသူသာအသိဆုံးဖြစ်မှာဘဲ၊ ရှင်လဲဒီလိုအထဲကဘဲ မဟုတ်လားဟင် ကိုကျော်တင့် မြိုင်က တဲ့တဲ့ဘဲ မေးတတ်လို့ မေးလိုက်ရဦးမယ်'

'တွေ့ကရာတွေ ရှောက်မပြောပါနဲ့မြိုင်'

'မှန်တာကို ပွင့်ပွင့်လင်းလင်းမေးတာပြောတာကို လူတွေက ကာလို့ မကြိုက်သလဲ မပြောတတ်ပါဘူးရှင် ဪ–ဒါထက် ကိုကျော်တင့်ကို မေးစရာတခုကို ခုမှသတိရလာလို့ မေးရဦး မယ် ဘဝက သိလကောင်းလို့ မြိုင်ဟာ မိန်းမလှတယောက် ဖြစ်လာရတဲ့အတွက် မြိုင့်ကို လိုချင်တယ်လို့ ပြောလာတဲ့ ယောကျ်ားတယောက်ယောက်ကို မြိုင်က မြိုင့်ကိုယ်ကို ပုံအပ်ရ မှာလားရှင်'

မြိုင်သည် မျက်လုံးလည်းမှေး၍ လျှာလည်းလေးစပြုလာ၏။ သို့ရာတွင် မြိုင်၏ ထိုအမေးကို ကျွန်တော်သည် မဖြေချင်ပါ။

ဖြေရမှာ ကျောချမ်းလှ၏။ မြိုင်၏ အမေးမှ သဘာဝကျ၍ မှန်ကန်သောကြောင့် ဖြစ်လိမ့်မည် ထင်သည်။

'ဘယ့်နှယ်လဲဟင်၊ ကိုကျော်တင့် မြိုင် မေးတာကို ကော ဖြေဦးမှာလား'

သည်အခိုက်မှာပင် ရောက်ကတည်းက စကားတခွန်းမျှ လည်း မပြောဘဲ ငြိမ်ဝပ်စွာထိုင်နေခဲ့သော ဒေါက်တာ ဦးကျင်မောင်သည် ထိုင်ရာမှထ၍လာကာ မြိုင့်ဘေးတွင် ရပ်လိုက်၏။

'စိတ်မကောင်းဖြစ်နေတဲ့ မသာအိမ်မှာ တွေ့ကရာ တွေ ရှောက်ပြောနေတဲ့ မကောင်းဘူးထင်တယ်မြိုင် အိမ်ပြန်ကြဘို့လဲ တော်လောက်ပါပြီ' ဒေါက်တာ ဦးကျင်မောင်က မြိုင့်အား ချော့မော့ ပြောဆိုလာ၏။

"ရှင်ကဘာလဲ ကိုကျင်မောင်....ရှင်ဒေါက်တာ လုပ်ဘို့က ဇာတ်ခုံပေါ်မှာသာရှိတယ် ဒီမှာ မလိုပါဘူး ..."

'မြိုင့်ဟာက တရားလွန်နေပြီထင်တယ်....'

'ရှင့်ဒေါက်တာကခုထက်ထိ လုပ်နေတုံးဘဲလားဟင်....ရှင်ဟာ ဇာတ်ခုံပေါ်မှာဘဲ တော်တယ်....လူတယောက် အဖြစ်နဲ့ဘော့ ဘယ်လိုမှ အသုံးချဘို့ ကောင်းတဲ့လူတယောက် မဟုတ်ဘူး....ရှင်-ခုပြန်သွားရင် အားလုံးအတွက် ကောင်းလိမ့်မတ်' မြိုင်သည် ကိုကျင်မောင်အား ခပ်ထန်ထန်မာမာ ပြောဆိုလိုက်လေသည်။

ဒေါက်တာ ဦးကျင်မောင်သည် နောက်ထပ်၍ ဘာမျှ ပြန် မပြောတော့ဘဲ နီရဲသောမျက်နှာဖြင့် စာကြည့်ခန်း အပြင်ဘက်သို့ ငြိမ်သက်စွာ ထွက်သွားလေသည်။ ကျွန်တော်သည် မြိုင်၏ ထက်မြက်လှသော သြဇာနှင့် အမိန့်ကို အငေးသားကြောင်၍ ကြား နာနေရပေသည်။ မိမိ၏ ဒေါက်တာကိုပင်မြိုင်သည်လက်အောက်

ငယ်သားလို ခိုင်းစေ၏။ ကိုကျင်မောင် ထွက်သွားပြီးနောက် အတန်ငယ်ကြာမှ မြိုင်သည် မှေးနေသော မျက်လုံးကိုဖွင့်၍ ကျွန်တော့အား မော်ကြည့်ပြန်လေသည်။

'မြိုင်ခုဘင်က မေးတာ ဖြေဦးမလားဟင်– ကိုကျော်တင့်'ဟု မြိုင်က သဲသဲမဲမဲမေးလာပြန်၏။

ကျွန်တော်က မချိပြုံး–ပြုံး၍ ခေါင်းကိုသာ ခါရမ်းပြလိုက်ပေသည်။

မြိုင်သည် အတန်ကြာ ငြိမ်သက်နေပြီးမှ၊သက်ပြင်းတချက်ကို ရှည်လျားစွာချလိုက်လေသည်။

'မြိုင်ဘယ့်နှယ့်နေသေးသလဲ....တော်တော်မူးနေသလား'ဟု ကျွန်တော်က မြိုင့်ကို မေးကြည့်သည်။

'စီးကရက် တယ်ပါဦးလား ကိုကျော်တင့်ရဲ့....မြိုင်ရဲ့ ပါးစပ်တွေ ခါးနေလို့'

မြိုင်ကစီးကရက် တောင်းသဖြင့် ကျွန်တော်သည် အသင့် ရှိသော စီးကရက်ဘူးထဲမှ တလိပ်ကိုထုတ်ယူကာ မြိုင်၏ ပါးစပ်တွင် ထင်၍ မီးညှိပေးလိုက်ရပေသည်။ မြိုင်သည် စီးကရက်ကို နှင်နှစ်ချိုက်ချိုက် သုံးလေးဖွာလောက်ဖွာ၍ မီးခိုးများကိုမှုတ်ထုတ်နေရာမှ 'လူတွေဟာ မြိုင့်အကြောင်းနဲ့ မြိုင့်သဘောကို နားမလည် နိုင်ကြတာ ခက်နေတယ် ကိုကျော်တင့်ရဲ့၊ပြောမဲ့သာပြောရတာ မြိုင်ရဲ့ ယောကျ်ား အသိမိတ်ဆွေထဲမှာ ကိုကျော်ဘင့်တယောက်ကလွဲပြီး မြိုင့်ကို သက်ညှာ နားလည်တဲ့လူတယောက်မှ မြိုင်တော့မတွေ့ခဲ့ရသေးဘူး... လူတွေဟာ သူတို့လိုချင်–ဖြစ်ချင်တာ တခုလောက်သာ သဲသဲမဲမဲ ဖြစ်နေကြတာဘဲ....'ဟု အေးအေးဆေးဆေး ပြောနေပေသည်။

အလှမာန် တက်ကြွခက်ထန်နေသော အလှ၏ ဘုရင်မကို ကျွန်တော်သည် ကျေနပ်စွာ ကြည့်နေမိသည်။အလှဘုရင်မပြောသမျှ စကားတို့ကိုလည်း ကျေအေးစွာ နားထောင်၍ နေမိသည်။

'မြိုင့်မှာ ရည်ရွယ်ချက် တခုထဲရှိတယ်....လူတိုင်းလူတိုင်းရဲ့ ပါးစပ်ဖျားမှ တသသ ဖြစ်နေရတဲ့နံမယ်ကျော်မင်းသမီးတယောက် ဖြစ်ဘို့ဘဲ၊ ဒီအပြင်ဘာမှမြိုင်မလိုချင်ဘူး....စည်းစိမ်ဥစ္စာတို့ အချစ်တို့ လင်သားတို့ ဆိုတာတွေဟာ မြိုင့်အဘို့တော့ နဲနဲကလေးမှ စိတ်ဝင်စားစရာ မဟုတ်ဘူး-အလကားဘဲ....'

မြိုင်သည် ဆက်လက်၍ ပြောချင်ရာများကိုပြောသွားရသဖြင့် ကျေနပ်သွားသကဲ့သို့တဝက်လျှော့လျှော့မျှ ကျန်ရှိနေသေးသော ဘာရန်ဒီပုလင်းထဲမှအရက်ကို ဖန်ခွက်ထဲသို့ငှဲ့ကာ ဆိုဒါလည်း မရောဘဲ ကျွန်တော့အား ရုတ်တရက် လှမ်း၍ ထိုးပေးရင်း-'မြိုင့်ကို ခင်မင်တယ်ဆိုရင် ဒါကလေးကို သောက်လိုက် စမ်းပါ ကိုကျော်တင့်'ဟု ပြောဆိုခါကျွန်တော်မသောက်ဘူးသောအရက်ကို ပဌမဦးစွာ အသောက်ခိုင်းလာ၏။

အရက်ကို ကျွန်တော်သည် မနှစ်သက်ပါ၊ သောက်လည်း မသောက်ဘူးပါ။ သို့ရာတွင် မြိုင်လှမ်းပေးသော ဘာရန်ဒီကို ကျွန်တော်သည် ဆိုဒါပင် မရောဘဲ မှိတ်၍ သောက်ချလိုက်မိပေသည်။ လယ်ချောင်းများရှကာ မွန်ထူလျက် ရင်ထဲတွင်လည်း ပူ၍ဆောင့်ချသွားလေသည်၊ ဖန်ခွက်ထဲက အရက်ကိုကုန်အောင် သောက်ချလိုက်ပြီးမှပင် ကျွန်တော်သည် မိမိကိုယ်ကို အံ့ဩမိသကဲ့သို့ မြိုင့်ကိုပိုမို၍သာ အံ့ဩမိပေသည်။ ကြောက်ရွံ့လေးစားရမည့် သူကဲ့သို့လည်း ထင်မြင်လာသည်။ သို့ရာတွင်ကျွန်တော်သည် မြိုင့်အား အံ့ဩနေခြင်းမဟုတ်။ ကြောက်ရွံ့ လေးစားနေသည်

လည်းမဟုတ်။ ထိုအချိန်နှင့် ထိုနာရီမှစ၍ ကျွန်တော်သည် မြိုင့်အား မည်ကဲ့သို့သော ချစ်ခြင်းမျိုးဟူ၍ ထိုကာလက မခွဲခြားနိုင်ခဲ့သော ချစ်ခြင်းမျိုးဖြင့် ချစ်လာခဲ့ခြင်းသာ ဖြစ်ပေသည်။

'မြိုင့်ကို စီးကရက်ပေးပါဦး....'မြိုင်သည် စီးကရက်တောင်းပြန်သဖြင့် ကျွန်တော်သည် မြိုင်၏ ပက်လက် ကုလားထိုင် ဘေးဝယ် ဒူးတဘက်ထောက်၍ စီးကရက်ကို မီးညှိပေးရ၏။

မြိုင်သည် စီးကရက်ကို တချက်ဖွာလိုက်ပြီးနောက် ကျွန်တော်၏ နဖူးပြင်ကို သူမ၏ လက်ညှိုးကလေးဖြင့် ထိုး၍ ထောက်ခါ 'နော်-ကိုကျော်ဘင့် ရှင်ဟာ မြိုင်တခါတုံးက အစ်မတန်ချစ်ခဲ့ရတဲ့ဘော်ဘီကလေးလိုဘဲ သိပ်သဘောကောင်းပီး မြိုင့်သဘောကိုလဲ နားလယ်နေတာဘဲ....' မြိုင်က ခွေးကလေး တကောင်နှင့် ယှဉ်ပြောလေသည်။

ကျွန်တော့ကိုဘုရားကာယ်ပါဟူ၍ ဆုတောင်းလိုက်ရမည်ကဲ့သို့ ရှိနေ၏။ သို့ရာတွင် ကျွန်တော်သည်ဆုမတောင်းမိ။ မြိုင်၏အရက်မူးနေ၍ ပကတိအတိုင်း ပေါ်လွင်နေသော ကလေးသူငယ်မ၏ မျက်နှာကိုသာ ကျေနပ်နှစ်သိမ့်စွာ ကြည့်နေမိ၏။ ပါးစပ်မှဘာမျှလည်း ပြန်၍မပြောချင်၊ ပြောစရာရှိသည်ဟုလည်း မထင်။

ထိုအခိုက် အသုဘအား လာရောက် မေးမြန်းကြသူများ၏ ကားသံများနှင့် အိမ်ပေါ်သို့ တက်လာသံများကို ကြားရသဖြင့် ကျွန်တော်သည် အသုဘရှင်၏ ဝတ္တရားအတိုင်း မြိုင့်အား အကျိုးအကြောင်းပြောဆို ခွင့်တောင်းကာ လာရောက်မေးမြန်းကြသော ဧည့်သည်များအား မြိုင့်အနီးမှထွက်ခွါ၍ သွားရောက်ဧည့်ခံမည်အပြု 'အကြာကြီးမနေနဲ့နော် ကိုကျော်ဘင့်....၊ မြိုင်တယောက်ထဲမနေတတ်ဘူးကွယ်လေ့....'ဟု မြိုင်ကမှာနေ၏။

ကျွန်တော်သည် ထိုညက ဧည့်သည်များ ရှင်းသွားသော ၁၀-နာရီခွဲသာသာလောက်မှ မြိုင့်အားအိမ်ပေါ်မှတွဲ၍ဆင်းလာ ရပြီးနောက် ၎င်း၏အိမ်သို့ အိမ်မှကားနှင့် လိုက်ပို့ရပေသည်။ ကိုကျင်မောင်သည် မြိုင်၏ကားကိုယူ၍ ပြန်သွားပေပြီ။

အိမ်ပေါ်မှအဆင်း လှေခါးထစ်ကိုနင်းရာ၌ ချော်သွားသော မြိုင့်အား ကျွန်တော်သည် လိမ့်မကျသွားစေရန် တအားဘမ်း၍ ပွေ့ယူလိုက်စဉ် လှုံ့ဆော်သည့် သွေးသားစိတ်ကို မငြင်းဆန် မတားဆီးနိုင်တော့၍ မြိုင့်အား နမ်းလိုက်မိစဉ် 'ဒီလိုလုပ်ထာ မကောင်းပါဘူးကွယ်လေ့'ဟုမြိုင်သည်အားနွဲ့သော အသံကလေး ဖြင့် ညည်းလေသည်။သည်ကစ၍ မြိုင့်ကို ကျွန်တော်သည် အသဲ ထဲသို့ နစ်နေအောင် ချစ်ခဲ့ပြီဟု ထင်ပါ၏။

## ကျော်စောခြင်းကို တပ်မက်သူ

### [ ၁ ]

မောင်ကျော်မြင့်သည် ၎င်း၏ တပ်မက် မောသော လုတန်ဆောင်၏ ငြင်းပယ်ခြင်းကို ခံရသည့်အတွက် ရက်ရက်စက်စက်ပင် ကျွန်တော့အား ခွဲခွါကာ ပြန်လာခြင်းငှါ မရှိတော့သောလမ်းကို ထွက်သွားပြီးနောက် ကျွန်တော်သည် စိတ်နောက်ကျိ လေလွင့်ခဲ့ရပေသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကစ၍ ချစ်ခြင်းမေတ္တာ ခေါင်းပေါင်းသော အိမ်ထောင်တခုဝယ် လူဖြစ်ကြီးပြင်းလာခဲ့ရသဖြင့် တယောက်ကိုတယောက် ချစ်ခင်လာခဲ့ကြပေသည်။ ဤကမ္ဘာဝယ် ချစ်စရာဟူ၍ သည်ညီအစ်ကိုကလေးနှစ်ယောက်ထဲသာ ကျန်ရှိနေတော့သည့်အတွင်း တယောက်ကိုတယောက် သက်သက်ညှာညှာနှင့် မခွဲမခွါ နေသွားရမည့်အရေးကို အသီးသီးတို့၏ ကိုယ်ရေး ကိုယ်တာများကိုပင် စွန့်လွှတ်အနစ်နာခံခဲ့ကြရပြီးမှ ယခုကဲ့သို့ ဖြစ်ပျက်သွားရခြင်းမှာ ကျွန်တော့အတွက် အသဲနာစရာကြီးတခုကဲ့သို့ ဖြစ်နေလေသည်။

မောင်ကျော်မြင့်အတွက် စိတ်မကောင်း ဖြစ်နေခဲ့ရသည်နှင့်အမျှ ကျွန်တော်သည် မောင်ကျော်မြင့်ကိုယ်စား မြို့ငှဆီသို့ရောက်ရှိနေ၏။ မောင်ကျော်မြင့်အား မွဲမွေပျောက်ပျောက် ရှိရန်မြို့ထံသို့ သွားရောက်ရတိုင်း ကျွန်တော်သည် သက်သာခံသာ

ခြင်းကိုတွေ့ရ၏။ မြိုင်သည် ညော့်သည်များ ရှုပ်ထွေးနေသည်၏ အကြားမှပင် ကျွန်တော့အား သီးခြားအရေးယူ၏။ သပ်သပ် ခေါ်၍ ကျွန်တော့အား သက်သာနှစ်သိမ့်စေသော စကားကို ပြော၏။ အဘယ်မျှသော လူကြီးလူကောင်း ညော့်သည်များသည် မြိုင့်အား ပတ်ပတ်လည်ဝိုင်း၍ နေစေကာမူ မြိုင်သည် ထိုနောက် ပိုးများ၏အကြားမှ ဖေါက်ထွက်ကာ ကျွန်တော်နှင့်အတူ အင်းလျားဘက်သို့ လေညှင်းခံရအောင် လိုက်လာတတ်၏။ တရုပ်တန်း၌ ထမင်းအတူ လိုက်၍စားတတ်၏။ ရုပ်ရှင်ကိုလည်း အတူ လိုက်၍ ကြည့်တတ်၏။

မောင်ကျော်မြင့် သေဆုံးခဲ့ရပြီးသည့် နောက်ပိုင်း၌ ကျွန်တော်သည် မြိုင့်အား ကျွန်တော့အတွက် မရှိလျှင်မဖြစ်သော သတ္တဝါတကောင်အနေနှင့် တွေ့ရှိလာသည်ဟု ဆိုရလိမ့်မည် ထင်၏။ မောင်ကျော်မြင့်အကြောင်းကို သတိရ၍ စိတ်မကောင်းဖြစ်မိတိုင်း မြိုင့်ဆီသို့ ကျွန်တော် ထွက်လာတတ်၏။ မြိုင်၏ဆီး၍ကြိုသော အပြုံးကို ခံယူတွေ့ရှိရတိုင်း သက်သာ နားနေခြင်းကို ရလာပေသည်။ ထို့ကြောင့် မောင်ကျော်မြင့် ကွယ်လွန်သွားပြီးနောက်၌ မြိုင်သည် တနေ့တခြား ကျွန်တော့အတွက် မရှိမဖြစ်သော ပစ္စည်းတခုကဲ့သို့ ဖြစ်လာနေခြင်းကို ကျွန်တော်ကလည်း မသိ၊ မြိုင်ကလည်း သတိထားမိမည်မဟုတ်။

လူသူရှင်းလင်း၍ အေးချမ်းတိတ်ဆိတ်လှသော အင်းလျားဘက်၌ ရေပြင်ဘေးတွင် ကားကိုအသာရပ်ကာ မိမိတို့၏အတွေးကိုယ်စီဖြင့် တွေးလိုရာ တွေးနေကြရာမှ မြိုင်သည် တခါတရံ မောင်ကျော်မြင့်ကို လွမ်းဆွတ်သတိရကြောင်း ပြောလာသော အခါ ကျွန်တော်သည် မြိုင့်အား ကျေနပ်စွာ ငေးစိုက်၍ကြည့်

နေရင်း ရင်ထဲ၌ ကြည်နူးနှစ်သိမ့်စရာကောင်းသော ဝေဒနာကို ခံစားရသေးသည်။ သည်လို သာယာ ကြည်နူးစရာ၊ ချမ်းမြေ့ ငြိမ်သက်စရာ အချိန်ကာလနှင့်အခွင့်အလမ်းများသည် များများ စားစား ရလှသည်တော့မဟုတ်။ အလွန်တရာ နာမည်ကျော် ကြား၍ လူတိုင်းက တ,သ, စွဲလမ်းလျက် ချစ်ခင်နေကြသော မင်းသမီးတယောက်အတွက် သက်သာနားနေခွင့်သည် တိုတောင်း ရှားပါး၍ လာခဲ့လေသည်။

ပြဇာတ်အဖွဲ့များမှ ကပြကြတိုင်း မြိုင်မပါ၍မပြီး၊ အငြိမ့် ကလည်း တပတ်လျှင် အနည်းဆုံး တကြိမ်ထက်တော့ မနည်း ပေ။ ၎င်းအပြင် တချီတချီ နယ်များသို့ တညအိပ်ထွက်၍ က,လိုက်ရသေး၏။

မြိုင်သည် သတင်းကြီးမားကျော်ကြား၍ နေလေပြီ။ တနေ့ တွင် ၂၄-နာရီအတွက် မြိုင်သည် အစီအစဉ် လုပ်နေရ၏။ ဘယ်အချိန်အိပ်၊ဘယ်အချိန်စား၊ ဘယ်အချိန် ဧည့်သည်နှင့်တွေ့ စသည်ဖြင့် မြိုင်၏အတွက် ၂၄-နာရီအနက် အိပ်ချိန်မှလွဲလျှင် သက်သာ နားနေသောအချိန်သည် မရှိတော့သလောက် ဆက်၍ နေလေသည်။

ချောမော လှပ၍ ကျော်ကြားထင်ရှားသော မင်းသမီးဖြစ် သဖြင့် ပိုးပန်းချစ်ခင်သူများသည် တစထက်တစ တိုးတက်များ ပြား၍သာ လာလေသည်။ အသက် ၁၈-နှစ် ၂၀ လူငယ်လူရွယ် ကလေးများမှ ၄၀-ကျော် လူကြီးပိုင်းများအထိ မြိုင့်အား ဝိုင်းဝန်း ပိုးပန်းရစ်သီနေကြသူများအား မျက်စေ့ ရှုပ်လောက် အောင်ပင် တွေ့နေရပေသည်။

ပြဇာတ်ခုံ နောက်ခန်းများတွင် မြိုင့်အား တွေ့လိုသူ စကား ပြောလိုသူများ ရှုပ်နေသလောက် အငြိမ့်စင်ရှေ့တွင်လည်း မြိုင့် အား သတိသစ်မဘတ် ပေးမောနေသူများကို တွေ့ရပေသည်။ မြိုင်၏ အိမ်တွင်ကား လူပြတ်သည်ဟူ၍ မရှိတော့။

'မြိုင်....မြိုင်....မြိုင်....' လူတိုင်းပါးစပ်တွင် တမြိုင်ထဲ မြိုင်နေ ကြလေပြီ။

# [ ၂ ]

ဤမျှလူစည်ကားသော ပတ်ဝန်းကျင်တွင် အများတကာ အား ကျေနပ်အောင် ပြေပြေပြစ်ပြစ် ဆက်ဆံနေရသော မြိုင်၏ ဘဝကို နေ့စဉ်နှင့်အမျှ တွေ့မြင်နေရသောအခါ ကျွန်တော်သည် မြိုင်၏ ဘဝနှင့် အလုပ်ကို ဘေးမှ ကြည့်ရ မြင်ရရင်း ငြီးငွေ့ စိတ်ပျက်လာမိ၏။ သို့ရာတွင် ကျွန်တော်သည် မြိုင့်ဆီသို့ တရက်မှ နှစ်ရက်ကြာမြင့်အောင် မသွားဘဲနေ၍မရ၊ ငြီးငွေ့စိတ်ပျက်မိ သည့် အကြားမှ မြိုင့်ဆီသို့တဝဲလယ်လယ်နှင့်ပင် ရောက်ရပြန်၏။

စ၍ တွေ့ရလျှင် မြိုင်သည် အံ့ဩ တပ်မက် နေကြသော ယောက်ျားများ၏ ပတ်ဝန်းကျင်၌သာ ဖြစ်လေသည်။ ပုံးကာ ရီကာနှင့် စကားပြောနေရ၏။ ထို့ကြောင့် ကျွန်တော်သည် မြိုင့် မျက်နှာကလေးအား ကြည့်ရုံမျှကြည့်ကာ စိတ်ပျက်လှသဖြင့် ပြန် ၍လှည့်ထွက် အလာတွင်....'ကိုကျော်တင့် ပြန်တော့မလို့လား မြိုင်-မှာချင်တာကလေးရှိလို့ ခဏကလေးနေပါဦး'ဟု လှမ်း၍ ပြောကာ မြိုင်သည် ဧည့်သည်များအား အခွင့်တောင်း၍ ကျွန်တော့ဆီသို့ အူယားဖါးရာပြေးလိုက်လာတတ်၏။ ကျွန်တော်

သည် မြိုင်၏ အလိုဆန္ဒကို မလွန်ဆန်နိုင်သူဖြစ်သဖြင့် စိတ်ပျက်ပျက်နှင့်ပင် ရပ်၍ စောင့်နေလိုက်ရ၏။ သို့ရာတွင် နောက်သို့ တော့ လှည့်မကြည့်။

'ဘာများ....အရေးတကြီး ကိစ္စရှိလို့ပါလိမ့် ဆရာကြီးရယ်' မြိုင်က ခနိုးခနဲ့မေးရင်း ဆရာကြီးဟုပင် ခေါ်လိုက်၏။

'ညှော့သည်တွေက များနေတော့ မျက်စေ့ရှုပ်လွန်းလို့' ကျွန်တော်ကတော့ တိုတိုနှင့် လိုရင်းကိုသာ ပြောလိုက်မိ၏။

'ဘယ့်နဲ့လုပ်ခလဲ၊ ညှော့သည်တွေကို နှင်ချရမှာလား ဆရာကြီးရဲ့....'မြိုင်က ဆက်၍ ခနဲ့မြဲခနဲ့နေပြန်၏။

ကျွန်တော်သည် ဘာမျှလည်း မပြောချင်သဖြင့်၊ နှုတ်အ,၍ နေလိုက်သည်။

'ဘာတွေများ အလိုမကျ ဖြစ်နေပါလိမ့်မလဲနော်၊ ဒီလူ တယောက်ကလဲဘဲ....'

ဆက်လက်၍ အ,မြဲပင် အ,နေလိုက်၏။

'အော်....မြိုင်-ပြောမလို့ဟာတောင် မေ့နေလိုက်တာ ကနေ့ည ပြဇာတ် ၁၀-နာရီခွဲလောက် ပီးတဲ့အခါ မြိုင့်ကို ကိုကျော်တင့် ကားနဲ့လာကြိုစမ်းပါ....'

'ဟုတ်ကဲ့....'

'ဒီက အကောင်းပြောနေတာရှင့်....'

'ဟုတ်ကဲ့ပါတဲ့ မမြိုင်ရယ်....'

'သူများ အကောင်း ပြောနေရင် သူက ဖေါက်ဖေါက်လာ တတ်တယ်....'

'ခက်ပါဘိတော့ဗျာ....'

'ဘာ ခက်ခနဲ့ရတာတုန်း၊ ဆက်ဆက် လာကြိုနေဝ် မြိုင်—ပြောစရာလဲ ရှိနေလို့'

ကျွန်ုတော်သည် ခေါင်းကို ငြိမ့်ပြရုံမျှ ပြကာ ထွက်လာခဲ့လေသည်။ မြိုင်ပြောစရာလဲ ရှိနေလို့ ဆိုသော အပိုဒ်ကို ကျွန်တော်သည် အနည်းငယ် စိတ်ဝင်စားသလိုရှိမိ၏။ ၎င်းအပြင် မြိုင်သည် ကျွန်တော့အား ပြဇာတ်ပြီးချိန်၌ တကြိမ်တခါမျှလည်း ယခုကဲ့သို့ အကြိုမခိုင်းစဘူးပေ။ ထိုနေ့ တနေ့လုံး ကျွန်တော်သည် ဘာမျှရေရာခြင်းမရှိသော တအုံ့နွေးနွေး ဖြစ်ရခြင်းမျိုးကို သက်သက်မဲ့ ခံနေရ၏။ စက်သို့ သွားရောက်ရာ၌လည်း ဘာမျှ စိတ်ဝင်စား၍မရ၊ စာရင်း အင်းကို ကြည့်ရာ၌လည်း အလဲ့လဲ့ အချော်ချော် ဖြစ်နေ၏။ ထို့ကြောင့် ၂–ချက်တီးလောက်တွင် စက်ထဲမှ အိမ်သို့ ပြန်လာခဲ့ရ၏။ အိမ်သို့ ရောက်သော အခါ၌လည်း ယောင်ချာချာ ဖြစ်နေပြန်၏။ သို့နှင့်သာ မရေမရာ ယောင်ချာချာ ဖြစ်ပြီး တနေကုန်၍သာ သွားခဲ့လေသည်။

မြိုင်....မှာကြားထားသော ၁၁–နာရီခွဲတိတိတွင် ကျွန်တော်သည် မြိုင်–ကပြနေသော ပြဇာတ်ရုံ၏ နောက်ဖေးဘက်ရှိ သစ်ပင်ရိပ်တခုတွင် ကားနှင့် အဆင်သင့်ရောက်နေလေပြီ။ သို့ရာတွင် ပြဇာတ်သည် ၁၀–နာရီခွဲတွင် မပြီးဘဲ ၁၁-နာရီထိုးခါနီးမှ ပြီးလေသည်။

ပြဇာတ်ပြီးလျှင်ပြီးခြင်း ချက်ခြင်းပင် အဝတ်အစားလဲ၍ ထွက်လာသော မြိုင့်ကို လှမ်းမြင်ရ၏။ မြိုင်သည် ပျာယီပျာယာနှင့် ဟိုဟိုဒီဒီ ကြည့်နေသဖြင့် ကျွန်တော်က မှောင်ရိပ်ထဲက အသံပြုလိုက်တော့မှ မြိုင်သည် ပြေးလွှား၍ လာလေသည်။

'ဇာတ်သိမ်း နောက်ကျသွားတာနဲ့ စောင့်ရတာ စိတ်ပျက်ပြီး ပြန်များသွားပလားလို့ စိုးရိမ်နေလိုက်ရတာ....' မြိုင်သည် ကျွန်တော်ဖွင့်ပေးထားသော ကားရှေခန်းမှလှမ်း၍တက်လာကာ ကျွန်တော်၏ဘေး၌ ထိုင်ရင်းမောပန်းသလို လေသံကလေးဖြင့် ခပ်တိုးတိုး ပြောလေသည်။

ကျွန်တော်သည် ကားကို စက်နှိုးလိုက်ပြီးနောက် 'ဘယ်ကို မောင်းရမလဲ မမ....'ဟု ခပ်အေးအေး မေးလိုက်ရပေသည်။

'လူသူမရှိတဲ့ နေရာကိုသာ မောင်းစမ်းပါ' မြိုင်သည် စီးကရက်တလိပ်ကို မီးညှိ၍ဖွာရင်း အမိန့်ပေးလေသည်။

မြိုင်....ဘာဆိုလို၍ ဘယ်ကို သွားချင်မှန်း တခါထဲ ကျွန်တော်က နားလည်ပြီးသား ဖြစ်ပေသည်။ ကျွန်တော်သည် ကားကို အရှိန်မှန်မှန်ဖြင့် ကုတ်ကိုင်းဘက်သို့ မောင်းထွက်လာပြီးနောက် ငြိမ်သက်နေသော အင်းလျားရေပြင်ဘေးတွင် ငြိမ်သာစွာ ရပ်လိုက်၏။

မိုးကောင်းကင်မှာ လရောင်သည် မရှိသော်လည်း ကြယ်တွေက မှိတ်တုတ်လင်းတုတ်နှင့် တောက်ပနေကြသဖြင့် ကြယ်၏အလင်းရောင်သည် အင်းလျားရေပြင်တဝိုက်၌ ဖြာဆင်းနေပေသည်။ အင်းလျားတဝိုက်တွင် ငြိမ်သက်တိတ်ဆိတ်နေသော်လည်းညလေသည် ပြေးလွှားတိုက်ခိုက်နေသေးသောကြောင့် သစ်ရွက်များ အချင်းချင်း တိုးဝှေ့သံကို ဂါထာရွတ်သံလို ကြားနေရ၏။

ကားသည် ရေပြင်ဘေး၌ ရပ်နားထားသည်မှာ ၁၀-မိနစ်ခန့် ကြာသွားပြီဖြစ်သည့်တိုင်အောင် ကားပေါ်မှလည်း မဆင်းကြ စကားလည်း မပြောနိုင်ကြဘဲ မိမိတို့၏ အတွေးကိုယ်စီဖြင့် ငြိမ်

သက်နေခဲ့ကြရာမှ မြိုင်၏ သက်ပြင်းချသံကို သတိထားလိုက်မိသည်။

'ဘယ်လိုဖြစ်နေလို့လဲမြိုင်....' ဒါဘဲ ကျွန်တော်က ဘောင်၍မေးလိုက်မိသည်။

'ခက်တော့တာပါဘဲ ကိုကျော်တင့်ရယ်၊ မြိုင့်မှာလဲ နေ့ရှိသရွေ့ ဒီလောက် များပြားတဲ့ ခည့်သယ်တွေကို ဧည့်ခံစကားပြောနေရတာ ဆက်ဆံနေရတာ ခက်ပါတယ်လေ လူတွေဟာ သူများအကြောင်း ဘာမှလဲ မသိကြဘူး၊ ကိုယ်လိုချင်တာသာ နားလယ်ကြတာဘဲ....' မြိုင်သည် တကယ်ဆိုသောအခါ ၎င်း၏ လူထူသပ်သောပတ်ဝန်းကျင်နှင့်ဘဝတို့ကိုငြီးငွေ့ပင်ပန်းကာ ညည်းညူလာခြင်းဖြစ်၏။

ကျွန်တော်သည် ဘာမျှ ဝင်၍မပြောသေးဘဲ ငြိမ်သက်စွာနားထောင်နေလိုက်၏။

'အသိတို့ မိတ်ဆွေတို့ဆိုတဲ့ လူတွေဟာ ဘယ်သူမှ မြိုင့်ကို စိတ်ချမ်းသာအောင် လုပ်နိုင်ကြတာလဲ မဟုတ်ဘူး၊ လုပ်ရမှန်းလဲသိတဲ့လူဘယောက်မှ မပါဘူး တကယ်ဆိုတော့ မြိုင့်ကို တကယ်စိတ်ကောင်းနှလုံးကောင်းထားပြီး စိတ်ချမ်းသာအောင် သက်သာအောင် ကူညီစောင့်ရှောက်တာ ကိုကျော်တင့်တယောက်ဘဲရှိတယ်' မြိုင်သည် ထက်ကောင်းကင် မိုးဖျားမှ တလက်လက်တောက်ပ၍နေကြသော ကြယ်များကို ရှာဖွေရေတွက်နေသကဲ့သို့ မော်၍ကြည့်ရင်း တလုံးချင်း ဖြေးညှင်းစွာ ပြောဆိုနေ၏။

ထိုအချိန်ကာလသို့တိုင်အောင် ကျွန်တော်သည် မြိုင်၏ ညည်းညူခြင်းနှင့် ပြောဆိုခြင်းများကို ငြိမ်သက်စွာပင် နားထောင်နေ၏။

'နေ့ရှိသရွေ့ ဒီလူ-ထုထုထဲမှာဘဲ နေနေရတာ စိတ်များ ဘောင်ပျက်သွားပါပီ' ဆက်လက်၍ မြိုင်က ညည်းညူနေပြန်၏။ ထို့ကြောင့် ကျွန်တော်သည် ငြိမ်သက်စွာ ရေပြင်ကို ငေးမောကြည့်ရှုနေရာမှ မြိုင့်အား စူးစိုက်ကြည့်မိ၏။

'လူတွေဟာ ဘာမှကို မသိတတ်ကြဘူး'

'မြိုင်-ခု ပြောနေတာတွေဟာ ရင်ထဲနှလုံးထဲမှာ တကယ်ဖြစ်နေတာမှ ဟုတ်ရဲ့လားဟင်....' ဟု ကျွန်တော်သည် စိတ်ဝင်စားစွာ မြိုင့်ကို မေးမြန်းကြည့်ရသည်။

'ကိုကျော်တင့် တယောက်လဲ ခက်နေသေးတာဘဲ မြိုင်ပြောနေတာကိုမှ နားလည်ရဲ့လား မပြောတတ်ပါဘူး'

'မြိုင့် ရင်ထဲ နှလုံးထဲမှာ ဘာတွေ ဖြစ်နေတာလောက်တော့ ကိုကျော်တင့် ကောင်းကောင်းကြီး နားအလယ်သွားဘဲ မြိုင်ဒါပေမဲ့ မြိုင့် ဦးနှောက်ထဲမှာသာ ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာ မခန့်မှန်းနိုင်လို့ မြိုင့်ကို ကူညီချင်တာ'ပြောပြချင်တာတွေကို ကိုကျော်တင့် မျိုသိပ်ထားရတာပါ'

'ရှင့်စကားက ရိုးရိုးနဲ့ ဆန်းလှပါကလား ပြောစမ်းပါဦး ကိုကျော်တင့်ရဲ့'

'ရိုးရိုးနဲ့ရှင်းရှင်း' ကျုပ်ကတော့ ပြောပြနေတာပါဗျား မြိုင့်အတွက်သာ ဘယ်လို ဆန်းနေတယ်တော့ မပြောတတ်ဘူး'

'ရင်ထဲ နှလုံးထဲက ဖြစ်နေတာ နားလယ်တာနဲ့ ဦးနှောက်ကို မခန့်မှန်းနိုင်လို့ ဆိုတာတွေက ဘာတွေပြောချင်လို့လဲဟင်'

'ကိုကျော်တင့် ပွင့်ပွင့်လင်းလင်း ပြောပြတာ မြိုင် ကြားချင်ရဲ့တော့ မဟုတ်လား'

မြိုင်သည် ခေတ္တ ငိုင်နေပြီးကာမှ 'ကဲ ဆိုဘဲ ဆိုစမ်းပါဦး' ဟု ပြောလာ၏။ သို့ရာတွင် မြိုင်၏အသံသည် များစွာ ရှန်းကန်၍ အားပြု ထွက်လာရသောလေသံသဲ့သဲ့မျှလောက်သာ ဖြစ်သည်။

'မြိုင် အနားယူတော့ ကောင်းပီ ထင်တယ်၊ ဒါဘဲ စ,ပြောရ လိမ့်မယ်'

'အနားယူရမယ် ဟုတ်လား ကိုကျော်တင့်'

'မြိုင်ဟာ သိပ်ပင်ပန်းနေတယ်၊ ပီးတော့ လူတွေနဲ့ နေ့မအား ညမအား ဆက်ဆံနေရလို့ ထိုင်းမှိုင်းနေတယ်၊ အရင်ကလောက် မသွက်ဘူး မြိုင် ငြိမ်ငြိမ်သက်သက်နဲ့ အနားယူမယ်ဆိုရင် ခု နွေဦးကလေး မပေါက်လာခင် မေမြို့မှာ သွားနေဖို့ ကိုကျော်တင့် စီစဉ်ပေးချင်တယ်'

မြိုင်သည် ထက်မိုးဖျားမှ ကြယ်တို့ကို မော်၍သာ ကြည့်နေလေသည်၊ စကားပြန်၍ မပေး။

'မြိုင့်ကိုယ်ကို မြိုင်က မသိပေမဲ့ ဘေးက ကြည့်ရ မြင်ရတဲ့ ကိုကျော်တင့်ကတော့ မြိုင့်အတွက် သိပ်ပင်ပန်းနေတယ်၊ မြိုင်ဟာ ခုလို တနေ့ဘခြား နာမယ်ကျော်ကြားပီး နေ့မအား ညမအား ကပြနေရတဲ့အတွက် ကျလဲ-ကျလာတယ်၊ အသားအရည်လဲ အရင်တွေ့ကာစကလောက် စိုစိုပြေပြေမရှိဘူး၊ မွဲခြောက်လာ သလို ထင်ရတာဘဲ'

မြိုင်သည်တုန်လှုပ်၍ သွားပုံရလေသည်။

'မြိုင် ကျတယ် ဟုတ် ဟုတ်လား ကိုကျော်တင့်' ထိတ်ထိတ်ပျာပျာနှင့် မြိုင်က မေးလေသည်။

'မြိုင့်ကိုယ်ကိုတော့ မြိုင်က ဘယ်သိပါ့မလဲ၊ မြိုင်က ခုလို ကိုကျော်တင့်ရှေ့မှာ အခါခါ ငြီးလာတော့မှ ကိုကျော်တင့်

ကလဲ မနေနိုင်တော့လို့ ဖွင့်ပီး ပြောရတာဘဲလေ၊ မြိုင်ငြိုးငွေ့ပီး စိတ်ပျက်နေတဲ့ လူတွေနဲ့ ကင်းဝေးလွတ်ငြိမ်းတဲ့ တနေရာရာကိုဘဲ ဖြစ်ဖြစ်၊ ကိုကျော်တင့် ခေါ်သွားပေးပါရစေလား၊ ဒါမှ မြိုင် စိတ်ချမ်းသာလာပီး အသားအရည်လဲ ကောင်းလာမယ်၊ ပီးတော့ မြိုင့်အသက်ဟာလဲ ရှည်လိမ့်မယ်'

မြိုင်သည် ရေပြင်ကို ငေးစိုက်၍ကြည့်ရင်း ငြိမ်သက်စွာပင် တွေးတောနေသည် ထင်ရ၏။ ကျွန်တော်သည် မြိုင့်ကို အေးမှ အတန်ကြာ ငေးစိုက်၍ ကြည့်နေမိပြီးမှ' ဘယ်လို စဉ်းစားမိ သလဲ မြိုင်' ဟု ခပ်အေးအေး သက်သာ မေးကြည့်လိုက်ရသည်။

မြိုင်သည် ရှည်လျားသော သက်ပြင်းကို ဖြေးညှင်းစွာ ချ လိုက်၏။

'ဒီလိုလဲ ဖြစ်နိုင်မယ်တော့ မထင်ပါဘူး ကိုကျော်တင့်ရယ်၊ မြိုင်ဟာ နာမည်ကျော် မင်းသမီး တယောက် ဆိုတော့ မြိုင့်ကို ချင်ခင် အုံခြတဲ့ လူတွေနဲ့ ခုလို ခွဲသွားဘို့ဟာ ဖြစ်မယ်မထင်ဘူး' မြိုင်သည် ကြီးမားသော ဝတ်ကြွေးကြီးတရပ်ကို ပြေး မလွတ်နိုင်သူတဦး၏ ပြောရိုးစကားကို ပြောလာ၏၊

ကျွန်တော်သည် မြိုင့်အတွက် အဘယ်ကဲ့သို့ မောမှန်းမသိ မောသွား၏။ သက်ပြင်းကိုလည်း ထပ်တလဲလဲ ချရ၏။

ကျော်ကြားခြင်းကိုသာ မက်မောချစ်ခင်သော ထိုအလှ၏ သမီးကညာအား ကျော်ကြားခြင်း၏ သင်းချိုင်းကုန်း၌ အပြီး တိုင် မြှုတ်နှံရန် ကောင်းပေတော့မည်ဟု ကျွန်တော်သည် တွေး တောမိ၏။ မီးသည် အသက်၏ ဆုံးရှုံးပျက်စီးရခြင်းကို ပြုနေ မှန်းသိပါလျက် မီးကို ဝင်၍ဝင်၍ တိုးသော ပိုးဖလန်ခကောင်

ထက် လူဖြစ်သော မြိုင်သည် မိုက်မဲလှသည်ဟု ကျွန်တော်ဆင်ပါ၏။

'မြိုင်....မြိုင်....မြိုင်....'

ကျွန်တော်သည် မြိုင့်အား ကရုဏာပင် သက်မိပေသလော။ သို့မဟုတ် ဒေါသပင်သက်မိလေသလော။ အမှန်ကိုမူ ကျွန်တော်ကိုယ်တိုင်မသိ၊ သိနိုင်ရန်လည်း ကျွန်တော်၌ ဆင်ခြင်တုံတရားသည် လှဘုရင်မ၏ မှိုင်းမိခဲ့ခြင်းကြောင့် ဆင်းရဲခဲ့ရလေပြီ။

'၁၂-နာရီလဲ ထိုးသွားပြီ မဟုတ်လားဟင် ကိုကျော်တင့်၊ မြိုင့်ကို အိမ်ပြန်ပို့ပေးပါတော့ကွယ်၊ နေလို့လဲ သက်သာသွားပါပြီ' သခင်မက ကျွန်တော့အား အမိန့်ပေးလာသောအခါ၌ ကျွန်တော်သည် ကျွန်ကောင်းတယောက် ပြီသစွာပင် မဟုရား၏ အလိုဆန္ဒအတိုင်း ကားကို စက်နှိုးကာ မြိုင့်အား မောင်း၍ လိုက်ပို့ပေးရ၏။

မြိုင့်အား ၎င်း၏ အိမ်သို့ပြန်၍ ပို့ပေးပြီးနောက် ကျွန်တော်သည် အိမ်သို့ ပြန်ရောက်သောအခါ စိတ်ထဲ၌ မကျေမချမ်း ဖြစ်နေမိပေသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းအတွက်လည်း ကျွန်တော်သည် တရားခံကို ရှာဖွေ၍မရပေ။ အိပ်ရာထက်တွင်ဟိုစောင်း ဒီလှဲ့နှင့် အိပ်မပျော်နိုင်အောင် ဖြစ်နေရ၏။ သို့ရာတွင် အင်းလျားရေပြင် ဘေးဝယ် လေကောင်း လေသန့်တို့ကို အားရပါးရ ရှူရှိုက်ရင်း အပန်းဖြေ နားနေခဲ့ပြီးသော မြိုင်တယောက်သည် နှစ်နှစ်ချိုက်ချိုက် အိပ်မောကျနေလောက်ပြီဖြစ်၍ ကျွန်တော်၏ ခံစားနေရသော ဝေဒနာကို သိရှိနိုင်လိမ့်မည်ကား မဟုတ်တော့။

## ဦးနှောက်၏သားကောင်နှင့် နှလုံးထဲမှကဗျာ

## [ ၁ ]

နေ့ရက်နှင့်နာရီတို့သည် တတိတိကုန်ဆုံး၍ မရေမရာ မတင်မကျနှင့် နေထိုင်လာခဲ့ရလေရာမှ မောင်ကျော်မြင့် ကွယ်လွန်ခဲ့သည်မှာ တနှစ်ပြည့်၍ လာခဲ့၏။ မောင်ကျော်မြင့် ကွယ်လွန်၍ တနှစ်ပြည့်သောနေ့က အိမ်တွင် ရှိကြသောလူများ စိတ်ချမ်းသာစေရန် သူတို့ဆန္ဒရှိသော ဆွမ်းကျွေးတရားနာသော ကိစ္စများကို ပြုလုပ်ရန်ခွင့်ပြုပြီးနောက် ၎င်းအတွက် ငွေတရာပေးခဲ့ပေသည်။

ကျွန်တော်သည် ထိုဘနှစ်ပြည့်သောနေ့ နံနက်စောစောကပင် အိမ်မှကားနှင့် မောင်ကျော်မြင့်၏ဂူသို့ သွားရောက်ကြည့်ရှုရပေသည်။ လွန်လေပြီးသော ဆွေးမြေ့စရာ အကြောင်းများကို ကျွန်တော်သည် ကြာရှည်လက်ခံ၍မထားလိုသောကြောင့် စိတ်မကောင်း ဖြစ်လာသည်နှင့် တပြိုင်နက် အလွန်တရာချစ်သော ညီမငယ်၏ဂူကို လျင်မြန်စွာ ကျောခိုင်း နောက်ချန်၍ ပြန်ထွက်လာခဲ့မိလေသည်။

ကြံတောမှ ထွက်လာသောအခါ၌ ကျွန်တော်သည် ကားပေါ်၌တယောက်ထဲမဟုတ်တော့ဘဲ မောင်ကျော်မြင့်ပါ ထ၍ လိုက်ပါလာကာ ကျွန်တော်၏ဘေးတွင် ထိုင်နေသည်ဟု ထင်မိ

၏။ တကယ်ဆိုတော့ ချောက်ချားခြင်း ခေါ်ရမည် ထင်၏။ အကယ်၍သာ မောင်ကျော်မြင့်သည် စကား ပြောနိုင်ဦးမည် ဆိုလျှင် ကျွန်တော်အား အဘယ်ကဲ့သို့သော အကြောင်းအရာ များပြောလိမ့်မည်တော့ သေသေချာချာမသိ၊ သူသည် မြိုင့် အတွက်နှင့်ဆုံးရှုံးခဲ့ရသော သူ၏ ဘဝကိုပြောချင်ပြောလိမ့်မည်။ ထိုသို့သူ၏ ဘဝသည် အချိုးနှိုး ဆုံးပါးခဲ့ရသည်နှင့် နောင်တ မရရှိသေးသော သူ့အစ်ကို၏ မိုက်မဲတွေဝေမှုများကို အပြစ်တင် ချင်က တင်လိမ့်မည်။ သို့ရာတွင် ကျွန်တော်သည် တနေ့တခြား ယုတ်လျော့နေသော လုပ်ငန်းများသို့ မသွားရောက်တော့ဘဲ ရေကျော်ဘက်ရှိ မြိုင်တို့အိမ်သို့သာ နေ့မအား ညမအားရောက် နေသည်။

မြိုင်ကသာ မာကျောသော နှလုံးသားဖြင့် ထင်ပေါ်ကျော် စောခြင်းအတွက် ကျွန်တော့အား ကျေးကျွန် တယောက်လို သဘောထားနိုင်သော်လည်း မြိုင့်သောက် ချောမော လှပခြင်း မရှိလှဟု ဆိုစကားမူ မြိုင့်ထက်ပိုမို၍ အနုပညာမြောက်သည်ဟု ဆိုရမည်ဖြစ်သော လက်ထောက်မင်းသမီးကလေး ‘ခင်အေးကြည်’ က ကျွန်တော့အား ကြည့်ရဖန် မြင်ရဖန် များလာသောအခါ ကြားထဲမှ မသက်သာ မရှုစိမ့်ဖြစ်လာကာ ကျွန်တော်အား ပြောင်ပြောင် ဖွင့်ပြောလာသည့် အခြေသို့လည်း ရောက်ရှိခဲ့ရ၏။

ထိုအဖြစ်ကို ကျွန်တော်သည် မေ့ပျောက်၍ကား မရနိုင်ပေ။

ခင်အေးကြည်သည် အသက် ၂၀-ခန့်မျှသာ ရှိဦးမည်ဟု ခန့် မှန်းရသည်။ နုနယ်ပျိုမြစ်၍ ပြဇာတ်နယ်၌ များစွာ အလား အလာရှိပေသည်။ သို့ရာတွင် မြိုင်သည် အလွန်တရာ ထင်ရှား ကျော်ကြားစပြုသော အချိန်၌ ပြဇာတ်နယ်သို့ဝင်လာစဖြစ်သော

ခင်အေးကြည်သည် မြိုင့်ထက် ငယ်ရွယ်၍ အမူအရာကောင်း သော်လည်း မြိုင်၏အရှိန်အဝါကို ထိုးဖေါက် လွှမ်းမိုးခြင်းငှါ စွမ်းအားတော့ မရှိသေးပေ။

မြိုင်၏ခြေတော်ရင်း၌ ကျေးကျွန်တယောက်နှင့်မခြား တုံ့ ပြန်ခြင်း ကင်းမဲ့ခေါင်းပါးသော မေတ္တာအတွက် တွေဝေ မိုက်မဲစွာ ခစားနေသည်ကို နေ့စဉ်ရက်ဆက်နှင့် နှစ်ရှည်လများမသက်မသာ ကြည့်နေ မြင်နေရသော ခင်အေးကြည်က တနေ့သော အခါ ကျွန်တော်အား မြိုင်၏အလစ်တွင် ရဲရဲတင်းတင်းနှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း စကားပြောလာပေသည်။

'ကိုကျော်တင့်ဘဝဟာ ဘေးကမြင်နေကြည့်နေရတဲ့ အကြည့် အတွက်တောင် ဝန်လေးပင်ပန်းစရာ ကောင်းနေတော့ ရှင့် အတွက် ဘယ်လောက်များ ခံရဆိုးမလဲနော်....' ကရုဏာလှိုသော အသံဖြင့်ပါ၏။

'အကြည်ထင်သလောက် ကိုကျော်တင့်အတွက် မဆိုးလှပါ ဘူး'တိုတိုဘဲ ကျွန်တော်သည် ဖြေလိုက်ရပေသည်။ တကယ် ဆိုသောအခါ ကျွန်တော်သည် အမှန်ကို ငြင်းကွယ်ရခြင်းသာ ဖြစ်၏။ အကယ်၍ မြိုင့်အား အကြည်သည် အမှုမဲ့အမှတ်မဲ့ ပြောမိက မခက်ပါသလော။

'အကြည့်ကို မလိမ်ပါနဲ့လားကိုကျော်တင့်ရယ်....၊ ကိုကျော် တင့် မြိုင့်ဆီကိုလာလာနေတာကို ဘေးကအကြည် ကြည့်ကြည့် လာခဲ့တာ ဘယ်လောက်ကြာပလဲ၊ ဒါပေမဲ့ ကိုကျော်တင့်ဟာ ရှုံးနေတဲ့စစ်ပွဲကို ရှုံးမှန်းသိရက်သားနဲ့ တိုက်နေရတဲ့ စစ်သား တယောက်လို့ အကြည်က ပြောရအောင်မယ် ထင်ပါရဲ့'

ထိုစကားသည် မှန်၏။ မှန်လွန်းအားကြီး၍ ဘာပြန်ပြော ရမည်ကိုမှ မသိအောင် ကျွန်တော်သည် ကြောင်၍ သွားရ ပေသည်။

'ဒီမယ်....ကိုကျော်တင့်' ခင်အေးကြည်က နှစ်ကိုယ်သာကြား နိုင်သော လေသံကလေးဖြင့် ပြောလာ၏။

ကျွန်တော်သည် တက်ကြွဝင်းပနေသော ခင်အေးကြည်၏ မျက်နှာကို ရုတ်တရက် မော်၍ကြည့်လိုက်မိပေသည်။ ခင်အေး ကြည်၏ မျက်နှာသည် ကသေးသူငယ်မကလေး တယောက်၏ မျက်နှာကဲ့သို့ ရိုးသားပွင့်လင်းနေသည်ဟု ဆိုရမည် ထင်ပါ၏။

'အကြည်ရှိပါသေးတယ် ကိုကျော်တင့်ရယ်....၊ မိန်းကလေး တန်မဲ့ ခုလိုကိုယ်ကဘဲစပြီး ဖွင့်ပြောရတာကတော့ ကာလ မျက် စေ့နဲ့ဆိုရင် ကဲ့ရဲ့ချင်ကလဲ ကဲ့ရဲ့ကြလိမ့်မပေါ့၊ ဒါပေမဲ့ အကြည်က ကိုယ်ကသာ ချစ်သာရင် တလောကလုံး သပိတ် မှောက်ချင်လဲ မှောက်ပါစေ၊ အကြည်က ကိုကျော်တင့်လို အချစ်ကို တန်ဘိုးထားတတ်တဲ့ ယောကျ်ားတယောက်ကို ချစ် တယ်။ တသက်လုံးပေါင်းသင်းဘို့ လင်အဖြစ်နဲ့လဲ ရချင်တယ်၊ မတုန့်ပြန်တဲ့မေတ္တာကို ဝတ်ကြွေးလို မြှော်လင့်နေရတဲ့ ကိုကျော် တင့်ရဲ့ ဘဝကို ကြည့်နေမြင်နေရတာဟာ အကြည့်အတွက် အမေ တယောက်ရဲ့ ခံစားရတဲ့ ဒုက္ခမျိုးကိုခံစားနေရတာလဲ ကြာပါပြီ'

ကျွန်တော်သည် အဘယ်မျှ တုံလှုပ် ချောက်ခြားခြင်း ဖြစ် သွားခဲ့ရသည်ကို မပြောပြနိုင်ပါ။ မကြုံစဘူးသော ဝမ်းနည်း ရခြင်းနှင့် လှိုက်လှိုက်လှဲလှဲ မဖြစ်လှသော ဝမ်းသာခြင်း နှစ်ခုသည် ရင်ထဲတွင် ရှန်းကန်နေသည်ဟုထင်ပါ၏။ရေရေရာရာတော့မပြောနိုင်။

ကျွန်တော်သည် မျက်ရည်များ ဝိုင်းနေသော ခင်အေးကြည်၏ မျက်လုံးနှစ်လုံးကို ငေးစိုက်ကြည့်နေ၏။ ဘာမျှ ပြန်၍တော့ မပြောတတ်။

'အကြည် ကိုကျော်တင့်ကို ချစ်တာဟာ အပျိုပေါက်စ ကလေးတယောက်ရဲ့ မိုက်မှုးရဲ အချစ်နဲ့တူနေသလားဟင်....၊ ကိုကျော်တင့် ပြောစမ်းပါဦး အကြည်ဟာ ကရှုးအပေါကလေး ဖြစ်နေပလား'

ကျွန်တော်သည် ဦးခေါင်းကို ငိုက်ဆိုက်ချ၍ချာကနဲလှည့်၍ ထွက်လာတော့မည်အပြု 'နေပါဦးလား၊ ကိုကျော်တင့်ရယ်။ အကြည့်ကို စိတ်ဆိုးသွားပလား' ဟု ခင်အေးကြည်ကကျွန်တော်၏ လက်တဘက်ကို ရဲဝန့်ရင်းနှီးစွာဘမ်း၍ ဆုပ်ကိုင်ဆွဲထားရင်းပြောဆို တောင်းပန်နေ၏။

'ကျေးဇူးတင်ပါတယ်အကြည် ဒါပေမဲ့'ဟူ၍ ကျွန်တော်၏ စကားမဆုံးမီ 'တော်ပါတော့ ကိုကျော်တင့် အကြည်ဒါလောက် ဆိုရင် နားလည်နေပါပြီ ရှင်အနေသွားမယ်ဆိုရင်လဲ သွားတော့ ပေါ့လေ ဒါပေမယ့် ရှင့်ကို အကြည်မှာလိုက်ချင်တာ တခုတော့ ရှိတယ် ဒီမြေကြီးပေါ်မှာ ဟန်ဆောင်ခြင်းကင်းပြီး အသွေးထဲ အသားထဲကနဲ့ နှလုံးထဲက နှစ်နှစ်ကာကာကြီး ရှင့်ကိုချစ်နေတဲ့ မိန်းမသားတယောက်ရှိသေးတယ်ဆိုတာကိုတော့ ရှင်မမေ့ဘို့ပါဘဲ။ ဘယ်အချိန်ဘဲ ရှင်လှည့်ပြန်လာပြန်လာ၊ အဲဒီမိန်းမကတော့ ရှင့်ကို လက်ခံမှာဘဲ၊ ဒါပေမယ့် ရှင် အဓိပ္ပာယ်မရှိ မြှော်သင့်ခစား နေတဲ့ မိန်းမတယောက်လိုတော့ မဟုတ်ဘူးပေါ့လေ၊မြိုင်ဆိုတာက တော့ နှလုံးသားကို ဦးဏှောက်ရဲ့ သားကောင်အဖြစ် အကျ

ရောက် ခံနေရတဲ့ သတ္တဝါမဆိုတော့ အဲလေ ဒါပါပဲ’ ဟု သာ ပြောကာ ချာကနဲလှည့်၍ ထွက်သွားပေသည်။

ကျွန်တော်သည်ကား တုန်တုန်ရီရီဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။ တသက်နှင့်တကိုယ်တွင် မိန်းမသားတယောက်၏ ပွင့်လင်းရိုးသား လှသော နှလုံးသားထဲမှ ကဗျာကို ပဌမဦးစွာ ကြားနာ လိုက်ရ ခြင်းဟု ဆိုရမည်ထင်၏။ သို့ရာတွင် ထိုကဲ့သို့ ခင်အေးကြည် ထွက်သွားပြီးနောက် မြိုင်အား တွေ့ရအောင် ကျွန်တော်သည် မစောင့်တော့ဘဲ အိမ်သို့ပြန်လာခဲ့ပေသည်။ အိမ်သို့ရောက်သော အခါ ဘယ်သူနှင့်မျှ စကားမပြောတော့ဘဲ အခန်းထဲသို့ဝင်ကာ အိပ်ရာထက်တွင် ငြိမ်သက်စွာ လှဲနေလိုက်၏။

‘ဒါပေမယ့် ရှင်-အဓိပ္ပာယ်မရှိ မြှော်လင့်ခစားနေတဲ့ မိန်းမ တယောက်လိုတော့ မဟုတ်ဘူးပေါ့လေ’

ထိုစကားများအတွက် ကျွန်တော်သည် ခင်အေးကြည်အား မကျေမချမ်း ဖြစ်နေမိသည် ထင်၏။ တကယ်ဆိုသောအခါ ခင်အေးကြည်၏ စေတနာကို ကျွန်တော်သည် မခံယူနိုင်ပေ။ အမေ၏စေတနာမျိုး ဖြစ်ချင်က ဖြစ်ပေမည်။ သို့ရာတွင် ထို အမေသည် မြုံနေဟန်ရှိ၏။

‘မြိုင်ဆိုတာကတော့ နှလုံးသားကို ဦးကျောက်ရဲ့ သားကောင် အဖြစ် အကျရောက် ခံနေရတဲ့ သတ္တဝါမဆိုတော့ အဲလေ ဒါပါပဲ’

မြိုင့်အား ခင်အေးကြည်က ဤကဲ့သို့ ချိုးဖဲ့ပြောဆိုခြင်း အတွက် ကျွန်တော်သည် အလွန်တရာ အခံရ ခက်မိပေသည်။ သို့ရာတွင် ခင်အေးကြည်၏ စကားမှန်သည် မမှန်သည်ကိုတော့ ကျွန်တော်သည် တရားမျှတစွာလက်ခံမစဉ်းစားချင်ပေ။မှန်ရာကို

ပြောနေသည်ပင်ဖြစ်စေ ထိုကဲ့သို့ ပြောကြားခြင်းသည် မြိုင့်အပေါ်၌ တရားမမျှတဟူ၍ ကျွန်တော်က သဘောထားမိသည်။

သို့ရာတွင် ထိုအချိန်ကာလ၌မှာပင် ခင်အေးကြည် ပြောကြားခဲ့သည့်အတိုင်း ကျွန်တော် အလွန်တရာ တပ်မက်မောနေသော လှဘုရင်မသည် အလွန်တရာ ချစ်ခင်နှစ်လိုဘွယ်ရာ ကောင်းသော သူမ၏နှလုံးသားထဲမှ ကဗျာ၏လှပသော ကာရံများကို ချိုးဖဲ့ဖျက်ဆီး၍ ကုန်လှူနီးပါး ဖြစ်နေပြီကိုကား ကျွန်တော်သည် မသိလိုက်။

# [ ၂ ]

နောက်တနေ့ မိုးလင်းလျှင်လင်းခြင်း မြိုင်သည် ထူးထူးခြားခြား ကျွန်တော်၏အိမ်သို့ ကားနှင့်ရောက်လာသဖြင့် မျက်နှာသစ်ပြီး ကာစဖြစ်သော ကျွန်တော်သည် အဘယ်ကဲ့သို့ အကြောင်းများ ထူးလာပေသနည်းဟု တွေးတော၍ မရနိုင်အောင် ကြောင်နေစဉ်၊ မြိုင်သည် ပြုံးကာရီကာနှင့် ကျွန်တော် ခေါင်းဖီးနေရာသို့ လိုက်လာ၏။

မြိုင်သည် နံနက်စောစောတွင် အလွန်တရာ လှပ၍ ကောင်းမွန်လှသော အဘိုးတန် အဝတ်အစားကောင်းများကို အဘယ်အဘှက်ကြောင့် ထူးခြားစွာ ဝတ်လာရသည်ကို ကျွန်တော်သည် ဆက်စပ်၍ မရသဖြင့် အကဲခတ် ကြည့်ရှုနေမိ၏။ ရဲရဲနီနေသော နှင်းဆီပန်းတပွင့်ထဲကိုလည်း ခေါင်းတွင် မခို့တယို့ ထိုးစိုက်လာ၏။

'စောစောစီးစီး ဘယ်လိုအကြောင်းကိစ္စများ ထူးလာပါ လိမ့်....' ကျွန်တော်က ဘီးနှင့် ခေါင်းလိမ်းဆီကို နေသားတကျ ပြန်၍ထားရင်း အိမ်ရှင်ဝတ္တရားအတိုင်း မေးလိုက်ရ၏။

'ရှင့်ကို အရေးတကြီး မေးစရာတခု ရှိနေလို့ပါတဲ့ရှင်....' မြိုင်က ခပ်ပေါ့ပေါ့ အမူအရာနှင့် ပြောနေပုံရသော်လည်း ၎င်း၏ မျက်စေ့၌ လှုပ်ရှားပူပန်နေခြင်းကို ကျွန်တော်သည် သတိပြုမိပေသည်။

'ဒါဖြင့် ဧည့်ခန်းကို သွားရအောင်....ကော်ဖီပူပူကလေးလဲ သောက်သွားစမ်းပါဦး....'

'ဒီမှာဘဲပြောတော့ ဘယ်သူကများ ဆိုဦးပြောဦးမှာမို့လဲ ရှင့်မှာ အဆိုအပြောခံရမဲ့လူများ ရှိနေပလား'

ကျွန်တော်သည် မြိုင်၏ ဟန်မဆောင်နိုင်တော့ခြင်းကို ဆက်စပ်နားလည်၍ မရနိုင်အောင် ဖြစ်နေစဉ်မှာပင် မြိုင်သည် ဇတ်ခနဲ ကျွန်တော်၏ ဗိုက်ကြောကို မနာ့တနာကလေးဆွဲ၍ လိမ်လိုက်ကာ....'မနေ့က မြိုင့်အကြောင်း အကြည့်ကို ဘာတွေ ရှောက်ပြောခဲ့သလဲဟင် .... မှန်မှန်ပြောစမ်း' ဟု လုပ်လာပေတော့၏။

ခင်အေးကြည်အား မြိုင့်အကြောင်း ဘာမျှ ကျွန်တော်သည် မပြောခဲ့ရသည်ကား အမှန်ပင်ဖြစ်၏။ သို့ရာတွင် ခင်အေးကြည်သည် ကျွန်တော့အား အပျိုစကားကို ပြောသွားပြီးရုံမျှနှင့် မရပ်သေးဘဲ၊ မြိုင့်အား ဘာတွေများ ဂျောက်တွန်း ထားလေပြီ နည်း၊လူပေါကြီးတယောက်လို ကျွန်တော်သည်ကြောင်၍ နှုတ်အ,နေမိ၏။

'ဘယ်လိုများ လိမ်မယ်လို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေရသေးတာလဲ ဆရာကြီးရဲ၊ မြိုင်မေးနေတာကို မှန်မှန်နဲ့ ဟုတ်တဲ့အတိုင်းသာ ဖြေစမ်းပါ'

'ကျုပ်ဘာမှလဲ မပြောခဲ့မိပါလားမြိုင်....' ဒါဘဲ ပါးစပ်က ထွက်သွားလေသည်။

'ရှင်....ဘကယ် ပြောနေတာလား....' မြိုင်က မျက်လုံးနှစ်လုံးကို ပြူး၍ ချောက်နေလိုက်သေးတော့၏။

'မြိုင့်ကို-ကိုကျော်တင့်က ဘာပြုလို့ လိမ်နေရမှာတဲ့လဲ ဘယ်တုံးကများကော လိမ်ဘူးခဲ့မိလို့လဲ....'

'ရှင်ဟာ သိပ်ညံ့တဲ့ ယောကျ်ားတယောက်ဘဲ....'

'ကျုပ်မှာ ဘာအပြစ်များ တွေ့နေမိလို့ပါလဲမြိုင်....'

'အကြည့်လို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတယောက်က ရှင့်ကို ချစ်ပါတယ် ခင်ပါတယ်လို့ ဖွင့်ပြောလာတာကိုတောင်မှ ရှင်ဟာ ယောကျ်ားတယောက် မဟုတ်သလို လုပ်နေလိုက်တာများ မြိုင်ငြင့် အံ့သြမိတာဘဲ....'

'ခင်အေးကြည်က မနေ့ကအကြောင်းတွေ ပြောသလား'

မြိုင်သည် ခေါင်းငြိမ့်၍သာ ပြလေသည်။

'ကျုပ်ချစ်နေတဲ့မိန်းမ ဒီကမ္ဘာမှာ တယောက်ထဲဘဲ ရှိတယ် မြိုင်၊ ဒီအပြင် ဘယ်မိန်းမမှ ကျုပ်စိတ်မဝင်စားမိဘူး....'

'အကြည်ဟာ တနေ့ ထိပ်ထိပ်ကျဲ မင်းသမီးတယောက်ဖြစ်နိုင်တယ်၊ ဒါရိုက်တာနဲ့ ဇာတ်လမ်းဇာတ်ကွက်ကောင်းကောင်းဘဲ လိုနေတယ်'

'ခင်အေးကြည်ကို ကျုပ်စိတ်မဝင်စားပါဘူးဗျာ....'

'ဒါတောင်မှ အကြည်ဟာ သူဌေးကတော် လုပ်ချင်သေးတာကို မြိုင်က အံ့သြနေဘာပါ....'

'တခြားအကြောင်း ပြောရအောင်လား မြိုင်....'ကျွန်တော်က အကြောင်းအရာ လွှဲပစ်ရန် အကြံပေးလိုက်မိ၏။

'အကြည့်ကို ရှင်မကြိုက်ထာ မြိုင့်အတွက်ရော ရှင့်အတွက်ပါ မြိုင်ကျေနပ်တယ်၊ ရှင်နဲ့ဆိုရင်ကြာရှည်ဖြစ်မှာမဟုတ်ဘူး၊ ပြီးတော့ နောက်ထပ် ပြောစရာကျန်တာ တခုက ရှင်ဗေဒစောကပြောတဲ့ ဒီကမ္ဘာပေါ်မှာ တယောက်ထဲသာရှိတဲ့ မိန်းမတယောက်ကို ရှင် ဘယ်လိုမှ လက်ထပ်ပြီး သားမယားတယောက်အနေနဲ့ ပေါင်းရဘို့ ချစ်ရဘို့ မမြော်လင့်ပါနဲ့ ဆိုတာရယ်'

ရှိပါစေတော့လေ .... ဒါကတော့ ကျုပ်ဘာ နဲ့ ကျုပ်အကြောင်းဘဲ....'

'အော်....ဒါထက် ရှင့်အလုပ်အကိုင်တွေကကော ဟန်ကျရဲ့လား....'ဟု မြိုင်သည် သူမ ပြောချင်သော အကြောင်းအရာများကို ကျေနပ်အားရလောက်အောင် ပြောဆိုပြီး၍ မိတ်ဆွေစကားကို ပြောလာပေသည်။

'မောင်ကျော်မြင့် ဆုံးပြီကထဲက ကျုပ်ကလဲ ခပ်လေးလေးဖြစ်နေတော့ မဟန်တဲ့အပြင် တော်တော်ကလေး ဆိုးနေဘယ်လို့ ပြောရမယ် ထင်ပါရဲ့ဗျာ....'

'စက်တွေကကော မှန်မှန်လယ်ရရဲ့သား၊ လယ်ထောက်ခတွေကတော့ ရပါလိမ့်မယ်'

'ဘယ်သင်းမှ မကောင်းကြတော့ဘူးမြိုင်၊ ကျုပ်လဲ ဒါတွေကို ပြန်လှည့်မကြည့်ချင်အောင် ဖြစ်နေပြီ'

‘ဒီလိုဆိုရင် ဘာပြုလို့ ခုလို အကျိုးအမြတ်မရှိဘဲ လုပ်နေရသေးသလဲ ကိုကျော်တင့်....ရောင်းချပစ်လိုက်ပါလား’

ထိုသို့ မြိုင်ကပေးလာသောအကြံကို ကျွန်တော်သည် သဘောကျ ကျေနပ်မိ၏။ ဤကမ္ဘာဝယ် တယောက်ထဲသာ ကျန်ရှိနေတော့သော ကျွန်တော်သည် အဘယ်ကြောင့် စိတ်လေး ပင်ပန်းစရာများကို ခံယူ၍ ငွေကြေးကို ရှာဖွေရဦးမည်နည်း။ နှစ်ယောက်ထဲသာ ကျန်ရစ်ခဲ့သော ညီအစ်ကိုကလေးနှစ်ယောက်အနက် တယောက်သည်ပင် ရိုးမြေသို့ ကျလောက်နေပေပြီ။ သည်လောက် များပြားသော ဥစ္စာပစ္စည်းတို့ကို နောက်ထပ်၍ တိုးပွားအောင် ရှာဖွေနေခြင်းမှာ မိမိကိုယ်ကို ညှင်းပန်းနေခြင်းသာ ဖြစ်တော့သည်ဟု ကျွန်တော်၏ စိတ်ထဲတွင် ထင်မြင်လာ၏။

မြိုင်ပြန်သွားပြီးသည့်နောက် ကျွန်တော်သည် ဆန်စပါးလုပ်ငန်းကို အကြီးအကျယ် လုပ်နေသော မဂိုလမ်းမှ ကုလားသူဌေးတဦးဆီသို့ ထွက်လာခဲ့ပြီးနောက် ကျွန်တော်၏ဆန်စက်များနှင့် လယ်များကို ဈေးအသင့် အတင့်ရလျှင် ရောင်းမည့်အကြောင်းဖွင့်ပြောလိုက်သောအခါ ထိုကုလား သူဌေးသည်ပင် မျက်လုံး မျက်ဆံပြူးသွား၏။ အလွန်တရာ အံ့သြသွားပုံရ၏။ သို့ရာတွင် နောက်တနေ့မှာပင် ထို ဘာဘူသူဌေးသည် ကျွန်တော်၏ ဆန်စက်များနှင့် လယ်များအားလုံးကို စာချုပ်-ချုပ်၍ ဝယ်ယူကာ ငွေအားလုံးကိုလည်း ကျွန်တော်အလိုရှိသောဘဏ်သို့ လွှဲပြောင်းပေးလိုက်ပေသည်။

ထိုသို့ ကျွန်တော်သည်လုပ်ကိုင်လိုက်ခြင်းအတွက် ကျွန်တော့အား ပြောနိုင်ဆိုနိုင်သူမရှိ။ သို့ရာတွင် အလုပ်နှင့် ဆက်စပ်နေသော မိတ်ဆွေများနှင့် ပတ်ဝန်းကျင်က အလွန်တရာ ဝမ်းနည်း

အံ့သြကြသော စကားများကို လာရောက် ပြောကြား ကြလေသည်။ သည်မျှကြီးမားၡ ခိုင်ခန့်နေသော အခြေအနေကိုရောင်းချလိုက်ခြင်းအတွက် အကျိုးအမြတ်များအား စွန့်လွှတ်ရသည်မှာ ဝမ်းနည်းစရာကောင်းကြောင်းပြောလာကြ၏။

'တကိုယ်ရေ-တကာယဘဲဗျာ။ ဒါလောက် ရှာဖွေနေလို့ စားမဲ့ သောက်မဲ့လူလဲရှိတာမှမဟုတ်ထာ ဒီတော့ စိတ်ပင်ပန်း လူပင်ပန်းမခံချင်တာနဲ့ ရောင်းပစ်လိုက်တာပါဘဲဗျာ' ကျွန်တော်က သည်အတိုင်းဖြေလိုက်သည်။

ကျွန်တော်သည်စိတ်ဘင်သလိုနေဘို့ရန် လွတ်လပ်လာခဲ့သည်ဟုဆိုရပေလိမ့်မည်။ ယခင်ကမူ ညီအတွက်ငွေရ၏။ မိဘတို့၏ လက်ငုတ်များကို တိုးပွားအောင်လုပ်ကိုင်ခဲ့ရ၏။ ယခုမူ ကျွန်တော်၌ ဘာမျှငွေရှာရန်နှင့်တိုးပွားအောင် လုပ်စရာမလိုတော့။ မိမိစိတ်ထင်ရာနှင့် ထင်သလို လုပ်နိုင်နေနိုင်ဘို့ဖြစ်လာခဲ့လေပြီ။

တကိုယ်ရေတကာယနှင့် လွတ်လပ်သောတဝသစ်သည် သည်အချိန်ကစပြီဟုဆိုရမည်ဖြစ်ပေသည်။

၇-နှစ် ဟုတ်သည်။ ၇-နှစ်ကျော်ကျော်မှ ကျွန်တော်သည် စိတ်ထင်သလို စိတ်၏ဆွဲဆောင်ရာသို့လိုက်ပါကာ ဖြစ်ချင်သလို ဖြစ်နေခဲ့၏။ လုပ်ချင်ရာကိုသာ အတားအဆီးမရှိ လုပ်နေခဲ့၏။ တကယ်တန်းဆိုကြရမည်ဆိုလျှင် ကျွန်တော်သည် လှ့ဘုရင်မ၏ နောက်တော်ပါး၌ လိုက်ပါခစားနေခဲ့ရသော ချစ်ခြင်းမေတ္တာ၏ ကျေးကျွန်တယောက်မျှဖြစ်ပါ၏။

# [ ၁ ]

အတားအဆီးကင်းမဲ့၍ ငံ့ကွက်ထောက်ထားစရာလည်း မရှိတော့သော ကျွန်တော်၏ဘဝသစ်၌ ကျွန်တော်သည် ကျွန်တော်တပ်မက်မောလှသော မြို့င်၏ နောက်တော်ပါးမှ တကောက်ကောက်လိုက်ပါ၍ ခံစားနေခဲ့ရသောနေ့ရက် နာရီများကို ပြန်လည်ဖော်ပြရခြင်း၌ တကယ်တန်းဝန်ခံရမည်ဆိုလျှင် ကျွန်တော့အတွက် သက်သာ၍ ပျော်မွေ့ဘွယ်ရာကောင်းသော အချိန်ကာလသည် မရှိခဲ့ပေ။ သို့ရာတွင် ကျွန်တော်သည် ဖွင့်ဟ၍ ညည်းညူခြင်းကိုကား မပြုခဲ့မိ။ တယောက်ထဲသာ လိပ်ပိန်၍ ခံခဲ့ပေသည်။

လှပသော နှလုံးသားအတွင်းမှ ယိုစီးထွက်ချင်ရှာသော ချစ်စရာကဗျာကို ကျော်ဇောခြင်းကိုသာ ကိုးကွယ်သော ဦးကျောက်အား မဲတင်း၍ ဆို့ပိတ်ဖျက်ဆီးနေခဲ့သော လူ့တန်ဆောင်သည် တဖြေးဖြေးခမ်းခြောက် ချုပ်ငြိမ်း၍ လိုက်လာရာမှ နောက်ဆုံးသောထွက်သက်ကို မာန်မာနကြီးစွာဖြင့်ရှူထုတ်သွားခဲ့သည်အထိ ကျွန်တော်၌ ဖော်ပြရန်တာဝန်ရှိပေသည်။

နှစ်ယောက်ထဲသာ ရှိနေသော ညီအစ်ကိုကလေးထဲမှ တယောက်သော ညီငယ်ကိုခွဲထုတ် သတ်ဖြတ်လိုက်သည်နှင့်ပင်

ပြီးဆုံးခြင်းလည်းမရှိ။ ကြီးကျယ်သော အခြေအနေနှင့် လုပ်ခွင်ကိုပါ ဖျက်ဆီးခဲ့ခြင်း၏ နောက်ပိုင်း၌မှာပင် တင်းတိမ် အားရခြင်းမရှိသေးသကဲ့သို့ ကျွန်တော်၏သခင်မသည် သူမ၏ နောက်ဆုံးသော နေ့ရက်နှင့် နာရီ-မိနစ်များအထိ တကယ့်လူကြီး တယောက်အား ကျေးကျွန်အဖြစ်နှင့် ခိုင်းစေ ညွှန်ကြားသွားခဲ့ပုံကလေးများကို ကျွန်တော်သည် နာကျင်စွာ ညည်းညူနေခြင်းနှင့် အပြစ်တင်နေခြင်းမတော့ကားမဟုတ်ပေ။ ဖြစ်ရိုးဖြစ်စဉ်ကို သူ့သဘာဝအတိုင်း ဖေါ်ပြခြင်းမျှသာဖြစ်သော်လည်း ဖြစ်ခဲ့ရသောအကြောင်းအရာများသည် ကြေကွဲစရာနှင့် ရင်နာစရာအကြောင်းများသာ ထပ်ပြီးရင်း ထပ်နေသောကြောင့် ငိုချင်းရှည်ကြီးတပုဒ်ကို ဖွဲ့နွဲ့ညည်းတွားနေသည်နှင့် တူကောင်း တူနေပေလိမ့်မည်ထင်၏။ သို့ရာတွင် ထို့အတွက် ကျွန်တော်သည် များစွာ မစဉ်းစားလိုလှပါ။

ဆန်စက်များနှင့် လယ်ယာချောင်းမြောင်းများကို အပြီးအပိုင် ပြောင်းလဲရောင်းချပြီးသည့်နောက်၌ ကျွန်တော်သည် လူလွတ်တယောက်အဖြစ်နှင့် တင်သလို ကျနိုင်သောဘဝကို ရရှိလာခဲ့လေပြီဖြစ်ရကား ရှေ့ကြောင်းနောက်ကြောင်းများကို အနည်းငယ်မျှ မစဉ်းစားတော့ဘဲ မြို့ငှအား ဗဟိုပြု၍ နေထိုင်လာခဲ့တော့၏။

ထူးထူးခြားခြား ချောမောလှပသော ရုပ်ရည်က လေးကြောင့်သာ ပြဇာတ်စင်ပေါ်သို့ တက်ရောက်ကပြကာစ ၂-နှစ်သာသာ ၃-နှစ်နီးပါးခန့် အတွင်းကသာ မြို့င်သည် ထင်ရှားကျော်ကြားခြင်းမျှဖြစ်လေရာ အသံအနေအထားနှင့် ဟန်အမူအရာတွင် အသက်မပါလှသောကြောင့် မြို့င် ပြဇာတ်ခုံပေါ်တွင်

၃-နှစ်ကျော်မျှ ကပြလာရပြီးသောအခါ ပြဇာတ်နာမည်သည် မသိမသာ မှိန်၍မှိန်၍လိုက်လာနေပေပြီ။ ဒါကို မြိုင်သည်မသိ၊ သိအောင်လည်း မစူးစမ်း မလေ့လာ။ မသိ၍ မစူးစမ်း မလေ့လာသဖြင့် မြိုင်၏ တိုးတက်မှု လမ်းဆုံးသည် ဆိုက်ရောက်ပြီဟု ဆိုရမည်ထင်၏။

ကျွန်တော်သည် ရှေးဦးပဌမ မြိုင့်အား တွေ့ဘူး မြင်ဘူးခဲ့သော ဘလ္လာတိယဇာတ်သာ-ကိန္နရာ ချောင်းခြား ဇာတ်ကွက်မှစ၍ မြိုင့်တွင်ထူးခြားသော မင်းသမီးတယောက်၏ ဟန်အမူအရာရှိလှမည်ဟု မထင်ခဲ့သူတယောက်ဖြစ်၍ မြိုင်၏ တဖြေးဖြေး မှေးမှိန်လာသောအဖြစ်ကို အံ့သြခြင်းတော့ မဖြစ်မိ။ မိမိကိုယ်ကို အလွန်တရာ အထင်ကြီးနေသော မင်းသမီး တယောက်သည် မိမိ၏ချို့ယွင်းချက်နှင့် နေဝင်စပြုနေသော အချိန်ကာလကိုမှ မရိပ်မိသေးဘဲ ဆက်လက်အထင်ကြီးနေမြဲကြီး နေခြင်းအတွက် စိတ်မကောင်းဖြစ်ဘော့ ဖြစ်မိပေသည်။

ယခင်က ပြဇာတ် အဖွဲ့မှန်သမျှက လက်မလွှတ်တမ်း ချော့မော့ ခေါ်ဆိုနေရသော မြိုင့်အား ယခုအခါ၌ ခပ်အင်အင်ဖြစ်စပြုလာသည်ကို မြိုင်သည် မရိပ်မိသေးသော်လည်း ဘေးမှ ကျွန်တော်က သတိထားမိပေသည်။ တခါတရံ မြိုင်သည် နယ်များသို့ ထွက်၍ ကပြကြသော ပြဇာတ်အဖွဲ့များနှင့် လိုက်ပါရလေသည်။ ဒါကိုမြိုင်သည် ဘယ်လိုမြင်၍ ဘယ်လို သဘောထားသည်ကို ကျွန်တော်မသိ၍ မပြောနိုင်စေကာမူ ကျွန်တော်သည် ကျွန်တော်၏အမြင်နှင့် သဘောထားကိုသာ ပြောဆိုရပါမှ ရန်ကုန်မြို့တော်၌ မြိုင်သည် မှေးမှိန်စ ပြုလာသောကြောင့်ဟု ဆိုရပေမည်။

 

ထိုသို့မှိုင်သည် ပြဇာတ်အဖွဲ့နှင့် နယ်များသို့ထွက်၍ကပြသော အခါများ၌ ကျွန်တော်သည် ရန်ကုန်မြို့တွင် မနေနိုင်ဘဲ၊ မှိုင် သွားလေရာ အရပ်တကာသို့ လိုက်ခဲ့ရပေသည်။ တနေရာရာတွင် တည်းခို၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေနေရကာ မှိုင်၏ မျက်နှာ ဘော်ကို ဖူးမျှော် ခစားရပေသည်။

နယ်များ၌ မှိုင့်အား လူငယ် လူရွယ်နှင့် ကျောင်းသား များသည် တော်တော် လက်ခံလျက်တော့ ရှိကြသေးသည်ဟု ဆိုရပေလိမ့်မည်။ ထိုလူငယ်များသည် ပြဇာတ်ကို သဘာဝကျကျ ကြည့်လို၍ ရှေ့တန်းမှ နေရာများကို ဝယ်ယူကြသည်ဟုတော့ ကျွန်တော်က မထင်မိ။ သူတို့သည် ထူးထူးခြားခြား လှပချော မောသော မိန်းမတယောက်အား ပိုက်ဆံပေး၍ ကြည့်ရှုရန် တိုးဝှေ့ဝင်လာကြသည်ဟုသာ ထင်၏။

နယ်များ၌ မှိုင့်အားလာရောက် မိတ်ဆက်၍ ပိုးပန်းကြသူ များနှင့် လက်ဆောင် ပေးကြသူများမှာ အသက် ၂၀-ပတ်ဝန်း ကျင်မှ လူငယ်များသာ ဖြစ်ကြလေသည်။ ဒါကိုမှိုင်သည်များစွာ ဂုဏ်ယူ ဝမ်းသာနေတုံး ရှိဟန်တူ၏။ မှိုင့်အား ပိုးပန်းနေသူ တယောက်ယောက်က လာ၍ လက်ဆောင် ပေးသွားသော နှင်းဆီပန်းများအား မှိုင်သည်ဂုဏ်ယူသည့်အနေဖြင့် ကျွန်တော့ အား ခေါ်ယူ၍ ပြတတ်သောအခါ ကျွန်တော်သည် အောင့် သက်သက်နှင့် ခံရပေသည်။

နယ်များ၌ မှိုင်၏သတင်းမှာ ထင်ရှားကျော်ကြားတုံးဖြစ်၍ မှိုင်သည် ရန်ကုန်မှာသက် နယ်များ၌ ကပြရခြင်းကို ပိုမို သဘောကျနေပုံရ၏။ စာချုပ်မိထားသော ရန်ကုန်ပြဇာတ်အဖွဲ့

များမှ လူလွတ်၍ အပူတပြင်း ခေါ်သောအခါများမှ မြိုင်သည် ရန်ကုန်ကို ပြန်လေ့ရှိ၏။ ထိုသို့ မြိုင်ရန်ကုန်ကိုပြန်သော အခါ များ၌ ကျွန်တော်သည် တကောက်ကောက်ပါသွားခဲ့ရပြန်ပါ၏။

ရန်ကုန်၌ ကပြရခြင်းကို မြိုင်သည်များစွာ နှစ်ချိုက်လှဟန် မရှိသော အမူအရာများကို တစထက်တစ ပေါ်လွင်စွာ တွေ့ရှိ လာရလေသည်။ ယခင်အချိန် ကာလများက တမြိုင်ထဲ မြိုင်ခဲ့ ကြသော ပရိသတ်သည် ယခုအခါ၌ မြိုင့်အား သာမန်လေးကိ မျှသာ ကြည့်ရှုကြတော့၏။ မြိုင်သည် ထိပ်တန်းမင်းသမီးအဖြစ်နှင့် ကျော်ကြားနေစဉ် ကာလများက မြိုင်၏ လက်ထောက်မင်းသမီး ကလေးများ ဖြစ်ခဲ့ကြသော ခင်အေးကြည်ကအစ- အခြားမထင် မရှား ယိမ်းသမကလေးများသည် ယခုအခါဝယ် မြိုင်နှင့်နှင်လား ငါလား ယှဉ်ပြိုင်နိုင်ကြပေပြီ။

ထိုသို့ မိမိ၏အခြေအနေကို ရိပ်မိလာပုံရသော မြိုင်သည် မိမိ၏ တိုးတက်မှုကို ရှာကြံကြိုးပမ်းရမည့်အရေးထက် ပရိသတ်ကို ကျိန်ဆဲဘို့လောက်သာ စိတ်အားက သန်နေသည်ကို တွေ့ရှိလာရ လေသည်။မြိုင်သည် ရံဖန်ရံခါ ဒါရိုက်တာ နှင့် စာရေးဆရာတို့ကို မကျေမချမ်းနှင့် မှတ်ချပြစ်တင်တတ်သေး၏။

'ဒီ ဒါရိုက်တာဆိုတဲ့လူနဲ့ စာရေးဆရာဆိုတဲ့ လူတွေက ဘာမှလဲ နားလည်ကြတာ မဟုတ်ဘဲနဲ့ နေရာတကာ ဆရာ လုပ်ချင်လိုက်ကြတာ အံ့ပါရဲ့'

ရှုံ့ကာမဲ့ကာနှင့် ပြစ်တင်ပြောဆိုနေသော မြိုင်၏ စကား များကို ကျွန်တော်သည် စိတ်ပျက် ပင်ပန်းစွာ ကြားနာလေ သည်။

'ပြဇာတ်လာကြည့်တဲ့ လူတွေကကော ဘာ့များ ကြည့်တတ်လို့လဲ၊ ပြဇာတ်ဆိုတာကို မျောက်ပွဲလိုများ သဘောထားပီး ကြည့်ချင်ကြသလားမှ မသိတာ'

ကျွန်တော်သည် ဤမျှ ဆိုးဆိုးဝါးဝါး ပြောဆိုလာ၀့်သည် အထိ ဖြစ်နေရသော မြိုင့်အတွက် ဝန်လေးမိ၏။ ပူပန်စိုးရိမ်ခြင်းလည်း ဖြစ်မိ၏။

သို့ရာတွင် မြိုင်သည် ထိုမျှနှင့်လည်း မရပ်သေးတော့။ မှန်တင်ခုံစားပွဲကို လက်သီးနှင့် ဒေါက်လေးခပ်ပါပါ ထုလိုက်ပြီးနောက်....'တနေ့ ဒီဒါရိုက်တာ ဇာရေးဆရာနဲ့ ဒီလူတွေကို ကောင်းကောင်း အကြောင်းပြလိုက်ရဦးမှာပေါ့၊သူတို့က ပြဇာတ်ဆိုတဲ့အလုပ်ကို ကလေးကစားစရာလောက် အောက်မေ့နေကြသလား မပြောတတ်ပါဘူး'ဟု ဆက်လက်ကြုံးဝါး၍ ချိမ်းချောက်နေ၏။

ကျွန်တော်သည် မြိုင်အား ကားနှင့် အင်းလျားဘက်သို့ ချော့မော့၍ ခေါ်လာခဲ့ရပေသည်။

'မြိုင့်ကိုကြည့်ရတာ သိပ်ပင်ပန်းနေပီထင်တယ်၊ အနားယူဘို့ ကောင်းတယ် မြိုင်ရယ်....'ဟု ကားကို ဖြေးညှင်းစွာ မောင်းလာရင်း ကျွန်တော်သည် မြိုင့်အား ဖြောင်းဖြ၍ ပြောဆိုရပေသည်။

မြိုင်သည် ဘာမျှပြန်မပြောဘဲ ဒေါသအရှိန် မပြေသေးသကဲ့သို့ ရှူးရှူးရှဲရှဲ လုပ်နေသေး၏။

'မြိုင်ရဲ့ပညာနဲ့အတတ်ကို လက်ခံနိုင်လောက်အောင် အရည်အချင်းမရှိတဲ့ ဒါရိုက်တာတွေ၊ စာရေးဆရာတွေကို ကျွဲပါးစောင်းတီးသလို လုပ်မနေပါနဲ့တော့မြိုင်၊ မြိုင်ရဲ့ ကျွမ်းရေး

ကိုလဲ သတိထားဦးမှပေါ့’ဟု မြိုင် စိတ်ပြေသွားစေရန် ကျွန်တော်က ချော့မော့၍ နှစ်သိမ့်ရပေသည်။

‘တနေ့ ဒီလူတွေ ဦးချတောင်းပန်ရအောင် မြိုင်က လုပ်ပြလိုက်ရဦးမှာပေါ့’ မြိုင်က ကြုံးဝါးလိုက်သည်။

ထိုကာလများ၌ ကျွန်တော်သည် သခင်မ၏ ရွှေစိတ်တော်အလိုကို ငြိမ်သက်စွာ နှုတ်ပိတ်နေလိုက်ရသည်သာ ဖြစ်ပါ၏။

[ ၂ ]

မြိုင်သည် ၎င်းကိုယ်ကို အလွန်တရာ အထင်ကြီး နေနိုင်သေးခြင်းအတွက် အထောက်အပံ့ ပေးနေသောအချက်မှာ အခြား ဘာမျှ ကျွန်တော်သည် ရှာဖွေမတွေ့ရှိရသော်လည်း တစထက်တစ ၃၀-နားသို့ နီးကပ်လာသည့်တိုင်အောင် ပျိုမျစ် ချောမောနေသေးသော မြိုင်၏ရုပ်ကလေးကြောင့်ဟုသာ ဆိုရလိမ့်မည် ထင်၏။

မြိုင့်အား စွဲလမ်းတပ်မက်နေကြသေးသော ပရိသတ်မှာလည်း ငေးစိုက်၍ ကြည့်ယူရသော အလှ၏ တောက်ပမှုကြောင့်သာ ဖြစ်ပေတော့မည်။

ရန်ကုန် ပြဇာတ် ပရိသတ်သည် ယခင် ၄-နှစ်ကျော် ၅-နှစ်ခန့်လောက်ကကဲ့သို့ မြိုင့်အား စွဲလမ်းခြင်းမရှိတော့ဟုသာ ယေဘုယျအနေနှင့် ပြောဆိုရခြင်း ဖြစ်သော် မြိုင့်အား ဝိုင်းဝန်း ပိုးပန်းနေကြသော ပရိသတ်မှာ ယခင်ကအတိုင်း ရှိနေကြသေးသည်ကိုတော့ ဖော်ပြရန် ရှိပေသေးသည်။ ဟိုက်စကူးနှင့် တက္ကသိုလ်ကျောင်းသားများကအစ စာရေး၊ ရုံးဝန်ထောက်နှင့် မင်းပိုင်း

ကုန်သည်ပိုင်းမှ မြှင့်အိမ်သို့ ဝင်ထွက်နေကြသူများမှာ မစဲသေး၊ တသုတ်ပြီးတသုတ်၊ အသိုက်ပြီးတသိုက်နှင့် မိုးကောင်းတုံးသာ ဖြစ်ပေသည်။

ထိုသို့ အများတကာ မြှင့်အိမ်သို့ သူ့ထက်ငါ တိုးဝှေ့ ဝင်ထွက်နေကြသဖြင့် မြိုင်သည် လာလာသမျှ ဧည့်သည်များအား ၎င်း၏ ထုံးစံအတိုင်း ဧည့်ခံ၍ အလုပ်များနေစဉ် အချိန်ကာလများ၌ ကျွန်တော်သည် ဝေးရာလွတ်ရာ တချောင်ချောင်၌ ခိုကပ်၍ နေရလေသည်။ ထိုသို့ မြိုင်၏အခိုင်းအစေဘယောက်ကဲ့သို့ ရှိနေမှုခြင်းများအား ခံရဖန်များလာသောအခါ၌ ကျွန်တော်သည် သည်းညည်းခံ၍ မတတ်နိုင်လောက်အောင် ဖြစ်လာမိ၏။

တကယ်တန်း ဆိုကြ ပြောရလျှင် ကျွန်တော်သည် အခြေအနေမဲ့ ဂျပိုးတယောက် မဟုတ်ပေ။ သို့စဉ်လျက် အဘယ့်အတွက် ကျွန်တော်သည် သိမ်ငယ်ညှိုးဖျင်းနေမှုခြင်း ဖြစ်ပေသနည်း။ ကျွန်တော်သည် ထိုသို့ သိမ်ငယ်ညှိုးဖျင်းနေရသော ကိစ္စ၌ မိမိကိုယ်ကိုသာ ပုံ၍မချလိုပေ။ တနည်းအားဖြင့်ဆိုရလျှင် မြိုင်၏ ချိုးနှိမ်ထားမှုလည်း ပါရှိသည်ဟု ဆိုချင်၏။

ထိုသို့ ချိုးနှိမ်ထားမှုအတွက် ကျွန်တော်သည် မြှင့်အား စိတ်ရှည်လက်ရှည် သည်းညည်းခံနိုင်ခဲ့သော်လည်း ရံဖန်ရံခါ မြိုင်သည် ကျွန်တော်၏ မျက်စေ့အောက်၌မှာပင် သည်းညည်းခံ၍ မရနိုင်လောက်သော အလုပ်မျိုးကို လုပ်လိုက်တတ်ပြန်၏။

မြိုင်သည် ၎င်းအား ဝိုင်းဝန်း ပိုးပန်းနေကြသူများ ထဲမှ ၎င်းသဘောကျသော လူတယောက်ယောက်အား ဘမ်း၍ ကြိုက်လိုက်တတ်ခြင်းကို ပြုတတ်၏။ ထိုကာလ၌ မြိုင်သည် ၎င်းသဘောကျသောလူအား ထူးထူးခြားခြား ငေးမော၍ ကြည့်ရှု

နေတတ်၏။ ထိုသို့ ကြည့်ရှုနေတတ်ပြီးနောက် မကြာမီပင် ထိုလူနှင့် မြိုင်သည် နှစ်ယောက်ထဲ ပျောက်သွားတော့၏။

မြိုင်၏အရိပ်အခြေကို မျက်ခြေပြတ်မခံသော ကျွန်တော်သည် တခါတည်း သိရှိလိုက်ပေသည်။ မြိုင်သည် သွေးသား၏ လှုံ့ဆော်မှု၏ ဆွဲဆောင်ရာသို့ လိုက်ပါသွားခြင်း ဖြစ်ပေသည်။ သည့်နောက်၌ ထိုလူကို မြိုင်သည်မဆက်ဆံတော့၊ တခါတည်း အဆက်ဖြတ်၍ တစိမ်းလို နေလိုက်တတ်၏။

မြိုင်၏ ထိုသို့ပြုမူခြင်းများအတွက် ဆွေ့ဆွေ့ခုန် ခံစားလာခဲ့ရဖန်များသော ကျွန်တော်သည် ထိုမိန်းမနှင့် လွတ်ရာ ကင်းဝေးရာသို့လည်း မသွားနိုင်ခဲ့သည်မှာ ကျွန်တော်အဘို့ပင် ထူးဆန်းနေပါ၏။ အဘယ့်အတွက်ပါနည်း။

တကြိမ်က မြိုင်သည် ၎င်း၏ပြဇာတ်အဖွဲ့မှ သီချင်းရေးဆရာ တယောက်နှင့် ကျွန်တော့ မျက်စေ့အောက်၌ပင် ဤကဲ့သို့ ဖြစ်ပျက်သွားခဲ့လေသည်။ ထိုအခါ ကျွန်တော်သည် မြိုင့်အား လည်ပင်းကို ဖြစ်ညှစ်၍ အသေသတ်ပစ်လိုက်ရန်ပင် စိတ်ကူးခဲ့မိ၏။ သို့ရာတွင် တကယ်တန်း လက်တွေ့ လုပ်ရမည်ဟု စဉ်းစားလိုက်သောအခါ ကျွန်တော်သည် မပြုလုပ်နိုင်ပေ။

'ကိုကျော်တင့်တယောက်ကို နွားလို သဘောထားပြီး လုပ်ချင်ရာ လုပ်နေတာများလား မြိုင်'ဟု ချုပ်တီးမဖန်များခြင်းကို မတတ်နိုင်၍ ကျွန်တော်က အံထုတ်လိုက်မိသည်။

'ဘုရားရေ....၊ ကိုကျော်တင့်ဟာ တကဲ့ ယောကျ်ားကောင်း တယောက်လို့ မြိုင်က လေးစားနေတာပါလားကွယ်....' မြိုင်၏ အသံမှာ နှာသံပါနေ၏။

ကျွန်တော်သည် 'တကဲ့ယောကျ်ား တယောက်'ဟု မြိုင်က အသိအမှတ်ပြု၍ ပြောဆိုလာခြင်းအတွက် ကျေနပ်သလိုတော့ ခံစားရမိပေသည်။ ကျွန်တော့အား စေသည့် ကျွန်နှင့်မခြားပြု လုပ်ခိုင်းစေနေသော မြိုင်သည် ထိုကဲ့သို့ ကျွန်တော့အား သဘောထားလိမ့်မည်ဟု မထင်မှတ် မမျှော်လင့်ဘဲရှိခဲ့ရာမှ ထိုကဲ့သို့သောစကားကို ကြားလိုက်ရသည့်အတွက် စောစောက ခံရခက်မိခြင်းနှင့် ဒေါသထွက်ရခြင်းများသည် တဖြေးဖြေးပြေပျောက် သွားပေသည်။

တခါတရံ မြိုင့်အား ခပ်ကြမ်းကြမ်း လုပ်ချင်သော လူများနှင့်ကျွန်တော်သည် ကြေးစားလူမိုက် တယောက်ကဲ့သို့ တွေ့ဆုံဖြေရှင်းခြင်းများလည်း ပြုလုပ်ခဲ့ရပေသည်။

မြိုင်သည် ငွေသဘောကျသော သူများကိုသာ ဆက်ဆံတတ်ခြင်းဖြစ်လေရာ အချို့သော လူများသည် မြိုင့်အား ဟောဟော ရမ်းရမ်း လုပ်လာတတ်ကြသောအခါ မြိုင်သည် ကျွန်တော့ကို တခါတည်း တိုင်ကြားတတ်၏။

'ဒီလူဟာ ဘယ်လိုလူမှန်းလဲ မသိပါဘူး ကိုကျော်တင့်ရယ်....မြိုင့်ကိုရိသဲ့သဲ့နဲ့' ဟု ထိုကဲ့သို့ မြိုင်က တိုင်ကြားခြင်းပြုလာလျှင် ထိုအတိုင်ခံရသူအား ကျွန်တော်သည် ချော့မော့၍ လူသူရှင်းရာ တနေရာရာသို့ ခေါ်သွားပြီးနောက် တကဲ့လူမိုက်လေသံဖြင့် နောက်နောင်မြိုင့်ဆီသို့ ဘယ်တော့မှလာရောက်ခြင်းမပြုရန် ကျွန်တော်ကပိုင်ပိုင်နိုင်နိုင် ချိမ်းချောက် ပြောဆိုမိ၏။

'နောက်ကို ခင်ဗျားမြိုင့်ဆီလာတာတွေ့ရရင် ကျုပ်အဆိုးမရှိတော့ဘူး မိတ်ဆွေ ဒါဘဲ....' ဟုကျွန်တော်က နောက်ဆုံးသတိပေးစကား ပြောကြားလိုက်၏။

'ခင်ဗျားကဘာလဲဗျ မြိုင်နဲ့ ဘာဆိုင်လို့လဲ.... 'အချို့အနည်းငယ် ခေါင်းမာတတ်သူ တယောက် တလေက ပြန်လှန်၍ ရှာရှေ့နေတတ်၏။

'ဒါက ခင်ဗျားနဲ့ မဆိုင်ပါဘူး....ကျုပ်ပြောတာသာ မှတ်သွားပါ....'ဟု ကျွန်တော်က ထပ်၍ပြောကြားမိ၏။

'အော် အော် သိပြီ ခင့်ဗျားလား မြိုင်ရဲ့ တိတ်တိတ်ပုန်းလင်ဆိုတာ....' ဆက်လက်၍ စကားကျောရှေ့နေသူအား ကျွန်တော်သည် ဆက်လက်၍ စကားပြောနေရန် မလိုတော့ဟုသဘောပိုက်ခါ လွယ်အိပ်ထဲတွင်အသင့်ပါလာသော ခြောက်လုံးပြူးကိုဆွဲထုတ်ကာ ထိုသူအား မြင်လောက်အောင် လှုပ်၍ပြလိုက်ရင်း....'ဒီမယ် ကိုယ့်လူ ခင်ဗျား သိပ် သေချင်ပါကလား....'ဟု မာန်လိုက်သောအခါ ထိုသူသည် ချာကနဲ လှည့်ကာ ပြေးပေတော့၏။ ထိုကဲ့သို့ ပူလုပ်မိခဲ့သော အဖြစ်အပျက်များကို ပြန်လည် စဉ်းစားရသောအခါ ကျွန်တော်သည် ဖါခေါင်းလိုလို ကြေးစားလူမိုက်လိုလို ဖြစ်နေရပေသည်။ သို့ရာတွင် မြိုင့်အတွက် ကျွန်တော်သည် ထိုကဲ့သို့ ရှုန်းရင်းသော မိုက်ကန်းကန်း အလုပ်မျိုးကိုလုပ်လာခဲ့ရခြင်းအတွက် နောင်တမရမိ။ မြိုင့်အားထိုကဲ့သို့ စောင့်ရှောက် ကာကွယ် ရခြင်းသည် ကျွန်တော်၏ လုပ်ရမည့် တာဝန်ဟု ယုံမှတ်၏။ ဇနီးအား ကိုယ်ရံတော် ဗိုလ်မှူးသည် တာဝန်ရှိသလို ကျွန်တော်သည် မြိုင့်အပေါ်၌ တာဝန်ရှိနေသည်ဟု စိတ်ကူး ခပ်ယဉ်ယဉ်နှင့် ပြောဆိုရမည်သားတော့ မပြောတတ်။

ထိုကဲ့သို့ မြိုင်၏ အလိုဆန္ဒအတိုင်း ကာကွယ်စောင့်ရှောက်ပြီးစီးသွားသောအခါများ၌မြိုင်သည် ကျွန်တော့အားချီးကျူး၍

ဆုလပ်ကို ပေးကမ်းလေ့တော့ရှိသည်။ သို့ရာတွင် ကေရီက ဗိုလ်ပုံလယ် ညီလာခံ၌ မချီးမြှောက် မှောင်ရိပ်ကျသော ချောင်တချောင်၌ မြိုင်သည် ၎င်း၏ပါးပြင်ကလေးကို ထိုးပေး၍ အနမ်းခဲ့တတ်၏။ ပြီးတော့ လေသံကလေး ခပ်နွဲ့နွဲ့ဖြင့် 'ကိုကျော်တင့်ဟာ သိပ်ချစ်ဘို့ကောင်းတာဘဲ' ဟု ပြောတတ်၏။ ထိုကာလနှင့် နာရီများတွင် ကျွန်တော်သည် ကြာမြင့်စွာနာကျင်ခဲ့ရသော ဝေဒနာများကို တခါတည်း မေ့ပျောက်သွားရပေသည်။ သို့ရာတွင် မြိုင်၏ ရိက္ခာမှာနောက်ထပ်၍ ခံနိုင်ရည်ရှိရန်ပေးခြင်းမျှသာဖြစ်ပေသည်။

[ ၃ ]

မြိုင့်အားပိုးပန်း၍ မရသဖြင့် အကြပ် ကိုင်သူများအား ကျွန်တော်က ထိုကဲ့သို့ ကာကွယ်တားဆီးဖြေရှင်းခြင်းများပြုလုပ်နေရသကဲ့သို့ အချို့သော ခတ်ပျော့ပျော့ လူများကိုမူ မြိုင်ကိုယ်တိုင် တိတိကျကျနှင့် ပြောင်ပြောင်ချ လွှတ်လိုက် တတ်ပေသည်။

ထိုလူများသည် မစားရသော အမဲအားသဲနှင့်ပက်၍ဖျက်ဆီးရန် ပြုလုပ်လာကြလေသည်။

သူတို့သည် မြိုင် က,ပြသော ပြဇာတ်ရုံ၌ ပွဲကြည့်ပရိသတ်များ ဆူဆူပူပူနှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် လှုံ့ဆော်ကြ၏။ အချို့မိန်းမသားများသည် ကြောက်အားလန့်အားနှင့် ထ၍ပြေးကြ၏။ ကလေးများသည်လည်း လန့်ဖြန့်၍ ဆူဆူညံဟစ်အော် ငိုယိုကြ၏ သို့ရာတွင် မြိုင်သည် ၎င်း က,ပြရသော

ဇာတ်ကွက်ကို ပြီးဆုံးအောင် ရဲဝန့်စွာအိန္ဒြေမပျက် က,သွား ပေသည်။

အားလပ်ခွင့်ပေးသော အချိန်၌ ကျွန်တော်သည် မြိုင့်အား သွားရောက် တွေ့ဆုံသောအခါ မြိုင့်ဆီသို့ကျွန်တော်ထက် ရှေး ဦးစွာ ရောက်ရှိနေကြသူများကို တွေ့ရလေသည်။ ရာဇဝတ် ဝန်ကလေးနှင့် ပုလိပ် လေးငါးယောက်တို့သည်လည်း ပါ၏။ မြိုင့်အား ဘာမျှမစိုးရိမ်ရန် ရာဇဝတ်ဝန်ကလေးက ပြောဆိုနေ ၏။ အချို့သော အသိမိတ်ဆွေများကလည်း အားပေးနေ ကြ၏။

ထို ဝိုင်းအုံနေကြသော လူများ၏ အကြားမှ မြိုင်သည် ကျွန်တော့အား လေးနက်သော အမူအရာဖြင့် လှမ်း၍တချက် ကြည့်ရှု၏။ ကျွန်တော်သည် အိန္ဒြေရရပင် နေလိုက်လေသည်။

ပြဇာတ် ပြီးစီးသောအခါ ကျွန်တော်သည် မြိုင့်အား ကား နှင့် အိမ်သို့ပြန်ပို့ရန်ရေကျော်ဘက်သို့ ဦးတည်လိုက်၏။

'မြိုင် အိမ်မပြန်ချင်သေးဘူး ကိုကျော်တင့် လူရှင်းတဲ့ တနေ ရာကိုသွားပြီး လေညှင်းခံရအောင်'ဟု မြိုင်ကပြောဆို စေခိုင်း လာသည့်အတွက် ကျွန်တော်သည် လူရှင်း၍ ငြိမ်သက်ခြင်းကို ပေးသော အင်းလျားစောင်းသို့ ကားကိုတဖြေးဖြေးမောင်းလာ ခဲ့ရသည်။

ကြယ်ရောင်များ ကျရောက်နေသော ရေပြင်၏ ကမ်းစပ် ဝယ် ကားကိုရပ်ထားပြီးသည့်နောက် တယောက်နှင့်တယောက် စကားမပြောနိုင်ကြသေးဘဲ အားလပ်ချိန်မပေးမီက ရုံထဲ၌ ရှုန်း ရင်းဆန်ခတ် ဖြစ်လာခဲ့ရသော အကြောင်းများကို ပြန်လည် သတိရကာ စဉ်းစားနေမိကြလေသည်။

တိတ်ဆိတ်သော အင်းလျားစောင်း၌ သည်လိုပင် မြိုင်နှင့်နှစ်ယောက်အတူ လာရောက်၍ အချိန်ကို ကြွေလွင့်ကုန်ဆုံးစေခဲ့သော အချိန်အခါပေါင်းကား များလှပေပြီ။ ယခုအကြိမ်၌ ကျွန်တော်သည် မြိုင့်အတွက်များစွာ ထိတ်လန့်နေမိ၏။ မြိုင်သည် ညဦးယံက အဖြစ်အပျက်များကိုများစွာ ချောက်ချားနေပုံရသည်ကို ကျွန်တော်က ကောင်းစွာရိပ်မိ၏။ ကျွန်တော်၏ ထိတ်လန့်မိခြင်းမှာ ထိုအတွက်ပင်ဖြစ်လေသည်။

မိနစ် ၂၀-ခန့်မျှ စကားမပြောဘဲနေကြရာမှ မြိုင်ကငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်လေသည်။

'ပွဲကိုမပျက် ပျက်အောင် ဖျက်ဆီးကြတဲ့ လူတွေကိုမြိုင်သိပါတယ် ကိုကျော်တင့်ရယ်'မြိုင်သည် ဝမ်းနည်းခြင်းနှင့်မကျေမချမ်းဖြစ်ခြင်းနှစ်ရပ်ကို ထုတ်ဖော်၍ပြောလာပေသည်။

'ဂရုစိုက်လောက်စရာတော့ မဟုတ်ပါဘူးမြိုင်ရယ်၊ ဒီလူတွေကို ကျုပ်ရှင်းလိုက်ပါ့မယ်' ကျွန်တော်သည် မြိုင့်အား ကျေအေးနှစ်သိမ့်သွားစေရန် အားပေးစကားကို ပြောဆိုလိုက်ရလေသည်။

မြိုင်သည် ကျွန်တော့အင်္ကျီကော်လာကိုလှမ်း၍ ကိုင်တွယ်ကြည့်ရင်း ကျွန်တော့ မျက်နှာကို မကြည့်ဘဲ 'မြိုင့်အတွက်နဲ့ ကိုကျော်တင့် စိတ်မကောင်းဖြစ်နေရသလားဟင်၊ ကိုကျော်တင့်အတွက်တော့ တော်တော်ခံရဆိုးလိမ့်မယ်ထင်တယ်'ဟု မြိုင်သည် ဖြေးညင်းစွာပြောဆိုနေ၏။

ကျွန်တော်သည် ဘာမျှပြန်ပြောရန် အကြောင်းမရှိသဖြင့် ငြိမ်သက်စွာနေလိုက်မိပေသည်၊

ညလေသည် အေးမြစွာ ဝေ့ရမ်း တိုက်ခိုက်၍ လာသည်။ ရေပြင်သည်ပင် ဂယက်ကလေးများထ၍ သစ်ရွက်များသည်လည်း ည၏ လှသော တေးဂီတကို ညည်းတွားလာကြ၏။

အတန်ကြာမျှ ငြိမ်သက်စွာနေကြရာက မြိုင်သည် အင်္ကျီ ဇေ ်လာကို ကိုင်တွယ် ဆော့ကစားနေရာမှ ကျွန်တော်၏ ဦးခေါင်းထက်မှ ဆံပင်များကို သပ်ပေးလာရင်း 'မြိုင်နဲ့ ကိုကျော်တင့် ခုလိုခင်မင်ပေါင်းသင်းလာကြတာ လေးငါးနှစ် တော့ ရှိရော့မယ် ထင်ပါရဲ့နော်'ဟု ဘာစိတ် ဘာ လက် ပေါက်လာ၍တော့ မသိ။ မြိုင်က အတိတ်၏ ကုန်လွန်ခဲ့သော အချိန်ကို ပြန်လည်ဆန်းစစ်နေပေသည်။

'၆–နှစ်တော်ာင် ကျော်လာပြီမြိုင် ၆-နှစ် ၆–နှစ်' ကျွန်တော်က ဒါဘဲမြည်တမ်းလိုက်ပါ၏။

'ဩော် . ၆-နှစ်တောင်မှဘဲ ကျော် သွား ပလား' မြိုင်က အံ့သြစွာမေးမြန်း စီစစ်နေလေသည်။

'မောင်ကျော်မြင့် ဆုံးတာဘဲ ငါး နှစ် ပြည့် နေပြီဟာ မြိုင်ရယ်'

'အော်... အင်း....အင်း....မောင်ကျော်မြ ဆုံးတာ ငါးနှစ်ရှိ တော့မယ် ဟုတ်လား၊ မောင်ကျော်မြင့်ကောင်းရာသုဂတိကိုရောက် ပါစေတော့ရှင်'

ကျွန်တော်သည် စီးကရက်တလိပ်ကို ထုတ်ယူကာ မီးညှိ၍ ငြိမ်သက်စွာ ရှိုက်ဖွာနေလိုက်၏။ မောင်ကျော်မြင့်အားလည်း လွမ်းဆွတ်လာသလိုရှိမိ၏။

'အချိန်ဟာ ကုန်မှန်းမသိ ကုန်လွယ်လှပါကလား၊ ကိုကျော် တင့်ရဲ့' မြိုင်သည် ၎င်းအတွက် မြန်ဆန်လှသော အချိန်၏ အ

ကြောင်းကို ညည်းတွားလိုက်ပုံရ၏။ ထိုအချိန်၏ ဝတ်ကြွေးကို ထမ်းဆောင်ခံစားနေသော ဘေးမှလူဘယောက်၏ ဘဝကိုမူပင် သည့်သွင်းစဉ်းစားတတ်ပုံမရ။

'ဒ-နှစ်ကျော်ဆိုတဲ့အချိန်မှာ သီတင်းပတ်ပေါင်း၃၀၀ ကျော် ရက်ပေါင်း ၂၁,၀၀၀-ကျော်နဲ့ နာရီပေါင်း ဘယ်လောက် ရှိလိမ့်မယ်ဆိုတာ မြိုင်-စဉ်းစားမိရဲ့လား' ကျွန်ုပ်က ရင်တွင်းမှ ရုန်းထွက်နေသော အလုံးကို လွှတ်ပေးလိုက်ရပေသည်။

မြိုင်သည် ကျွန်ုပ်၏ မေးခွန်းကို ထိတ်လန့်သွားသကဲ့သို့ လှုပ်ရှားသွားလေသည်။ အတန်ကြာမျှ ငြိမ်သက်၍နေပြီးမှ မြိုင်သည် ဦးခေါင်းကို ဖြေးညှင်းစွာ ခါရမ်းနေလေသည်။

ကျွန်တော်သည် စီးကရက်တိုကို လိုင်းခွက်ကလေးများ ထနေသော ရေပြင်ဆီသို့ ပစ်လွှင့်လိုက်ပြီးနောက် အဆုံးအစ မထင်ရသော ကောင်းကင်ပြင်မှ အရပ်အတွက်မသိရသော ကြယ်များကို ပင်ပန်းစွာ မော့ကြည့်နေမိ၏။

'မြိုင်-မေးချင်တာကလေး တခုရှိလို့ အဲဒါ ကိုကျော်ဘင့် မှန်တဲ့အတိုင်း ဖြေပေးစမ်းပါ'ဟု မြိုင်က တစုံတရာကို လေးလေး နက်နက် စဉ်းစား၍ ပြောလာ၏။

'မေးပါ' ဒါဘဲ ကျွန်တော်က ပြောလိုက်မိ၏။

'မြိုင်ဟာ တော်တော်ကလေး ကျသွားပလားဟင်....ကိုကျော် တင့်' မြိုင်သည် တုန်လှုပ်စွာမေးမြန်းပုံရ၏။

ကျွန်တော်သည် လှပချောမော၍ ကြည့်ကောင်းတုန်းဖြစ်သော မြိုင့်အား ထိုမေးခွန်းကို ကြောက်လန့်တုန်လှုပ်စွာ မေးမြန်း နေခြင်းအတွက် သနားမိပေသည်။ ထို့ကြောင့် မဖြစ်ရာမလို

သော မေးခွန်းကို မေးနေသော မြိုင့်အား ကျွန်တော်သည် အ,၍ နေလိုက်၏။

မြိုင်သည် သက်ပြင်းကိုချရင်း ဦးခေါင်းကို ဖြေးညှင်းစွာခါ ရမ်းနေလေသည်၊ အတန်ကြာချိန်ဆသလိုလုပ်၍နေပြီးမှ 'ကျ,, မယ်ဆိုလဲ ကျ,,လောက်နေပါပြီလေ၊ ခုလဲ မြိုင့်အသက်ဟာ ၃၂- နှစ် ကျော်လာခဲ့ပြီဟာ' ဟု လှိုက်ဖိုသံကလေးဖြင့် ဝမ်းနည်းပက် လက် ညည်းတွားလိုက်သေသည်။

'ဘယ်ကလာ ကျရဦးမှာလဲ မြိုင်-ခုမှ မြိုင်ဟာ အရွယ်ကောင်း တုန်းရှိနေသေးတာဘဲ' ဟု ကျွန်တော်သည် ကျဆင်းနေသော မြိုင့်၏ စိတ်ဓါတ်ကို လျင်မြန်စွာ ဆွဲမြှင့်၍ ပင့်တင့်လိုက်ရ ပေသည်။

'ထားပါတော့လေ ဒါထက် မြိုင့်မှာ မင်းသမီးကောင်းဘ ယောက်ရဲ့ ရှိသင့်ရှိအပ်တဲ့ ဟန်အမူအရာ အရည်အချင်းဟာ တ ကယ်ဘဲ မရှိတာလားဆိုတာ ကိုကျော်တင့် ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ မြိုင့်ကို' မြိုင်သည် အလွန်တရာ တုန်လှုပ်ချောက် ခြားစွာဖြင့် အရဲစွန့်၍ မေးမြန်းလိုက်ဟန် ရှိပေသည်။

အမှန်ကို ကျွန်တော်သည်သိရှိပါ၏။ သို့သော် မှန်သည့် အတိုင်း ပြော၍ကော ဖြစ်ပါ့မည်လား။

ကျွန်တော်သည် မြိုင်၏မေးခွန်းအားရှောင်ကွင်းနိုင်ရန် စီးက ရက်ကိုထုတ်၍ မြိုင့်အား မီးညှိပေးရလေသည်။ သို့ရာတွင် မြိုင် သည် စီးကရက်ကိုငြင်းပယ်လိုက်၏။ ထို့ကြောင့် ကျွန်တော် သည် ဘာလုပ်ရမှန်းမသိအောင် ကျဉ်းကြပ်သွားမိပေသည်။ သို့ ရာတွင် မြိုင်သည် နောက်ထပ်၍ ထိုမေးခွန်းကို ထပ်မံမေးမြန်း

ခြင်း မပြုလာသည့်အတွက် ကျွန်တော်သည် သက်သာရာရမိ၏။ အဘယ့်ကြောင့် မမေးသည်ကိုကား ကျွန်တော်သည် စိတ်မဝင်စားမိတော့။

တကယ်တန်းပြောကြရလျှင် မှိုင်၏ နေဝင်ချိန်ဝယ် တိမ်သော လောက်သာ တောက်နေခြင်း ဖြစ်ပေတော့မည်။

## တညသ၌

## [ ၁ ]

မြိုင်သည် ယခုအခါ၌ ရန်ကုန်တွင် တလလျှင် ၇-ရက်တပါတ်လောက်သာ ပြဇာတ်အဖွဲ့များ၌ ပါဝင် ကပြရပေတော့သည်။ ကျန်ရက်များ၌ နယ်သို့ထွက်နေရပေသည်။ နယ်များ၌ပင် မြိုင့်အား ယခင် ၂-နှစ်ကျော် ၃-နှစ်လောက်ကလို တပ်မက်မောခြင်း မရှိလှ၊ ရှင်ရည်ချောမောသော မင်းသမီးတယောက်၏ ဟန်အမူအရာ ညှို့ဖျင်းခြင်းကို ကြာရှည်သဖြင့် သည်းညည်းခံ ကြည့်ရှုလာရသော ပရိသတ်သည် မြိုင့်အား ကာလကြာရှည်လာသော အခါ၌ သည်းညည်းမခံတော့ခြင်းဟု ဆိုရမည်ထင်ပေသည်။

ထိုကဲ့သို့ ကျော်ကြားခြင်းမှ မှေးမှိန်၍ ဝင်ငွေအားဖြင့်လည်း တစထက်တစ လျော့ပါးလာခဲ့သည်တိုင်အောင် မြိုင်သည် ၎င်းကိုယ်ကို နားလည်ရမှန်းနှင့် သက်ညှာရမှန်းမသိသည့်အတိုင်းဇွတ်သာ ကပြခြင်းပြုလုပ်နေသည်ကို ကျွန်တော်သည် စိတ်မချမ်းမသာ ကြည့်ရှုနေခဲ့ရ၏။

တကြိမ်က မြိုင်ဆိုမှမြိုင်ခဲ့ကြသော ရန်ကုန်ပြဇာတ်အဖွဲ့များမှ ဒါရိုက်တာများသည်ပင် မြိုင့်အား ရှောင်ကွင်းထွက်ပြေးနေကြသေပြီ၊ နယ်မှငှါးရမ်းကြသော ပြဇာတ် အဖွဲ့များသည်လည်း တမြိုင်ထဲမြိုင်ခဲ့ကြရာမှ ယခုအခါ၌ မြိုင့်အား ခတ်ဆိုင်းဆိုင်းနှင့် ခတ်လေးလေး လုပ်လာကြပေပြီ။



**မန်းမော်တင်အောင်**

သည့်လို ဘဝ၏ ပတ်ဝန်းကျင်၌ ပြောင်းလဲ လာခြင်းနှင့် ဆန့်ကျင်လာခြင်းများကို သိသာ ထင်ရှားလောက်စွာ တွေ့နေ မြင်နေရ စေကာမူ ထင်ပေါ် ကျော်ဇောခြင်း နောက်သို့သာ သွေးရူး သွေးတန်း ပြေးလိုက်နေသော မြိုင်သည် မသိချင် ယောင် ပြု၍ ဇွတ်တရွတ်သာ ပြေးလိုက်မြဲ လိုက်နေပေသည်။ ကျွန်တော်သည် မြိုင့်အတွက် များစွာ စိတ်နောက်ကျိရ၏။ သည်လောက် မိုက်မဲလှသော မိန်းမသား တယောက်အား အဆိပ်ကျွေး၍ သတ်လိုက်ပါက သူမအတွက်ရော ကျွန်တော့ အတွက်ပါ အေးဆေး ကောင်းမွန် သွားလေမည်လား ဟူ၍ပင် အတွေးခေါ်မိ၏။ မြိုင်သာ သေဆုံးသွားပါက ကျွန်တော့အဘို့ အေးဆေးသွားလိမ့်မည်ဟု ထင်မိ၏။ သို့ရာတွင် ထိုကြံစည်ချက် မှာ စိတ်ကူး၌သာ ဖြစ်ပေသည်။ လက်တွေ့တော့ မဖြစ်လာခဲ့။

ပြဇာတ်မှ ဝင်ငွေသည် နည်းပါး ယုတ်လျော့လာခဲ့သော် လည်း မြိုင်၏ အသုံးအစွဲမှာ ယခင်ကအတိုင်း သုံးစွဲမြဲ သုံးစွဲနေ ခြင်းကို ကျွန်တော်သည် ငြိမ်သက်စွာ ကြည့်နေရပေသည်။ အဝင် နှင့်အထွက် မမျှသည်မှာ ကာလကြာမြင့်လာသောအခါ၌ မြိုင် သည် အခြားလူများသာမက ကျွန်တော့ကိုပါ မသိရှိ မရိပ်မိ အောင် ၎င်း၏ လက်ဝတ်လက်စားများကို တိတ်တဆိတ် ထုခွဲ ရောင်းချ၍ ဓါတုဗေဒနှင့် အတုအပများကို လဲလှယ်ထားပေ သည်။ ဒါကိုလည်း ကျွန်တော်က သိပေသည်။ သို့ရာတွင် မြိုင့် အား မသိချင်ယောင်ပြု၍ ကြည့်မြဲကြည့်နေခဲ့ပေသည်။

ထိုသို့ အတွင်းရေး အပြင်၌ပါ သိသာ ထင်ရှားလောက် အောင် ပြောင်းလဲဖောက်ပြန်နေခြင်းများ၏ ဒဏ်ကို အဘယ်သို့မျှ ငြင်းကွယ်လှည့်စား၍ မရသော ကာလများ၌ မြိုင်သည် ၎င်း၌

ချို့ယွင်းချက် ကင်းစင်၍ အပြစ်ကင်းမဲ့သူတယောက်ကဲ့သို့ လူ့လောကကြီးနှင့်တကွ လူအများကို သိမ်းကြုံး၍ ဆိုးဆိုးဝါးဝါးကြီး အပြစ်တင်တတ်၏။ တခါတရံ ကျိန်ဆဲခြင်းပင်လျှင် ပြုဘတ်၏။ ဒါတွေ အားလုံးကို ကျွန်တော်သည် မကြားချင်အဆုံး ဖြစ်ခဲ့ရပေသည်။

မြိုင်သည် ထိုကဲ့သို့မေးမှိန်စ ပြုလာချိန်ကစ၍ ည-ညဘက်များ၌ အိပ်မပျော်တတ်ဘဲရှိသဖြင့် ဘရန်ဒီကို ခပ်များများ ကလေး မူးအောင်သောက်တတ်၍လာသည်ကို ကျွန်တော်သည် စိတ်မချမ်းမသာနှင့် ကြည့်မြင်နေရပေသည်။

အရက်ဆိုသည်မှာ ဘဝအား အခိုက်အတန့်အားဖြင့် မေ့မပျောက်စေခြင်း တန်ခိုးတော့ ရှိလေရာ ထိုမဟာမိတ်ကို မိန်းမသားဘန်မဲ့ဖွဲ့သာသည်အထိဖြစ်နေသော မြိုင်၏ လွတ်မြောက်တွက်ပြေးရေးသည် ကျွန်တော့အတွက် အံ့သြစရာတော့ မဖြစ်ခဲ့ပေ။ ထိုသို့ အရက် စ,သောက်ခြင်းကို မြိုင်သည် ကျွန်တော်မသိအောင် ဖုံးဖိထားခဲ့ရာမှ ကျွန်တော်နှင့် ပက်ပင်းတိုးနေသောအခါ၌ မြိုင်သည် ဓမ္မဘာဟု ကလေးသူငယ်မလို ပြုံးတူးပြဲတဲ့နှင့် အကြောင်းပြခြင်းကိုလည်း လူအ,လုပ်၍ ကျွန်တော်က ကြားနားလက်ခံရပေသည်။

[ ၂ ]

မြိုင်၏အိမ်ဘွင် ဧည့်သည်များ များပြား လွန်းလှသော အချိန်၌ ကျွန်တော်သည် မျက်စိရှုပ်၍ စိတ်နောက်ကျိလှသဖြင့် အိမ်သို့ပြန်လာခဲ့ပေသည်။ အိမ်သို့ ပြန်လာခဲ့ပြီးနောက် အိပ်ရာ

ထက်တွင်လှဲကာ အဓိပ္ပာယ်မရှိ ကုန်ဆုံးနေရသော ကျွန်တော်၏ အချိန်နာရီများကို ပြန်လည်ဆန်းစစ် ကြည့်နေမိ၏။

မြိုင်နှင့်စတင်တွေ့ရှိ၍ သိကျွမ်းလာခဲ့ရသော ၆-နှစ်ကျော် ကာလကစ၍ ကျွန်တော်လေလွင့်ခဲ့ရသော ဘဝကြီး၏ နေ့ရက်တို့သည် သစ်ရွက်ဟောင်းတို့ ကြွေလွင့်သလို လွင့်ပါးနေခဲ့ရသည်ဟု သာ ဆိုရပေလိမ့်မည်။ ထိုသို့ လုံးပါးပါးနေခဲ့ရသော မိမိ၏ ဘဝကို သိနေလျက်နှင့်လည်း ကျွန်တော်သည် မိမိကိုယ်ကို လွတ်မြောက်နိုင်ရန်အတွက် ထွက်ပြေးရုန်းကန်ခြင်းမပြုခဲ့။ မပြု ချင်၍လော၊ မပြုတတ်၍လော၊ နှစ်ခုစလုံး မဟုတ်၊ ကျွန်တော် သည် မပြုနိုင်ခြင်းသာ ဖြစ်ပေလိမ့်မည်။

မြိုင့်အတွက် အစစအရာရာ စွန့်လွှတ်၍ အနစ်နာခံ ချစ်ခဲ့ရ ခြင်းများသည် ၆-နှစ်ကျော် ကာလသို့ ကြာမြင့်ခဲ့သည်တိုင် အောင် ထိုသခင်မသည် တဘက်သတ်သတ် အနာခံနေရသူ၏ ဘဝကို သက်ညှာရမှန်း မသိဘတ်တော့ပြီလားဟု ကျွန်တော်သည် ဗဉ်းစားကြည့်မိ၏။ သို့ရာတွင် မြိုင်သည် ၎င်း၏ လူ့ဘဝအား ဦးကျော်ဆိုသောပစ္စည်းနှင့်သာ အဓိကထား၍ ရှာဖွေနေသဖြင့် အလွန်တရာ ချစ်စရာကောင်းသော ကဗျာတပုဒ်ကို နှလုံးသားထဲ ၌ပင် ချေမွှဖျက်ဆီးထားလိုက်ပုံရသည်။ မြိုင်သည် နှလုံးသားမှ ဖြာထွက်သောသွေးဖြင့် အသက်ရှင်ပုံမရ။ အစဉ်းစားအားကြီး သော ဦးကျော်၏ အတတ်ပညာဖြင့် အသက်ရှင်နေပုံရ၏။

တကယ်သာ ကျွန်တော်ဝန်ခံရလျှင် မြိုင်နှင့် ပတ်သက်၍ သည်မျှ အဆုံးအရှုံး အနစ်နာ ခံခဲ့ရခြင်းများအတွက် ယခုကဲ့သို့ အချိန်ကာလသည် ၆-နှစ်ကျော် ၇-နှစ်နီးပါးသို့ ဆိုက်ရောက်

ကြာမြင့်လာသော အခါ၌ ကျွန်တော်သည် မြို့ထံမှ တန်ဘိုးကို မမြော်လင့်တော့ပေ။ အသက် ၃၀-မပြည့်မီကာလ အချိန် အပိုင်းများက မိမိကပေးရသော တန်ဘိုးကိုပြန်၍ ပေးလိမ့်နိုးနိုးနှင့် မြော်လင့်ခဲ့ တတ်ခြင်းများသည် အသက် ၃၀-၏ နောက်ပိုင်းများ၌ ကြေမွပျက်စီး သွားခဲ့ပေပြီ။ ထိုသို့ ငယ်ရွယ်သူ၏ စိတ်ကူးယဉ်တတ်သော ကမ္ဘာသည် ပြိုပျက်၍ သွားခဲ့ပြီးသော နောက်ပိုင်း၌ မြော်လင့်ခြင်းနှင့် တင်စားခြင်းတို့ ကင်းငင်သော စေတနာမေတ္တာတို့ဖြင့်သာလျှင် ကျွန်တော်သည် မြို့အပေါ်၌ ချစ်ခဲ့ပေသည်။ ထို ချစ်ခြင်းမေတ္တာသည်သာ လူ့လောက၌ အမြင့်မြတ်ဆုံးသော ချစ်ခြင်းမေတ္တာဟု ကျွန်တော် ထင်မှတ်မိသည်။ လူသား တယောက်နှင့်တယောက် ထားရှိအပ်သော်လည်း ထားရှိခဲလှသော ချစ်ခြင်းမေတ္တာမျိုးသာ ဖြစ်ပေသည်။ သဘာဝအားဖြင့် အမိနှင့်သားတို့၏ အကြား၌ ရှိရင်းစွဲဖြစ်သော်လည်း လက်ရှိ လူ့ဘောင်ကြီးအတွင်း၌ သားအမိတို့အကြား၌ပင် ဆင်းရဲခေါင်းပါးနေသော ချစ်ခြင်းမေတ္တာဟု ထင်မိပေသည်။

၆-နှစ်ကျော်မျှသော ကာလ၏နောက်ပိုင်း၌ မြို့၏ နှလုံးသားအတွင်းမှ ကြေမွပျက်စီးနေသော ကဗျာတပုဒ်သည် ပြန်လည် အသက်ရှင်၍ လှုပ်ရှားလာနိုင်လိမ့်မည်ဟု ကျွန်တော်သည် မမြော်လင့်တော့၊ ကျွန်တော်သည် မြို့ကို ၎င်း၏ 'ဦးကျောက်ရောဂါ'စွဲကပ်နေခြင်းမှ အဘယ်သို့ လွတ်မြောက်ကယ်တင်ရမည့် နည်းလမ်းကိုသာ ရှာဖွေနေခဲ့၏။ ထို ရှာဖွေခြင်းသည် တယောက်တည်းတည်း ကျွန်တော် နေထိုင်ရသော အချိန်နာရီများ၌သာ ဖြစ်၍ သခင်မ၏ ရှေ့တော်မှောက်သို့ ရောက်သောအ-

ခါ အတိတ်မှအိပ်မက်ကို ပျောက်ပျက်၍သွားရပေသည်။ သခင်မနှင့် ကွာဝေး၍လာရသော နာရီပိုင်းများ၌ ထိုပြဿနာကို ကျွန်တော်သည် ပြန်၍ သတိရလာပြန်၏။ သတိရလာသည်နှင့် ၎င်းစိတ်ဆင်းရဲ ပင်ပန်းခြင်းသည် ဖြစ်ရပြန်ပေသည်။ ထို့ကြောင့် မှိုင်နှင့်ခွဲခွာ၍ နေထိုင်ရသော ကျွန်တော်၏ဘဝမှာ နာရီပိုင်းများသည် စိတ်ပင်ပန်းစရာဆင်းရဲခြင်းများသာဖြစ်လာပေတော့သည်။ အစဉ်းစားလွန်၍ အတွေးခေါင်နေသော ညအချိန်များ၌ ကျွန်တော်သည် စိန်နှင့်သံပုရာကိုဖျော်၍ အေးမြစွာ သောက်လိုသော စိတ်တို့သည် ဖြစ်ပေါ်လာခဲ့၏။ မဆုံးသော လမ်းမကြီးတွင် ရောက်၍ ပြေးချင်သော စိတ်ရူးများသည်လည်း ဝင်လာတတ်၏။ ထိုသို့ အိပ်ရာထက်တွင် ခံစားနေရသော ဝေဒနာမျိုးကို သည်းညည်းမခံနိုင်တော့သည်၏ အဆုံး၌ ကျွန်တော်သည် အိမ်ပေါ်မှ တိတ်ဆိတ်စွာ ဆင်းလာခဲ့ပြီးနောက် ခြံထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိပေသည်။ လရောင်ရှိသော ည သန်းခေါင်ကျော် အချိန်များ၌ အိပ်မောကျနေသော ကမ္ဘာမြေဝယ် မိမိ၏ အရိပ်ကိုပင် ကျွန်တော်သည် ပင်ပန်းကြီးစွာ ဆွဲယူရပေသည်။

လူ့တွက်ကို အကောင်းမထင်တော့ဘဲ ချောက် အိပ်မက်ကို ကြောက်ရွံ့သဖြင့် ဘရန်ဒီသောက်၍ မိမိ၏အလှကို ဖျက်ဆီးနေသော မိန်းမသားအား ကျွန်တော်သည် သည်းညည်းမခံနိုင်လွန်းသောအခါ စိတ်ကိုချုပ်တီး၍ အခန်းထဲတွင် ပုန်းလျှိုးနေခဲ့ပေသည်။ ကျယ်ဝန်းသောမြေကြီး၌ ကျွန်တော်သည် အခြားသို့ပြေးရန် အားခွန်မရှိ။

ထိုသို့ မှိုင့်ထံသို့ ၃-ရက်တိတိမျှ ကျွန်တော်သည် လုံးဝသွားရောက်ခြင်း မပြုတော့ဘဲ မိမိ၏ အိမ်ခန်းအတွင်း၌သာ စိတ်ပန်း

လူပန်းနှင့် ပုန်းအောင်းနေခဲ့ရာမှ မြိုင်သည် တညသဉ္ဇ ကျွန်တော့ အခန်းအတွင်းသို့ လရောင်လိုယှက်ဖြာ၍ သိမ်မွေ့စွာ ဝင်ရောက် လာခဲ့လေသည်။

ထိုညကို ကျွန်တော်သည် မေ့မရနိုင်ပါ။ နှစ်စရာကောင်း၍ တေ့ဖြင့်မဟုတ်၊ ကြေကွဲစရာပင် ခေါ်ရမည်လား၊ သို့မှမဟုတ် အသဲနာစရာဘဲ ခေါ်ရမည်လား။ အမှန်ကို ကျွန်တော်သည် မခွဲ ခြားနိုင်ခဲ့။ မေ့မရခြင်းကိုသာ ကျွန် တော် သတိရမိပါသည်။

# [ ၃ ]

မခံမရပ်နိုင်လွန်းတော့သဖြင့် မြို့ဆီသို့ လုံးဝသွားရောက်ခြင်း မပြုဘဲ နေလာခဲ့သော ၃-ရက်မြောက်ည သန်းခေါင် အချိန်တွင် ဆင်ဝင်အောက်၌ ကားရပ်သံကို ကျွန်တော်သည် ထူးခြားစွာ ကြားရပြီးနောက် 'ကိုကျော်တင့်-ကိုကျော်တင့်'ဟူသော အား နွဲ့နွဲ့မိန်းမသားတယောက်၏ ခေါ်သံကို ကြားလိုက်ရသည်နှင့် မြိုင် မှန်း အလိုလိုသိနေနှင့်ပြီး ဖြစ်ပေသည်။

ကျွန်တော်သည် အံ့သြခြင်းလည်း မဖြစ်မိ၊ ဝမ်းနည်း ဝမ်း သာခြင်းလည်းမရှိလှ။ အိပ်ရာထက်မှ ဖြေးညှင်းစွာထပြီးနောက်၊ မီးဖွင့်ကာ အိမ်အောက်ထပ်သို့ ဆင်းလာ၍ တံခါးကို ဖွင့်ပေး လိုက်သည်။

မြိုင်သည် ညဝတ်အင်္ကျီ အပြာနုရောင်ကို ဝတ်၍ ထားလေ သည်။ ထို့ကြောင့် အိပ်ရာထက်မှ တစုံတရာ အရေးတကြီးကိစ္စ ကြောင့် ထလိုက်လာသလောဟု ရုတ်တရက် စဉ်းစားမိကာ ကျွန် တော်သည် ကြောင်၍ ငေးစိုက်ကြည့်နေမိ၏။ သို့ရာတွင် မြိုင်၏

မျက်နှာနှင့် ဆံပင်များမှာ သေသေသပ်သပ် ရှိလှသောကြောင့် အိပ်ရာမှ ထလာသည်ဟူသော အတွေးမှာလည်း ခိုင်လုံစရာ မရှိပေ။

'ကိုကျော်ဘင့်'မြိုင်သည် လေသံလှိုက်လှိုက်ဖြင့်တုန်ရီစွာ ကျွန်တော်၏နံမည်ကို ခေါ်လာသည်။

'မြိုင်...'ကျွန်တော့ပါးစပ်မှ ဒါဘဲမြည်သွား၏။

မြိုင်သည် အိမ်ပေါ်သို့ ခပ်သုတ်သုတ်တက်သွားသဖြင့် ကျွန်တော်သည် တံခါးကို စေ့ကာ နောက်မှလိုက်၍ တက်ခဲ့ရပေသည်။ ရင်ထဲ၌လည်း ထူးထူးခြားခြား လှုပ်ရှားခုန်ပေါက်နေသည်ထင်၏။

မြိုင်သည် ဧည့်ခန်းသို့ မသွားဘဲ စာကြည့်ခန်းဘက်သို့ သွား၏။ ပြီးတော့ မီးသင်း၍ အဘင်းသို့ဝင်ကာ ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်၏။ မြိုင့်နောက်မှ လိုက်ပါသွားရင်း ကျွန်တော်သည် မိမိကိုယ်ကို တကယ်ဘဲလား အိပ်မက်ဘဲလား ဆိုသည်ကို ဝေခွဲ၍မရ ဖြစ်နေရပေသည်။

မြိုင်သည် ပကတိ အေးဆေးလှသော အမူအရာဖြင့် ပက်လက် ကုလားထိုင်ထက်တွင် ခြေပစ်လက်ပစ် ထိုင်နေစဉ် ကျွန်တော်သည် ကျောင်းပြေးသဖြင့် ဆရာ လိုက်လာခြင်းကို ရင်ဆိုင်ရသော ကျောင်းသား သူငယ်လို ငြိမ်ဝပ်စွာ ရပ်နေရ၏။ တယောက်နှင့် တယောက် တမိနစ်သာသာခန့် စကားမပြောနိုင်ကြဘဲ ခတ်စိမ်းစိမ်း ဖြစ်နေ၏။

'ပြူဘင်းပေါက် ဖွင့်ထားပါသား ကိုကျော်တင့်၊ ညလေရှူရတာ ပိုကောင်းလို့'

မြှိုင်၏အမိန့်အတိုင်း ကျွန်တော်က ထမ်းဆောင် လိုက်ပေသည်။ ပြီးနောက် နဂိုရ်ရပ်နေသော နေရာ၌ အခြေမပျက်ရပ်မြဲ ရပ်နေမိသည်။

မြှိုင်သည် ဝိုင်းစက်တောက်ပသော မျက်လုံးများဖြင့် မော့၍ ကျွန်တော့်အားကြည့်ကာ 'ရှင်....ဘာဖြစ်နေသလဲ ဟင်....ကိုကျော်တင့်'ဟု လိုရင်းကို ခပ်တိုတိုနှင့် မေးလာပေသည်။

ကျွန်တော်သည် ပြန်၍ မဖြေချင်ပါ။ ပြူတင်းပေါက်မှ အပြင်ဘက်တွင် မှုန်မွှားမွှား မြင်ရသော ကြာသလောကကြီးကိုသာ အနက်မထင် ငေးမောကြည့်နေမိ၏။

မြှိုင်သည် ပက်လက်ကုဆားထိုင်ထက်မှ ဖြေးညှင်းစွာ ထ၍ ကျွန်တော်၏ရှေ့တွင် ပန်းလျလျရပ်လာ၏။

'ရှင်-ဘာဖြစ်နေပီ ဆိုတာကို မြှိုင်-အလိုလို သိနေလို့ ညတွင်းခြင်း လာခဲ့တာဘဲဆိုရင် အံ့သြနေမှာလားဟင်.... ကိုကျော်တင့်၊ မြှိုင့်စိတ်ထဲမှာ ရှင်ဘာဖြစ်နေပီ ဆိုတာကို ဘယ်လိုလုပ်ပီး သိနေသလဲ ဆိုတာလဲ မြှိုင့်ကိုယ်ကိုတောင် အံ့သြနေရတော့ ရှင်လဲ အံ့သြနေမှာပါဘဲ' မြှိုင်သည် အာရေဗျ ပုံပြင်များထဲမှ စိတ်ကူးယဉ်သော ဝတ္ထုထဲက စကားများကို ပြောနေသည်လားတော့ မဆိုတတ်ပေ။

ကျွန်တော်သည် ငေးကာ ငိုင်မြဲငိုင်၍ နေမိ၏။ရင်ထဲ၌ နှစ်နှစ်ကာကာတော့ မရှိမိ၊ ဆားပေါ့သော ဟင်းချိုကို သောက်ရသလိုဟုလည်း မပြောတတ်။

'ဘယ်လိုလဲဟင် ကိုကျော်တင့်....' မြှိုင်က ထက်သန်စွာ မေးနေ၏။

ကျွန်တော်သည် ယခုတညတွင် မြိုင်နှင့် တွေ့ရခြင်းအတွက် မသွက်လက်လှ၊ ထိုင်းနေ၏။ နွှတ်အနေ၏။

မြိုင်သည် ကျွန်တော်၏ နဖူးပြင်ကို စမ်းသပ်လာပြန်ပေသည်။ သို့ရာတွင် ကျွန်တော်သည် ဘာ့ကြောင့်မှန်းမသိဘဲ ခေါင်းကို ငုံ့ထားလိုက်မိ၏။

'မြိုင့်အတွက်နဲ့ ဖြစ်ချင်တိုင်းဖြစ်ပြီး ပျက်ချင်တိုင်း ပျက်နေခဲ့ရတဲ့ ရှင့်ဘဝကြီးကို စဉ်းစားမိလို့ မြိုင့်ကိုများ စိတ်နာသွားပလားရှင်-ဟုတ်မှာပါဘဲလေ၊ စိတ်နာမယ်ဆိုရင်လဲ မြိုင့်ကို နာလောက်စရာပါဘဲ' မြိုင်သည် ၎င်း၏အမေးကို ၎င်းကိုယ်တိုင် ဖြေနေသဖြင့် ကျွန်တော်က ဖြေစရာမလိုတော့ပေ။ သို့ရာတွင် မြိုင်က ထိုသို့မေး၍ ထိုသို့ဖြေလိုက်ခြင်းအတွက် ကျွန်တော်သည် ဝမ်းနည်းမိ၏။

'မြိုင့်ဘဝမှာ ကိုကျော်တင့်လို ယောကျ်ားမျိုး တယောက်မှ မတွေ့ခဲ့ရဘူး၊ တသက်မှာ တွေ့နိုင်တော့မယ်လဲ မထင်မိဘူး။အရင် မြိုင့်ယောကျ်ားကြီးဟာ မြိုင့်အပေါ်မှာ သိပ်အလိုလိုက်ပြီး သိပ်ချစ်ရှာတာဘဲလို့ မြိုင်ထင်ခဲ့မိတာဟာ ကိုကျော်တင့်နဲ့ စာလိုက်တော့ ဘာမှ မဖြစ်လောက်တော့ဘူး၊ ဆင်နဲ့ဆိတ် လိုဘဲ မြော်လင့်ခြင်းနဲ့ အတုံ့အလှဲ့ကို မမြော်မှန်းဘဲ ထားလာခဲ့တဲ့ ကိုကျော်တင့်ရဲ့ စေတနာတွေကို မြိုင် အ သိ ဆုံး ပါ ဘဲ ကွယ်၊ ကိုကျော်တင့်ဘဝကြီးတခုလုံး သွက်သွက်ခါသွားရတဲ့အထဲ မြိုင့်အတွက် အနစ်နာခံခဲ့တာတွေလဲ မြိုင်အသိဆုံးပါ။ မြိုင်အတွက်နဲ့ ချစ်တဲ့ညီရော၊ လက်ထပ်မဲ့မိန်းမရော၊ စည်းစိမ်ဥစ္စာရော၊ ဆုံးရှုံးပျက်စီးခဲ့ရတာတွေအတွက် မြိုင်က ဘာများ လုပ်ပေးနိုင်ပါ့

မလဲနေ’ အလှမာန် တက်ကြွနေသော သခင်မထံမှ မမြော်လင့် မထင်စားခဲ့သော စကားများကို ကျွန်တော်သည် နားထောင်ရ ပေသည်။ မမြော်လင့်ခဲ့သော သည်တုံ့ပြန်မှုကို ကျွန်တော်သည် ဝမ်းနည်းပက်လက် ခံစားရပေသည်။ စောစောက ထိုင်းနေခဲ့ သော သွေးသားသည် သွက်လက်လှုပ်ရှားလာ၏။ အသက်ဝင် လာ၏။ သို့ရာတွင် လိုက်လိုက်လှဲလှဲကြီးတော့ မဖြစ်မိ။

‘ကိုကျော်ဘင့်ဘဝကတော့ ဒါပါဘဲလေ’ ကျွန်တော်က ဒါ ဘဲ ပြောလိုက်သည်။

‘ရှင့်ဘဝဟာ ပြင်လို့မရနိုင်အောင် ပျက်စီးသွားပီ ဆယ်မရ အောင် ဆိုးနေပီ၊ ဒါကို မြိုင်က ဘာလုပ်ပေးနိုင်ပါဦးမလဲ’ မြိုင် သည် ရှိုက်သံကလေးဖြင့် ငြီးတွားပြောဆိုရင်း ကျွန်တော်၏ ရင် အုံနှစ်ဘက်ကို သူမ၏ လက်ဖဝါးကလေးများဖြင့် တင်လာ၏။

သခင်မ၏ ခြေတော်ရင်း၌ ကျွန်တော်သည် ဒူးထောက်လိုက် မိပေသည်။ ကမ္ဘာမြေကြီးသည်ပင် ချာချာလည်နေသကဲ့သို့ ကျွန် တော်သည် အောက်မေ့နေမိ၏။

ပူနွေးသော မျက်ရည်စက်များသည် တပေါက်ပြီးတပေါက် ကျွန်တော်၏ လယ်ဂုတ်ပေါ် စီးဆင်း၍ ကျလာသည်။

မာန်မာနကြီးလှသော လှတန်ဆောင်၏ နှလုံးသားမှ ယိုစီး ကျဆင်းလာသော သွေးလော၊ မျက်ရည်လော၊ ထင်ပေါ်ကျော် ဇောခြင်းအား တပ်မက်လှသဖြင့် နှလုံးသားကို ဖျက်ဆီးခဲ့သော မိန်းမသား၏ သွေးနှင့် မျက်ရည်သည် ရှိခကာရှိနိုင်ပါဦးမည် လား။

ကျွန်တော်သည် သခင်မ၏ ခြေတော်ရင်း၌ ဒူးထောက်နေ ရင်း တုံလုံပ်ခြင်းဖြစ်သာ၏။ တကယ်ဆိုရပါမူ၊ ကျွန်တော်သည်

ထိုနာရီနှင့် မိနစ်များအား အိပ်မက်ဖြစ်သွားမည်ကို စိုးရွံ့မိ
ခြင်းသာ ဖြစ်ပေသည်။

'ဘယ်လိုမှ ဆယ်မရအောင် ဆုံးနေရတဲ့ ရှင့်ဘဝကြီး အတွက်
မှိုင်းက ဘာလုပ်ပေးနိုင်ပါဦးမလဲ ကိုကျော်တင့်ရဲ့....' မှိုင်း၏အသံ
မှာ အက်ကွဲ၍ တသသဖြစ်နေပေပြီ။

ထိုကဲ့သို့ မှိုင်း၏ မာကျောလှသော နှလုံးသားသည် အရည်
ပျော်လိမ့်မည်ဟု ကျွန်ုပ်သည် မထင်စားခဲ့မိ။

'မှိုင်းလေ ကိုကျော်တင့်ကို လက်ထပ်ဆိုရင်လဲ လက်ထပ်ပါ့
မယ်ကွယ်'

မှိုင်း၏ စကားကို ကြားလိုက်ရလျှင် ကျွန်တော်၏ တကိုယ်
လုံးအေးစက်၍ သွားသည်ဟု ထင်လိုက်မိပေသည်။ သို့ရာတွင်
မှိုင်း၏ စကားကို ကျွန်တော်သည် ယခုအသက်အရွယ်နှင့် ယခု
အခြေကျကာမှ အဘယ်သို့ လိုက်လိုက်လှဲလှဲ ယုံကြည်၍ လက်ခံ
နိုင်စွမ်းပါမည်နည်း။

ထိုမိန်းမအကြောင်းကို ကျွန်တော့်ထက်ပို၍ အဘယ်သူက
ပိုမို၍ သိပါမည်နည်း။ ထိုမိန်းမ၏ ဦးနှောက်နှင့် နှလုံးသား
တို့၏ အလေးချိန်ချင်း ဘယ်သင်းက ဘယ်လောက် သာလွန်သည်
ကို ကျွန်တော်သည် အာဏာပိုင်တယောက်ကဲ့သို့ သိနေ၏။

'ကိုကျော်တင့်ကို လိုက်လိုက်လှဲလှဲ အသဲထဲ နှလုံးထဲက မချစ်
ဘဲ၊ လက်ထပ်တဲ့စကားကို ပြောနေတာဟာ အဓိပ္ပါယ်မရှိပါဘူး
မှိုင်းရယ်၊ တကယ်ဆိုတော့ မှိုင့်စိတ်ထဲနှလုံးထဲက တကယ့်အဖြစ်
အပျက်တွေကို ကိုကျော်တင့်ဟာ အသိဆုံး လူတယောက်ပါ၊
ကိုကျော်တင့်ကို မှိုင်းနှစ်နှစ်ကာကာလဲ ချစ်ရမှန်း မသိသေးပါ

ဘူး' ကျွန်တော်သည် နှလုံးသားနှင့် ဦးနှောက်ကို မျှတစွာ ချိန်ဆ၍ ခပ်အေးအေးပင် ပြောကြားလိုက်မိပေသည်။

မြိုင်သည် ၎င်း၏ရင်အုံနှစ်ဘက်ကို ယှက်ကိုးမရ စုံထုံ၍ ရှိုက်ကာရှိုက်ကာ ငိုချလိုက်လေသည်။ ကလေးသူငယ်မကဲ့သို့ ငိုလေသည်။ အရူးမ လေးကဲ့သို့ပင် ငိုနေလေသည်။

ထင်ပေါ်ကျော်ကြားခြင်းအတွက် နှလုံးသားကို ဖျက်ဆီးခဲ့သဖြင့် လူ့ဘဝ၏အနှစ်သာရကို ဆုံးရှုံးနေရရှာသော လှဘန်ဆောင်၏ ငိုကြွေးနေခြင်းအား ကျွန်တော်သည် အဘိဓမ္မာဆရာကဲ့သို့ ငြိမ်သက်တကကြည်စွာ ကြည့်နေမိ၏။ သံဝေဂလည်း ယူမိပေသည်။

'ဘာမှ အသုံးမကျ၊ ဘာမှ နားမလည်တဲ့လူတွေကို ပျော်တော်ဆက်ရတဲ့အလုပ်အတွက်နဲ့ မြိုင့်ဘဝဟာလဲ ပျက်စီးသွားရပါပကောလား ကိုကျော်တင့်ရဲ့' မြိုင်သည် ပြူတင်းပေါက်ဝသို့ သွား၍ရပ်လာ ငိုရှိုက်နေပြန်၏။

ကျွန်တော်သည် သခင်မ၏ ခြေတော်ရင်း၌ ကျေးကျွန်ကဲ့သို့ ဒူးထောက်ခစားနေခဲ့ခြင်းမှ အဘိဓမ္မာဆရာကဲ့သို့ ထ၍ မြိုင်၏နောက်ကျောတွင်သွား၍ ရပ်လိုက်သည်။

'ဒီလိုဘာမှ အသုံးမကျ၊ ဘာမှလဲ နားမလည်တဲ့လူတွေကို မြိုင့်ဘဝကြီး တခုလုံး အဆုံးခံပြီး ပျော်တော်ဆက်နေတဲ့အလုပ်ကို အနားယူပြီး စိတ်ချမ်းသာအောင် အေးအေးချမ်းချမ်းနေပါလားမြိုင်၊ မြိုင်နေဘို့ထိုင်ဘို့ ကြိုက်သလို ကိုကျော်တင့် တာဝန်ယူပေးပါရစေ'

ကျွန်တော်၏စကား ဆုံးလျှင်ဆုံးခြင်း မြိုင်သည် ချာကနဲလှည့်၍ ကျွန်တော့အား စိမ်းစိမ်းဝါးဝါး စူးစိုက်ကြည့်ကာ....

'ရှင်ပြောဘာမဖြစ်နိုင်ဘူး ကိုကျော်တင့်၊ မြိုင်ဟာ နံမည်ကျော် မင်းသမီးတယောက် ဖြစ်ရဦးမယ်၊ မြိုင့်မှာ မင်းသမီးရဲ့ အရည်အချင်း ရှိပါသေးတယ်၊ တနေ့လူတိုင်းလူတိုင်းရဲ့ ပါးစပ်ဖျားမှာ တွင် နေရတဲ့ မင်းသမီးဖြစ်ရဦးမယ်' ဟု မြိုင်သည် ဒေါကလေး-မော ကလေးနှင့် ချက်ချာသွက်လက်စွာ ပြန်၍ ဟိန်းဟောက် လာ ပြန်၏။

ကျွန်တော်သည် မြိုင့်အား ဘာများပြောရဦးမည်နည်း။

ဦးခေါင်းကိုခါမိ၏။ သက်ပြင်းကိုချမိ၏။ နောက်ထပ်၍ လည်း ဘာမျှမပြောချင်တော့။

'မင်းသမီးတယောက်ရဲ့ အရည်အချင်း မြိုင့်မှာ မရှိဘူးလို့ ပြောတာဟာ မြိုင့်ကို အကြီးဆုံး စော်ကားတာဘဲ၊ အရင် အိမ်ထောင်ဦးတုံးက မြိုင့်ယောကျ်ားနဲ့ ကွဲလာခဲ့ရတာလဲ မြိုင် လုပ်ချင်တဲ့ အလုပ်ကို ရှေ့ကဟန့်လို့ဘဲ၊ အဲဒီတော့ ကိုကျော် တင့်နဲ့ မြိုင်နဲ့ဟာ ခုလောက်ကစပြီး တယောက်နဲ့ တယောက် ခွဲကျမှ နှစ်ယောက်စလုံးအတွက် ကောင်းကြလိမ့်မယ်၊ မြိုင်ကလဲ ကိုယ်လုပ်ချင်ရာကို လုပ်မှာဘဲ၊ ကိုကျော်တင့်မှာလဲ မြိုင့်အတွက် ရှေ့ရှောက် ခုလိုဝတ်ကြွေးခံနေရတော့မှာ မဟုတ်ဘူး'

မြိုင်သည် ကျားမကလေးကဲ့သို့ ဒေါသနှင့် ပြောဆိုနေရှာ သည်။ တကယ်ဆိုတော့ ကျွန်တော်သည် မြိုင့်အား ဘာမျှပြောရ ဆိုရသေးသည်တော့ မဟုတ်၊ အနားယူရန် လောက်သာ ပြော ခြင်းမျှဖြစ်ရာ မြိုင်သည် ၎င်း၏အဘိဓမ္မာဖြင့် ၎င်းမြင်ရာကို မြင်နေခြင်းနှင့် တူပေသည်။

'မြိုင် လုပ်ချင်ရာကို မြိုင့်သဘာအတိုင်း ဘာဘဲလုပ်လုပ် ပေါ့မြိုင်ရယ်....၊ မြိုင့်အနားမှာ နေရတဲ့ ကျကျော်တင့်ကိုတော့

မောင်းမထုတ်ပါနဲ့လား....' ကျွန်တော်က သခင်မအား ကျေးကျွန်လို တောင်းပန်ရပြန်ပေသည်။

'ဒေါ်သကလေးနဲ့ မို့ စိတ်လိုက်မာန်ပါ ပြောမိတာကို ဘယ်လိုမှ သဘောမထားဘဲ ခွင့်လွှတ်ပြီး သည်းညည်းခံနိုင်တဲ့ ကိုကျော်တင့်ကို မြိုင် သနားတော့ သနားတာပါဘဲ၊ သနားမိတဲ့ လူဘယောက်ကို ချစ်ရမယ်ဆိုတာကတော့လဲ ့င့်အတွက် မဖြစ်နိုင်ဘူး၊ ခက်တယ်၊ သိပ်ခက်တယ်၊ မြိုင်လုပ်ချင်ရာကို ဖြောင့်ဖြောင့် တန်းတန်း လုပ်နိုင်အောင် ရှင်လွှတ်ရာ ဝေးရာကိုသာ သွားစမ်းပါတော့ ကိုကျော်တင့်ရယ်....'

မြိုင်သည် ပြန်၍ပျော့ပြောင်းလာပြန်၏။

'ကိုကျော်တင့်တသက်မှာ မြိုင့်ကို ဘယ်တော့မှ ခွဲမသွားနိုင်ဘူးမြိုင်....မြိုင်က ခွဲတော့မှသာ'

ကျွန်တော်က ရင်ထဲရှိသမျှကို အံ၍ထုတ်လိုက်မိ၏။

'အို- ရင်ထဲက လှိုက်လှိုက် လှိုက်လှိုက်နဲ့ ခေါင်းသဲကလဲ မူးလိုက်တာ ကိုကျော်တင့်ရယ်....' မြိုင်သည် ရုတ်တရက် ပြောဆိုရင်း ဒယီးဒယိုင်ဖြစ်၍ လဲကျသွားတော့မည်ကဲ့သို့ ဖြစ်လာသဖြင့် ကျွန်တော်သည် မြိုင့်အား ဘေးမှဖေး၍တွဲကာ ပက်လက်ကုလားထိုင်ထက်၌ သက်သာစွာ ထိုင်စေရပေသည်။

မြိုင်၏နှလုံးရောဂါသည် ထိုညကပင် စခဲ့လေပြီ။ သို့ရာတွင် မြိုင်သည်မသိ။ ကျွန်တော်လည်းမသိ။ မြိုင်သည် ငြိမ်သက်စွာ မှေးရင်း အသက်ကို ခပ်လေးလေးနှင့် ခပ်ကြဲကြဲ ရှူနေ၏။

'ကိုကျော်တင့်' မြိုင်သည် လေသံသဲ့သဲ့ဖြင့် ခေါ်ပြန်၏။

'ဗျာ....'

'မြိုင်နဲ့သာ ရှင်မတွေ့ရရင်၊ ရှင့်ဘဝကြီး'ဟာ သိပ်ပျော်စရာ ချမ်းမြေ့စရာ ဖြစ်မှာဘဲနော်....'

မြိုင်၏စကားသည် မှန်ကောင်း မှန်ပေလိမ့်မည်။ သို့ရာတွင် ကျွန်တော်ကတော့ ဝန်မခံမိ၊ လိုအပ်သည်ဟူ၍လည်း မထင်။ နီးနီးကပ်ကပ် ကြည့်ရတော့မှ မျှားစွာဖြော့တော့နေသော မြိုင်၏ အသားအရည်နှင့် ကျဆင်းနေသော ရုပ်သွင်ကို ကျွန်တော်သည် ပူပန်စွာ ဂရုပြုမိပေသည်။

'ကိုကျော်တင့်....'မြိုင်က ခေါ်ပြန်ပါ၏။

'ဗျာ....'

'ရှင် ခုထက်ထိ မြိုင့်ကို စိတ်မနာသေးဘူးလား'

'ခုလဲမနာဘူး၊ နောက်လဲ ဘယ်တော့မှ မနာပါဘူးဗျာ၊ မနာပါဘူး'

'နာတဲ့တနေ့တော့လဲ နာလိမ့်မယ်နော်....'

'ဘာတွေ ရှောက်ပြောနေတာလဲ မြိုင်ရယ်....'

မြိုင်၏ နှုတ်ရက်အဆုံးကို ကန့်သတ်မည့် နှလုံးရောဂါသည် ထိုတညသဥ္စကပင် စခဲ့လေပြီ။

# [၁]

ထိုတညသန်၌၏ နောက်ပိုင်း၌ ၃-နှစ်နီးပါးမျှ ကျွန်တော်သည် မြိုင်၏နောက်ဆုံးသော ထွက်သက် ရှူချိန်ကို ထိတ်လန့်တုန်လှုပ်စွာ စောင့်ဆိုင်းခဲ့ရလေသည်။ ထိုည၏ နောက်ပိုင်းများ၌ မြိုင့်အား ကျွန်တော်သည် စောင့်ဆိုင်း၍ ခစားရခြင်းများသည် ထိုညမတိုင်မီ နေ့ရက်များကကဲ့သို့သော မဟုတ်ပေ။ သေဆုံးသော နေ့ရက်တို့တိုင်အောင် နောင်တမရနိုင်သေးသော သမီးငယ်အား စောင့်ရှောက် ကြည့်ရှုနေရသော အဖေအိုကြီး၏ ဘဝမျိုးသာ ဖြစ်ပေတော့သည်။ စိတ်ချမ်းမြေ့စရာ သက်သာစရာ မိနစ်နာရီများတော့မရှိ။ ဂရုဏာဒေါသော ဖြစ်နေရသော စက္ကန့်တို့သည်သာ လျင်မြန်စွာကျော်လွှား၍ သွားနေခဲ့၏။

ထိုကာလ၌ ကျွန်တော်၏ ခံစားခဲ့ရခြင်းများကို ပြောပြရလျှင် ကျွန်တော်သည် အလွန် တရာ ရှုးသွပ်သော လူဘယောက်ဟူ၍ မိမိကိုယ်ကို ပြောဆိုဘို့သာ ကျန်ရှိတော့မည်ထင်၏။ အခြား ဝေါဟာရသည်လည်း ရှိနိုင်မည် မထင်တော့။

မြိုင့်အား ပြဇာတ်များ၌ နှစ်သုံမှုတကြိမ်သာ ကပြနိုင်သည်ကို တွေ့လာရ၏။ မြိုင့်ကို သုံးချင်ကြ၍ ငှားရမ်းကြသည်

တော့ မဟုတ်၊ အားနာကြ၍ မလွဲမကင်းသာ ငှားရမ်းသဖြင့် ကပြရသေးခြင်း ဖြစ်ပေသည်။

အသက်ကလည်းကြီး၊ အရွယ်ကလည်းကျ၊ ဟန် အမူအရာ ကလည်းမရှိသော မင်းသမီးတယောက်အား အ သား ပေး ၍ ဇာတ်ခုံပေါ်သို့ အားနာသဖြင့် တင်ကြသော ပြဇာတ်အဖွဲ့ များသည် ထိပေါင်းများလာသောအခါ မြိုင့်အားရှောင်ကွင်း လာကြပေပြီ။ ဒါတွေကိုလည်း မြိုင်သည် မိန်းမပါးဖြစ်၍ မသိတန်ရာတော့မဟုတ်။ ခက်တာတခုက မြိုင်သည် ဇာတ်မသိ ချင်ယောင် ပြုနေခြင်းပင် ဖြစ်ပေသည်၊ မြိုင့်အား ဒါရိုက်တာနှင့် အခြားဇာတ်ကောင်များသည် အရိုသေတန်လာကြ၏။ ထို့ ကြောင့် မြိုင်သည် ထိုအလုပ်တော်များနှင့် မကြာခဏ ဆူဆူညံညံ ရန်ဖြစ်သာတတ်၏။ မြိုင်၏နောက်ကျောများ၌ အခြားလူများ သည် မေးငေါ့လာကြ၏။ အတင်းလည်း ပြောလာကြ၏။ ဒါတွေကိုလည်း မြိုင်သည် သိတန်လိမ့်မည် ထင်ပေသည်။ သို့ရာ တွင် ဂရုမစိုက်သလို ခေါင်းကိုသာ မော့နေ၏။

ထိုသို့ အရှိန်အဝါလျော့ပါး၍ လူသုံးနည်းလာသောအခါ၌ မြိုင်သည် လူအများက ၎င်းအား ဆက်လက်အထင်ကြီး ရှိသေမြဲ ရှိသေရန် မဟုတ်က ဟုတ်က လုပ်ဇာတ်များကို ခင်း၍ ကလေး သူငယ်မလေးတယောက်ကဲ့သို့ အသားလွှတ် ကြွားဝါတတ်ခြင်း များကို ကျွန်တော်သည် ထိတ်လန့်စွာ ကြားနေခဲ့ရ၏။ကျွန်တော် ဝယ်ပေးထားသော ဘယက်ကိုပင် အဘယ်သူ သူဌေးကြီးတဦးက ၎င်းအား ဆုပေးသည်ဟူ၍ တယောက်ယောက်အား မြိုင်သည် ကြွားဝါနေရှာ၏။ တကယ်ဆိုတော့ မြိုင်သည် သူမကိုယ်ကို

ပြောင်လှည့်စားနေခြင်းဖြစ်၏။ အဘယ်မျှ သနားစရာ သတ္တဝါ မကလေးတကောင်ပါနည်း။

အလှအား အရင်းပြု၍ ထင်ပေါ်ကျော်ကြားခြင်း အမြတ်ကို ရှာဖွေရာ၌ အရင်းဖြစ်သော အလှသည် မှေးမှိန်ဖြော့တော့လာသောအခါ မြိုင်သည် အောက်ခြေလွတ်လေပြီ။ သို့ရာတွင် အောက်ခြေလွတ်နေသည်ကို ဇွတ်မသိချင်ယောင်ပြု၍ မြင့်မားသော ဗိမာန်ထက်၌ရှိသော ကျော်ကြားခြင်းသို့ လှမ်းတက်ရာ၌ လိမ့်ကျပေတော့မည်။ အမြင့်ကကျလျှင် သက်သာမည်ကား မဟုတ်။

မြိုင်၏နောက်ဆုံးသော နေ့ရက်များ တဖြေးဖြေး နီးကပ်လာသောကာလများက ကျွန်တော်သည် မရှုနိုင်မရှိုက်နိုင် ဖြစ်နေရသော နာမည်ကျော် မင်းသမီးဘဝ၏ ဟဝကို သည်လို ကြည့်နေခဲ့ရသည်။ သည်လို ကျွန်တော်ကြည့်နေခဲ့ရသည့် ရက်ကာလများအတွင်းသို့ လူတယောက်သည် ဝင်ရောက်၍ လာခဲ့သေး၏။

ထိုလူတယောက်မှာ အသက်အစိတ်မရှိတတ်သေးသော လူငယ်တဦးဖြစ်၍ ဆေးတက္ကသိုလ်မှ နောက်ဆုံးနှစ် ကျောင်းသားတဦး ဖြစ်ပေသည်။ ထိုလူငယ်၏ နာမည်မှာ မောင်မောင်လေး ဖြစ်၍ စကားကိုပွင့်ပွင့်လင်းလင်း ပြောတတ်လေသည်။

အလှကို ထုတ်ပြစရာ မရှိတော့သဖြင့် အနောက်တိုင်း ဆံပင် ကိုယ်လုံးမပေါ်တပေါ်ကို ထုတ်ပြ၍ ကျော်ကြားခြင်းကို မိုက်မဲစွာ ရှာဖွေနေသေးသော မြိုင့်အား အံ့သြသော လူငယ်တဦးအဖြစ် မောင်မောင်လေးဝင်ရောက်လာချိန်၌ မြိုင်၏ နှလုံး

ရောဂါမှာ များစွာဆိုးဝါးလျက် နောက်ဆုံးသော နေ့ရက်သည်ပင် နီးကပ်နေပေပြီ။

မြိုင်သောက်ဘို့ ဆေးများကို မောင်မောင်လေးက ဖော်စပ်၍ ယူလာတတ်၏။ တပတ်လျှင် နှစ်ကြိမ်သုံးကြိမ်အထိလည်း လာရောက် ဆေးထိုးပေး၏။ ကျွန်တော်သည် ရောဂါသည်နှင့် ဆရာဝန်လောင်းတို့၏ ဆက်ဆံရေးကို မတုန်မလှုပ် ကြည့်နေရ၏။ ရင်ထဲ၌ ထူးထူးခြားခြားတော့မဖြစ်လှ။

မောင်မောင်လေးသည် လက်တွေ့ဆေးပညာနှင့် အခွဲပညာကို သင်ကြားနေရသူဖြစ်သော်သည်း သူသည် ချစ်ခြင်းမေတ္တာ၊ နာကျင်ခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာများကို ခန္ဓာဗေဒနည်းအရဖြစ်စေ၊ သတ္တဗေဒ နည်းအရဖြစ်စေ မပြောဆိုတတ်ဘဲ ဆင်းရဲသော သင်္ချိုင်းဆရာလိုသာ ပြောတတ်၏။

မြိုင်သည် ၎င်းဆက် ၁၀-နှစ်ခန့် ငယ်ရွယ်သော ဆေးကျောင်းသားကလေးနှင့် ရီရီမောမောဆက်ဆံ၍ အချိန်များကို သာယာစွာ ကုန်လွန်စေရင်း ကမ္ဘာ့မိန်းမချော မိန်းမလှများအကြောင်းကို ပြောနေတတ်လေသည်။

'မိန်းမတွေဟာ ယောကျ်ားတွေထက် ခံနိုင်ရည်ရှိတယ်၊ သေကြရတဲ့အခါမှာတောင် မိန်းမတွေဟာ ငြိမ်ငြိမ်သက်သက်နဲ့သာ သေသွားကြတာဘဲ ဟုတ်လားဟင် မောင်မောင်လေး မမြိုင်ကို ပြောပြစမ်းပါ' မြိုင်က မိန်းမတို့၏ဘက်မှ အသားယူ၍ ဂုဏ်လုပ်ကာ ပြောဆိုမေးမြန်းနေခြင်းကို ကျွန်တော်သည် ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့်ရှုရင်း ကြားနာရ၏။

'ဒါဟာ မှားတာဘဲ၊ တိရစ္ဆာန် အထီးတွေဟာတောင် မိန်းမတွေထက် ပိုခံနိုင်ရည်ရှိတယ်ဗျ'ဟု မောင်မောင်လေးက ဆေး

ကျောင်းသား စကားကိုပြောလိုက်သောအခါ မြိုင်၏မျက်နှာသည် နီရဲ၍သွားလေသည်။ သို့ရာတွင် မြိုင်သည်၎င်း ပြန်ပြောချင်သောစကားကို ချုပ်တီးလိုက်ပုံရ၏။

မြိုင်သည် ၎င်းထက် ၁၀–နှစ်ခန့်ငယ်ရွယ်သော မောင်မောင်လေးအား များစွာအောက်ကျခံခဲ့သည်ဟု ဆိုနိုင်ပေသည်။ ကျွန်တော်တွေ့လာ မြင်လာခဲ့ရသောယောကျ်ားတဦးတယောက်အပေါ် မြိုင်၏ဆက်ဆံမှုသည် အဘယ်သောအခါကမျှ ဤကဲ့သို့မဟုတ်ခဲ့ပေ။ မြိုင်သည် ယောကျ်ားတဦးတယောက်အား ရေချိုးနှင့်ကောင်းသော ရေကန်မျှလောက်သာသဘောထားခဲ့ပေသည်။ မျက်နှာ သစ်ချင်ကသစ်၍ ခြေလက်များ ဆေးချင်ကလည်း ဆေးပေသည်။

မောင်မောင်လေးအား မြိုင်သည် များစွာခင်မင်ပုံရသည်။ အသက်အရွယ်ကြီးရင့်ကာမှ သူငယ်ပြန်ချင်းဖြစ်ချင်လည်း ဖြစ်ပေမည်။ မြိုင်သည် မောင်မောင်လေးအား အလိုလိုက်၍ သည်းညည်းခံတတ်သည်။ ရှေး ယခင် အခါများက မည်သည့် ယောကျ်ားတဦးတယောက်ကိုမျှ လက်ဘလုံးအတင်မခံခဲ့သော မိန်းမသည် ယခုအချိန်၌ ပျော့ပြောင်းလာပြီဟု ဆိုရပေမည်။

မောင်မောင်လေးသည် မြိုင့်ဆီသို့လာရောက်တိုင်း ကျွန်တော့ကို အလွန်တရာ အားနာသောမျက်လုံးများဖြင့် ကြည့်၍ကြည့်၍သွားတတ်သည်၊ ထိုအခါများ၌ကျွန်တော်သည်နွားကဲ့သို့ မြက်စားချင်သောစိတ်များ ပေါ်ပေါက်လာမိပေသည်၊ ထို့ကြောင့် ကျွန်တော်သည် မောင်မောင်လေးနှင့် မျက်နှာချင်း မဆိုင်မိရန်

ရှောင်ကွင်းရ၏။ ထိုသို့ ရှောင်ကွင်းကာမှ တခုသော အခါ ကျွန်တော်သည် မောင်မောင်လေးနှင့် ရုပ်ရှင်ရုံတခုတွင် ခုံချင်း ကပ်၍ ထိုင်မိရက်သားဖြစ်နေသဖြင့် ကျွန်တော်သည် ရုတ်တရက် ထ၍ ပြန်ထွက်လာခဲ့မိပေသည်။ ထိုသို့ ထွက်ခဲ့ရာ၌ မောင်မောင် လေးသည် ထ၍ ကျွန်တော့နောက်မှ လိုက်လာသည်ကို လှည့်ပင် မကြည့်မိ။

'ဒီမှာနောင်ကြီး'ဟူသော ကျောနောက်မှ ကပ်၍ခေါ်သံကို ကြားရတော့မှ လန့်ဖြန့်ကာ လှည့်ကြည့်မိလိုက်၏။

မောင်မောင်လေးသည် အလွန်တရာ စိတ်အနှောက်အယှက် ဖြစ်နေသော အမူအရာဖြင့် ညှိုးငယ်စွာ ကျွန်တော့အား ကြည့် နေ၏။ ကျွန်တော်သည် ထွက်ပြေးချင်စိတ်များကိုပင် မနည်း ချုပ်တီးထားရ၏။

'ကျွန်တော့ကို အင်မတန် ရိုင်းစိုင်းတဲ့ လူတယောက်လို့ မအောက်မေ့ဘဲ တောင်းပန်ချင်လို့ပါခင်ဗျာ....' ဟု မောင် မောင်လေးသည် ပင်းလိပ်ပြာမလုံ၍ ကျွန်တော့အား လေးလေး စားစား တောင်းပန်နေပေသည်။

'မလိုပါဘူးကွယ်....၊ ဒီမိန်းမဟာလဲ အစ်ကိုကြီးနဲ့ ဘာမှ မဆိုင်ပါဘူး သူ့ဝတ်နဲ့သူပါ' ကျွန်တော်က ဒါဘဲပြန်၍ပြော မိ၏။ သည့်နောက် ချာကနဲလှည့်၍ ထွက်လာခဲ့ရပေသည်။

## [ ၂ ]

မောင်မောင်လေးသည် အင်္ဂလန်သို့ ဆေးပါရဂူ ပညာရပ် များကို ဆက်လက်သင်ကြားရန် ရန်ကုန်မှ ထွက်ခွာသွားသော

အခါ မြိုင်၏အခြေအနေမှာ များစွာရောက်ရက်ခတ်၍ ကျန်ရစ်ခဲ့ပေသည်။ မြိုင်သည် အကောင်းကို ရှာမတွေ့တော့သကဲ့သို့ တွေ့ကရာ မြင်ကရာကို စိတ်တိုနေ၏။ အော်ဟစ်နေ၏၊ ကျိန်လည်း ကျိန်ဆဲနေ၏။

ထိုအချိန်၌ မြိုင်သည် ရူးများပင် သွားလေမလားဟု တွေးမှ ကျွန်တော်သည် စိုးရိမ်စွာ ကြည့်နေခဲ့ရလေသည်။ မြိုင့်အား ထိုကဲ့သို့ ကြည့်နေမြင်နေခဲ့ရသော ကျွန်တော်၏ဘဝမှာလည်း သက်သာလှသည်ဟူ၍ကား မဟုတ်။ မြိုင်သည် အကယ်၍သာ ရူးသွားခဲ့ပါက ကျွန်တော်သည် အရူးနှင့်ပြိုင်၍အရူးမနောက်သို့တယောက်ကောက်လိုက်ပါနေမိလိမ့်မည်ထင်၏။

ကျွန်တော်သည် မြိုင်အား အဆိပ်ကျွေး၍ သတ်ပစ်လိုက်ရန်ပင် စဉ်းစားမိခဲ့ပြန်ပါ၏။ သို့ရာတွင် မြိုင့်အား သတ်ပစ်လိုက်ခြင်းနှင့်အတူ ကျွန်တော်သည်လည်း လူမိုက်ကဲ့သို့ မိမိကိုယ်ကို သေကြောင်းကြံရသာ ရောက်မည်ကို စဉ်းစားမိ၍ ထိုမှားယွင်းသောအကြံကို စွန့်လွှတ်ခဲ့ရ၏။

မောင်မောင်လေး အင်္ဂလန်သို့ ထွက်ခွာသွားပြီးနောက် သုံးလကျော်မျှအကြာ၌ မြိုင်၏ အခြေအနေမှာ များစွာ စိုးရိမ်လောက်အောင် ဖြစ်လာ၏။ နှလုံးရောဂါကလည်း တော်တော် ရင့်သန်နေပြီဖြစ်၍၊ ရောဂါကတဖက် စိတ်တဖက်နှင့် လုံးပါးပါး၍ လိုက်လာသည်။ မြိုင်သည် မောင်မောင်လေးအား တသသဖြစ်လွန်းမက ဖြစ်လာသောအခါ ကျွန်တော်သည် ကြံနန်းအသွားအပြန် စရိတ်ခံ၍ မောင်မောင်လေးအား မြိုင့်အတွက် ဗမာပြည်သို့ ခေတ္တမျှ ပြန်လာရန် တောင်းပန်လိုက်မိပေသည်။

အသွားအပြန် လေယာဉ်ပျံစရိတ်ပါ တာဝန်ယူမည့်အကြောင်း လည်း အာမခံလိုက်၏။ သို့ရာတွင် မောင်မောင်လေးထံမှ ဘာ အကြောင်းမျှ ပြန်၍ပင် လာဖော်မရတော့ပေ။

မြိုင်သည် တဖြေးဖြေး ပိန်ချုံးသည်ထက် ပိန်းချုံး၍ လာ လေသည်။ တကြိမ်သောအခါက နေ၏ အလင်းရောင် လို တောက်ပသော မြိုင်၏မျက်လုံးများသည်လည်း ယခုအခါဝယ် ဖန်ပုလင်းကွဲလောက်မှပင် အရောင်အဆင်း မရှိကြတော့ပေ။

ကျွန်တော်သည် မြိုင့်အား နာမည်ကျော် ဆေးပါရဂူကြီး တဦးဆီသို့ ချော့မော့ခေါ်သွားပြီး ပြကြည့်၏။

ဆေးပါရဂူကြီးက မြိုင့်အားအမျိုးမျိုး စမ်းသပ်စစ်ဆေးပြီး နောက် မြိုင်၏ ကွယ်ရာသို့ ခေါ်သွားကာ မြိုင်သည် လူ့လော က၌ ကြာရှည်နေစရာ မရှိတော့ကြောင်း ရိုးဖြောင့် ပွင့်လင်းစွာ ကျွန်တော့အား ပြောပြလေသည်။

'ခင်ဗျားမိန်းမ အကြာဆုံးခံရင် တနှစ်ဘဲ၊ ဒီထက်မြန်ရင် မြန်မယ်၊ သူ့ကို စိတ်မချမ်းသာစရာတွေနဲ့ ဝေးအောင် ထား ပေးနိုင်ရင်ကောင်းလိမ့်မယ်' ဆရာဝန်သည် မြိုင့်အား ကျွန်တော့ မိန်းမထင်မှတ်၍ ရိုးရိုးပင် ပြောဆို၏။

'ဆေးဝါးကော ရှိသေးသလားဆရာ....' အမိုက်မအတွက် ကျွန်တော်သည် ပူပန်စွာ အသက်ရှင်ခွင့်ကို မေးမိ၏။

'မရနိုင်တော့ဘူး အထဲမှာရှိတဲ့ ပစ္စည်းတွေ အားလုံးလိုလို ပျက်စီးနေပြီ မိတ်ဆွေ'

'နှလုံးကောဆရာ'

'အဆိုးဆုံးဘဲ မိတ်ဆွေ'

ကျွန်တော်သည် မြိုင့်ကို ချော့မော့၍ ပြန်ခေါ်ခဲ့ရလေသည်။ ဆရာဝန်ပြောသော စကားများကို မြိုင်သည် မသိချင်သကဲ့သို့ ဘာမျှမမေးသည့်အတွက် မြိုင်၏ ခက်ထန်မာကြောလျက်ရှိသေးသော စိတ်ကို အံ့သြမိသည်။

ဆရာဝန်ထံမှ မြိုင်၏ အခြေအနေအမှန်နှင့် နေ့ရက် အဆုံးတို့ကို ကြားနာသိရှိလာခဲ့ရပြီးနောက် တပတ်ခန့်အကြာ၌ ကျွန်တော်သည် မြိုင့်အား ချော့မော့၍ အနားယူရင်း မေမြို့သို့သွားရောက်လည်ပတ်နေထိုင်ရန် ပြောဆိုကြည့်မိလေသည်။ သို့ရာတွင် မြိုင်သည် လက်မခံဘဲ ငြင်းဆန်၏။ ရန်ကုန်မှ ပြဇာတ်အဖွဲ့ဘခုနှင့် တပတ်မျှ ကပြရန်ရှိသော ပြဇာတ်စာချုပ်ကို အကြောင်းပြလေသည်။

ကျွန်တော်သည် မြိုင့်အား အဘယ်သို့ ပြောနိုင် ဆိုနိုင်ပါဦးမည်နည်း။ ပြော၍ ဆို၍ကော ရပါဦးမည်လား။

## [ ၃ ]

မြိုင် နောက်ဆုံး ကပြရသော ဇာတ်သမ်းကို ကျွန်တော်သည် ယခုတိုင် မှတ်မိနေပေသည်။ သို့ရာတွင် ထိုပြဇာတ်ကို မြိုင်သည် ပုင်းချုပ်ဆိုခဲ့သော စာချုပ်အတိုင်း ၇-ရက်ပင် မကပြနိုင်တော့ပေ။ ကပြရင်း မြိုင်သည် မူး၍မူး၍ သတိလစ်လာသဖြင့် ၃-ရက်မျှသာ ကရပြီးနောက် တခါတည်း ရပ်ပစ်လိုက်ရလေသည်။ သို့ရာတွင် မြိုင်သည် စိတ်က မလျှော့လိုက်သေး၊ နေကောင်းလျှင်ကောင်းခြင်း ပြန်၍ ကပြဦးမည်ဟုလုပ်နေသေး၏။

စောစောကတင်ကြို၍ အကျိုးအကြောင်း ပြောပြကာ တိုင်ပင် ထားနှင့်ပြီးသော ဆရာဝန်ကြီးတဦးဆီသို့ ကျွန်တော် သည် မြိုင့်အား ထပ်မံ၍ ခေါ်သွားကာ ပြသရပြန်လေသည်။

'ဒီလိုနေလို့ မဖြစ်ဘူး၊ ငြိမ်ငြိမ်သက်သက်နဲ့ အေးချမ်းတဲ့ တနေရာရာမှာ နေဘို့လိုတယ်၊ မဟုတ်ရင် အသက်ဆုံးသွား လိမ့်မယ်....'

ဆရာဝန်၏ အကူအညီဖြင့် ကျွန်တော် ယခုနောက်ဆုံး ကြိုးပန်းခြင်း၌ မြိုင့်အပေါ်ဝယ် အနိုင်ရရှိခဲ့ရပေသည်။

'မြိုင် ကြိုက်တဲ့အရပ်ကို ပြောလေ.... ဘယ်လိုဘဲ ဖြစ်ဖြစ် ကိုကျော်ဘင့် လိုက်နေပါ့မယ်....' အိပ်ရာထက်တွင် ငြိမ်သက်စွာ မှိန်းနေသောမြိုင့်အား ကျွန်တော်သည် ခြေဖဝါးကို ယုယစွာ ဆုပ်နယ်ပေးရင်း မေးရပေသည်။

မြိုင်သည် မျက်လုံးကို ဖြေးညှင်းစွာ ဖွင့်လာကာ ကျွန်တော့ အား မျက်ရည် ပြည့်လျှံနေသော မျက်လုံးဝိုင်းကြီးများဖြင့် ကလေးသူငယ်မလို ငေးစိုက်၍ကြည့်နေ၏။ နှုတ်မှတော့ ဘာမျှ မထွက်လာ။

မြိုင်၏နဖူးပြင်ကို ကျွန်တော်သည် ငြင်သာစွာ နမ်းလိုက်မိပေ သည်။

မျက်ရည်များ လျှံထွက်နေသည့်အကြားမှ မြိုင်သည် ကြိုး စား၍ ပြုံးရှာပေသည်။ မချိပြုံးထင်၏။

နဖူးပြင်ကို နမ်းပြီးနောက် ကျွန်တော်သည် မြိုင်၏ ခြေဖဝါး ကလေးများကို နမ်းနေမိပြန်၏။

'ကိုကျော်တင့်' မြိုင်သည် လေသံလောက်ဖြင့်သာ ခေါ်နိုင် ရှာတော့၏။

'ဗျာ....'

'နုထက်ထိတောင်မှ မြိုင့်ကို စိတ်မနာနိုင်ဘဲ ချစ်နေသေးတုန်းလားကွယ်'

'ဒါတွေကို မေးမနေပါနဲ့တော့လား မြိုင်ရယ်-ကိုကျော်တင့် မြိုင့်ကို ချစ်ခဲ့တာဟာ မတုန့်ပြန်မဲ့ သခင်မကို ချစ်ခဲ့မှန်း အစ,ကထဲက မသိတာမှ မဟုတ်ဘဲကွယ်' ကျွန်တော်သည် မြိုင်၏ လက်နှစ်ဘက်ကို ယုယစွာ ကိုင်တွယ်ဆုပ်နယ်ပေးရင်း တိုးတိုးသက်သာ ပြောလိုက်ရပေသည်။

မြိုင်၏ မျက်လုံးအိမ်မှ မျက်ရည်များ ဒျံ ထွက်နေ၏။ အသက်ကိုလည်း လျှင်မြန်စွာရှူနေသည်။

'မြိုင် မောသလား ဟင်....စကားမပြောရင် ကောင်းမယ်ထင်တယ်'

'ကိုကျော်တင့်ရဲ့ သာယာ ချမ်းမြေ့စရာ ကောင်းတဲ့ ဘဝကြီးကို မြိုင် ဖျက်ဆီးခဲ့တာပါဘဲကွယ်' မြိုင်သည် ပါးပြင်ပေါ်သို့ စီးဆင်းကျလာသော မျက်ရည်များကို လက်ကိုင်ပုဝါငယ်ဖြင့် သုတ်ရင်း တလုံးချင်း လေးလေးမှန်မှန် ပြောလေသည်။

'စကားမပြောဘဲ ငြိမ်ငြိမ်ကလေး နေလိုက်ပါဦးလား မြိုင်' မြိုင့်နဖူးပြင်မှ ဆံစ,ကလေးများကို ကျွန်တော်သည် ယုယစွာသပ်ပေးရင်း ချော့မော့ပြောဆိုရ၏။

'ကိုကျော်တင့်'

'ဗျာ....'

'မြိုင့်ကို ခွင့်လွှတ်ပါနော် ဟုတ်လား....'

'မြိုင့်မှာ ဘာအပြစ်မှမရှိလို့ ဘာမှ ခွင့်မလွှတ်စရာလဲ မရှိပါကလားမြိုင်'

"ခွင့်လွှတ်ရင် မြိုင့်ကို နမ်းစမ်းပါဦး ကိုကျော်တင့်ရဲ့"

ကျွန်တော်သည် အံကိုကြိတ်ခဲ၍ မျက်ရည်ဝဲရန် ထိန်းသိမ်းပြီးမှ မြိုင့်ကို သိမ်မွေ့စွာပင် လှလှပပ နမ်းလိုက်ရပေသည်။ ကျွန်တော်သည် ယခုအချိန်၌ မြိုင့်အား ငယ်ရွယ်စဉ်က အနမ်းမျိုးဖြင့် မနမ်းနိုင်တော့။ အသက်အရွယ်လည်း အိုမင်းခဲ့လေပြီ။

မြိုင်သည် ကျွန်တော်၏လယ်ပင်းကို တင်းကြပ်စွာ ရစ်ပတ်၍ ဖက်ထားလေသည်။ ထိုသို့ မြိုင်က ဖက်ထားသည့်အတွက် ကျွန်တော်သည် အလိုက်သင့် ငြိမ်သက်စွာ နေလိုက်ရ၏။

မြိုင်သည် ကလေး သူငယ်မကလေးနှင့်မခြား ငြိမ်သက်စွာ အိပ်ပျော်၍သွားလေပြီ။

သို့ရာတွင် နောက်ဆုံးသော အိပ်ပျော်ခြင်းတော့ကား မဟုတ်သေး။

# နောက်ဆုံးသော နေ့ရက်များ၌

## [ ၁ ]

မြိုင်၏ အလိုဆန္ဒအတိုင်းပင် သူမ၏ နောက်ဆုံးသော နေ့ရက်တို့အား ငြိမ်သက်ချမ်းမြေ့စွာကုန်လွန်စေရန်အတွက် ကျွန်တော်သည် ကျိုက္ခမီပင်လယ်ကမ်းခြေဘက်ဆီသို့ ခေါ်ဆောင်၍ လာခဲ့ရပေသည်။ ပင်လယ်ကမ်းခြေ ဘေးတွင် သေသပ်စွာ ဆောက်လုပ်ထားသော အိမ်ကလေး တလုံးကို ကျွန်တော်သည် ရှာဖွေငှားရမ်း၍ မြိုင်၏ နောက်ဆုံး အိပ်စက်ရာ အိပ်ရာကိုလည်း ပြင်ဆင်ရပေသည်။

မြိုင်၏ နောက်ဆုံးသော ထွက်သက်ကို မရှူထုတ်မီ အချိန်အထိ အေးချမ်း သာယာ၍ ငြိမ်သက်ခြင်း ရှိလှသောကျိုက္ခမီကမ်းခြေ၌ ကျွန်တော်သည် မြိုင်နှင့် အတူ သုံးလနှင့် ဆယ်ရက်မျှ နေထိုင်ခဲ့ရလေသည်။ ကျိုက္ခမိကမ်းခြေသို့ ရောက်၍ နေထိုင်ပြီးနောက် ရက်ပေါင်းတရာပြည့်သောအခါ မြိုင်သည် မနိုးသော အိပ်ပျော်ခြင်းဖြင့် အိပ်ပျော် သွားပေတော့သည်။

ထိုရက်ပေါင်းတရာသည် မြိုင်နှင့်ကျွန်တော်၏ ဇနီးမောင်နှံဘဝဟု ခေါ်ဆိုချင်က ခေါ်ဆိုနိုင်လိမ့်မည်ထင်၏။

 မန်းမောင်တင်အောင်

မြိုင်၏သဘော၌ ထိုကဲ့သို့ရှိစေလိုသဖြင့် ကျွန်တော်က ရှိစေ လိုက်ရသော်လည်း ရေရေရာရာတော့မရှိလှ။ သို့ရာတွင် ကျွန် တော်သည် ခွဲခွာရလုဆဲဆဲ လူတယောက်အား အစွမ်းကုန် စိတ် အေးချမ်းသာကောင် ရှေ့ရှုမည်သာဖြစ်ခလသည်။ နှစ်သိမ့်ချမ်း မြေ့စေရန်အတွက် ကြိုးပမ်းတော့မည်သာဖြစ်ပေသည်။

လူသူရှင်းလင်း၍ တိတ်ဆိတ်အေးချမ်းသော ပင်လယ်ကမ်း ခြေဒေသ၌ နေထိုင်ရသောအချိန်သည် အလွန်တရာ ချစ်ခင်နှစ် လိုဘွယ်ရာ ကောင်းလှသည်တော့ မှန်ပေသည်။ သို့ရာတွင် မိမိ ဆယ်နှစ်နီးပါးမျှ မွေ့လင့်ချင်းကင်းစွာ အဇစအရာရာ အဆုံး ရှုံးအနစ်နာခံ၍ ချစ်ခင်ကိုးကွယ်ခဲ့သော မိန်းမသားတယောက်၏ နောက်ဆုံးသောနာရီကို စောင့်စားနေရသူတယောက် အဖြစ်နှင့် ချစ်ခင် နှစ်လိုစရာများကို ကျွန်တော်သည် ခံစားရခြင်းမရှိ။

ပင်လယ်ပြင်မှရေသည် ကမ်းစပ်သို့ ညသန်းခေါင်ယံအချိန်၌ လာရောက်ပုတ်ခတ်နေ၍ ကျွန်တော်သည် သဘာဝ၏ ဂေးဂီတ ကို အရသာမခံယူဘဲ မြိုင်၏ နောက်ဆုံးအော်ခေါ်သံကိုသာ ထိတ် လန့်စွာ နားစွင့်နေခဲ့ရသည်။ ပင်လယ်ပြင်မှ တက်ကြွလာသော လပြည့်ဝန်းကို ကျွန်တော်သည် သာယာကြည်နူး၍နေရန် အချိန် မရ၊ သခင်မ၏ခြေတော်ရင်း၌ ခြေဆုပ်လက်နယ် ပြုလုပ်နေခဲ့ရ လေသည်။

မြိုင် အိပ်ပျော်တတ်သော ညဦးယံ ပိုင်းများ၌ ကျွန်တော် သည် ကမ်းစပ် သဲပြင်ဘက်သို့ ရှောက်လာခဲ့ပြီးနောက် ကျောက် စွန်း တခုခုထက်တွင် ခြေပစ်လက်ပစ်ထိုင်ကာ အဆုံးမထင် ရသော ရေပြင်ကို အမိပွါယ်ကင်းမဲ့စွာ ငေးမောကြည့်ရှုရင်း မိမိဘာဝကို ပြန်လည် စိတ်နာသလို ဖြစ်လာတတ်၏။

လှိုင်းခွက်နှင့် ဂယက်ကလေးများ ထနေသော အဆုံးမထင်ရသည့် ပင်လယ်ပြင်ဘက်သို့ ငေးမောကြည့်ရှုရင်း ငယ်စဉ်က မိခင်၏ ရုပ်ပုံလွှာများကိုရင်း၊ ဖခင်နှင့် ညီလေးမောင်ကျော်မြင့်တို့၏ ရုပ်ပုံလွှာများကိုသော်၎င်း၊ တလွှာပြီးတလွှာ ထင်မြင်လာတတ်၏။ သို့ရာတွင် ခင်ခင်မြင့်၏ ရုပ်ပုံလွှာသည် မရှိတော့။

ကျွန်တော်၏ နောက်ကြောင်းဘဝများကို ပြန်လှန်စဉ်းစားတွေးတောရင်း ဝမ်းနည်းသလိုဖြစ်မိ၏။ အဘယ်သို့ လွမ်းဆွတ်မှန်းမသိဘဲနှင့် လွမ်းလွမ်းဆွတ်ဆွတ် ဖြစ်မိ၏။

လသည် ကောင်းကင်၌ မရှိသော်လည်း၊ ကြယ်တို့သည် တောက်ပ၍ နေကြလေသည်။

ပင်လယ်ပြင်ဘက်သို့ ကြည့်ရခြင်း၌ မောပန်းလာသောအခါ ကျွန်တော်သည် ကြယ်တို့ကို မော့ကြည့်ရပြန်၏။ ပင်လယ်ကမ်းခြေမှ လေသည် တသုံ့သုံ့ဝှေ့ရမ်းတိုက်ခိုက်နေသဖြင့် အေးမြခြင်းတော့ ရှိပေသည်၊ မလှမ်းမကမ်းရှိ အုန်းတောထဲမှ အုန်းလက်များသည် တရှဲရှဲ မြည်နေသံကို မသဲမကွဲ ကြားရသည်။

နေထိုင်ရသော ပတ်ဝန်းကျင်မှာ သာယာချမ်းမြေ့စရာများနှင့် ပြွမ်းလျက်ရှိသော်လည်း ကျွန်တော့အတွက် သာယာချမ်းမြေ့စရာများကို ရှာဖွေ၍ မတွေ့မိ၊ လွမ်းစရာများနှင့် ဝမ်းနည်းစရာများသာ ဝေ၍ဝေ၍ နေကြ၏။

တယောက်ထီးထီး အသက်ရှင်နေရသော ဝဋ်ကြွေးမှ လွတ်မြောက် ချမ်းမြေ့စရာသည် မိမိ၏ ချစ်သောသူနှင့်အတူ နှစ်ယောက်နေထိုင်၍ အသက်ရှင်ရခွင့်ဖြစ်ရာ ထိုအသက်ရှင်ရခွင့်ကို ကျွန်တော်သည် ရရန် အဘယ်မှာ ရှိပါသေးသနည်း။ ဆယ်နှစ်

ကာလနီးပါးမျှ ချစ်ခဲ့ရသော မိန်းမသားတယောက်၏ နောက်ဆုံးသော ထွက်သက်ရှူထုတ်ချိန်ကို စောင့်စားနေရပြီဖြစ်သော ယနေ့ကဲ့သို့ အချိန်၌ ကျွန်တော်သည် ရွှေရှောက်မသေမခြင်း တယောက်ထီးထီး နေထိုင်သွားရဦးမည့် လူ့ဘဝကြီးကို အဘယ်သို့ သဘောထားရပါမည်နည်း။ ထိုနေ့ရက်များ၌ ကျွန်တော်သည် အဘယ်သို့ ရီမောပြုံးရွှင်ခြင်းများနှင့် မိတ်သဟာယ ဖွဲ့ရပါမည်နည်း၊ ကျွန်တော်သည် ကျွန်တော်၏ဘဝကို ဆက်၍ မစဉ်းစားဝန့်သောအချိန်၌ ကျောက်စွန်းထက်မှ အသာသကာ အိမ်သို့ လေးလန်စွာ ပြန်လာခဲ့ပြီးနောက် စောစောက စေ့ထားခဲ့သော မြိုင်၏ အိပ်ခန်းမှ ခန်းဆီးကို အသာမ၍ အတွင်းသို့ ကြည့်မိ၏၊

'ကိုကျော်တင့် ဘယ်များ သွားနေတာလဲကွယ်၊ မြိုင့်မှာ ခေါ်လိုက်ရတာ'

မြိုင်၏ အားနွဲ့သော အသံကိုကြားရ၏၊ မြိုင်သည် တရေးနိုးလေပြီ။

'ညောင်းလွန်းလို့ ခဏကလေး လမ်းရှောက်တာပါကွယ်'

ကျွန်တော်သည် ဆွတ်ဘွတ်ပြုံ၍ ဖွေးနေသော အိပ်ရာထက်တွင် နွမ်းနယ်စွာ တင်ပလ္လင်ခွေနေသော မြိုင်၏နဖူးပြင်ကို ယုယဘွာ နမ်းရင်း လေသံနှင့် တိုးတိုးဘဲ ပြောရ၏။

'မြိုင့်ဘေးနားမှာ ထိုင်စမ်းပါဦးကွယ်'ဟု မြိုင်က ခိုင်းလာသဖြင့် ကျွန်တော်သည် ဝင်၍ ထိုင်ရပေသည်။

'မြိုင်လေ .... ဟို-ဘုရင်ခံ အိမ်တော်မှာ က,ရတုန်းက အကြောင်းတွေကို သတိရနေလို့ကွယ်' လွန်လေပြီးသော တခေတ်က ဆောင်းခဲ့ရသော ရွှေထီးဟောင်းကြီးကို မြိုင်က ပြန်၍ ဖွင့်နေပေသည်။

'ဒီတုန်းက မြိုင့်ကို လူတိုင်းက လေးကြည့်နေခဲ့ရတာဘဲ'ဟု ကျွန်တော်က ယခုခေတ်၌ ဟောင်းအိုဆွေးမြေ့နေသော ပေါ ရာဏကိုင်း ဝေါဟာရ လုပ်လိုက်ရပေသည်။

'အေးကွယ်....ကိုကျော်တင့်ဟာ အားလုံး မှတ်မိနေတာ ဘဲနော်'

'မြိုင်နဲ့ ပတ်သက်တာ မှန်သမျှ ကိုကျော်တင့် ဘယ်မေ့ပါ့ မလဲ မြိုင်ရယ်'

မြိုင်သည် ကလေးသူငယ်မ၏ အားရ မြူးတူးခြင်းဖြင့် ကျွန် တော့အား အတင်းဖက်၍ နမ်းနေရှာ၏။ အလွန်တရာ ကြည်နူး ချမ်းမြေ့ခြင်းကို ရရှိသွားပုံရ၏။

ကျိုက္ခမီသောင်ယံ၌ ရက်ပေါင်းတရာမျှသာ ပေါင်းသင်းလာ ခဲ့ရသော ချစ်ဇနီး မြိုင်အား ကျွန်တော်သည် ယောကျ်ားတကာ တို့ ပေးစွမ်းနိုင်ခဲ့သော စိတ်ချမ်းသာမှုနှင့် သက်သာစွာ အိပ်စက် နားရပ်နားခွင့်ကို ပေးနိုင်ခဲ့သည်ဟု ယုံကြည်မိပေသည်။

[ ၂ ]

ထင်ပေါ်ကျော်ကြားခြင်းအား အလှကို အရင်းပြု၍ ရှာဖွေ ခဲ့သော နာမည်ကျော် အနုပညာသည် အမျိုးသမီးတဦး၏ ပျက် စီးချင်တိုင်း ပျက်စီးနေခဲ့သောနှလုံးသားအား ကျိုက္ခမီသောင်ယံ ၏ ရက်ပေါင်းတရာသည် ပြန်လည် ကုစားနိုင်လိမ့်မည် မဟုတ် သည်ကိုကား ကျွန်တော်သည် စိတ်ချပြီးသား ဖြစ်ပေသည်။

မြိုင်သည် သူမ၏ ရောဂါကို သိဟန်မတူ၊ သို့မဟုတ် ပါးနပ် သော မိန်းမသားဖြစ်၍ ရိပ်မိဟန်သလောက် ရိပ်မိချင်က ရိပ်မိ

ပေမည်။ အမှန်ကိုတော့ ကျွန်တော်သည် မဆုံးဖြတ်နိုင်ပေ။ရိပ်မိသည်သာဆိုပါက မြိုင်သည် နောက်ဆုံးသောနာရီသို့တိုင်အောင် မိမိကိုယ်ကို လှည့်စားသွားသည်ဟုသာ ဆိုရန်ကျန်တော့သည်။

လူသူ ထူထပ်သော ငြီးငွေ့ ပင်ပန်းစရာ ပတ်ဝန်းကျင်မှ လူသူမရှိသော ငြိမ်သက်ရာ ပတ်ဝန်းကျင်သို့ ကူးပြောင်းလာခဲ့ပြီးနောက် တလခန့် အကြာ၌ မြိုင်သည် စိုပြေလန်းဆန်း၍ လာသည်ဟု ထင်ရပေသည်။ အသားအရည်များလည်း ပြန်လည်ပြည့်တင်းလာသည်ထင်ရ၏။

'မြိုင်-ဝလာတယ်နော်' ကိုခကျော်တင့်' ကိုယ်လုံးပေါ်မှန်ကြီးရှေ့၌မကြာခဏ ရပ်၍ မိမိ၏ အရိပ်ကိုကြည့်ကာ မြိုင်သည် အားရဝမ်းသာ ပြောခဲ့လေ့ရှိ၏။

ကျွန်တော်က ခေါင်းကို ငြိမ့်ပြရင်း တောက်ပစွာ ပြုံးမိရန်တော်တော် ကြိုးစားအားထုတ်ရပေသည်။

မြိုင်သည် ပြုံးလိုက်သောအခါ အတန်ကြာမျှ မှေးမှိန်နေခဲ့သော မျက်လုံးများသည်ပင် အရောင် တောက်လာ သကဲ့သို့ ထင်မှတ်ရလေသည်။ သို့ရာတွင် ထိုကိစ္စမှာ မဖြစ်နိုင်တော့ဟု ကျွန်တော်က ထင်ပေသည်။ သို့မဟုတ် သေပန်းပွင့်သည်ဟု ဆိုရလိမ့်မည်။

ကျိုက္ခမီသောင်ယံ၌ ရောက်ရှိပြီး တလအကြာနှင့် မသေဆုံးမီ တလအကြာ၌ မြိုင်သည် များစွာ ကျန်းမာစပြုလာသည် ထင်ရအောင် ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လာသည်။ သို့ရာတွင် သဘာဝအတိုင်းတော့မဟုတ်၊ စိတ်၏ နားနေခြင်းနှင့် ငြိမ်သက်ချမ်းမြေ့ခြင်းကြောင့် အခိုက်အတန့် တိုးတက်မှုဟုသာ ဆိုနိုင်ပေလိမ့်မည်။

မြိုင်သည် ကျိုက္ကမီသောင်ယံ၌ များစွာ ပျော်ရွှင်ပုံရပေသည်။ ၎င်းငယ်စဉ်က အကြောင်းများမှစ၍ ကျွန်တော်နှင့် စတင်တွေ့ ရှိလာခဲ့ပြီးသည့် နောက်ပိုင်းမှ အကြောင်းအရာများကို ပြန်လည် ပြောကြား၍ ရီမောတတ်၏။

၎င်း၏ ထင်ပေါ်ကျော်ကြားခဲ့သော အကြောင်းအရာများကို မြိန်ရည်ရှက်ရည် ပြောလေ့ရှိ၏။ ထိုအခါ၌ ကျွန်တော်သည် မြိုင် ပြောသမျှကို ဘေးမှ ငြိမ်သက်စွာ စိတ်အားထက်သန်စွာ နား ထောင်ပေးနေရသူ ဖြစ်ပေသည်။

မြိုင်သည် သူ့အား အရှုံးအမှုး ပိုးပန်း ချစ်ခင်လာခဲ့ကြသော လူများ၏ အကြောင်းကိုလည်း ကြွားဝင့်စွာ ပြောဆိုလေ့ ရှိ၏။ အဘယ်ကဲ့သို့ ၎င်းက ရှောင်ကွင်းငြင်းပယ်ခဲ့ပုံများကိုလည်း ပြော ၏။ သန်းခေါင်ကျော်၍ မြိုင်အိပ်မပျော်နိုင်သော အခါများ၌ ကျွန်တော်သည် ဦးကျောက်၏ ကျေးကျွန်မကလေးတယောက် ပြောသော ပုံဝတ္ထုများကို မငြောင်းမညာ စိတ်ရှည်ရှည်နှင့် နား ထောင်ခဲ့ရ၏။

မြိုင်၏ နောက်ဆုံး ထွက်သက်ရှူထုတ်ချိန်ကို ကျွန်တော်သည် ကျိုက္ကမီသောင်ယံဦး၌ ရက်ပေါင်းတရာမျှ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့ရပေသည်။

မြိုင်အိပ်ပျော်နေတတ်သော အချိန်များ၌ ကုဘင်ဘေးတွင် ကျွန်တော်သည် ကျောက်ရုပ်ကဲ့သို့ ရပ်ကာ ကြည့်ရှုနေမိရင်း မြိုင် သည် လူ့ပြည်၌ ကြာကြာကလေး နေနိုင်ရန်အတွက် ကျွန်တော် ၌ မရှိတော့သော နတ်ဘုရားထံ သတိလစ်၍ ယောင်ရမ်းကာ ဆု တောင်းမိသေး၏။

'အချစ်ရယ် မင်းမသေဘဲ နေလို့ရရင်လဲနေပါဦးလားကွယ်' မြိုင်၏ အိပ်ပျော်နေသော မျက်နှာကလေးကို စေ့စေ့ကြည့်ရင်း ကျွန်တော်သည် လေသံဖြင့် ခပ်တိုးတိုးကလေး တောင်းပန်မိ၏။

ရက်ပေါင်းတရာမျှ မြိုင်သည် ကျွန်တော်နှင့်အတူ နေထိုင်ပြီးနောက် တရာ့တရက်မြောက်သော နံနက်ခင်းဝယ် ကျွန်တော်၏ ရင်ခွင်ထဲမှပင် နောက်ဆုံးသော ထွက်သက်ကို အေးချမ်းစွာ ရှူထုတ်၍ သွားခဲ့ပေသည်။

မြိုင် သေဆုံးမည့် နံနက်ခင်း၌ မြိုင်သည် အိပ်ရာမှ စောစောနိုးကာ ၎င်းကိုယ်ကို အလှအပဆုံး အဝတ်အစားများ ဝတ်ဆင်ထားပေသည့်။ ဆံပင်ကိုလည်း ၎င်းကိုယ်တိုင် ရှင်းလင်း၍ ဖီးသင်၏။

မြိုင့်အခန်းတွင်းသို့ ကျွန်တော်သည် ဝင်လာနေကျ အတိုင်း ဝင်လာသောအခါ မြိုင်ကဆီး၍ ထိုနေ့အဘို့ နေရထိုင်ရသည်မှာ များစွာ ပေါ့ပါးလှကြောင်းကိုပင် ဆီး၍ ပြုံးကာရီကာနှင့် ပြောသေးတော့၏။ ပြီးတော့ လသာဆောင်မှ ထွက်၍ ပင်လယ်ပြင်သို့ ကြည့်ရှုလိုကြောင်း ပြောသဖြင့် ကျွန်တော်သည် မြိုင့်အား ပက်လက်ကုလားထိုင်ဖြင့် လသာဆောင်တွင် သက်သက်သာသာ ထိုင်စေ၍ ပင်လယ်ပြင်ကို ကြည့်ရှုစေခဲ့၏။

မြိုင်သည် အစအဆုံး မမြင်ရသော ပင်လယ်ပြင်ကို ကာလအကန့်ကြာမျှ ငေးမောကြည့်ရှုနေပြီးနောက်– 'ဒီလောက် ကျယ်တဲ့ ပင်လယ်ပြင်ကြီးကို ဘယ်သူမှ ကူးနိုင်မယ် မဟုတ်ဘူးနော်' ဟု ဘာစိတ်ဘာလက်ပေါက်၍တော့မသိ၊ ထူးထူး ဆန်းဆန်း ပြောလာ၏။ ထိုကဲ့သို့ အကျိုးမရှိ မရေမရာသော အကြောင်းအရာများမှ အာရုံပြောင်းသွားစေရန် မနေ့တနေ့က မှာထား

သော နှင်းဆီပန်းများကို ကျွန်တော်သည် ထသွား၍ ယူလာခဲ့ပြီးနောက် 'မှိုင်-ချစ်တတ်တဲ့ နှင်းဆီပန်းတွေလေ' ဟု ပြောကာ မှိုင့်အား ပြသရ၏။

'အို....နှင်းဆီပန်းတွေ... မှိုင် သိပ်ချစ်တာဘဲကွယ်'

မှိုင်သည် ကျွန်တော့်လက်မှ နှင်းဆီပန်းများကို အားရဝမ်းသာ ပြုံးရွှင်စွာ လှမ်းယူပြီးနောက် နမ်းကြည့်နေပေသည်။ မှိုင်သည် လူကူးနိုင်ရန် ခက်ခဲသော အဆုံးမထင်ရသည့် ပင်လယ်ပြင်၏ အကြောင်းကို တခါတည်း မေ့ပျောက်သွားကာ အလွန်တရာ လှပ၍ ချစ်စရာကောင်းသော နှင်းဆီပန်းများကို အားရဝမ်းသာ ဖက်ပွေ့လျက် ကြည်နူးချမ်းမြေ့စွာ နမ်းကြည့်နေသည့် အခိုက်မှာပင် မှိုင်၏ နောက်ဆုံးသော အချိန်နာရီသည် ဆိုက်ရောက်လာခဲ့လေပြီ။

'ပန်းတကာ့ ပန်းတွေထဲမှာ နှင်းဆီပန် ကိုသာ မှိုင်တော့ အချစ်ဆုံးဘဲကွယ်-' မှိုင်သည် ကြည်နူးနှစ်သိမ့်စွာ အားရဝမ်းသာပြော၍ ပန်းများကို နှစ်နှစ်ချိုက်ချိုက် နမ်းနေရှာသည့် အခိုက်မှာပင် မှိုင်သည် မျက်လုံးများမှေး၍ လိုက်လာရာမှ—

'ကိုကျော်တင့်-ကိုကျော်တင့် မှိုင့်ကို ဖက်ထားစမ်းပါ မှိုင် ဘယ်လိုဖြစ်လာမှန်း မသိဘူး၊ ခေါင်းထဲကလဲ မူးမူးလာတယ်' ဟု ပြောဆိုနေရင်း ပန်းတကာ့ ပန်းများအနက် မှိုင်၏ အချစ်ဆုံး နှင်းဆီပန်းများသည်လည်း မှိုင်၏ လက်ထဲမှ လွတ်ကျသွားသည်။

'မှိုင်-မှိုင်-မှိုင်-' ကျွန်တော်သည် အေးချမ်းစွာပင် မှိုင်၏ နာမည်ကို ထပ်၍ထပ်၍ ခေါ်ကာ သတိပေးရင်း မှိုင့်အား ဖက်ထားလိုက်ရ၏။

မြိုင်သည် မျက်လုံးကို နောက်ထပ်၍ ဖွင့်မလာတော့ဘဲ ပါး စပ်ကတော့ ဆိမန်းမန်းသလို တဘွတ်တွတ် ရွတ်နေ၏။ ဘာရွတ်မှန်းတော့ သဲသဲကွဲကွဲမကြားရ။

ကျွန်တော်သည် မြိုင့်အား ပွေ့ယူ၍ အခန်းတွင်းသို့ သွင်းလာခဲ့ပြီးနောက် ကုတင်ထက်တွင် အသာမှေး၍ တင်ထားလိုက်ရ၏။ သို့ရာတွင် မြိုင့်ကိုကား ကျွန်တော်သည် လွတ်ထွက်သွားမည်ကို ကြောက်ရွံ့သူကဲ့သို့ ရင်ခွင်ထဲ၌ ပွေ့ထားမိ၏။

မြိုင်သည် လှုပ်ရှားခြင်းလည်း ပြုမလာတော့။ သို့ရာတွင် ပါးစပ်မှတော့ ရွတ်နေတုံး ဖြစ်လေသည်။

မြိုင်၏ နဖူးပြင်ကို ကျွန်တော်သည် ပါးနှင့် အပ်ထားမိ၏။ ပင်လယ်ပြင်မှ ငြီးသံကို ထိုအချိန်၌ ကျွန်တော်ကြားလိုက်ရသည်။

'မြိုင်-မြိုင်-မြိုင်' ဟု ခွဲခွာရတော့မည့် ချစ်သူအား ထိတ်လန့်စွာ ခေါ်နေမိ၏။

ဆယ်မိနစ်ခန့် သတိလစ်၍ ငြိမ်သက်မိန်းမောသွားရာမှ မြိုင်သည် ကျွန်တော်၏ ရင်ခွင်ထဲ၌ လူးလွန့်လှုပ်ရှားလာ၏။ ပါးစပ်မှ အသံထွက်လာအောင်လည်း ငြီးတွားလာ၏။

'မြိုင်....မြိုင်....မြိုင်' ကျွန်တော်သည် မြိုင်၏ သွယ်ချွန်သောမေးဖျားကလေးကိုကိုင်၍ ဖြေးညှင်းစွာ လှုပ်ခါခေါ်ကြည့်မိသည်။

မြိုင်သည် မျက်လုံးများကို တဖြေးဖြေး ဖွင့်လာ၏။ သို့ရာတွင် မြိုင်၏ မျက်လုံးများသည် အလင်းရောင် ချုပ်ငြိမ်းကာ ပြာနှမ်းနှမ်း ဖြစ်နေ၏။ မြိုင်၏မျက်နှာသည် အိုမင်းပျက်ပြယ်လာ၏။

မြိုင်၏ အဆုံးဖြစ်သောအချိန်သည် အိမ်တံခါးဝသို့ ဆိုက်ရောက်လာခါ တံခါးကိုလည်း ခေါက်လေပြီ၊

မြိုင်သည် ကျွန်တော့အား ပြာနှမ်းသော မျက်လုံးများဖြင့် လှမ်း၍မော့ကြည့်၏။ မျက်လုံးအိမ်၌သည်း မျက်ရည်များ ဝိုင်းလည်လျက်ရှိ၏။

မြိုင်တယောက် ဝမ်းနည်းနေသလား။ ဘာ့အတွက်များလဲ မြိုင်ရယ်။

'ကိုကျော်တင့်'မြိုင်သည် အားယူကာ ဖြေးညှင်းစွာ တလုံးချင်းစီ၍ ကျွန်တော့်အားခေါ်လေသည်။

'ဗျာ....'

'မြိုင့်အတွက်နဲ့ ဘဝကြီးတခုလုံး အနစ်နာခံခဲ့ရတယ် နော်'

မြိုင်သည် မှန်ရာကို ပြောနေ၏။

ကျွန်တော်သည် ဘာမျှပြန်၍ မပြောလိုတော့။ မြိုင်၏နဖူးပြင်ကိုပါးနှင့်အပ်ထားလိုက်မိ၏။

'မြိုင့်ကို ခုထက်ထိလဲ စိတ်မနာနိုင်သေးဘူးလားကွယ်'

ကျွန်တော်သည် မြိုင့်အားတင်းကြပ်စွာမဖက်မိရန်ချုပ်တည်းထားရ၏။

'မြိုင့်အတွက် ဆုတောင်းပေးပါနော်၊ ဟုတ်လား၊ အချစ်ရယ်....'

မြိုင်သည် ဒါဘဲပြောနိုင်လျက် နောက်ဆုံးသော ထွက်သက်ကို ငြင်ငြင်သာသာနှင့်ပင်ရှူထုတ်၍ သွားလိုက်ပေတော့သည်၊

မြိုင်၏နောက်ဆုံးထွက်သက်ကို ရှူထုတ်ပြီးသွားပြီးသည်နှင့် ခပ်စောစောက ကြားနေရသော ပင်လယ်ပြင်၏ ညည်းသံသည်လည်း ပျောက်ကွယ်၍ သွားလေသည်။

ကျိုက္ခမီ သေးငယ်သည် တိတ်ဆိတ်ငြိမ်သက်လျက်သာ ရှိပေသည်၊ ပင်လယ်လေညှင်းသည် တဖြူးဖြူး တိုက်ခတ်လျက်ပြာသောရေပြင်၏ လှိုင်းခွက်ကလေးများကိုပန်းကွက် ချားသဖွယ်အကွက်ဖော်နေပေသည်။

မြိုင်၏ ခေါင်းရင်းဘက်ဘွင်ရှိသော ပြူ တင်း ပေါက်ဝ၌ ကျွန်တော်သည် ထိုင်းမှိုင်းစွာရင်ကာ အဆုံးသောငြိမ်သက်ခြင်းကို ရရှိသွားပြီဖြစ်သည့် ချစ်ဇနီးမြိုင်နှင့် အဆုံးမထင်သော ပင်လယ်ပြင်တို့ကိုဘလှည့်စီကြည့်ရှုရင်း အထီးထီးဖြစ်ရတော့မည့် ကျွန်တော်၏ကမ္ဘာကို ကျွန်တော်သည် မစဉ်းစားချင်တော့။

'မြိုင့်အတွက် ဆုတောင်းပေးပါနော်'

နောက်ဆုံးသော မြိုင်၏ဆန္ဒနှင့်မှာကြားခြင်းကို ကျွန်တော်သည် သတိရမိ၏။ အသက်ရှင်နေစဉ် ကာလများက မြိုင်၏အလိုဆန္ဒအတွက် မိမိဘဝကို အနစ်မွန်းခံ၍ ဖြည့်စွမ်းပေးခဲ့ပြီ ဖြစ်သော လူတယောက်သည် သေဆုံးရသောကာလ၏ နောက်ပိုင်း၌ မြိုင်၏ အလိုဆန္ဒနှင့် မှာကြားချက်ကို အဘယ်သို့ မဖြည့်စွမ်းဘဲ နေနိုင်ပါမည်နည်း။

'မြိုင်- ကောင်းရာသုဂတိကို လားပါစေကွယ်....'

ချစ်ဇနီးမြိုင်အတွက် နတ်ဘုရားမရှိသော လူတယောက်ပင်ဖြစ်စေကာမူလည်း ကျွန်တော်သည် ဆုတောင်းလိုက်ရပေသည်။

## အတိတ်၏သားကောင်

## [ ၁ ]

မြဂီဝါဦးကျော်တင့်၏ ဝတ္ထုကို ကျွန်တော်သည် စိတ်ပါဝင်စားစွာ နားထောင်နေခဲ့ရာမှ သူ၏ဝတ္ထုအား အဆုံးသင်လိုက်သောအခါ ကျွန်တော်သည် ၎င်းကိုယ်တိုင် ဆီဆေးဖြင့် ရေးဆွဲထားသည်ဟုဆိုသော မြိုင်၏ ပန်းချီကားကို လှမ်း၍ကြည့်လိုက်မိပေသည်။ ထူးထူးခြားခြား ချောမော၍ မြင်ရသူငေးကြည့်လောက်ပါ၏ ဟူသော စကားသည်မှန်ပေလိမ့်မည်။

'ကျွန်တော့ ဝတ္ထုကတော့ ဒါပါဘဲဗျာ၊ အဲ- မြိုင့်ကို ကျွန်တော် ကျိုက္ခမီပင်လယ်ကမ်းစပ်မှာဘဲ ဂူသွင်းပြီး သင်းဂြိုဟ်ထားခဲ့ရတဲ့အကြောင်း ပြောရဦးမယ်၊ဆုံးကာစက သူ့အလောင်းကို ရန်ကုန်တောင် ပြန်ယူလာရင် ကောင်းမလားလို့ ကျွန်တော် စဉ်းစားမိသေးတယ်၊ နောက်တော့ သူအင်မတန်စိတ်ချမ်းသာပြီး ငြိမ်သက်ခြင်းကိုရရှိတဲ့ ပင်လယ်ကမ်းခြေမှာဘဲ သူ နေချင်ပေလိမ့်မယ်လို့ တွေးမိတာနဲ့ ဟိုမှာဘဲ ထားပစ်ခဲ့ရတယ်' ဦးကျော်တင့်သည် ၎င်းရေးဆွဲထားသော ပန်းချီကားချပ်ကို လှမ်း၍ကြည့်ရင်း ဆက်လက်ပြောပြ၏။

ထိုသူ လွမ်းလွမ်းဆွေးဆွေး ပြောပြနေသော ဝတ္ထုရှည်ကြီးကို အဆုံးအထိ စိတ်ပါဝင်စားစွာ နားထောင် ခဲ့ရပြီ

ဖြစ်သောကြောင့် ကျွန်တော်သည် များစွာ စိတ်ဝင်စားမိပေသည်။ သို့ရာတွင် ကြာရှည်သဖြင့် ထိုင်၍သာ နားထောင်နေခဲ့ရသောကြောင့် ညောင်းညာလာ၏။

တချက်မျှ သမ်းလိုက်ပြီးနောက် ကျွန်တော်သည် ခါးကို ဆန့်ရလေသည်။

'ကျွန်တော်နဲ့ မြို့င်ရဲ့ အကြောင်းတွေကို ပြောပြလာခဲ့တဲ့ အခါမှာ တချို့နေရာတွေမှာ ကျွန်တော်ဟာ ညည်းညူသလို ငိုခြင်းချသလိုများ ဖြစ်ချင်လဲ ဖြစ်နေမလားတော့ မသိဘူးပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော့စေတနာကတော့ မညည်းညူပါဘူးဆိုတာ ပြောပြလိုက်ချင်တယ်၊ ခင်ဗျားက စိတ်ဝင်စားလို့ နားထောင်ချင်ပုံရတာနဲ့ ကျွန်တော်က ပြန်ပြောရတာပါဘဲ၊ တကယ်ဆိုတော့ ခုလိုညည်းညူတယ် ဆိုတာကတော့ ဘာမှ အကျိုးရှိတာမှ မဟုတ်ဘဲလေ၊ လူတယောက်ရဲ့ ညည်းညူသံကို တခြားလူတယောက်ဟာ ကျောက်ရုပ်လို တုံ့ဏှာဘာဝေါ နေတတ်တယ် ဆိုတာလဲ အများက သိကြပြီးသားဘဲ မဟုတ်လားဗျာ'

အတိတ်၏သားကောင်သည် အတိတ်၏ သင်းချိုင်းကုန်းကို ပြန်လည် တူးဖေါ်ရခြင်းအား ငြီးငွေ့မောပန်းလာသကဲ့သို့ နောက်ကျောကို ဆန့်လိုက်လေသည်။

'မြို့င်ဆုံးတာ ၁၀-နှစ်ပြည့်တော့မယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာတော့ မကြာသေးဘူး လို လို ထင် ထင်နေတယ်....၊ ကျွန်တော့် အဘိုကတော့ ဒီတသက်မှာမြို့င့်ကို ဘယ်လိုမှ မေ့နိုင်တော့မယ် မဟုတ်ပါဘူးဗျာ၊ ပြီးတော့ ရှင်းရှင်းဝန်ခံရရင် ကျွန်တော့် ကိုယ်၌ကလဲ မမေ့ချင်ဘူးဆိုတာကိုပြောရမှာဘဲ'

အသက်ရှင်လျက် သေဆုံးနေရ သူသည် ကျွန်တော့အား အံ့ဩခတ်သလို တချက်မျှ ကြည့်ပြီးနောက် သူမမေ့နိုင်၍ မမေ့ချင်သော မြိုင်၏အကြောင်းကို ဆက်လက်လေရှည်နေပြန်သည်။

'ကျိုက္ခမီက ပြန်လာပြီးတဲ့နောက် ကျွန်တော် လေး-ငါး ခြောက်နှစ်လောက် တွေ့ကရာ ရှောက်လေ နေခဲ့သေးတယ်။ နောက်မှ ဆရာဝန်ဘဲဃောက်ဘ ငြိမ်ငြိမ် သက်သက်နှင့် အေးအေးချမ်းချမ်းနေဘို့ တိုက်တွန်းတာနဲ့ ဒီ-ကန်ဘဲ့ဘက်ကအိမ်နဲ့ခြံကို လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကမှ ဝယ်ပြီးလာနေတာပါ ဘဲမိတ်ဆွေ....'

ကျွန်တော်သည် ဘော်လောက်ပြီဖြစ်သော မြိုင်၏ ဝတ္ထုကို တော်ချင်လှပြီဖြစ်၍ ထိုင်ရာမှ ထလိုက်ရသည်။

'ပြန်ချင်ပလား ထိုင်နေရတာလဲ ကြာပါပကောလေ....ပြန်ချင်ရော့မယ်ပေါ့၊ ကျွန်တော်ကသာ ကိုယ်ချစ်တဲ့သူရဲ့အကြောင်း နားထောင်းပေမဲ့ လူရှိဘိုင်း အားမနာတမ်း ရှောက်ပြောနေတော့တာဘဲ....'

'ဒီလိုမဟုတ်ပါဘူး မြို့ထဲကပုံနှိပ်တိုက်ကို သွားစရာလဲ ရှိနေလို့ပါ'

'အော် ...ဒီလိုဆိုလဲ ဟုတ်သားပေါ့၊ အော်....ဒါထက်မြိုင်နောက်ဆုံး နမ်းသွားခဲ့တဲ့ နှင်းဆီပန်းပွင့် ကလေးတွေကို ကျုပ်ခုထက်ထိ အမျိုးမျိုး ထိန်းသိမ်းထားခဲ့ရတာကိုလဲ ပြလိုက်ပါရစေဦးမိတ်ဆွေ' ထိုသူသည် လေးလေးစားစား တောင်းပန်ပြောဆို၍ ပန်းချီကား၏ အောက်ခြေနား၌ ထားရှိသော ကတ္တီပါ သေတ္တာ ခပ်လပ်လပ်ဘလုံးကို သွား၍ယူကာ ကျွန်တော့အား

ဖွင့်လှစ်၍ အတွင်း၌ မဲချောက်ခနေသောပန်းများကို ယုယုယယ ပြသလေသည်။

ထိုသူအား ကျွန်တော်သည် လေးစားသော သဘောဖြင့် သူ့ အလှန့်တရာ တန်ဘိုးထား၍ အမြတ်တနိုး ဆယ်နှစ်ကာလ နီးပါးမျှ သိမ်းဆည်းထားသော အတိတ်၏ရှင်ကြွင်း ဝတ္ထုရား ကျေ ကြည့်ရှုရပေသည်။

'ဒီ....နှင်းဆီပန်းတွေကို မြိုင် နောက်ဆုံး ဖက်ပွေ့ပြီးနမ်းသွား ခဲ့တယ်၊ မြိုင် အင်မတန်နှစ်သက်တဲ့ပန်းတကာရဲ့ ပန်းပေါ့။ ဒါ ကြောင့် ဒီပန်းတွေကို သူ့သဘာဝအတိုင်း မပျက်စီးသွားအောင် ကျုပ်ဘယ်လို ငွေကုန်ခံပြီး ဓါတ်ဆေးရည်တွေ ဘာတွေနဲ့ ထိန်း ပေမဲ့ သဘာဝအတိုင်း ပျက်စီးပြီးသွားကြတယ်ဗျာ'

ကျွန်တော်သည် တံခါးဘက်ဆီသို့ ထွက်လာသော အခါ မြဂီဝါ ဦးကျော်တင့်သည် ကတ္တီပါ သေတ္တာကလေးထဲမှ နှင်း ဆီပန်းချောက်များကို လွမ်းလွမ်း ဆွေးဆွေးငုံ့ကြည့်ရင်း ကျန် ရစ်ခဲ့၏။

'ပန်းပွင့် ကလေးတွေလဲ ကြေမွ ပျက်စီးသွားကုန်ပါပကော လား မြိုင်ရယ်၊ ကိုကျော်တင့် ဘယ်လိုထိန်းသိမ်းပေမဲ့လဲ မတတ် နိုင်ဘူးကွယ်၊ မတတ်နိုင်ဘူး။ ဒါဟာလဲ သဘာဝဘဲ ထင်ပါရဲ့ နော်....'

အတိတ်၏သားကောင်းရဲ့ တီးတိုးမြည်တမ်းသံကို ကျွန်တော် သည် နောက်ဆုံး ကြားခဲ့ရပြီးနောက် မြဂီဝါခြံကြီးအတွင်းမှ ထွက်လာခဲ့ရပါသတည်း။

မန်းမော်တင်အောင်

